www.burmeseclassic.com

# မိုးကောက်သူ

## လမ်းမရှည်အမည်ရှိသောလူ



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

မိုးကျော်သူ

# လမ်းမရှည်အမည်ရှိသောလူ

(ပထမပိုင်း)

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၀၀၂၄၀၁၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၀၇၁၀၁၀၉

၂၀၀၉ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်ခိုင်ဇော်နိုင် (ချိုတေးသံစာပေ)
ရွှေနှံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်
ဦးသော်လွင်မြင့်၊ (စန္ဒကူး ပုံနှိပ်တိုက်)
၉(H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်မိုး (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

**လူမှုရေးဦးတည်ချက်(၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.burmeseclassic.com

www.burmeseclassic.com

## ခမောက်အောက်က လျှို့ဝှက်ချက်

### (၁)

ယုချစ်၏ လက်တစ်ဘက်သည် စားပွဲပေါ်၌ တင်ထားသည်။

သူ၏လက်အား ခမောက်တစ်လုံးက ဖုံးထားလေ၏။

ဘယ်ဘက်လက် ဖြစ်သည်။

သူ၏လက်အား အဘယ်ကြောင့် ခမောက်နှင့် ဖုံးအုပ်ထားသည်ကို မည်သူကမျှ မသိပေ။

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

ထုချစ်သည် လက်တစ်ဘက်သာ ရှိသည် မဟုတ်ပါ။

သူ၏ ညာဘက်လက်တွင် မာကြောသော ကောက်ညှင်းခြောက်ခဲတစ်ခဲ ရှိ၏။

သူသည် သူ ကိုင်ထားသော ကောက်ညှင်းခြောက်ခဲကဲ့သို့ မာကျောသည်။

အေးစက်သည်။

ခြောက်သွေ့လေသည်။

<<<

ဤနေရာသည် စားတော်ဆက် တစ်ခု ဖြစ်၏။

စားတော်ဆက်၏ အမည်မှာ 'ထင်းရှမ်း' စားတော်ဆက် ဖြစ်၏။

စားပွဲပေါ်၌ ဟင်းလျာများ စုံလင်စွာ ရှိ၏။

အရက်လည်း အသင့်ရှိ၏။

သို့သော်...

သူက လုံးဝမထိပါ။

ရေနွေးကြမ်းကိုပင် မသောက်ပါ။

သူသည် သူ ပါလာသော ကောက်ညှင်းခြောက်ခဲကိုသာ



တစ်ကိုက်ချင်း ကိုက်စားနေ၏။

သူသည် အလွန်စေ့စပ်သေချာသော လူတစ်ယောက် ဖြစ်၏။ သူများက သူ့အား စားတော်ဆက်ပေါ်၌ အဆိပ်သင့်၍ သေဆုံးနေသည်ကို မမြင်တွေ့လိုပါ။

သူသည် လက်ချောင်းကလေးချိုး၍ ရေတွက်ခဲ့ဖူး၏။

သိုင်းလောကမှာ သူ့အား လုပ်ကြံသတ်ဖြတ်မည့် လူပေါင်း အနည်းဆုံး ခုနစ်ရာခန့် ရှိသည်ဟု သိရှိထားလေသည်။

သို့သော်...

ယခုတိုင် သူက အသက်ရှင်နေပါသေး၏။

<<<

(၃)

ညနေ...

ညနေဆည်းဆာ မတိုင်မီ...

လမ်းမပေါ်၌ လမ်းသွားလမ်းလာသူများ ပြည့်နေသည်။

ရုတ်တရက် မြင်းတစ်ကောင်သည် အရှိန်ပြင်းစွာဖြင့် ဆောင်းနှင်လာ၏။

အရှိန်ကို မထိန်းနိုင်တော့သောကြောင့် လူသုံးယောက် လမ်းဘေးဈေးသည်လေး နှစ်ဆိုင်နှင့် တစ်စီးတပ်တွန်းရထား တွန်း

www.burmeseclassic.com



လှည့်တစ်စီးတို့အား တိုက်မိသွားလေ၏။

မြင်းပေါ်မှ လူ၏ ခါးတွင် ဓားရှည်တစ်လက် ချိတ်ထား၏။

ကိုယ်လုံးကိုယ်ထည် ကျစ်လျစ်တောင့်တင်းလေ၏။

သူသည် ထင်းရှမ်း စားတော်ဆက်၏ ဆိုင်းဘုတ်အား မြင်တွေ့လိုက်သည်နှင့် မြင်းကျောပေါ်မှ ထ၍ မတ်တတ်ရပ်လိုက်၏။

ထို့နောက်...

လေထဲတွင် ခန္ဓာကိုယ်တစ်ချက် လှည့်လိုက်ပြီး အပေါ်ထပ်သို့ ခုန်တက်သွားလေ၏။

စားတော်ဆက်အပေါ်ထပ်မှာ စားသောက်နေကြသောလူများ ရုတ်ရုတ်သဲသဲ ဖြစ်ကုန်ကြလေ၏။

ယုချစ်က လှုပ်ပင်မလှုပ်ပါ။

ခါးမှာ ဓားရှည်ချိတ်ထားသော လူသည် ယုချစ်အား မြင်တွေ့လိုက်သည်နှင့် တစ်ကိုယ်လုံးရှိ ကြွက်သားများ တောင့်တင်းသွား၏။

သူသည် လေပူတစ်ချက် မှုတ်ထုတ်လိုက်ရင်း ယုချစ်ထံသို့ ခြေလှမ်းကျဲကျဲ လျှောက်သွားလေ၏။

သူသည် ယုချစ်အား နှုတ်မဆက်ဘဲ ခါးကုန်း၍ စားပွဲပေါ်၌ ချထားသော ခမောက်အား အနည်းငယ် လှန်ကြည့်လိုက်၏။

နီရဲသော သူ၏မျက်နှာတစ်ခုလုံးမှာ ဖြူဖပ်ဖြူလျော် ဖြစ်သွားလေ၏။

"ဟုတ်တယ်၊ ခင်ဗျားပါပဲ"



ယုချစ်က လုံးဝမလှုပ်ပေ။

စကားလည်း မပြောချေ။

ခါးမှာ ဓားချိတ်ထားသောလူက ဓားကို ဆွဲထုတ်လိုက်လေ၏။ ဓားရောင်တစ်ချက် ဝင်းလက်သွား၏။

သွေးချင်းချင်း နီရဲနေသော ဇက်ချောင်းကလေးနှစ်ချောင်းက စားပွဲပေါ်သို့ တီခနဲ ကျသွားလေ၏။

လက်သန်းနှင့် လက်သူကြွယ် ဖြစ်၏။

ထိုလူ၏သွေးမရှိသော မျက်နှာတစ်ခုလုံးတွင် နာကျဉ်လွန်း၍ ချွေးသီးချွေးပေါက်များ လိမ့်ဆင်းလာလေ၏။

သူ၏အသံမှာလည်း ကွဲအက်နေ၏။

"လုံလောက်ပြီလား"

ယုချစ်က မလှုပ်ပေ။ စကားလည်း မပြောပါ။

ထိုလူက အံကိုတင်းတင်း ကြိတ်လိုက်၏။

သူသည် ဘယ်ဘက်လက်ကို စားပွဲပေါ်သို့ တင်လိုက်သည်။ ထို့နောက် မိမိ၏ဓားဖြင့် ခုတ်ချလိုက်လေ၏။

"လုံလောက်ပြီလား"

ယုချစ်က သူ့အား တစ်ချက်ကြည့်၍ ခေါင်းညိတ်လိုက်လေ၏။

"သွားတော့"

ထိုလူ၏မျက်နှာသည် ပြင်းထန်သော ဝေဒနာ ခံစားနေရသဖြင့် ရှုံ့မဲ့တွန့်လိမ်နေသည် ဖြစ်သော်လည်း စိတ်သက်သာရာရဟန်

www.burmeseclassic.com

www.burmeseclassic.com



လေပွေတစ်ချက် မှုတ်ထုတ်လိုက်လေ၏။

"ကျေးဇူးတင်ပါတယ်"

သူသည် စကားတစ်လုံးမျှ ထပ်မံမပြောတော့ဘဲ ခြေလှမ်းယိမ်းယိုင်ကာ အောက်ထပ်သို့ ဆင်းသွားလေ၏။

ထိုလူသည် ကိုယ်လုံးကိုယ်ထည် ကျစ်လျစ်တောင့်တင်း၍ သိုင်းပညာ အလွန်အဆင့်မြင့်သည်မှာ သိသာနိုင်၏။ သို့သော်...

သူက အဘယ်ကြောင့် ယုချစ် ခမောက်ထဲသို့ အသာကလေး လှမ်းကြည့်ပြီးသည်နှင့် မိမိ လက်တစ်ဘက်အား ကျေနပ်စွာ ခုတ်ဖြတ်လိုက်သည့်အပြင် ယုချစ်အား ကျေးဇူးတင်သော စကား ပြောခဲ့ရပါသနည်း။

၎င်းခမောက်၏အောက်တွင် မည်သည့် လျှို့ဝှက်ချက်များ ရှိနေပါသနည်း။ မည်သူကမှ မသိပေ။

➤ ➤ ➤

(၄)

ညနေ...

ညနေဆည်းဆာအချိန် ဖြစ်၏။

လူနှစ်ယောက်သည် စားတော်ဆက်၏ အပေါ်ထပ်သို့ ခြေလှမ်းသုတ်သုတ်ဖြင့် တက်လာလေ၏။



တန်ဖိုးကြီးသော အဝတ်အစားများ ဝတ်ဆင်ကာ ဂုဏ်သရေရှိသော လူကြီးလူကောင်းများ ဖြစ်ကြ၏။

သူတို့အား မြင်တွေ့လိုက်သည်နှင့် စားသောက်နေကြသော သူများထဲမှ လူအတော်များများက မတ်တပ်ရပ်၍ အရိုအသေပြုကြလေ၏။

သူတို့၏မျက်နှာပေါ်တွင် ကြည်ညိုလေးစားသည့် အရိပ်အယောင်များ ထင်ရှားစွာ ပေါ်လွင်နေ၏။

လီရှစ်ရွာ ပတ်ဝန်းကျင်အတွင်းမှာ နေထိုင်ကြသူများသည် ငွေကျာပွတ် ငွေစား'တန်' ညီအစ်ကိုတို့အား မသိသူ မရှိသလောက်ပင်။

သူတို့အား တွေ့မြင်လိုက်သည်နှင့် အရိုအသေ မပြုဘဲ နေစွံသူ မရှိချေ။

ထိုညီအစ်ကိုနှစ်ယောက်က သူတို့အား ပြန်လည် တုန့်ပြန်ခြင်း မပြုပေ။ ယုချစ်ကိုလည်း နှုတ်ဆက်ခြင်း မပြုပေ။

သူတို့သည် စားပွဲအနီးသို့ လျှောက်သွားပြီး ခမောက်အား ထောင့်တစ်ထောင့်မှ အသာအယာ လှမ်းကြည့်လိုက်၏။

သူတို့၏မျက်နှာများသည် ရုတ်တရက် ဖြူဖပ်ဖြူလျော်ဖြစ်သွားကြကုန်လေ၏။

ညီအစ်ကိုနှစ်ယောက်တို့သည် တစ်ယောက်မျက်နှာကိုတစ်ယောက် ကြည့်ပြီးနောက် အစ်ကိုဖြစ်သူ တန်ပင်းက ခေါင်းညိတ်ပြလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်... ညီလေး"

ညီဖြစ်သူ တန်မုက ယုချစ်အား အရိုအသေ ပြုလိုက်လေသည်။

"အမိန့်ရှိပါ ခင်ဗျာ"

ယုချစ်က လှုပ်ပင်မလှုပ်ပေ။

စကားလည်း မပြောချေ။

သူက မလှုပ်ရှားသောကြောင့် တန်ပင်းနှင့် တန်မုညီအစ်ကိုတို့မှာလည်း မလှုပ်ဝံ့ဘဲ ငြိမ်သက်စွာ ရပ်နေရ၏။

တစ်ခဏအကြာတွင် နောက်ထပ် လူနှစ်ယောက်က စားတော်ဆက် အပေါ်သို့ တက်လာကြပြန်လေ၏။

စားတွေးဖန်စွမ်းနှင့် သံလက်သီးထိချိုးထိုက်တို့ပင် ဖြစ်၏။

သူတို့သည် တန်ညီအစ်ကို နှစ်ယောက်ကဲ့သို့ ခမောက်အား အသာအယာ လှန်ကြည့်လိုက်၏။

ထို့နောက်...

ယုချစ်အား အရိုအသေ ပြုလိုက်၏။

"အမိန့်ရှိပါ"

ယုချစ်က လုံးဝ တုန့်ပြန်ခြင်း မရှိသောကြောင့် သူတို့သည် ဤအတိုင်း မတ်တတ်ရပ်နေလေသည်။

ထိုလူများသည် မိမိနယ်ပယ်တွင် လျှမ်းလျှမ်းတောက် ကျော်ကြားသော သိုင်းသမားများ ဖြစ်ကြလေ၏။

သူတို့သည် ခမောက်အောက်သို့ တစ်ချက် လှန်ကြည့်မိရ



နှင့် ယုချစ်အား အဘယ်ကြောင့် ယခုကဲ့သို့ ကြောက်ရွံ့နေပြီး ယခုကဲ့သို့ ရိုသေလေးစားနေကြပါသနည်း။

ခမောက်အတွင်း၌ အလွန်ကြောက်မက်ဖွယ်ရာကောင်းသော စွမ်းအားတစ်ခု ရှိနေရော့လား...။

< < <

(၅)

ညနေဆည်းဆာ...

ညနေဆည်းဆာ ကျော်လွန်သွားပြီးနောက် စားတော်ဆက် တစ်ခုလုံးမှာ မီးရောင်များ ထိန်ထိန်လင်း လာလေ၏။

မီးရောင်များသည် ယုချစ်ရှေ့တွင် ရပ်နေကြသော လူများ၏ မျက်နှာပေါ်သို့ ထိုးကျနေ၏။

သူတို့၏မျက်နှာများပေါ်တွင် ချွေးများ စို့ရွှဲနေလေ၏။

ချွေးစေးများ ဖြစ်သည်။

ယခုတိုင် ယုချစ်က သူတို့အား အမိန့်တစ်စုံတစ်ရာ မပေးပါ။

အမိန့်မပေးသည့်အတွက် သူတို့က စိတ်သက်သာရာရမည့် အစား...

သို့သော်...

သူတို့မှာမူ ကြီးလေးသော အန္တရာယ် တစ်ခုခု ကျရောက်

www.burmeseclassic.com

www.burmeseclassic.com



လာမည်လောဟု စိုးရိမ်မှုက လွှမ်းမိုးနေလေ၏။

နေလုံးကြီး လုံးဝ ပျောက်ကွယ်သွားပြီ ဖြစ်သည်။

ညအချိန် ရောက်လာလေ၏။

ကောင်းကင်ပေါ်၌ ကြယ်ကလေးများ စတင်ထွက်ပေါ်လာလေ၏။ စားတော်ဆက်၏အပြင်ဘက် အမှောင်ထုထဲတွင် အလွန်ထူးဆန်းသော ပလွေမှုတ်သံများ ရုတ်တရက် ထွက်ပေါ်လာ၏။

ယုချစ်အရှေ့တွင် ရပ်နေသောလူများသည် ပို၍ ကြောက်ရွံ့လာကြသဖြင့် မျက်နှာများ ဖြူဖပ်ဖြူရော် ဖြစ်ကုန်၏။

ယုချစ်က မလှုပ်ရှားသေးပေ။

ယုချစ်က မလှုပ်ရှားသေးသောကြောင့် သူတို့လည်း မလှုပ်ရှားဝံ့ကြချေ။ ထိုအချိန်...

"ဝုန်း..."

ခေါင်မိုးပေါ်မှ အသံများ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေ၏။

"ဝုန်း..."

ခေါင်မိုးပေါ်၌ အပေါက်လေးပေါက် ဖြစ်ပေါ်လာ၏။

လူလေးယောက်သည် ထိုအပေါက်များမှ အောက်သို့ ခုန်ဆင်းလာကြလေသည်။

အရပ်ရှစ်ပေခန့်ရှိသော လူသန်ကြီးလေးယောက် ဖြစ်သည်။

သူတို့သည် အဝတ်အစား မဝတ်ဘဲ ကိုယ်တုံးလုံးဖြင့် ရှိနေကြသည်။



အောက်ပိုင်းတွင် အနီစင်းဘောင်းဘီများ ဝတ်ဆင်ထားသည်။

သူ၏ခါးတွင် ရွှေရောင်တဝင်းဝင်း တောက်ပနေသော ခါးပတ်တစ်ခု ပတ်ထားလေ၏။

ခါးပတ်ပေါ်၌ ထူးဆန်းသော ဓားကွေးတစ်ဆယ့်သုံးလက် ထိုးထားကြလေ၏။

ဓား၏လက်ကိုင်ရိုးတွင် ရွှေရောင်များ တဖိတ်ဖိတ် တောက်ပနေ၏။ ထိုလူသန်ကြီးလေးယောက်သည် ခေါင်မိုးပေါ်မှ ကျလာသောအသံ လုံးဝမကြားရဘဲ ငှမ်းစက္ကူသို့ ပေါ့ပါးလှလေ၏။

သူတို့သည် အောက်သို့ ဆင်းသက်လာမိသည်နှင့် အခန်း၏ လေးဘက်လေးထောင့်တွင် နေရာယူ၍ ရပ်လိုက်လေ၏။

အားလုံးသော လူများသည် သူတို့လေးယောက်အား ထူးထူးဆန်းဆန်း ကြည့်နေစဉ်မှာပင် စားတော်ဆက်ပေါ်၌ ရုတ်တရက် လူတစ်ယောက် ထွက်ပေါ်လာသည်ကို မြင်တွေ့လိုက်ရလေ၏။

ထိုလူသည် ရွှေရောင်သရဖူတစ်လုံး ဆောင်းထား၏။

သူ၏ကိုယ်ပေါ်တွင် ရွှေချည်ထိုးထားသော အင်္ကျီရှည် ဝတ်ဆင်ထားလေ၏။

သူ၏ခါးတွင် ရွှေရောင်ခါးပတ် ပတ်ထား၍ ခါးပတ်ပေါ်၌ ရွှေရောင်လက်ကိုင်ရိုးရှိသော ဓားကွေးတစ်လက် ထိုးထားလေသည်။

သူ၏မျက်နှာသည် ဖြူဖွေး၍ ဝိုင်းစက်နေ၏။

ယုချစ်ရှေ့တွင် ရပ်နေကြသော တန့်ညီအစ်ကိုနှင့် ဖန်ဖွမ်းတို့

www.burmeseclassic.com

www.burmeseclassic.com



လူလေးယောက်သည် ထိပ်တန်းသိုင်းသမားများ ဖြစ်ကြသော်လည်း ထိုလူသည် ခေါင်မိုးပေါ်မှ ကျလာသည်လော…

သို့မဟုတ်…

ပြတင်းပေါက်မှ ဖြတ်ကျော်ဝင်ရောက်လာသည်လောဟု မမြင်တွေ့လိုက်မိပေ။ သို့သော်…

သူတို့သည် ဤလူအား ကောင်းစွာ သိကျွမ်းကြလေ၏။

ထိုလူမှာ တောင်ပင်လယ်မှ အချမ်းသာဆုံးသော သူဌေးသူကြွယ်တစ်ယောက် ဖြစ်သည်။

သူ၏အမည်မှာ ရွှေသရဖူ 'ဝမ်စွန်ရှုချိ'

ယူချစ်က လုံးဝမလှုပ်ပါ။

သူ့အား ကြည့်ဝင်မကြည့်ပေ။

ဝမ်စွန်ရှုချိက သူ့ထံသို့ လျှောက်လာ၏။ ထို့နောက်…

ခါးကုန်း၍ စားပွဲပေါ်မှ ခမောက်အား အသာအလေးလှန်ကာ အတွင်းဘက်သို့ ကြည့်လိုက်လေ၏။ ထို့နောက်…

လေပူတစ်ချက် မှုတ်ထုတ်လိုက်၏။

"ဟုတ်ရာယ်၊ ခင်ဗျားပဲ"

သူ၏တင်းမာခက်ထန်သော မျက်နှာသည် ယခုအခါမှာ စိတ်သက်သာရာ ရသွားသော အပြုံးဖြင့် ပြုံးလိုက်၏။

သူသည် ခါးမှာ ပတ်ထားသော ခါးပတ်အား ဖြေလိုက်သည်။ ထို့နောက်…

စားပွဲပေါ်သို့မှောက်၍ ခါချလိုက်ရာ ရွှေခါးပတ်ထဲ၌ ဝိုင်းစက်၍ အရောင်တောက်ပသော ပုလဲတစ်ဆယ့်ရှစ်လုံး လိမ့်ဆင်းကျလာလေ၏။

ဝမ်စွန်ရှုချိက ရွှေခါးပတ်ဖြင့် ပုလဲတစ်ဆယ့်ရှစ်လုံးအား ဝိုင်းထားလိုက်၏။ သူက ဦးညွှတ်လိုက်၏။

"လုံလောက်ပြီလား ခင်ဗျာ"

ယူချစ်က လှုပ်ပင်မလှုပ်ပေ။ စကားလည်း မပြောချေ။

ဝမ်စွန်ရှုချိက ရွှေများကို ဖြုတ်၍ စားပွဲပေါ်သို့ ချထားလိုက်လေသည်။

"လုံလောက်ပြီလား"

ယူချစ်က ပါးစပ်ပိတ်ထားလိုက်၏။

ဝမ်စွန်ရှုချိက မျက်မှောင်ကုတ်ထားလိုက်လေ၏။

"ခင်ဗျားက ဘာလိုချင်သေးလို့လဲ"

ယူချစ်က…

"ခင်ဗျားရဲ့ ညာဘက်လက်မ ကို လိုချင်တယ်"

ဝမ်စွန်ရှုချိ၏မျက်နှာ ကွက်ခနဲပျက်သွားလေပြီ။

သူ၏ညာဘက်လက်မ ဖြတ်သွားပါလျှင် မားကို မကိုင်နိုင်တော့ချေ။ လက်နက်ပုန်းလည်း ပစ်နိုင်တော့မည် မဟုတ်ပေ။

သူသည် အခက်ကြုံနေစဉ် ထွက်ပေါ်လာသော ဝဋ်လွှသည် ပို၍ စူးရှပြီး ပို၍ နီးကပ်လာသည်ကို ကြားလိုက်ရလေ၏။

ဝမ်စွန်ရှုချိက အံကိုတင်းတင်း ကြိတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



သူသည် ညာဘက်လက်ကို ဆန့်လိုက်ပြီး လက်မထောင် လိုက်လေ၏။

"ဓားပေးစမ်း"

အခန်းထောင့်တွင် ရပ်နေသော လူသန်ကြီးတစ်ယောက်က ခါးတွင် ထိုးထားသော ဓားတစ်လက်အား ပစ်လွှင့်လိုက်လေသည်။

ဓားရောင်များ ဝင်းလက်သွား၏။

ဓားကွေးတစ်လက်သည် ဝှီခနဲအသံ ထွက်ပေါ်လာပြီး နောက် ဝမ်စွန်ဂူချီ၏ ဆန့်ထားသော ညာဘက်လက်သို့ တစ်ပတ် ပတ်လိုက်လေ၏။

သွေးချင်းချင်းနီရဲနေသော လက်မတစ်ခုသည် ဓားပွဲပေါ်သို့ ကျသွားလေ၏။

ဓားကွေးသည် လေထဲ၌ ပတ်လှည့်၍ ထိုလူထံသို့ ပြန်လှည့် သွားလေ၏။

ထိုလူက ဖမ်းယူလိုက်ပြီးနောက် ခါးပတ်ပေါ်သို့ ပြန်ထိုး ထားလိုက်၏။ ဝမ်စွန်ဂူချီ၏မျက်နှာ ညိုမည်းသွားလေ၏။

"လိုလောက်ပြီလား"

ယုချစ်က သူ့အား ခေါင်းမော့ကြည့်လိုက်၏။

"ခင်ဗျားက ဘာနိုင်းမလို့လဲ"

ဝမ်စွန်ဂူချီက…

"လူသတ်ခိုင်းမလို့"

"ဘယ်သူ့ကိုလဲ"



"သရဲဘုရင်"

"သူ့နာမည်က သရဲဘုရင် ရင်တု"

"ဟုတ်တယ်"

ယုချစ်က ပါးစပ်ပိတ်ထားလိုက်ပြန်လေ၏။

တန်ပင်၊ တန်မု၊ ဖန့်စွမ်းနှင့် ထိချုံးထိုက်တို့သည် သရဲဘုရင် ဟူသော အမည်ကြားလိုက်ရသောအခါ မျက်နှာကွက်ခနဲ ပျက်သွား လေ၏။

ထိုသူအမည်အား ကြားလိုက်မိရုံနှင့် သူတို့သည် တုန်လှုပ် ချောက်ချားသွားကုန်ကြလေ၏။

ထိုအချိန် ပလွေသံ၏သံစဉ်သည် ရုတ်တရက် ပြောင်းလဲ သွားလေ၏။ သံစဉ်မှာ အမျိုးသမီးတစ်ယောက်က ညဥ့်နက်သန်း ခေါင်၌ ငိုကြွေးနေသော သံစဉ်ဖြစ်၏။

ဝမ်စွန်ဂူချီက အသံတိုးတိုးဖြင့်…

"မီးငြိမ်းလိုက်စမ်း"

စားတော်ဆက် တစ်ခန်းလုံး၌ ထွန်းထားသော မီးအိမ် သုံးနှစ်ဆယ်စလုံး ရုတ်တရက် ငြိမ်သက်သွားလေ၏။

အခန်း၏ထောင့်လေးဘက်တွင် ရပ်နေကြသော လူသန် ကြီးလေးယောက်တို့က ဓားကွေးဖြင့် ပစ်လွှင့်ငြိမ်းသတ်လိုက်ခြင်း ပင်လေ၏။ ဝန်းကျင်တစ်ခုလုံးမှာ မှောင်အတိကျသွား၏။

တစ်ခဏအကြာတွင် အမှောင်ထုထဲ၌ ရုတ်တရက် မီးအိမ် သယ်လုံးခန့် လင်းထိန်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုမီးအိမ်များသည် စားတော်ဆက်၏ အပြင်ဘက် လေးဘက်လေးတန်ရှိ ခေါင်မိုးပေါ်၌ တွန်းညှိလိုက်ခြင်း ဖြစ်လေသည်။

စိမ်းဖန့်ဖန့်အရောင် မီးပွင့်များသည် လေထဲ၌ လွင့်မျောနေသဖြင့် မီးစုန်းများနှင့် တူလှပေသည်။

ဝမ်စွန်ဂူချိုက ထိတ်ခနဲ ဖြစ်သွား၏။

"သရဲဘုရင်လာပြီ"

➤ ➤ ➤

(၆)

ညဉ့်လေသည် တသွေသွေ တိုက်ခတ်နေသည်။

စိမ်းဖန့်ဖန့် မီးရောင်များသည် စားတော်ဆက်အခန်းတွင်းရှိ လူများ၏မျက်နှာပေါ်သို့ ထင်ဟပ်လိုက်သောအခါ ထိုလူတို့၏ မျက်နှာများပေါ်၌ ကြောက်ရွံ့တုန်လှုပ် ချောက်ချားနေကြသောကြောင့် ရှုံ့မဲ့တွန့်လိမ်ကာ ရေပြည်မှ လွတ်ထွက်သွားကြသော သရဲတစ္ဆေများနှင့် တူလှပေ၏။

ပလွေသံထဲတွင် ရုတ်တရက် မထီမဲ့မြင် ရယ်မောလိုက်ကြသော အသံများ ကြားလိုက်ရလေသည်။

"ဟုတ်တယ်၊ ငါ ရောက်လာပြီ"

ထိုစကား ဆုံးသွားသည်နှင့် အေးစိမ့်သော လေသည် လှ



တစ်ယောက်အား တိုက်ခတ် လွင့်မျောလာလေသည်။

ထိုလူ၏ရှည်လျားသော ဆံပင်များသည် ဖခုံးပေါ်၌ ဝဲကျလျက်။ သူ၏မျက်နှာမှာ ခြောက်ခန်းနေသော ဖယောင်းနှင့် တူလှပေသည်။

သူ၏ကိုယ်ပေါ်၌ အဖြူရောင်ဂုန်လျှော်အင်္ကျီရှည်တစ်ထည် ဝတ်ဆင်ထား၏။ ရုတ်တရက် ကြည့်လိုက်ပါက ဝါးလုံးတစ်လုံးနှင့် တူလှပေသည်။

သူသည် ကြမ်းပေါ်၌ ရပ်လိုက်သောအခါ ခန္ဓာကိုယ်က ယိမ်းယိုင်နေသေး၏။

သူ၏မျက်လုံးမှာ စိမ်းဖန့်ဖန့်အရောင် ဖြစ်လေသည်။

သူသည် မျက်တောင်မခတ် ဝမ်စွန်ဂူချိုအား စိုက်ကြည့်နေလေသည်။

"ငါ ပြောပြီးပြီ၊ မင်း သေရတော့မယ်"

ဝမ်ဟွန်ဂူချိုက မဲ့ပြုံးပြုံးလိုက်၏။

"သေရမှာက မင်း"

ရင်တုက...

"ကျုပ် ဟုတ်လား"

ဝမ်စွန်ဂူချိုက...

"မင်း... ဒီကို မလာသင့်ဘူး၊ အခုတော့ ရောက်လာလို့ သေ ရာ သေချာနေပြီ"

"မင်းက ငါ့ကို သတ်လို့ရတယ် ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် မနိုင်ပါဘူး"

"ဒါဖြင့် ဘယ်သူလဲ"

"သူ..."

သူဆိုသည်မှာ ယုချစ်ဖြစ်၏။

ယုချစ်မှာမူ မလှုပ်မယှက် ထိုင်နေလေသည်။

မည်သူ့ကိုမှလည်း မကြည့်...

ရင်တုံ၏စိမ်းဖန့်ဖန့် မျက်လုံးအစုံသည် ယုချစ်အား စိုက်ကြည့်နေ၏။

"မင်းက ငါ့ကို သတ်လို့ရတယ် ဟုတ်လား"

ယုချစ်က...

"ဟုတ်တယ်"

"ဟား...ဟား...ဟား"

ရင်တုံသည် အားရပါးရ ရယ်မောလိုက်ပြီးမှ...

"ငါ့ကို ဘာနဲ့သတ်မှာလဲ၊ ဒီခမောက်စုတ်နဲ့လား"

ယုချစ်က စကားမပြောတော့ပေ။

သူသည် လက်ကို ဆန့်လိုက်သည်။

ညာဘက်လက် ဖြစ်သည်။

သူက စားပွဲပေါ်မှ ခမောက်အား ဖြည်းလေးစွာ လှန်ချလိုက်လေ၏။ ဤခမောက်အောက်တွင် မည်သည့်အရာ ရှိနေပါသနည်း။

< < <

# လူသတ်သမား

## (၁)

ခမောက်အောက်တွင် မည်သည့် ထူးခြားသည့် အရာမှ ရှိပေ။

လက်တစ်ဘက်သာ ရှိ၏။

ဘယ်ဘက်လက် ဖြစ်သည်။

သို့သော်...

လက်ပေါ်တွင် လက်ချောင်းခုနစ်ချောင်း ရှိနေ၏။

www.burmeseclassic.com

www.burmeseclassic.com



(၂)

တိုလက်သည် အလွန်ကြမ်းတမ်း၏။

ဝင်လယ်ကမ်းစပ်၌ လှိုင်းရေပုတ်ခြင်း ခံနေရသော ကျောက်ဆောင်ကျောက်သားကဲ့သို့ ကြမ်းတမ်းမာကျောနေ၏။

ထိုလက်ကို တွေ့မြင်လိုက်သည်နှင့် သရဲဘုရင် ရင်တုသည် သရဲတစ္ဆေအား မြင်တွေ့လိုက်ရသည့်အလား မျက်နှာကွက်ခနဲ ပျက်သွားလေသည်။

"ကြေးတန်းစားလူသတ်သမား ခုနစ်ယောက်"

ယုချစ်က စကားမပြောပေ။

လှုပ်ရှားခြင်းလည်း မရှိချေ။ ရင်တုက...

"ငါ မင်းဆီကို လာတာ မဟုတ်ဘူး၊ ဒါကြောင့် ငါ့ကိစ္စ ဝင်မရှုပ်နဲ့"

ယုချစ်က...

"ကျုပ်က ဝင်နေမိမှကိုး"

ရင်တုက...

"ကျုပ်က ဘာလုပ်ပေးရမလဲ"

ယုချစ်က...

"မင်း ထွက်သွားပါ"

ရင်တုက ခြေတစ်ချက် ဆောင့်လိုက်၏။

"ကောင်းပြီ မင်း နေခဲ့၊ ငါ သွားမယ်"



ယုချစ်က...

"ခေါင်းကိုထားခဲ့ပြီးမှ သွားပါ"

ရင်တု၏မျက်အိမ် ကျုံ့သွားလေသည်။

သူက မဲ့ပြုံးပြုံးလိုက်၏။

"ခေါင်း ငါ့ဆီမှာ ရှိနေတာပဲ၊ မင်း ဘာဖြစ်လို့ လာမယူတာလဲ"

"မင်းက ဘာဖြစ်လို့ လာမပို့တာလဲ"

ရင်တုက ရယ်မောလိုက်လေသည်။

"ဟား...ဟား...ဟား"

သူ၏ရယ်မောသံသည် ကြေကွဲမှုများ ပါဝင်နေသည်ဟု ထင်ရလေသည်။ ရုတ်တရက်...

သူသည် ဝိဉာဉ်ဖမာ ပေါ့ပါးစွာဖြင့် ယုချစ်ထံသို့ ပျံသန်းသွားလေသည်။

ယုချစ်ထံသို့ မရောက်မီ စိမ်းဖန့်ဖန့် အလင်းရောင်တန်း တစ်ဆယ့်နှစ်ခုက ယုချစ်ထံသို့ ပလူပျံ ပစ်လွှင့်သွားလေသည်။

ယုချစ်၏ညာဘက်လက်၌ ကိုင်ထားသော ခမောက်အား တစ်ချက် ဝှေ့ယမ်းလိုက်ရာ ပလူပျံနေသော အလင်းရောင်တန်းများသည် ရုတ်တရက် ပျောက်ကွယ်သွားကုန်လေသည်။ ထိုအချိန်...

ရင်တုက ယုချစ်အနီးသို့ ရောက်ရှိနေပြီး ဖြစ်လေသည်။

သူ့လက်ထဲမှ ဓားကွေးသည် ယုချစ်၏လည်မျိုသို့ ရောက်ရှိသွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုဓားချက်သည် လေထဲမှ တိုက်ခိုက်လိုက်ခြင်း ဖြစ်သည်။

စိမ်းဖန့်ဖန့် ဓားရောင်က လွင့်မျောယိမ်းယိုင်နေသောကြောင့် မည်သည့်နေရာအား ဦးတည်၍ တိုက်ခိုက်နေသနည်းဟု မှန်းဆ၍ မရပေ။

ယုချစ်၏လက်သည် စိမ်းဖန့်ဖန့်အရောင်ကြားသို့ လှမ်း၍ ကုတ်ဆွဲလိုက်လေသည်။

ယုချစ်၏လက်သည် ခုနစ်ကြိမ်တိတိ ဖမ်းဆွဲလိုက်ရာ…

"ချွမ်…"

ဟူသော အသံနှင့်အတူ လွင့်မျောနေသော စိမ်းဖန့်ဖန့် အရောင်များသည် ရုတ်တရက် ကွယ်ပျောက်သွားလေသည်။

ရင်တု လက်ထဲမှဓားသည် တစ်ပိုင်းတည်းသာ ကျန်နေတော့၏။ ဓားတစ်ပိုင်းမှာ ယုချစ်၏လက်ထဲ ရောက်နေ၏။

ဓားရောင်သည် တစ်ချက်ဝင်းလက်သွားသည်။

ယုချစ်၏လက်ထဲမှ ဓားတစ်ပိုင်းသည် ရင်တု၏လည်မျိုထဲသို့ စိုက်ဝင်သွားလေသည်။

"အား…"

စူးရှသော အသံနှင့်အတူ ရင်တုသည် လဲကျသွားလေတော့သည်။

<<<



(၃)

အသံဗလံ လုံးဝမကြားရတော့ပါ။

အလင်းရောင်မှာလည်း ပျောက်ကွယ်သွား၏။

စားတော်ဆက်အပြင်ဘက်မှ မီးအိမ်များသည် ရုတ်တရက် ပျောက်ကွယ်သွားလေသည်။

ဝန်းကျင်တစ်ခုလုံး မှောင်အတိ ကျသွားပြန်လေသည်။

အရာခပ်သိမ်း တိတ်ဆိတ်၍နေ၏။

မှောင်မည်း၍ နေ၏။

အသက်ရှူသံများပင် မကြားလိုက်ရတော့ချေ။

မည်မျှ အချိန်ကြာသွားမှန်းမသိ။

ဝမ်စွန်ပူချိ၏အသံ ထွက်ပေါ်လာလေသည်။

"ကျေးဇူးတင်ပါတယ်"

ယုချစ်က…

"ခင်ဗျား သွားနိုင်ပြီ၊ ရင်တုကိုပါ ခေါ်သွား"

"ဟုတ်ကဲ့"

ထိုလေးယောက်သည် လက်နက်များကိုယ်စီ စားပွဲပေါ်သို့ ကြလေ၏။ ယုချစ်က…

"မှတ်ထား၊ နောက်တစ်ခါ ငါ့ဆီကို လာလို့ လက်နက် ပါ တာကို တွေ့ရင် သေရမယ်လို့ မှတ်ပါ"

မည်သူကမျှ စကားမပြောပေ။

www.burmeseclassic.com



တိတ်ဆိတ်စွာဖြင့် အောက်ထပ်သို့ ဆင်းသွားလေတော့သည်။

< < <

(၄)

အမှောင်ထုက လွှမ်းမိုးနေ၏။

ဝန်းကျင်တစ်ခုလုံးမှာ တိတ်ဆိတ်နေ၏။

နောက်ထပ် အချိန်မည်မျှ ကြာသွားမှန်း မသိ။

ရုတ်တရက် မီးအိမ်တစ်လုံးမှာ မီးများလင်းလာလေ၏။

ထိုမီးအိမ်သည် လူတစ်ယောက်၏ လက်ထဲတွင် ရှိနေသည်။ ထိုလူသည် စားပွဲတစ်လုံးတွင် တစ်ယောက်တည်း ထိုင်၍ အရက်သောက်နေသော ဧည့်သည်တစ်ယောက် ဖြစ်လေသည်။

အခြားစားသောက်နေကြသော ဧည့်သည်များတို့သည် ပြေးလွှားထွက်ခွာသွားကြပြီ ဖြစ်၏။

သူတစ်ယောက်တည်းသာ ထွက်ပြေးသွားခြင်း မရှိဘဲ ကျန်ရှိနေလေ၏။ ထိုလူသည်...

အလွန်သဘောကောင်းပြီး ရိုးသားသော လူတစ်ယောက် ဖြစ်သည်ဟု ထင်ရလေ၏။

ထိုလူသည်...



အလွန်သဘောကောင်းပြီး ရိုးသားသော လူတစ်ယောက် ဖြစ်သည်ဟု ထင်ရလေ၏။

သူသည် ယုချစ်အား ပြုံး၍ ပြောလိုက်၏။

"လက်ချောင်းခုနစ်ချောင်း လူသတ်သမားဆိုတဲ့ နာမည်ကြီးသင့်ကြီးထိုက်ပါတယ်ဗျာ"

ယုချစ်က ထိုလူ၏စကားကို နားမထောင်။

လှည့်၍ပင် မကြည့်ပေ။

သူသည် ဂုန်လျှော်အိတ်တစ်လုံးဖြင့် စားပွဲပေါ်မှ ပုလင်းများ၊ ငွေခါးပတ်နှင့် လက်နက်များကို ထည့်ယူ၍ အောက်ထပ်သို့ ဆင်းသွားရန် လှေကားရှိရာသို့ ဖြည်းလေးစွာ လျှောက်သွားလေ၏။

ထိုလူက ဟန့်တားလိုက်၏။

"ခဏနေပါဦးဗျာ"

ယုချစ်က ဆတ်ခနဲ လှည့်ကြည့်လိုက်၏။

"ခင်ဗျားက ဘယ်သူလဲ"

ထိုလူက...

"ကျုပ်နာမည်က ဂူဖုစု"

ယုချစ်က မဲ့ပြုံးပြုံးလိုက်၏။

"ခင်ဗျားလဲ သေချင်လို့လား"

ဂူဖုစုက...

"ကျုပ်က ခင်ဗျားကို စကားတစ်ခွန်း ပြောခိုင်းလို့ လာပြောတာပါ"

www.burmeseclassic.com

www.burmeseclassic.com



ယုချစ်က…

"ဘာပြောမလို့လဲ"

ဂူဖုစုက…

"လူတစ်ယောက်က ခင်ဗျားကို တွေ့ချင်လို့ ဒါကြောင့် ခဏလိုက်ခဲ့ပါလို့ ပြောချင်ပါတယ်"

ယုချစ်အသံ အေးစိမ့်သွားလေ၏။

"ဘယ်သူမဆို ကျုပ်ကို တွေ့ချင်ရင် သူကိုယ်တိုင် လာရလိမ့်မယ်"

ဂူဖုစုက…

"ဒါပေမယ့် ဒီပုဂ္ဂိုလ်ဟာ…"

ယုချစ်က ကြားဖြတ်လိုက်၏။

"သူလဲ ကိုယ်တိုင်လာရမယ်၊ သူ့ကို ပြောလိုက်ပါ၊ အကောင်းဆုံးကတော့ လေးဘက်ထောက်ပြီးလာပါ၊ နို့မဟုတ်ရင် လေးဘက်ထောက်ပြီး ပြန်သွားရလိမ့်မယ်"

သူသည် စကားမပြောတော့ဘဲ အောက်ထပ်သို့ ဆင်းရန် ခြေလှမ်းလှမ်းလိုက်၏။

ဂူဖုစုက ပြုံး၍ စကားပြောလိုက်၏။

"ကောင်းပါပြီဗျာ၊ ကျုပ်က ခင်ဗျား ပြောတဲ့အတိုင်း မင်းသားလေး လုံပူကို ပြန်ပြောလိုက်ပါ့မယ်"

ယုချစ်သည် လှမ်းနေသော ခြေလှမ်းအား ရုတ်တရက် ရပ်တန့်သွားလေ၏။



"လုံပူ… စန်းရှမ်းနယ်က လုံပူ ဟုတ်လား"၊၊

ဂူဖုစုက ပြုံးလိုက်၏။

"သိပ်ဟုတ်တာပေါ့ဗျာ"

ယုချစ်က…

"သူ ဘယ်မှာရှိသလဲ"

ဂူဖုစုက…

"ခုနစ်လပိုင်း တစ်ဆယ့်ငါးရက်ညမှာ သူက ဟန်ကျူးမြို့ ဆင်းရှမ်းစားတော်ဆက်မှာ စောင့်နေပါမယ်"

ယုချစ်၏မျက်နှာပေါ်တွင် အလွန်ထူးခြားသော ဟန်မူရာများ ဖြစ်ပေါ်လာ၏။

"ကောင်းပြီ… ငါ လာခဲ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



## စောရမိဗ္ဗာ

(၁)

ကုန်စွမ်းရောက်၏လက်သည် စားပွဲပေါ်သို့ ချမထားပေ။

သူ၏လက်သည် အင်္ကျီလက်ထဲ၌ အမြဲတမ်း ဝှက်ထားလေသည်။

သူများက သူ၏လက်အား မြင်တွေ့သွားမည်ကို မလိုလားပါချေ။

အလူးသမြင့် သူ၏ညာဘက်လက် ဖြစ်၏။



(၂)

ကုန်စွမ်းရောက်၏အသံသည် တိုးတိုးညင်းညင်း ဖြစ်လေသည်။

သူ၏ရုပ်သွင်သည် သာမန်လက်လုပ်လက်စား လူတစ်ဦးနှင့် တူလှပေသည်။

သူ ဝတ်ဆင်ထားသော အဝတ်အစားများမှာလည်း တောက်တောက်ပြောင်ပြောင် မရှိဘဲ အကြမ်းထည်မျှသာ ဖြစ်လေသည်။

အကြောင်းမှာ သူသည် တခြားလူများ အာရုံမပြုနိုင်အောင် ရှောင်ရှားနေရခြင်း ဖြစ်၏။

သို့သော် ယခုမှာမူ သူ့ရှေ့တွင် ထိုင်နေသောလူမှာ အများ၏အာရုံအား ဆွဲဆောင်နိုင်သော လူတစ်ဦး ဖြစ်၏။

သူ၏ကိုယ်ခန္ဓာပေါ်တွင် တန်ဖိုးအကြီးဆုံး အဝတ်အစားနှင့် ချုပ်ခအမြင့်ဆုံးသော အင်္ကျီချုပ်ဆိုင်မှ ချုပ်ထားသော အင်္ကျီအား ဝတ်ဆင်ထား၏။

သူ၏လက်ထဲတွင် အသပြာတစ်ထောင်တန်သော လက်အိတ်ကို ဝတ်ဆင်ထားပြီး ဦးထုပ်ပေါ်၌ အလွန်တန်ဖိုးကြီးသော ပုလဲစင်လုံး တပ်ဆင်ထား၏။

လူအများ၏ ဆွဲဆောင်မှုကို အများဆုံး ဆွဲဆောင်နိုင်သည်မှာ သူ၏ခန္ဓာကိုယ် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ခန္ဓာကိုယ်သည် ထူးထူးခြားခြား ပိန်လှီနေ၏။

ဦးခေါင်းမှာလည်း ထူးခြားစွာ သေးငယ်နေ၏။

သို့သော် သူ၏နှာခေါင်းမှာ အလွန်ကြီးမားသော သိမ်းငှက်နှာခေါင်းမျိုး ရှိနေ၏။

ထို့ကြောင့် သူ၏မိတ်ဆွေများသည် သူ့အား နှာခေါင်းကြီး 'ဂူ'ဟု ခေါ်ကြလေသည်။

သူ၏မိတ်ဆွေ မဟုတ်သော လူများမှာ သူ့အား နှာခေါင်းကြီးခွေးဟု ခေါ်ကြသည်။

အဘယ်ကြောင့်ဆိုသော် သူ၏ကြီးမားသော နှာခေါင်းသည် အနံ့ခံကောင်းသည်။

သူများ အနံ့ခံ၍ မရသော အရာများအား သူက ကောင်းစွာ အနံ့ခံနိုင်လေသည်။

ဤတစ်ကြိမ် သူသည် အနံ့ခံရသည်မှာ လောကပေါ်တွင် အလွန်ရှားပါးပြီး တန်ဖိုးအလွန်ကြီးသော ပုလဲတစ်လုံး၏ အနံ့များဖြစ်ပေ၏။

သူသည် အသံတိုးတိုးဖြင့် ကုန်စွမ်းရောက်၏နားသို့ ကပ်သွားလိုက်ပြီး....

"ခင်ဗျား အဲသည် ပုလဲလုံးကို မမြင်မတွေ့ခဲ့ရင် လောကပေါ်မှာ သည်လောက် ဆန်းကျယ်တဲ့ ပုလဲလုံး ရှိနေပါသေးသလား ဆိုတာကိုတောင် ခင်ဗျားက သိလိုက်မှာ မဟုတ်ဘူးဗျ"

ကုန်စွမ်းရောက်က...



"သူက ဘာများ ထူးခြားနေလို့လဲ"

နှာခေါင်းကြီးဂူက...

"ကျုပ် ပြောတဲ့ ပုလဲလုံးဟာ ညဘက်မှာ အလင်းရောင်ထွက်တယ်ဗျ"

သူက စကားဆက်လိုက်၏။

"သည်ပုလဲ ဘယ်လောက်လင်းသလဲဆိုရင် ညဘက်မှာ အခန်းထဲ မီးမထွန်းဘဲ သူ့ကို ချိတ်ထားရုံနဲ့ တစ်ခန်းလုံး လင်းနေတယ်"

ကုန်စွမ်းရောက်က...

"ဖယောင်းတိုင်နဲ့ ဆီမီးခွက်က ဈေးမကြီးပါဘူး၊ ဘာလို့ သည်လောက် တန်ဖိုးကြီးတဲ့ ပုလဲလုံးဆီက သူ့ရဲ့ အလင်းရောင်ကိုမှ ယူချင်ရတာလဲ"

နှာခေါင်းကြီးဂူက...

"ခက်တာက ကျုပ်က သည်ပုလဲ မရရင် အသက်သေရမှာမယ်"

"ဒါက မင်း ကိစ္စပဲကွာ၊ မင်းက လိုချင်တယ်ဆိုရင် အချိန်မှာ သွားယူပေါ့"

နှာခေါင်းကြီးဂူ မချိပြုံးပြုံးလိုက်၏။

"မင်းကလဲကွာ၊ ငါ ယူလို့ မရဘူးဆိုတာ မင်း သိရဲ့သားနဲ့"

"ဘာဖြစ်လို့လဲ"

"ပုလဲထားတဲ့ အခန်းရဲ့ လေးဘက်လေးတန်မှာ သံပြား

www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့ ကာရံထားတာကြောင့် မင်းပဲ ဝင်လို့ရမယ်၊ သံဗိုရှိမှာရှိ
သော့လဲ မင်းကလွဲလို့ ဘယ်သူမှ ဖွင့်လို့ရမှာ မဟုတ်ဘူး"

"အဲဒါ ဘာဖြစ်သလဲ"

"ငါ မင်းကို စကားတစ်ခွန်း မေးချင်တယ်"

"မေးပါ"

"မင်းနဲ့ ငါဟာ ပေါင်းသင်းခဲ့တာ နှစ်ပေါင်းနှစ်ဆယ်လောက်
ရှိပြီ မဟုတ်လား"

"ဟုတ်တယ်"

"ငါ လမ်းပေါ်မှာ သေဆုံးနေတာကို မင်း ကြည့်ချင်
လား"

"မကြည့်ချင်ပါဘူး"

"ဒါဖြင့် မင်းက ငါ့အတွက် သည်ပုလဲလုံးကို သွားခိုးပေး
မယ်"

ကုန်စွမ်းရောက်က တိတ်ဆိတ်နေလိုက်လေသည်။

သူသည် အတန်ကြာတော့မှ အင်္ကျီရင်ဘတ်ထဲမှ ဝှက်ထား
သော သူ၏ညာဘက်လက်အား ဆန့်ထုတ်ပြလိုက်လေသည်။

"ငါ့ရဲ့လက်ကို မင်း မြင်တွေ့ခဲ့ဖူးသလား"

သူ၏လက်ပေါ်တွင် လက်ချောင်းကလေးနှစ်ချောင်းမျှသ
ကျန်တော့၏။

လက်ခလယ်၊ လက်သန်းနှင့် လက်သူကြွယ်တို့မှာ တိ
ပြတ်နေသည်ကို တွေ့ရ၏။



"ငါ့ရဲ့ လက်သန်းကလေး ဘာကြောင့် ပြတ်သွားသလဲဆို
တာ မင်းသိသလား"

နွားခေါင်းကြီးဝူက ခေါင်းခါယမ်းပြလေ၏။

"လွန်ခဲ့တဲ့ သုံးနှစ်လောက်က ကျူပ်ဟာ ကျူပ်ရဲ့ မိခင်ရှေ့
မှာ ဘယ်တော့မှ မခိုးတော့ပါဘူးလို့ ကျမ်းကျိန်ပြီး လက်သန်းက
လေးကို ဖြတ်လိုက်တာပါ"

နွားခေါင်းကြီးဝူက ဆက်၍ နားထောင်နေ၏။

ကုန်စွမ်းရောက်က…

"လွန်ခဲ့တဲ့ သုံးနှစ်လောက်က ကျမ်းကျိန်ခဲ့ပြီး တစ်နေ့မှာ
ကျူပ်ဟာ ကျောက်စိမ်းနဲ့ ထုလုပ်ထားတဲ့ မြင်းရှစ်ကောင်ရဲ့ ရုပ်တု
ကလေးတွေကို မြင်တွေ့ခဲ့ရတယ်၊ ငါက လက်ယားသွားပြီး အဲသည်
ညမှာပဲ အဲသည် မြင်းရုပ်ကလေးရှစ်ကောင်ကို သွားခိုးမိပါတယ်"

နွားခေါင်းကြီးဝူက…

"သည်ကျောက်စိမ်းမြင်းရုပ်ကလေး ရှစ်ကောင်ကို ငါလဲ
ကြားဖူးပါတယ်"

ကုန်စွမ်းရောက်က…

"ငါ့ရဲ့ မိဘနဲ့ ဇနီးလဲ တွေ့ခဲ့ပါတယ်၊ သူတို့ဟာ စကားတစ်
ခွန်း မပြောဘဲနဲ့ နောက်တစ်နေ့ စောစော ပစ္စည်းတွေကို ထုပ်ပိုးပြီး
ပြောင်းရွှေ့သွားပါတော့တယ်"

"မင်းက သူတို့ ပြန်လာရအောင်ဆိုပြီး လက်သူကြွယ်ကို
ထပ် ဖြတ်လိုက်တယ်ပေါ့ ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ကုန်စွမ်းရောက် ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ် အဲသည်တုန်းက ငါက ဘယ်တော့မှ မခိုးတော

ဘူးလို့ ဆုံးဖြတ်လိုက်တယ်လေ၊ ဒါပေမယ့်…"

သို့သော် နောက်ထပ် နှစ်နှစ်အကြာတွင် သူသည် ကတိ

ဖျက်ရပြန်သည်။

ထိုအချိန် သူခိုးခဲ့သော ပစ္စည်းမှာ ပတ္တမြားဖြင့် စီခြယ်ပြ

လုပ်ထားသော ဟင်းသီးဟင်းရွက်တစ်ခု၏ပုံ ဖြစ်သည်။

သူသည် ထိုပစ္စည်းအား လိုချင်လွန်း၍ ညပေါင်းများစွာ

အိပ်ပျက်ခဲ့ရ၏။

နောက်ဆုံး သူသည် စိတ်ကို မချုပ်တည်းနိုင်တော့ဘဲ သွာ

ရောက်ခိုးယူခဲ့၏။ ကုန်စွမ်းရောက်က မချိပြုံးပြုံး၍…

"ခိုးတယ်ဆိုတာလဲ ရောဂါတစ်မျိုးပဲ၊ လူတစ်ယောက်ဟာ

သည်ရောဂါရထားရင် တခြားရောဂါထက် ကြောက်ဖို့ကောင်းတယ်

နှာခေါင်းကြီးဝူက သူ့အား အရက်ငှဲ့ပေးနေ၏။

ကုန်စွမ်းရောက်က ဝမ်းနည်းစွာဖြင့်…

"ငါ့ရဲ့ မိခင်ဟာ နဂိုက ကျန်းမာရေးမကောင်းပါဘူး၊ သည်

သတင်းကို ကြားလိုက်တဲ့အခါမှာ ရှက်လဲရှက်၊ ဒေါသလဲထွက်ပြီး သေ

ဆုံးသွားရပါတယ်၊ ငါ့မိန်းမလဲ သည်းမခံနိုင်လွန်းလို့ ငါ့ရဲ့ လက်

လယ်ကို ကိုက်ဖြတ်လိုက်ပါတော့သည်။

နှာခေါင်းကြီးဝူက…

"ဒါကြောင့် မင်းမှာ လက်ချောင်းနှစ်ချောင်းပဲ ကျန်တော



တာပေါ့"

ကုန်စွမ်းရောက်က သူ၏လက်ကို အင်္ကျီလက်ထဲသို့ ပြန်

ဖွက်ထားပြန်လေ၏။ နှာခေါင်းကြီးဝူက…

"ဒါပေမယ့် မင်းမှာ ကျန်ရှိတဲ့ လက်ချောင်းကလေးနှစ်

ချောင်းဟာ လောကပေါ်မှာ ရှိရှိသမျှ လက်ငါးချောင်းထက် ပိုပြီး

အွတ်လက်ကျွမ်းကျင်ပါတယ်လေ"

ကုန်စွမ်းရောက်က မည်သို့မျှ ပြန်မပြောချေ။

နှာခေါင်းကြီးဝူက စကားဆက်လိုက်ပြန်၏။

"မင်းက မင်းရဲ့ တန်ဖိုးရှိလှတဲ့ လက်ချောင်းကလေးနှစ်

ချောင်းကို အသုံးမချလိုက်ရင် နှမြောဖို့ မကောင်းဘူးလား"

ကုန်စွမ်းရောက်က…

"မင်းနဲ့ ငါဟာ နှစ်ပေါင်းနှစ်ဆယ်လောက် ပေါင်းသင်းခဲ့တဲ့

သူငယ်ချင်းတွေပါ၊ ငါ့အသက်ကိုလဲ မင်းက ကယ်တင်ဖူးတယ်၊ အခု

မင်းမှာ အကြွေးတွေ ပိနေတယ်ဆိုတာ သိတယ်၊ မင်းရဲ့ အကြွေးရှင်

ဟာ သူ့အကြွေး ဆပ်နိုင်အောင် မင်းကို ပုလဲလုံးရအောင် ယူခိုင်း

တယ်ဆိုတာလဲ ငါ သိတယ်"

သူက စကားဆက်လိုက်ပြန်၏။

"မင်း အနေနဲ့ ခိုးလို့ မရမှန်းလဲ သိတယ်၊ ဒါပေမယ့် မင်းက

ငါ့ဆီလာပြီးတော့ အကူအညီ တောင်းလိမ့်မယ်ဆိုတာလဲ ငါ သိတယ်၊

သူက အပိုင်တွက်ထားတယ်လေ၊ ဒါကြောင့် သည်ကိစ္စ မင်း လုပ်မ

ပေးနိုင်ရင် သူက မင်းကို သတ်လိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



နှာခေါင်းကြီးဂူက…

"ဒါတွေကိုတောင် မင်းကသိပြီးမှကိုး"

ကုန်စွမ်းရောက်က…

"ဟုတ်တယ်၊ ဒါဖြေမယ့် မင်းအတွက် ငါ သွားခိုးမပေးနိုင်ပါဘူး"

"မင်းက မခိုးပါဘူးလို့ သည်တစ်ခါ သေချာဆုံးဖြတ်လိုက်ပြီ ဟုတ်လား"

ကုန်စွမ်းရောက်က ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ ခိုးတာကလွဲလို့ မင်း ခိုင်းချင်တာကို ခိုင်းနိုင်ပါတယ်"

ဟုပြောသည်။ နှာခေါင်းကြီးဂူက ရုတ်တရက် မတ်တတ်ထရပ်လိုက်လေ၏။

"ကောင်းပြီလေ၊ ငါတို့ သွားကြမယ်"

"ဘယ်ကို သွားမှာလဲ"

"မင်း မခိုးချင်ရင် မခိုးပါနဲ့၊ ဒါပေမယ့် ခဏလေး လိုက်ကြည့်ပေးပါကွာ"

"ခိုးမှ မခိုးဘဲ၊ ဘာကြောင့် သွားကြည့်ရမှာလဲ"

နှာခေါင်းကြီးဂူက…

"သွားကြည့်ရုံနဲ့ ဘာမှ မဖြစ်ပါဘူးကွာ၊ လိုက်ခဲ့စမ်းပါ"

ဟုပြောလေသည်။

≺ ≺ ≺



(၃)

အုတ်နံရံသည် အလွန်မြင့်မားပြီး အလွန်ထူထပ်နေပါသည်။

နံရံပေါ်၌ ပန်းများ စိုက်ပျိုးထား၏။

ဤကဲ့သို့ အုတ်နံရံမျိုးကို ကျော်လွှားနိုင်မည့်သူမှာ အလွန်ရှားပါးလေသည်။ သို့သော် ကုန်စွမ်းရောက်အတွက် အခက်အခဲရှိမည် မဟုတ်ပေ။

နှာခေါင်းကြီးဂူက ထိုအုတ်နံရံအား မော့ကြည့်နေလေတော့၏။

"သည်လောက် မြင့်တဲ့ နံရံကို မင်းက တက်နိုင်ပါ့မလား"

ကုန်စွမ်းရောက်က…

"နောက်တစ်လံလောက် မြင့်စမ်းပါစေ၊ ငါ့အတွက် ပြဿနာ မရှိပါဘူး"

"မုလဲလုံးထားတဲ့ အခန်းမှာ အစောင့်ချထားတာက လွဲလို့ လေးဘက်လေးတန်မှာ သံပြားများနဲ့ တည်ဆောက်ထားတဲ့အတွက် ဘယ်သူမှ ဝင်လို့ မရပါဘူး၊ ဒါကြောင့် အစောင့်မချထားပါဘူး"

ကုန်စွမ်းရောက်က…

"သည်အခန်းမှာ တကယ်ပဲ သံပြားတွေနဲ့ တည်ဆောက်ထားသလား"

နှာခေါင်းကြီးဂူက ခေါင်းညိတ်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"နံရံပေါ်မှာ လေဝင်ပေါက်တစ်ခု ရှိပေမယ့် တစ်ပေခန့် ကျယ်ပြီး ကိုးလက်မသာ ရှည်တယ်၊ ခေါင်းတစ်လုံးစာပဲ ဝင်လို့ရတယ်"

ကုန်စွမ်းရောက်က ပြုံးလိုက်သည်။

"ဒါဆို လုံလောက်ပါပြီ"

သူ၏ အရိုးကြုံ့ပညာသည် သိုင်းလောကမှာ တိမ်မြုပ် ပျောက်ကွယ်သွားသော ပညာတစ်ရပ် ဖြစ်၏။

နှာခေါင်းကြီးဝူက...

"အထဲဝင်နိုင်ပြီထား၊ သံသေတ္တာကို ဖွင့်နိုင်မှ အဲသည် ပုလဲလုံးကိုရမှာ၊ သံသေတ္တာ ခတ်ထားတဲ့သော့ဟာ တစ်ချိန်တုန်းက ကျော်ကြားခဲ့တဲ့ ဉာဏ်ကျယ်လေးကိုယ်တိုင် အထူးပြုလုပ်ထားတဲ့ သော့ခလောက် ဖြစ်တယ်"

ကုန်စွမ်းရောက်က နားထောင်နေ၏။ နှာခေါင်းကြီးဝူက...

"အဲသည် သော့ခလောက်ကို ဖွင့်ဖို့သော့ဟာ တစ်ချောင်းပဲ ရှိတယ်၊ အဲသည် သော့ကို အခန်းမှူးကြီးကိုယ်တိုင် ထိန်းသိမ်းထားတယ်၊ ဘယ်မှာ သိမ်းထားတယ်ဆိုတာ ဘယ်သူမှ မသိဘူး"

ကုန်စွမ်းရောက်က...

"ဉာဏ်ကျယ်လေးလုပ်တဲ့ သော့ကို ဖွင့်လို့ မရတာမှ မဟုတ်တာ"

နှာခေါင်းကြီးဝူက...

"မင်းက သူ လုပ်တဲ့ သော့ခလောက်ကို ဖွင့်ဖူးလို့လား"



"ကျုပ်က မဖွင့်ဖူးပါဘူး၊ ဒါပေမယ့် လောကပေါ်မှာ ကျုပ် ဖွင့်လို့ မရတဲ့ သော့ခလောက် မရှိဘူးလို့ ကျုပ် ယုံကြည်တယ်"

နှာခေါင်းကြီးဝူက သူ့အား ကြည့်ပြီး ရယ်မောလိုက်လေတော့သည်။ ကုန်စွမ်းရောက်က...

"ဘာလဲ မင်းက မယုံလို့လား"

"ကျုပ် ယုံတယ်၊ အမှန်တကယ် ယုံပါတယ်၊ ကဲ ငါတို့ မြန်မြန်သွားကြရင် ကောင်းမယ်"

ကုန်စွမ်းရောက်က မသွားလိုတော့ချေ။

သူက မျက်လုံးပြူး၍ ကြည့်လိုက်သည်။

"ဘာဖြစ်လို့ မြန်မြန်သွားချင်နေရတာလဲ"

နှာခေါင်းကြီးဝူက သက်ပြင်းချလိုက်သည်။

"မင်းက စိတ်ပါလို့ လှုပ်ရှားလိုက်ရင် သည်အခန်းထဲ ဝင်ဖို့ဆိုတာ လွယ်မှ မလွယ်တာ ဝင်နိုင်တယ်ပဲထားဦး၊ သံသေတ္တာကို ဖွင့်ရတဲ့အခါ မင်းက ရက်ပြီးတော့ ပြန်ထွက်လာမှာ မဟုတ်ဘူး၊ မင်း အဖမ်းခံလိုက်ရရင် ငါ့မှာ စိတ်မကောင်း ဖြစ်မှာကွ"

"မင်းက ငါ့ကို စိတ်မခံချင်ဖြစ်အောင် ပြောနေတာလား၊ သည်လို မရဘူးကွ"

"ငါက မခံချင်အောင် မပြောပါဘူးကွ၊ မင်းကို မြန်မြန်သွားကြရအောင်လို့ ခေါ်မိတာပါ"

ကုန်စွမ်းရောက်က မဲ့ပြုံးပြုံးလိုက်လေ၏။

"ငါ သွားမှာပေါ့၊ သည်လို အမှောင်ကြီးထဲမှာ ငါက တစ်

www.burmeseclassic.com

www.burmeseclassic.com



ညလုံး ရပ်နေမယ်လို့များ မင်းက ထင်နေသလား”

သူက မဲပြုံးပြုံး၍ ရှေ့သို့ ဆက်လျှောက်သွား၏။

ခြေလှမ်းငါးလှမ်းမျှသာ လှမ်းလိုက်ရသည်။

ပြန်ရပ်လိုက်လေသည်။

“မင်း သည်က ငါ့ကို စောင့်ပါ။ အလွန်ဆုံး နာရီဝက်ဆို ငါ ပြန်ရောက်လာပါလိမ့်မယ်”

သူ၏စကားမဆုံးမီ ခန္ဓာကိုယ်တစ်ချက် လှုပ်ရှားလိုက်သည်နှင့် အုတ်နံရံပေါ်သို့ ရောက်ရှိသွားလေသည်။

ထို့နောက် လူရိပ်ပါ ပျောက်ကွယ်သွား၏။

နှာခေါင်းကြီးဝူက ကျေနပ်စွာ ပြုံးလိုက်လေ၏။

နှစ်ပေါင်းနှစ်ဆယ်ခန့် ပေါင်းသင်းလာသော မိတ်ဆွေများ အချင်းချင်း တစ်ယောက်၏အကျင့်သဘောထားများကို တစ်ယောက်က ကောင်းစွာ သိရှိကြမည် မဟုတ်ပါလား။

➢ ➢ ➢

(၄)

မိမိ ဆင်ထားသည့် အကွက်ထဲသို့ ကွက်တိဝင်လာသည်ကို တွေ့ရသဖြင့် ကျေနပ်အားရမိခဲ့သော်လည်း လူတစ်ယောက်ကိုစောင့်မျှော်နေရသည့် အလုပ်သည် စိတ်မောလှပေသည်။



နှာခေါင်းကြီးဝူက စိုးရိမ်မကင်း ဖြစ်နေစဉ် အုတ်နံရံပေါ်မှ လူရိပ်တစ်ခု ဘွားခနဲ ပေါ်လာလေသည်။

ကုန်စွမ်းရောက်က သစ်ရွက်ကလေးတစ်ရွက်ပမာ အောက်သို့ ခုန်ဆင်းလာလေသည်။

“ရခဲ့လားဟေ့”

နှာခေါင်းကြီးဝူက စိတ်အားထက်သန်လာသည်။

စိုးရိမ်ကြောင့်ကျလာလေသည်။

ကုန်စွမ်းရောက်က ပါးစပ်မဟာချေ။

သူ၏လက်အား ဆွဲ၍ မြေးလွှားထွက်ခွာလာလေသည်။

လမ်းကြားကလေးများ ဖြတ်ကျော်ပြီးနောက် ပို၍ ကျဉ်းသော လမ်းကြားတစ်ခုသို့ ရောက်ရှိတော့မှ ရပ်တန့်သွားလေသည်။

နှာခေါင်းကြီးဝူက စိတ်မတတ်ကျသွားသည်။

“မင်း မရနိုင်ဘူးလို့ ငါ ထင်သားပဲ”

ကုန်စွမ်းရောက်က ပါးစပ်ဟလိုက်သည်။

ပုလဲတစ်လုံး ထွေးထုတ်လိုက်လေသည်။

ညပုလဲ...

ညပုလဲမှ ထွက်ပေါ်လာသော ဖျော့တော့တော့ အလင်းရောင်သည် ကျဉ်းမြောင်းသော လမ်းကလေးတစ်ခုလုံး ထင်သွားစေလေသည်။

နှာခေါင်းကြီးဝူသည် ဝမ်းသာအားရဆွန်း၍ မျက်နှာတစ်ခုလုံးဝင် နီရဲလာသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ပုလဲလုံးအား ယူ၍ အင်္ကျီအိတ်ထဲသို့ ထည့်လိုက်လေသည်။

သို့တိုင်အောင် ပုလဲလုံးမှ ထွက်ပေါ်လာသော အလင်းရောင်သည် အိတ်ထဲမှ ထိုးဖောက်ထွက်လာနေသေး၏။

ထိုအချိန် လူတစ်ယောက်၏ ရယ်မောရင်း ပြောလိုက်သော အသံကို ကြားလိုက်ရလေသည်။

"တော်လိုက်တာ စောရဝ်မှာ ကုန်စွမ်းရောက်က နာမည်ကြီးတာလဲ မဆန်းပါဘူးလေ"

ထိုစကားသံနှင့်အတူ အမှောင်ထဲမှ လူတစ်ယောက်က အေးဆေးစွာ ထွက်လာလေသည်။

ကြယ်ကလေးများ၏ အလင်းရောင်အောက်တွင် ထိုလူသည် အသက်လေးဆယ်ခန့် ရှိပြီး အလွန်သဘောကောင်းသော ရုပ်သွင် ရှိသူတစ်ယောက် ဖြစ်၏။

နှာခေါင်းကြီးဂူသည် ထိုလူအား တွေ့မြင်လိုက်ရသည်နှင့် မျက်နှာကွက်ခနဲ ပျက်သွားသည်။

သူသည် ပုလဲလုံးအား နှိုက်ယူလိုက်ပြီး လက်နှစ်ဘက်ဖြင့် ထိုလူထံသို့ ယူသွားသည်။ သူက ခြောက်ကပ်ကပ် ပြုံးလိုက်ပြီး...

"ပစ္စည်းတော့ ရလာပါပြီ၊ ကျွန်တော် ယူထားတဲ့ အကြွေးရှင်းပေးလို့ ကောင်းပါရဲ့"

ထိုလူသည် နှာခေါင်းကြီးဂူ၏ အကြွေးရှင် ဖြစ်နေသည် မဟုတ်ပါလော။



သို့သော် အကြွေးရှင်သည် သူ၏အကြွေး ရရှိရန် စိတ်ဝင်စားပုံ မပေါ်ပေ။

သူသည် ပုလဲလုံးအား ကြည့်ပင်မကြည့်ဘဲ ကုန်စွမ်းရောက်ထံသို့ ချဉ်းကပ်လိုက်သည်။

သူက ကြောင်အမ်းအမ်း ရပ်ကြည့်နေသော ကုန်စွမ်းရောက်အား ပြုံး၍ နှုတ်ဆက်လိုက်သည်။

"ကျုပ်က ဝူဖုစုပါ၊ ခင်ဗျားရဲ့ ပညာကို သိချင်လို့ အခုလိုပြုသည်မီတာ တောင်းပန်ပါတယ်၊ ခင်ဗျားရဲ့ မိတ်ဆွေဆီက အကြွေးဟာ မဖြစ်စလောက်ပါပဲ၊ ဒါကြောင့် သည်အကြွေးကိုလဲ ကျုပ်က တောင်းတော့ပါဘူး ခင်ဗျာ"

ကုန်စွမ်းရောက် မျက်နှာခက်ထန်သွားသည်။

"ခင်ဗျားက ဘာကို လိုချင်လို့လဲ"

ဝူဖုစုက ပြုံးလျက်...

"ပုဂ္ဂိုလ်တစ်ယောက်က ခင်ဗျားကို တွေ့ချင်လို့ ဖိတ်ခေါ်ခိုင်းလိုက်လို့ပါ"

ကုန်စွမ်းရောက်က အေးတိအေးစက် လေသံဖြင့် ဝူဖုစုအား ကြည့်ကာ...

"ခက်နေတာက ကျုပ်ဟာ ဘယ်သူ့ကိုမှ မတွေ့ချင်ဘူး"

ဟုပြောသည်။ ဝူဖုစုက...

"ဟုတ်ပါတယ်၊ ဒါပေမယ့် မင်းသားလေးလိုလူဟာ သူများတွေ့ချင်အောင် မလုပ်ပါဘူး၊ သူများ မလုပ်ချင်တဲ့ အလုပ်ကိုလဲ

www.burmeseclassic.com

မနိုင်းတတ်ပါဘူး"

ကုန်စွမ်းရောက်က ထွက်ခွာသွားရန် ထစ်ဘက်သို့ လှည့်လိုက်ပြီးဖြစ်ရာ ထိုစကား ကြားလိုက်ရသဖြင့် နောက်ပြန်လှည့်လိုက်သည်။

"ဘယ်သူ မင်းသားလေးလုံဝှ စန်းရှမ်းက လုံဝှ ဟုတ်လား"

ဝူဖုစုက ပြုံးလိုက်သည်။

"လောကပေါ်မှာ ဒုတိယလုံဝှ မရှိပါဘူး"

ဟုပြောသည်။ ကုန်စွမ်းရောက်၏မျက်နှာတစ်ခုလုံး စိတ်အားထက်သန်လာ၍လော။ အံ့အားသင့်နေ၍လော။

ကြောက်ရွံ့နေ၍လောဟု ဖော်မပြနိုင်သော ဟန်မူရာများပေါ်လွင်လာသည်။

"မင်းသားလေးလုံဝှက ကျုပ်ကို တွေ့ချင်တယ် ဟုတ်လား"

ဝူဖုစုက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ အလွန်တွေ့ချင်နေပါတယ်"

"ဒါပေမယ့် မင်းသားလေးလုံဝှဟာ ဘယ်ကို သွားလို့ ဘယ်တို့ ရောက်နေမှန်းဆိုတာကို ဘယ်သူကမှ မသိပါဘူး၊ ကျုပ်က သူ့ကို ဘယ်လိုလုပ်ပြီး တွေ့ရမှာလဲ"

ဟုမေး၏။ ဝူဖုစုက...

"အဲဒါ အရေးမကြီးပါဘူး၊ ကျုပ် ပြောပြပါ့မယ်ဗျာ"

ကုန်စွမ်းရောက် အံ့ဩသွားလေသည်။

"ဗျာ၊ ခင်ဗျား ပြောပြနိုင်တယ် ဟုတ်သလားဗျ"



ဟုမေးလိုက်သည်။

ဝူဖုစုက...

"ဟုတ်ပါတယ်"

ကုန်စွမ်းရောက် မည်သို့မျှ ပြန်မပြောတော့ချေ။

ပါးစပ်ကို ပိတ်ထားလိုက်ပြီး ဝူဖုစု ပြောလာမည့် စကားကို းတောင်နေ၏။

ဝူဖုစုက...

"ခုနစ်လဆယ့်ငါးရက်နေ့ ညမှာ သူက ဟန်ကြူးမြို့ ထင်းဗ်စားတော်ဆက်မှာ ခင်ဗျားကို စောင့်နေပါလိမ့်မယ်"

ကုန်စွမ်းရောက်က စဉ်းစားခြင်း မပြုဘဲ ခေါင်းကိုညိတ်တ်လေသည်။

"ကောင်းပြီ၊ ကျုပ် ရောက်အောင် လာခဲ့မယ်"

ဟုပြောလိုက်လေသည်။

www.burmeseclassic.com

## ဗလကြီးစုကျုံ

(၁)

စုကျုံက လက်တစ်ဘက် ဆန့်လိုက်သည်။

သူသည် မြေပဲလှော်တစ်ဆုပ်ကို နှိုက်ယူလိုက်လေသည်။

သာမန်လူတစ်ယောက်၏ လက်တစ်ဆုပ်လျှင် မြေပဲအစေ့ နှစ်ဆယ်ခန့်မျှသာ ဆုပ်နိုင်၏။

သူက အနည်းဆုံး ခုနစ်ဆယ် ရှစ်ဆယ်အထိ ဆုပ်ယူနိုင် လေ၏။ သူ၏ညာဘက်လက်သည် တခြားလူထက် သုံးဆခန့် ပိုကြီး ကြီးသည်။

မြေပဲလှော်ရောင်းသော ဈေးဆိုင်သည် မြေပဲခြင်းတောင်း ပေါ်တွင် စာရွက်ကလေးတစ်ရွက် ကပ်ထားလေသည်။

စာရွက်ပေါ်၌ ရေးသားထားသည်မှာ...

"မွှေးကြိုင်သော မြေပဲလှော်တစ်ဆုပ် နှစ်ပြား"

စုကျုံသည် ကြေးပြားသုံးဆယ် ပစ်ချလိုက်ပြီး ဆယ့်ငါးဆုပ်



လိုက်သည်။

ခြင်းတောင်းထဲမှ မြေပဲများသည် သူ၏လက် ဆယ့်ငါးဆုပ် ပြောင်တလင်း ခါသွားလေ၏။

မြေပဲလှော်ရောင်းသော မိန်းကလေးမှာ ငိုမဲ့မဲ့ ဖြစ်သွားရ သည်။ စုကျုံက သဘောကျစွာ ရယ်မောလိုက်၏။

"ဟား...ဟား...ဟား"

သူသည် မြေပဲများ မြေပေါ်သို့ ပစ်ချပြီး ထွက်ခွာသွားလေ ည်။ သူသည် မြေပဲလှော် မကြိုက်ပါ။

သို့သော် သူများ ကသိကအောက် ဖြစ်နေခြင်း၊ ငိုမဲ့မဲ့ ဖြစ် ခြင်းကို မြင်တွေ့လို၏။

သူသည် သူများ ကသိကအောက် ဖြစ်စေရန် နည်းပေါင်း ဆုမကာ အကြံထွက်နိုင်၏။

သူ နေထိုင်သော နေရာ၏ တောင်ကုန်းပေါ်၌ ရသေ့များ င်သုံးသော ဘုံကျောင်းတစ်ကျောင်း ရှိပေသည်။

ထိုကျောင်းထဲ၌ အလွန်လေးလံသော ကြေးခေါင်းလောင်း လုံး ရှိ၏။ ခေါင်းလောင်း၏ အလေးချိန်မှာ ပိဿာနှစ်ရာခန့် ည်ဟု ဆိုကြ၏။ တကယ်ပင် ပိဿာနှစ်ရာ ရှိ၍ လေးသည်လော။

မည်သူမျှ မသိနိုင်ပါ။

သို့သော် ထိုခေါင်းလောင်းအား အလွန်သန်မာသော ဆယ်ယောက်ကပင် မယူနိုင်မည် မဟုတ်သည်မှာ အမှန်ပင်။

တစ်နေ့နံနက်...

www.burmeseclassic.com

www.burmeseclassic.com



လူများသည် အိပ်ရာမှ ထလာပြီး လမ်းပေါ်သို့ ရောက်… လာကြသောအခါ ဘုံကျောင်းထဲမှ ရောမခေါင်းလောင်းကြီးသ… လမ်းမကြီး၏ ချက်မဖဟိုတည့်တည့်တွင် ခွဲညားစွာ စံပယ်နေသည်… အံ့ဩစွာ တွေ့မြင်ရလေသည်။

ထိုရောမ ကြေးခေါင်းလောင်းသည် သူ့ ကိုယ်တိုင် ရော… ရှိလာနိုင်မည် မဟုတ်ပါ။

လောကပေါ်၌ ရောမ ခေါင်းလောင်းအား ဤနေရာ… သယ်ဆောင်လာနိုင်မည့်သူမှာ တစ်ယောက်တည်းသာ ရှိ၏။

ထိုသယ်ဆောင်နိုင်သော တစ်ဦးတည်းသောသူမှာ စု… ဝင် ဖြစ်သည်။

ဤမျှ ကြီးမားသော ကြေးခေါင်းလောင်းကြီးတစ်ခုသည်… လမ်းမ၏ဗဟိုချက်တွင် ရှိနေသည်မှာ မြင်းလှည်းများ၊ လက်တွ… လှည်းများပါမက လမ်းသွားလမ်းလာသူများပင် အသိတအော… ဖြစ်ကြရမည် ဖြစ်သည်။

ထို့ကြောင့် ဈေးသူဈေးသားများ ရပ်မိရပ်ဖများက စုဝေးပြီ… စုကျိုထံသို့ သွားရောက်၍ တောင်းပန်မြွာဆိုကြလေသည်။

အားလုံးက ငိုမဲ့မဲ့ ဖြစ်လာသည်။

စုကျိုက လုံးဝ လက်မခံဘဲ ငြင်းပယ်လိုက်သည်။

အားလုံးက ငိုမဲ့မဲ့ ဖြစ်လာသည်ကို တွေ့မြင်လိုက်တော့… သူသည် ရယ်မောရင်း သူတို့နောက်သို့ လှည့်လာလေသည်။

➤ ➤ ➤



စုကျိုသည် လမ်းမကြီးပေါ်သို့ ရောက်ရှိလာသောအခါ လူ… များက လာရောက်၍ ဝိုင်းအုံကာ ကြည့်ကြလေ၏။

သူသည် သူ၏ညာဘက် လက်တစ်ဘက်တည်းဖြင့် ကြေး… ခေါင်းလောင်းအား မယူလိုက်လေသည်။

အားလုံးက လက်ခုပ်လက်ဝါးတီးကာ အားပေးလိုက်ကြ… လသည်။

ထိုအချိန် လူအုပ်ထဲမှ လူတစ်ယောက်၏အသံ ထိုးဖောက်… ထွက်ပေါ်လာ၏။

"စုကျို၊ မင်းသားလေးလုံပူက ခင်ဗျားကို လိုက်ရှာနေ… တယ်"

စုကျိုက လှမ်းမေးလိုက်သည်။

"သူက ဘယ်မှာလဲ"

လူအုပ်ထဲမှ အသံက…

"ခုနှစ်လဆယ့်ငါးရက်နေ့ ညမှာ ဟန်ကြူးမြို့ ထင်းရှမ်းတော… တောင်ဆက်မှာ သူ ခင်ဗျားကို စောင့်နေလိမ့်မယ်"

➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com

## သိုင်းလောကမှာပထမ

(၁)

ခုနှစ်လသဆယ့်ငါးရက်နေ့...

ည...

လမင်းထိန်ထိန်သာနေ၏။

ဟန်ကြူးမြို့ ထင်းရှမ်းစားတော်ဆက်သည် ခါတိုင်းနေ့

သို့ အချိန်မရောက်မီ လူများ ပြည့်လျှက် စည်ကားနေပြီ ဖြစ်သည

သို့သော် ယနေ့ညတွင် ခါတိုင်းညထက် ထူးသည်က ရှိ

သည်။ ၎င်းမှာ ကနေ့ည ထင်းရှမ်းစားတော်ဆက်၏အပေါ်ထပ်

အောက်ထပ်စားပွဲအားလုံးမှာ ခါတိုင်းစားသောက်နေကြသေ

လူဟောင်းများ မဟုတ်ကြတော့ပါ။

ဒေသခံလူများလည်း မဟုတ်ပါ။

ထိုလူများသည် တစ်မြို့ တစ်နယ်က ရောက်ရှိလာ

သော သူစိမ်းများပင် ဖြစ်ကြသည်။



ထင်းရှမ်းစားတော်ဆက်၏ ဖောက်သည်များ ဖြစ်ကြသော ဒေသခံ သူဌေးသူကြွယ်များနှင့် အရာရှိ အရာခံများတို့ပင် နေရာမရတော့ပေ။

အထူးသဖြင့် ဟန်ကြူးမြို့မှ လျှမ်းလျှမ်းတောက် ကျော်ကြားသော မာလောပန်းကပင် ဒေါသထွက်နေ၏။

မာလောပန်းက ဒေါသထွက်လျှင် လွယ်သည့်ကိစ္စတစ်ခု မဟုတ်ပါ။

အခြေအနေများကို အကဲခတ်တတ်သော ဆိုင်ထိုင်က ချက်ချင်းရောက်လာ၏။

သူသည် မာလောပန်းအား တောင်းပန်ပြောဆိုလိုက်၏။

လိုအပ်သော ဟင်းလျာများကို အထူးစီစဉ်ပြီး အိမ်တိုင်ရာရောက် ပို့ပေးမည်ဖြစ်ကြောင်း ထို့အပြင် သူ့နားကပ်၍ တီးတိုးပြောဆိုလိုက်လေသည်။

မာလောပန်းသည် စကားတစ်ခွန်းမျှ မပြောတော့ဘဲ သူ၏ ဧည့်သည်များအား ခေါ်ဆောင်၍ ထွက်ခွာသွားလေ၏။

ယခုမှ ဆိုင်ထိုင်က စိတ်သက်ရာရသွားသည်။

သူသည် လေပူတစ်ချက် မှုတ်ထုတ်၍မပြီးမီ ခေါင်းခြောက်ဖွယ်ရာနှင့် ကြုံတွေ့လာရပြန်သည်။

ဝမ်းစိန်အာမခံဌာနမှ ဌာနစုမှူးချုပ်တိမ်ဖန်ကန်းသည် သူ၏အဖွဲ့သားဌာနမှူးများကို ဦးဆောင်၍ သစ်လွင်သော အမှုထမ်းဆိပ် အင်္ကျီများ ဝတ်ဆင်ကာ ရောက်ရှိလာကြ၏။

www.burmeseclassic.com

www.burmeseclassic.com



ဌာနမှူးချုပ်တိမ်ဖန်ကန်းသည် မာလောပန်းကဲ့သို့ ပြော
ရသည်မှာ မလွယ်ချေ။

"နေရာမရှိလဲ ကြံဖန်ပြီး နေရပေးရမှာပဲ"

သူက ဆိုင်ထိုင်အား တွန်းဖယ်လိုက်ပြီး အပေါ်ထပ်သို့
တက်ရန် လှေကားရှိရာသို့ လျှောက်လာကြလေသည်။

လှေကား၌ လူနှစ်ယောက်က ရုတ်တရက် ပေါ်လာ
သည်။ ရုပ်ရည်သန့်ပြန့်သော လူငယ်များ ဖြစ်ကြ၏။

သူတို့နှစ်ဦးစလုံးမှာ ဦးထုပ်များ မဆောင်းထားကြပါ။

မည်းနက်နေသော ဆံကေသာများအား ငွေရောင်ဖဲကြိုး
ဖြင့် စည်းထား၏။

ဌာနမှူးချုပ်၏သွားလမ်းအား ပိတ်၍ ရပ်နေကြသည်။

ဝမ်းစိန် အာမခံဌာန၏ ပထမတန်းဌာနမှူး သံလက်ဝါးစွန်း
ပင်က ရှေ့သို့ လျှောက်သွား၏။

"မင်းတို့ သေချင်လို့လား"

လူငယ်တစ်ယောက်က ပြုံးလိုက်၏။

"မသေချင်ပါဘူးဗျာ"

စွန်းပင်က...

"မသေချင်ရင် လမ်းဖယ်၊ ငါတို့တွေ အပေါ်တက်မယ်"

လူငယ်တစ်ယောက်က ပြုံးလိုက်လေ၏။

"လူကြီးမင်းတို့ မတက်ပါနဲ့ ခင်ဗျာ"

စွန်းပင်၏အသံ ကျယ်လောင်သွား၏။



"ကျုပ် တက်ကိုတက်မယ်၊ မင်းတို့က ဘာလုပ်ချင်သလဲ"

"ငါတို့ ဘယ်သူလဲဆိုတာ မင်း သိသလား"

ဟုမေးသည်။

"မသိပါဘူး"

လူငယ်က ပြုံး၍...

"ကျုပ် သိတာက သည်ကနေ့ဟာ ဘယ်သူပဲဖြစ်ဖြစ်
အပေါ်မတက်တာ အကောင်းဆုံးပဲ"

စွန်းပင်က ဒေါသထွက်လာ၏။

"ကျုပ် တက်ကိုတက်မယ်ဆိုရင် ဘာလုပ်ချင်သလဲ"

"ခင်ဗျား အပေါ်ကို ခြေတစ်လှမ်းတက်လိုက်တာနဲ့ အသက်
ရှင်ရက်နဲ့ ချက်ချင်း သေသွားနိုင်လို့ပါ။"

စွန်းပင်က ဒေါသမထိန်းနိုင်တော့ပါ။

သူသည် ရှေ့သို့ တိုးလိုက်ပြီး သံလက်ဝါးဖြင့် တိုက်ခိုက်
လိုက်၏။ သူ၏တိုက်ခိုက်မှုမှာ ပြင်းထန်ပြီး လျင်မြန်လှပေသည်။

လူငယ်က ပြုံးလိုက်သည်။

သူသည် စွန်းပင်၏လက်ကောက်ဝတ်ထံသို့ ဖမ်းဆုပ်ရန်
လှုပ်ရှားလိုက်၏။

စွန်းပင် တိုက်ခိုက်လိုက်သော တိုက်ကွက်မှာ ဟန်ရေးပြ
တိုက်ကွက်မျှသာ ဖြစ်သည်။

သူသည် အသက်ဆယ့်ခုနစ်နှစ်အရွယ်မှပင် စတင်၍ သံ
လက်ဝါးသိုင်းပညာကို လေ့ကျင့်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အတွေ့အကြုံလည်း ရင့်ကျက်နေ၏။

သူသည် လူငယ်လက်က သူ၏လက်ကောက်ဝတ်ထံ ရောက်ရှိလာသည်ကို တွေ့မြင်လိုက်သည်နှင့် တိုက်ကွက်ပြောင်းလဲသွားသည်။

သူ၏လက်သည် လူငယ်၏ဝမ်းဗိုက်ရှိရာသို့ ကုတ်လိုက်လေသည်။ ဤတိုက်ကွက်သည် ရန်သူကို အသေသတ်လိုက်သော တိုက်ကွက်တစ်ကွက် ဖြစ်၏။

သူသည် လူသတ်ရမည်ကို ဝန်မလေးတတ်ပေ။

သို့သော လူငယ်က သူ့ထက် လျှင်မြန်၏။

သူ၏လက်သည် လူငယ်၏ဝမ်းဗိုက်သို့ မရောက်မီ လူငယ်၏လက်ချောင်းကလေးနှစ်ချောင်းသည် သူ၏လည်မျိုသို့ ရောက်ရှိသွားလေ၏။

"တောက်..."

စွန်းပင်က ရှောင်တိမ်းရန် နောက်ကျသွား၏။

လက်ချောင်းကလေး နှစ်ချောင်းသည် သူ၏လည်မျိုသို့ ထိုးဖောက်လိုက်၏။

စွန်းပင်၏မျက်လုံးများ ပြူးထွက်လာသည်။

အသံပင် မထွက်နိုင်ဘဲ မြေပေါ်သို့ လဲကျသွား၏။

< < <



(၂)

လူငယ်သည် အင်္ကျီအိပ်ထဲမှ ဖြူဖွေးသော လက်ကိုင်ပဝါတစ်ထည် ထုတ်ယူ၍ သူ၏လက်ချောင်းနှစ်ချောင်းအား သုတ်လိုက်၏။

မြေပေါ်၌ လဲကျနေသော စွန်းပင်အား ကြည့်ပင် မကြည့်တော့။

အာမခံဌာနမှ ဌာနမှူးများ ကြက်သေသေဖြင့် ငေးငိုင်စွာ ရပ်နေကြ၏။ လူငယ်က လက်ကိုင်ပဝါအား ခေါက်ရင်း မေးလိုက လေသည်။

"လူကြီးမင်းတို့ထဲမှာ အပေါ်ထပ်ကို တက်မယ့် ပုဂ္ဂိုလ်များ ပါသေးလား"

ထိုလူငယ်သည် အလွန်ကြောက်မက်ဖွယ် ကောင်းသော လူသတ်သမား ဖြစ်နေသည်ကို သိကြသော်လည်း သူတို့သည် အလျှော့ပေးပြီး နောက်ဆုတ်၍ မရပါ။

သူတို့ အလျှော့ပေးလိုက်သည်နှင့် ဝမ်းစိန်အာမခံဌာနသည် တံခါးပိတ်လိုက်ရုံသာ ရှိတော့မည် မဟုတ်ပါလော။ ထို့ကြောင့်...

ဌာနမှူးနှစ်ယောက်က တိုက်ခိုက်ရန် ဟန်ပြင်လိုက်ပြန်သည်။ သူတို့၏တာဝန်မှာ အရေးကြုံလာလျှင် အသက်စွန့်ရန် ဖြစ်နေသည် မဟုတ်ပါလော။ သို့သော်...

ဌာနမှူးတိမ်ဖန်ကန်းက သူတို့အား လက်ဆန့်၍ ဟန့်တား

www.burmeseclassic.com

www.burmeseclassic.com



ထားလိုက်၏။ အကြောင်းမှာ...

သူသည် ထူးဆန်းသော အရာတစ်ခုအား တွေ့ရှိလိုက်သောကြောင့် ဖြစ်၏။ ထိုထူးခြားချက်မှာ...

ယနေ့ ထင်းရှူးစားတော်ဆက်သို့ ရောက်ရှိလာနေကြသော လူတိုင်းမှာ ဦးထုပ်မဆောင်းကြခြင်း ဖြစ်သည်။

ထိုလူများသည် ရုပ်သွင်မျိုးမျိုး၊ ဝတ်စားပုံအမျိုးမျိုး ရှိနေကြသော်လည်း မည်သူကမျှ ဦးထုပ်မဆောင်းကြပါ။

သူတို့၏ဆံကေသာအား ငွေရောင်ဖဲကြိုးဖြင့် စည်းထားကြသည်။ သူတို့ ဖြစ်ပျက်နေသည်ကိုပင် အောက်ထပ်မှာ စားသောက်နေကြသော လူများက လှည့်ပင်မကြည့်ကြပါ။ တိမ်ဖန်ကန်းက...

"မိတ်ဆွေတို့က ဘယ်သူတွေလဲ၊ ဘယ်ကနေ လာကြတာလဲ"

လူငယ်က...

"ဒါတွေကို ခင်ဗျား သိစရာမလိုပါဘူး၊ ခင်ဗျား သိထားစို့ တစ်ခုပဲ ရှိတယ်"

တိမ်ဖန်ကန်းက...

"ဘာကိုလဲ"

လူငယ်က...

"ကနေ့မှာ ဂိုဏ်းကြီးခုနစ်ဂိုဏ်းက ဂိုဏ်းချုပ်များ၊ အဖွဲ့အစည်းခုနစ်ဖွဲ့က ခေါင်းဆောင်များ ရောက်လာခဲ့ရင်လဲ အပြင်မှာသာ ရပ်ခွင့်ရှိတယ်၊ အပေါ်ထပ် တက်သွားမယ်ဆိုရင် သေရမှာပဲ"



"ဘာဖြစ်လို့လဲ"

"အပေါ်ထပ်မှာ ပုဂ္ဂိုလ်တစ်ယောက်က ဧည့်သည်ကို ဖိတ်ထားလို့၊ သူ ဖိတ်ထားတဲ့ ဧည့်သည်သုံးယောက်က လွဲလို့ ဘယ်သူ့ကိုမှ မကြည့်ချင်ဘူး"

"အပေါ်ထပ်မှာ ဘယ်ပုဂ္ဂိုလ် ရှိနေလို့လဲ"

"ဒီစကားကို ခင်ဗျား မမေးသင့်ပါဘူး၊ စဉ်းစားရင် သိလာနိုင်ပါတယ်"

တိမ်ဖန်ကန်းက အတန်ကြာ စဉ်းစားလိုက်၏။

သူသည် တစ်စုံတစ်ယောက်အား သတိရလာ၏။

"သူ...သူများလား"

လူငယ်က ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ သူပါပဲ"

တိမ်ဖန်ကန်းသည် ခြေထောက်တစ်ချက် ဆောင့်လိုက်ပြီး နောခနဲလှည့်ကာ ထွက်ခွာသွား၏။

သူ၏ဌာနမှူးများက သူ့နောက်မှ လိုက်သွားကြ၏။

လမ်းမပေါ်သို့ ရောက်ရှိလာတော့မှ ဌာနမှူးတစ်ယောက်က မနေနိုင်ဘဲ မေးလိုက်၏။

"သူဆိုတာ ဘယ်သူလဲ ဌာနမှူးချုပ်"

တိမ်ဖန်ကန်းက သက်ပြင်းတစ်ချက် ချလိုက်၏။

"သူဟာ သိုင်းလောကမှာ ပထမ..."

➢ ➢ ➢

www.burmeseclassic.com

www.burmeseclassic.com



(၁)

ယခု တိုပုရှိုလ်သည် ထင်းရှမ်းစားတော်ဆက်၏ အပေါ် ထပ် သီးသန့်ခန်းတွင် ရှိနေ၏။ အခန်းက အလွန်ကျယ်ဝန်းပြီး တုလားထိုင်မှာလည်း ကျယ်ဝန်းလှပေသည်။

သူ၏မျက်နှာမှာ ဖြူဖွေးပြီး အသားအရေ ခမ်းခြောက်နေ၏။ သူ၏ပုံပန်းမှာ အလွန်နွမ်းနယ်နေသော ဟန်မူရာမျိုး ဖြစ်သည်။

ယခုကဲ့သို့ ပူအိုက်သော ရာသီမျိုးမှာ သူ၏ကိုယ်ပေါ်တွင် သားရေစာစ်ထည် ခြုံထား၏။

သူ၏ခေါင်းပေါ်တွင် မည်သည့် ချည်မျှင်မျိုးဖြင့် ရက်လုပ်ထားမှန်း မသိသည့် အရောင်တဖိတ်ဖိတ် တွက်နေသော စောင်တစ်ထည် လွှမ်းခြုံထား၏။

သူ၏မျက်လုံးများက အရောင်အဆင်း မရှိပေ။ နာတာရှည် ရောဂါတစ်ခု စွဲကပ်နေသော ဝေဒနာရှင်တစ် ယောက်နှင့် တူလှပေသည်။

သူ၏တစ်ကိုယ်လုံးအား ခြုံကြည့်လျှင် လောကပေါ်၌ အသက်ရှင်သန်နေသည်ကိုပင် ငြီးငွေ့နေသော လူတစ်ယောက်နှင့် တူလှပေသည်။

သူ့အနီးတွင် အလွန်သန်မာထွားကျိုင်းသော အဘိုးအိုတစ် ယောက် ရပ်နေ၏။ သူ၏ဆံပင်များက ဖြူဖွေးနေသော်လည်း မျက် နှာတစ်ခုလုံးမှာ နီရဲ၍နေ၏။



ထိုဇရာအိုထောင်းသော အဘိုးအိုမှာမူ သူ၏တစ်ကိုယ်လုံး မှာ ခြသေ့်တစ်ကောင်ပမာ ခွန်အားပြည့်လျှံနေသည်။ သို့သော်…

သူသည် ဝေဒနာရှင်လူငယ်အပေါ် ရိုသေလေးစားသော ဟန်မူရာ ရှိနေ၏။

သူ၏ရိုသေလေးစားပုံကို ကြည့်မိလိုက်လျှင် ထိုအဘိုးအိုမှာ တစ်ချိန်တုန်းက နယ်ပေါင်း ခြောက်ဆယ့်သုံးနယ်တွင် တိုက်ပွဲပေါင်း တစ်ရာမက ယှဉ်နွှဲခဲ့ရာ၌ တစ်ကြိမ်မျှ အရှုံးမရှိခဲ့သော ခြသေ့်မင်း …န့်ထင်းမင် ဖြစ်သည်ဟု မည်သူကမျှ ယုံကြည်လိမ့်မည် မဟုတ်ကြ …။

သူ၏လှုပ်ရှားမှုတိုင်းမှာ အလွန် စေ့စပ်သေချာ၍ အမှားအ …င်း တစ်ခုမျှ မလုပ်မိရန် သတိထားပုံရလေ၏။

ရေနွေးကြမ်း ငှဲ့ပေးလိုက်သောအခါ ပူလောင်ခြင်း မရှိစေ …အတ်ညိုးတစ်ချောင်းဖြင့် အပူအအေးကို တိုင်းတာပြီးမှ လက်နှစ် …ဖြင့် လူငယ်အား လှမ်းပေးလိုက်သည်။

ထိုလူငယ်သည် ရေနွေးကြမ်းပန်းကန် ကိုင်ရမည်ကိုပင် …အင်မရှိသကဲ့သို့ ဖြစ်နေ၏။ သူ၏ဖြူဖွေးသော လက်ချောင်းက …များမှာ သွေးရောင်ပင် မရှိတော့ချေ။ သို့သော်…

ထိုလူငယ်သည် သိုင်းလောကတွင် လျှမ်းလျှမ်းတောက် …သားများ၏ စာရင်းထဲ၌ ပထမရထားသော လုံ့ဂူပင် ဖြစ်လေ …။

< < <

www.burmeseclassic.com

www.burmeseclassic.com



(၄)

အခန်းထဲ၌ တခြားလူ မရှိပေ။

တခြားလူလည်း ရောက်လာခြင်း မရှိချေ။

လုံ့ဝှူက သက်ပြင်းတစ်ချက်ကို အသာကလေး ချလိုက်သည်။

"ကျုပ် သူ့ကို မစောင့်ခဲ့တာ လေးငါးခြောက်နှစ်လောက် ရှိပါပြီ"

ခြသေ့်မင်းလန်ထင်းမင်က...

"ဟုတ်ပါတယ်"

လုံ့ဝှူက...

"ကနေ့တော့ ကျုပ် သူတို့ကို စောင့်နေရတာ နာရီဝက်လောက် ရှိနေပါပြီ"

လန်ထင်းမင်က...

"ဟုတ်ကဲ့"

လုံ့ဝှူက...

"အလျှင်တစ်ခါ ကျုပ် စောင့်နေတဲ့လူဟာ ချွန်အော့ ဖြစ်မယ်နဲ့ တူတယ်"

လန်ထင်းမင်က...

"အခုတော့ သူက ဘယ်သူ့ကိုမှ မစောင့်နိုင်းတော့ပါဘူး"

လုံ့ဝှူက သက်ပြင်းတစ်ချက် ချလိုက်ပြန်၏။



"သူ ရက်ရက်စက်စက် သေဆုံးသွားရရှာပါပြီ"

လန်ထင်းမင်က...

"နောင်ဆိုရင် ယုချစ်တို့ကို ဘယ်သူကမှ စောင့်နေကြမှာ မဟုတ်ပါဘူး"

"ဒါကတော့ နောက်မှ ဖြစ်လာမယ့် ကိစ္စတွေပါ"

"အခု သူတို့ သေလို့ မဖြစ်သေးပါဘူး"

"ဟုတ်တယ်"

"ဟိုကိစ္စကို သူတို့ကို လွှတ်ခိုင်းမှ ဖြစ်လိမ့်မယ် ထင်တယ်"

လုံ့ဝှူက ခေါင်းညိတ်လိုက်၏။

သူသည် စကားများများပြောလျှင် မောဟိုက်လာတတ်၍လား မသိ။ သို့မဟုတ်...

စကားများများ မပြောတတ်သော အကျင့်ရှိနေ၍လား သိ။ ထို့အပြင်...

သူသည် စကားသံများပင် များများ မကြားလိုပေ။

ထို့ကြောင့်...

သူက ပါးစပ်မဟလျှင် တခြားလူများကလည်း ပါးစပ်ပိတ်ထားလိုက်လေသည်။

< < <

www.burmeseclassic.com

www.burmeseclassic.com



## (၅)

အခန်းတစ်ခုလုံးမှာ လက်ဖက်ခြောက်နံ့၏ မွှေးကြိုင်သော ရနံ့မှာ လွှင့်ဖျံ့နေ၏။

ခန်းမထဲတွင် စားပွဲပေါင်း နှစ်ဆယ်ကျော် ရှိနေသည်။

ထိုစားပွဲများအားလုံးမှာ ဧည့်သည်များဖြင့် ပြည့်နှက်နေသည် ဖြစ်သော်လည်း စကားပြောသံ လုံးဝမကြားရပေ။

ကနေ့မှ အသစ်လဲထားသော ခန်းဆီးအား ဖယ်ရှားလိုက်ပြီး လူတစ်ယောက် လှမ်းဝင်လာ၏။

ထိုလူသည် အပြာရောင်ဖျော့ကြမ်းအင်္ကျီ ဝတ်ဆင်ထားသော ဆိုင်လုလင်တစ်ယောက် ဖြစ်၏။

သူသည် ခေါင်းငုံ့၍ ဝင်လာခြင်း ဖြစ်သည်။

သူ၏လက်ထဲတွင် သစ်သားဗန်းကလေးတစ်ချပ် ပါလာသည်။ ဗန်းကလေးပေါ်၌ အဖုံးအုပ်ထားသော ပန်းကန်ကြီးတစ်လုံး ပါရှိလာသည်။

လန့်ထင်းမင်က မျက်မှောင်ကုပ်သွား၏။

"ထွက်သွား"

ဆိုင်လုလင်က ထွက်မသွားပါ။

"ကျွန်တော်က ဟင်းလာပို့တာပါဗျာ"

လန့်ထင်းမင်က ဒေါသထွက်လာ၏။

"ဧည့်သည်မှ မရောက်သေးဘဲ၊ ဘယ်သူက ဟင်းယူခိုင်း



တာလဲ"

ဆိုင်လုလင်က ပြုံးလိုက်၏။

"အဲဒီ ဧည့်သည်သုံးယောက်က လာနိုင်တော့မယ် မထင်ပါ

လုံဝူ၏ မှေးမှိန်အားနည်းသော မျက်ဝန်းအစုံတွင် ရုတ်တ အေးသွားထက် ထက်မြက်သော အရောင်များ ထွက်ပေါ်လာ၏။

သူသည် ဆိုင်လုလင်၏မျက်နှာအား စိုက်ကြည့်နေ၏။

ထိုဆိုင်လုလင်သည် အလွန်သဘောကောင်းပုံရလေ၏။

လုံဝူက သူ့အား စိုက်ကြည့်နေသည်ကို အနည်းငယ်မျှ ထိတ်လန့်သောပုံ မတွေ့ရပေ။

လုံဝူက သူ့အား အတန်ကြာ စိုက်ကြည့်လိုက်ပြီးမှ...

"မင်းက သူတို့ မလာနိုင်တော့ဘူးလို့ ပြောတယ် ဟုတ်

ဆိုင်လုလင်က ခေါင်းညိတ်ပြလိုက်၏။

"ဟုတ်တယ်၊ သူတို့ ဘယ်တော့မှ မလာနိုင်တော့ပါဘူး"

လုံဝူက...

"မင်း ဘယ်လိုလုပ်သိသလဲ"

ဆိုင်လုလင်က အဖြေမပေးပေ။

သူသည် လက်ထဲမှ သစ်သားဗန်းအား စားပွဲပေါ်သို့ ချလိုက်၏။

ထို့နောက်...

www.burmeseclassic.com

www.burmeseclassic.com



ပန်းကန်လုံး ဖုံးထားသော အဖုံးအား လှန်ပြလိုက်ေ
သည်။

လုံဂူ၏ မျက်အိမ်များသည် ရုတ်တရက် ကျုံ့သွားေ
သည်။

သူ၏နှုတ်ခမ်းထောင့်တွင် ထူးဆန်းသော အပြုံးဖြင့် ပြုံးေ
သည်။

"မင်း ဟင်းက ဘယ်ဆိုးလို့တုန်း"

ဆိုင်လုလင်ကလည်း ပြုံးနေ၏။

"ဟင်းကောင်းရုံမက တန်ဖိုးလဲ ကြီးပါတယ်"

လုံဂူက လက်ခံလိုက်သည်။

"တကယ့်ကို တန်ဖိုးရှိပါပေတယ်"



## လက်သုံးဘက်

## (၁)

ပန်းကန်ထဲ၌ ပါရှိလာသော ဟင်းလျာသည် စားချမရသော
င်းလျာများ ဖြစ်၏။

ပန်းကန်ထဲ၌ ဟင်းလျာ မဟုတ်ပေ။

လက်သုံးဘက်သာ ရှိနေလေသည်။

ထိုလက်သုံးဘက်သည် ပန်းကန်လုံးကြီးထဲ၌ ညီညီညာညာ
ည့်ထား၏။

သာမန်လူထက် ကြီးသော လက်တစ်ဘက်နှင့် သာမန်လူ
၏ လက်နှစ်ဘက် ဖြစ်သည်။

ထိုလက်နှစ်ဘက်မှာ ဘယ်ဘက်လက်ပေါ်၌ လက်ချောင်း
လေးသုံးချောင်း လျှော့နေ၏။

မည်သည့်ဟင်းလျာမျိုးမဆို လူသုံးယောက်၏ လက်သုံး
က်ထက် တန်ဖိုးရှိမည် မဟုတ်ချေ။

သူသည် ထိုလက်သုံးဘက်အား ကောင်းစွာ မှတ်မိ
သည်။

www.burmeseclassic.com



သူက သက်ပြင်းရှည်တစ်ချက် ချလိုက်၏။

"ဟုတ်ပါတယ်လေ၊ သူတို့ မလာနိုင်တော့ပါဘူး"

ဆိုင်လုလင်က ပြုံးနေသည်။

"ဒါပေမယ့် ကျုပ် ရောက်လာပါပြီ"

လုံ့ဂူက မျက်မှောင်ကုတ်သွားသည်။

"မင်း..."

ဆိုင်လုလင်က...

"သူတို့ မလာလို့ ကျုပ် လာတာ အတူတူပါပဲ"

လုံ့ဂူက...

"ဟုတ်လား"

ဆိုင်လုလင်က...

"သူတို့ဟာ ခင်ဗျားရဲ့ မိတ်ဆွေ မဟုတ်ပါဘူး"

လုံ့ဂူက အေးတိအေးစက်သော လေသံဖြင့်...

"ကျုပ်မှာ မိတ်ဆွေ မရှိဘူး"

သူသည် မျက်လွှာချလိုက်ပြန်၏။

စကားပြောမိသဖြင့် အလွန်မောပန်းသွားပုံ ရလေသည်

ဆိုင်လုလင်က သက်ပြင်းတစ်ချက် ချလိုက်၏။

"ခင်ဗျားမှာ မိတ်ဆွေ မရှိတဲ့အပြင် ရန်သူလဲ ရှိမှာ မဟုတ်ဘူး"

"မင်း မဆိုးဘူး"

"ခင်ဗျား သူတို့ကို ဖိတ်ခေါ်တာ၊ ကိစ္စတစ်ခု ခိုင်း



မဟုတ်လား"

"ဟုတ်တယ်"

လုငယ်က ရယ်မောလိုက်၏။

"ဒါကြောင့် ကျုပ် လာတာ သူတို့ လာတာနဲ့ အတူတူပဲလို့ ပြောနေတာပေါ့"

"ဘာဖြစ်လို့လဲ"

"သူတို့ လုပ်နိုင်တဲ့အလုပ်ကို ကျုပ်လဲ လုပ်နိုင်ပါတယ်လေ"

"သူတို့သုံးယောက်နဲ့ လုပ်တဲ့အလုပ်ကို မင်းတစ်ယောက်တည်းနဲ့ လုပ်ပေးနိုင်တယ် ဟုတ်လား"

ဆိုင်လုလင်က...

"ဟုတ်တယ်၊ ကျုပ် အခုတလော အလုပ်တော်တော် လုပ်ချင်နေတယ်"

လုံ့ဂူသည် ပန်းကန်ထဲမှ ဘယ်ဘက်လက်တစ်ဘက်ကို စိုက်ကြည့်လိုက်၏။

"ဒီလက်ဟာ လူဘယ်လောက် သတ်ခဲ့သလဲဆိုတာ မင်း သိသလား၊ ဘယ်လောက် မြန်တယ်ဆိုတာလဲ မင်း သိသလား"

ဆိုင်လုလင်က...

"မသိဘူး"

လုံ့ဂူက လက်ချောင်းသုံးချောင်း ပြတ်နေသော လက်အား ကြည့်လိုက်သည်။

"ဒီလက်အကြောင်းကို နင် သိသလား၊ ဒီလက်ဟာ ကမ္ဘာ

www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှာ တန်ဖိုးအကြီးဆုံးသော ရတနာကိုတောင် ခိုးယူနိုင်တဲ့လက်ဗျ'

ဆိုင်လုလင်က...

"မသိဘူး"

လုံဂူက စာတိယလက်အား စိုက်ကြည့်လိုက်ပြန်၏။

"ဒီလက်မှာ ခွန်အား ဘယ်လောက်ရှိသလဲဆိုတာ မင်းသိသလား"

"မသိဘူး"

လုံဂူက မဲ့ပြုံးပြုံးလိုက်ပြန်လေသည်။

"မင်းက ဘာမှ မသိဘဲ သူတို့သုံးယောက် လုပ်ပေးနိုင်တဲ့ အလုပ်မှန်သမျှ မင်း လုပ်ပေးနိုင်တယ်လို့ ဘာကြောင့် ပြောနေတာလဲ"

"ကျုပ် သိတာ တစ်ခုပဲ ရှိတယ်"

လုံဂူက...

"ပြောပါ"

ဆိုင်လုလင်က...

"ကျုပ် သိထားတာက ကျုပ်လက်ဟာ ကျုပ်ကိုယ်ပေါ်မှာပဲ ရှိသေးတယ်၊ သူတို့ရဲ့ လက်တွေဟာ ပန်းကန်ထဲ ရောက်နေလို့"

လုံဂူက ရုတ်တရက် ခေါင်းမော့ကြည့်လိုက်၏။

"မင်းကြောင့် သူတို့လက်တွေ ပန်းကန်ထဲ ရောက်ကုန်ကြတာလား"



ဆိုင်လုလင်က ရယ်မောလိုက်၏။

"ဘယ်သူမဆို သူ ရောင်းချင်တဲ့ပစ္စည်းကို သူများ ကြိုက်နှစ်သက်အောင် နမူနာပြရသေးတယ် မဟုတ်လား"

လုံဂူ၏ မျက်လုံးအစုံမှာ စူးရှတောက်ပလာ၏။

"မင်းက ဘာကို ရောင်းချင်လို့လဲ"

ဆိုင်လုလင်က...

"ကျုပ်ကိုယ်ကျုပ် ရောင်းချင်လို့"

"မင်းက ဘယ်သူလဲ"

"လျှူချန်ရဲ့"

လုံဂူက မျက်မှောင်ကုတ်သွားမိ၏။

"မင်းနာမည်က ထူးဆန်းလှချည်လား"

လျှူချန်ရဲ့က...

"ဟုတ်ကဲ့၊ ကျုပ်နာမည် ထူးဆန်းလွန်းလို့ ဝိုင်းမေးတာကို ခံခဲ့ရဖူးပါတယ်"

လုံဂူကလည်း မေးလိုက်သည်။

"ဘာဖြစ်လို့လဲ"

"ကျုပ်ရဲ့ အမျိုးအနွယ်က 'လျှူ' ဖြစ်ပါတယ်၊ 'ချန်ရဲ့' ဆိုတာ လမ်းမရှည် ဖြစ်ပါတယ်၊ ကျုပ်က လမ်းမရှည်ကို အလွန်နှစ်သက်လို့ လျှူချန်ရဲ့လို့ နာမည်မှည့်ထားတာပါ"

"မင်းက ဘာဖြစ်လို့ လမ်းမရှည်ကို ကြိုက်နေရတာလဲ"

လျှူချန်ရဲ့က ရယ်မောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျူပ်က လမ်းမရှည်ကြီးတစ်ခု ဖြစ်မယ်ဆိုရင် လမ်းမရှည်ကြီးရဲ့ တစ်ဘက်တစ်ချက်မှာ ပန်းပင်တွေ စိုက်ပျိုးထားမယ်၊ ရောင်စုံပန်းတွေ ဝေဝေဆာဆာ ဖူးပွင့်မယ်၊ လမ်းတစ်ခုလုံးမှာလဲ ဈေးဆိုင်တွေ ရှိမယ်၊ ကလေးတွေ၊ အဘွားကြီးအိုတွေဟဲ ပျော်ပျော်ရွှင်ရွှင်ရှိနေကြမယ် မဟုတ်လား"

လုံဂူသည် သူ၏စကား ကြားလိုက်ရသောအခါ ရယ်မောလိုက်လေသည်။

သူ၏မျက်နှာပေါ်တွင် ပထမဆုံးပြုံး၍ ပျော်ရွှင်သော ရယ်မောသံ ထွက်ပေါ်လာခြင်း ဖြစ်သည်။

"မင်း တော်တော် စိတ်ကူးယဉ်တတ်တဲ့ လူတစ်ယောက်ပဲ"

သူ၏စကား ဆုံးသွားသည်နှင့် လန်ထင်းမင်ဘက်သို့ လှည့်လိုက်သည်။

"သူ့ကို သတ်လိုက်စမ်း"

လန်ထင်းမင်သည် တစ်ချိန်လုံး ကျောက်ရုပ်ပမာ ရပ်နေရာမှ လုံဂူ၏စကား ကြားလိုက်မိသည်နှင့် သူ၏လက်တစ်ဘက်သည် လျူချန်ရဲ့၏ရင်ဝသို့ ရောက်ရှိသွားလေ၏။

သူ လှုပ်ရှားလိုက်သောအခါ တကယ်ပင် ခြသေ့်တစ်ကောင်နှင့် တူလှပေ၏။ သူ၏တိုက်ခိုက်မှုမှာလည်း ပြင်းထန်လှပေသည်။

လျူချန်ရဲ့၏ခန္ဓာကိုယ်သည် တစ်ဝက်ခန့် လှည့်လိုက်လေသည်။



လန်ထင်းမင်၏တိုက်ကွက်အား လိမ္မာပါးနပ်စွာ ရှောင်တိမ်းလိုက်သည်။

လန်ထင်းမင်သည် လျူချန်ရဲ့ ရှောင်တိမ်းမည့် အနေအထားကို ကြိုတင်သိထား၍လား မသိ။

သူ၏ လက်ဝါးတစ်ဘက်သည် ဓားတစ်လက်ပမာ လှည့်လိုက်ကာ လျူချန်ရဲ့၏လည်ကုပ်သို့ ခုတ်ချလိုက်သည်။

အကယ်၍သာ လန်ထင်းမင်၏လက်ဝါးသည် လျူချန်ရဲ့၏လည်ကုပ်သို့ ခုတ်မိသွားပါက လျူချန်ရဲ့သည် အသက်ရှင်နေနိုင်မည် မဟုတ်တော့ချေ။ သို့သော်...

လန်ထင်းမင်၏ လက်ဝါးသည် လျူချန်ရဲ့၏ လည်ကုပ်သို့ ရောက်လုဆဲဆဲတွင် ဆက်လက်ခုတ်ချခြင်း မပြုဘဲ ရပ်တန့်သွားလေသည်။ အကြောင်းမှာ...

သူသည် လျူချန်ရဲ့၏လက်တစ်ဘက်က မိမိ၏ချိုင်းအောက်သို့ ရောက်ရှိနေသည်ကို တွေ့မြင်လိုက်ရသောကြောင့် ဖြစ်သည်။

ထိုတဒင်္ဂအချိန်တွင် လျူချန်ရဲ့က တံခါးပေါက်အထိ ဆုတ်သွား၏။

လန်ထင်းမင်က ဆက်၍ မလိုက်ဘဲ လုံဂူ၏နံဘေးသို့ သွားရောက် ရပ်တန့်လိုက်၏။

လုံဂူက လျူချန်ရဲ့အား လှမ်းခေါ်လိုက်သည်။

"လာခဲ့ပါ"

www.burmeseclassic.com

www.burmeseclassic.com



လျှူချန်ရဲ့က အခန်းထဲသို့ ပြန်လည်ဝင်ရောက်လာ၏။

အစိမ်းရောင်အင်္ကျီ ဝတ်ဆင်ထားသော အသက်လေးဆယ်ခန့်ရှိသော လူသည် အခန်းထောင့်၏တစ်နေရာတွင် ရပ်နေလေသည်။ လျှူချန်ရဲ့က သက်ပြင်းတစ်ချက် ချလိုက်၏။

"ခင်ဗျားက ကျုပ်ကို ဘာဖြစ်လို့ သတ်ချင်ရတာလဲ"

"တစ်ခါတလေ ကျုပ်ကလဲ စကားလိမ်ပြောတတ်ပါတယ်၊ ဒါပေမယ့် ကျုပ်ကို လိမ်ပြောတာတော့ လုံးဝမကြိုက်ဘူး"

"ဘယ်သူက လိမ်ပြောနေတာလဲ"

"မင်း..."

လျှူချန်ရဲ့က ရယ်မောလိုက်၏။

"တစ်ခါတလေ ကျုပ်လဲ လိမ်ပြောတဲ့ စကားကို နားထောင်ချင်ပါတယ်၊ ဒါပေမယ့် ကျုပ်က ဘယ်သူ့ကိုမှ လိမ်မပြောပါဘူး"

"လျှူချန်ရဲ့ဆိုတဲ့နာမည်ကို ကျုပ် တစ်ခါမှ မကြားဖူးဘူး"

လျှူချန်ရဲ့က...

"ကျုပ်က နာမည်ကြီးတဲ့ လူတစ်ယောက်မှ မဟုတ်ဘဲ"

"ယူချစ်၊ ကုန်စွမ်းရောက်နဲ့ စုကျုံတို့ သုံးယောက်ဟာ နာမည်ကျော်ကြားတဲ့ လူတွေပဲ၊ မင်းက သူတို့ကို သတ်လိုက်တယ်"

လျှူချန်ရဲ့က...

"နာမည်ကြီးတဲ့လူကို သတ်မိလို့ ကျုပ်က နာမည်ကြီးတဲ့ လူတစ်ယောက် ဖြစ်ရမယ်လို့ ခင်ဗျားက ယူဆနေတာကိုး"

"ဟုတ်တယ်၊ ဒါကြောင့် မင်း လိမ်နေတယ်လို့ ငါ ထင်တယ်"



လျှူချန်ရဲ့က ရယ်မောလိုက်ပြန်သည်။

"အခုမှ အသက်သုံးဆယ်ပဲ ရှိသေးတယ်၊ နာမည်ကျော်ချင်တယ်ဆိုရင် လမ်းမပေါ်မှာ သေနေပါပြီလေ"

လုံဂူက သူ့အား စိုက်ကြည့်လိုက်၏။

လျှူချန်ရဲ့၏စကားကိုလည်း သဘောပေါက် နားလည်လိုက်သည်။

မိမိ၏နာမည်ကျော်ကြားစေရန် လုပ်ဆောင်ရန်မှာ အလွန်ပင်ပန်းသည့် အလုပ်တစ်ခု ဖြစ်သည်။

သိုင်းပညာ လေ့ကျင့်ခြင်း ဆိုသည်မှာလည်း အလွန်ခက်ခဲ၍ လေ့ကျင့်ရမည် ဖြစ်သည်။

ထိုအလုပ်နှစ်ခုကို ပြိုင်တူအောင်မြင်နိုင်စေရန် လုပ်ဆောင်ရာ၌ လွယ်ကူမည့် အလုပ်တစ်ခု မဟုတ်ချေ။

လျှူချန်ရဲ့သည် ထူးခြားသော လူတစ်ယောက် မဟုတ်သောကြောင့် သူသည် ထိုအရာနှစ်မျိုး၌ တစ်မျိုးကိုသာ ရွေးချယ်ရမည်သာ ဖြစ်သည်။

သူသည် သိုင်းပညာ လေ့ကျင့်ရန်ကို ရွေးချယ်ထားခြင်း ဖြစ်သည်။

ထို့ကြောင့်...

သူသည် နာမည်ကျော်ကြားခြင်း မရှိသော်လည်း အသက်ရှင်သေနိုင်သေးချေ။

လုံဂူက သူ့ရှေ့တွင် ရှိသော ကုလားထိုင်အား လက်ညှိုးထိုး

www.burmeseclassic.com

www.burmeseclassic.com



ပြလိုက်၏။

"ထိုင်ပါ"

လုံဂူ၏ရှေ့တွင် ထိုင်နိုင်မည့် အခွင့်အရေး ရရှိရန်မှာ လွယ်ကူသည့်ကိစ္စ မဟုတ်ပေ။

လျူချွန်ရဲ့က မထိုင်သေးချေ။

"ခင်ဗျား ကျုပ်ကို မသတ်တော့ဘူးလား"

လုံဂူက...

"မင်းလို ပျော်ပျော်ရွှင်ရွှင် နေတတ်တဲ့လူက လောကပေါ်မှာ ရှားပါတယ်၊ အရည်အချင်း ရှိတဲ့လူက ပိုပြီး နည်းပါသေးတယ်"

သူက စကားဆက်လိုက်၏။

"မင်းဟာ ပျော်ပျော်ရွှင်ရွှင် နေတတ်ရုံမက အရည်အချင်းလဲ ရှိနေပါတယ်"

လျူချွန်ရဲ့က ပြုံးလိုက်၏။

"ခင်ဗျားက ကျုပ်ကို ဝယ်တော့မလို့လား"

လုံဂူက...

"မင်းကကော တကယ် ရောင်းမှာလား"

လျူချွန်ရဲ့က...

"ကျုပ်ဟာ ကျော်ကြားတဲ့လူတစ်ယောက် မဟုတ်ပါဘူး၊ ပစ္စည်းဥစ္စာလဲ မရှိပါဘူး၊ အသက်သုံးဆယ် ရောက်လာပြီဆိုရင် ကောင်းကောင်းစားပြီး ကောင်းကောင်း နေထိုင်ချင်ကြပါတယ်"

လုံဂူက...



"မင်းလို အရည်အချင်းရှိတဲ့ လူတစ်ယောက်ဟာ ဘယ်နေ...ပဲ သွားရောင်းရောင်း ဝယ်တဲ့လူက ပေါ်မှာပါ၊ ဘာကြောင့် ငါ့ကိုပဲ ...ောင်းချင်ရတာလဲ"

လျူချွန်ရဲ့က...

"ကျုပ်က ဉာဏ်ရှိလို့ပါ"

လုံဂူက...

"ဘာဖြစ်လို့လဲ"

လျူချွန်ရဲ့က...

"ကျုပ် ရောင်းမယ့်ဈေးဟာ အတော်ကြီးပါတယ်၊ ခင်ဗျား ...စုဋ္ဌိလ်မျိုးကလွဲလို့ ဝယ်နိုင်ကြမှာ မဟုတ်လို့ပါ"

လုံဂူက သူ၏စကားကို ဖြတ်တောက်လိုက်၏။

"မင်းရဲ့ အကြောင်းပြချက်က လုံလောက်ပါပြီလေ"

လျူချွန်ရဲ့က...

"ဒီအကြောင်းပြချက်တွေဟာ မလုံလောက်သေးပါဘူး၊ ...ေးအကြီးဆုံး အချက်တစ်ချက် ရှိပါသေးတယ်"

လုံဂူက...

"ဘာအချက်လဲ"

လျူချွန်ရဲ့က...

"အရေးကြီးဆုံး အချက်က ကျုပ်က ဈေးကြီးကြီး ရောင်း...အပြင် လုပ်ရမယ့် အလုပ်လဲ အလွန်ကြီးကျယ်မယ့် အလုပ်ပဲ ...ချင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



သူက စကားဆက်လိုက်ပြန်၏။

"ဘယ်သူမဆို ယခုချစ်တို့လို လူစားမျိုး သုံးယောက်က အလုပ်လုပ်နိုင်မယ်ဆိုရင် ဒီအလုပ်ဟာ အလွန်ကြီးကျယ်တဲ့ အလုပ် ဖြစ်ရမယ်ဆိုတာ ကျုပ် သိထားလို့ပါ"

လုံ့ဝူ၏ ဖြူဖွေးသော မျက်နှာပေါ်တွင် ပြုံးယောင်သန်း လာလေ၏။

"ထိုင်ပါ"

ဤတစ်ကြိမ် လျူချန်ရဲ့က တကယ်ပင် ထိုင်ချလိုက်လေ ၏။

လုံ့ဝူက...

"အရက်နဲ့ ဟင်းလျာများ မှာလိုက်စမ်း"

➤ ➤ ➤



## သံမဏိအသည်းမင်တာန်

(၁)

အစိမ်းရောင်အင်္ကျီ ဝတ်ဆင်ထားသော လူသည် အရက် ချက် လေးခွက်ထဲသို့ အရက်ငှဲ့ပေးလိုက်၏။

လျူချန်ရဲ့ ကြောင်အမ်းအမ်းဖြင့် ကြည့်နေ၏။

"မင်းတစ်ယောက်တည်း လူသုံးယောက် လုပ်ရမယ့် တာဝန် ကို ယူမယ့်အတွက် လူသုံးယောက် သောက်မယ့် အရက်ကို မင်းတစ် ယောက်တည်း သောက်ရလိမ့်မယ်လေ"

လျူချန်ရဲ့က...

"ကောင်းလိုက်တဲ့ အရက်၊ လူသုံးယောက် သောက်ရမယ့် အရက်ဖြစ်လဲ ကျုပ် တစ်ယောက်တည်း သောက်ပါ့မယ်"

သူသည် အရက်အလွန်သောက်တတ်၏။

လျင်လျင်မြန်မြန်လည်း သောက်တတ်၏။

ထို့ကြောင့်...

သူသည် မူးလာလေတော့၏။ ရုတ်တရက်...

www.burmeseclassic.com

www.burmeseclassic.com



သူသည် ငါးရှဉ့်တစ်ကောင်ပမာ ကုလားထိုင်ပေါ်မှ အောက်သို့ လျှောခနဲ ကျသွားလေ၏။

လုံဂူသည် ငြိမ်သက်စွာ သူ့အား စိုက်ကြည့်နေ၏။

အခန်းတစ်ခုလုံးမှာ အရက်နံ့များ လွင့်ပျံ၍ နေလေ၏။

အတန်ကြာတော့မှ သူက အသံထွက်လာ၏။

"ပေးစမ်း…"

လန်ထင်းမင်က အနီးသို့ လျှောက်လာပြီး လျူချန်ရဲ့၏ ဆံပင်ကို ဆွဲ၍ ထူထားလိုက်၏။ ထို့နောက်…

ကရားထဲမှ ကျန်ရှိသော အရက်တစ်ဝက်ခန့်အား သူ၏ မျက်နှာပေါ်သို့ လောင်းချလိုက်၏။

အရက်ဟူသည် တစ်ခါတရံ အရက်မူးနေသော လူအားပြန်လည် သတိရလာစေ၏။ လျူချန်ရဲ့က မျက်လုံးဖွင့်လိုက်၏။

သူသည် လန်ထင်းမင်အား ငေး၍ ကြည့်နေ၏။

လန်ထင်းမင်က…

"မင်းနာမည် ဘယ်လိုခေါ်သလဲ"

လျူချန်ရဲ့က…

"လျူချန်ရဲ့…"

လျှာလေးအာလေးသော အသံ ဖြစ်၏။

"မင်း ဇာတိက ဘယ်ကလဲ"

"ချိန်နန်းနယ်… ရန်လုကျေးရွာ"

"မင်းရဲ့ သိုင်းပညာ ဘယ်သူ့ဆီက သင်လာတာလဲ"



"ကျုပ်ကိုယ်တိုင် တတ်တာ"

လျူချန်ရဲ့က တခစ်ခစ် ရယ်မောလိုက်၏။

"ကျုပ်မှာ ဆရာ မရှိဘူး"

"ဆရာ မရှိဘဲ သိုင်းပညာသင်လို့ ရပါ့မလား"

"ရတယ်"

"ဘယ်လို ရတာလဲ"

"ကျုပ်မှာ သိုင်းကျမ်းစာအုပ် ရှိတယ်"

လန်ထင်းမင်က အတန်ကြာ စဉ်းစားပြီးမှ…

"မင်းရဲ့ သိုင်းပညာဟာ တတ်မြောက်ခဲ့တာ ဘယ်လောက် ကြာပြီလဲ"

"မကြာသေးပါဘူး၊ ကျုပ်က ဉာဏ်ကောင်းတယ် မဟုတ်လား"

"အခု မင်း ဒီကိုလာတာ ဘယ်သူက ခိုင်းလိုက်လို့လဲ"

"ဘယ်သူမှ မခိုင်းဘူး၊ ကျုပ်ဘာသာကျုပ် လာချင်လို့ လာတာပေါ့"

"မင်းက ဘာလာလုပ်မလို့လဲ"

"ကျုပ်က လာခဲ့စဉ်တုန်းက လုံဂူကို သတ်မလို့"

သူသည် အားရပါးရ ရယ်မောလိုက်လေ၏။

"ဟား…ဟား…ဟား"

အတန်ကြာ ရယ်မောပြီးမှ ရပ်တန့်လိုက်သည်။

"ကျုပ်က လုံဂူကို သတ်လိုက်ရင် သိုင်းလောကမှာ နာမည်ကြီးသွားမှာပေါ့

www.burmeseclassic.com



ကျော်ကြားတဲ့ ပုဂ္ဂိုလ်တစ်ယောက် ဖြစ်လာနိုင်မယ် မဟုတ်လား

လန်ထင်းမင်က...

"ဒါဖြင့် မင်းက ဘာဖြစ်လို့ မတိုက်ခိုက်ရတာလဲ"

"ကျုပ်က ဒီလောက်တော့ နားလည်ပါတယ်ဗျာ"

"မင်းဟာ သူ့ကို သတ်လို့ မရနိုင်ဘူးဆိုတာ နားလည်လိုက်တယ် ဆိုပါတော့"

"ဟုတ်တယ်၊ ကျုပ်နာမည် ဒီလောက် မဆိုးပါဘူး"

လျူချန်ရဲ့က ရယ်မောရင်း စကားဆက်လိုက်သည်။

"ဒါပေမယ့် ကျုပ်က သိုင်းလောကမှာ ဒုတိယနေရာရမယ် ဆိုရင်လဲ ကျေနပ်ပါပြီ၊ သူက ငါ့ကို ထိုင်ခိုင်းတယ်၊ ငါ့ကို အရက်တိုက်တယ်၊ ငါ ဘယ်လောက် အရည်အချင်း ရှိတယ်ဆိုတာ သူ နားလည်ထားလို့ပေါ့ကွာ"

လန်ထင်းမင် ထပ်မံမေးရန် ဟန်ပြင်နေ၏။

လုံဝူက တားဆီးလိုက်၏။

"တော်လောက်ပါပြီ"

လန်ထင်းမင်က...

"ဒီလူ ဘယ့်နှယ်လဲ"

လုံဝူ၏ မျက်နှာပေါ်တွင် အလွန်ပင်မန်းနွမ်းနယ်သည့် အရိပ်အယောင်များ ပေါ်လွင်လာပြန်လေသည်။

"ဒီလူ အရက်သောက်ထားတာ များလွန်းတယ်"

လန်ထင်းမင်က ခေါင်းညိတ်လိုက်သည်။



ရုတ်တရက်...

သူ၏လက်သီးတစ်လုံးသည် လျူချန်ရဲ့၏နံရိုးပေါ်သို့ ထိုးချလိုက်လေသည်။

≺ ≺ ≺

(၂)

လဝန်းသည် ထိန်ထိန်သာနေ၏။

ကြယ်ကလေးများသည် ပြာလဲ့လဲ့ကောင်းကင်ပေါ်၌ မှိတ်တုတ်မှိတ်တုတ် အလင်းရောင်ပေးနေသည်။

လျူချန်ရဲ့သည် ပြင်းထန်သော နာကျင်မှုကြောင့် ထိတ်လန့်၍ သတိရလာလေ၏။

သူသည် သတိရလာသောအခါ မိမိ၏ တစ်ကိုယ်လုံးသည် ဘောက်သွင်းထုပ်တစ်ထုပ်ပမာ ကြိုးဖြင့် သိုင်းချည်ထားကာ ထင်းမီးစားဖော်ဆက်၏ ခေါင်မိုးတံစက်မြိတ်ပေါ်၌ တန်းလန်းဆွဲထားသည်ကို တွေ့ရှိလိုက်ရလေ၏။

ခုနစ်လပိုင်းရာသီလေသည် အေးစိမ့်သော အငွေ့အသက်များ သယ်ဆောင်လာလေ၏။

သူ၏ကိုယ်ပေါ်သို့ တိုက်ခိုက်လိုက်သောအခါ စားသွားဘဲ့ဘဲ့ အခံရခက်လှလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ၏တစ်ကိုယ်လုံးရှိ အင်္ကျီများ စုတ်ပြဲနေပြီး အရိုးများပေ
ကျေမွနေပြီဟု ခံစားရလေသည်။

သူ၏နှုတ်ခမ်းထောင့်၌ သွေးများ စီးဆင်းကျနေသေး၏

သူ၏တစ်ကိုယ်လုံး သွေးများ ချင်းချင်းနီရဲ၍ အလူးအလိ
အရိုက်အနှက် ခံထားရသည့် လက္ခဏာကို တွေ့ရှိရလေ၏။

ထင်းရှမ်းစားတော်ဆက်မှာ မီးများအားလုံး ငြိမ်းသွား
ဖြစ်လေသည်။

လမ်းပေါ်မှ ဆိုင်များမှာလည်း တံခါးပိတ်ထားကြပြီး ဖြ
လေသည်။ လုံ့ဂူသည် မည်သည့်နေရာ၌ ရောက်ရှိနေပါသနည်း။

လုံ့ဂူ၏လှုပ်ရှားမှုကို မည်သူကမှ မသိချေ။

အလင်းရောင်မရှိ။ လူသူ မရှိ။ အသံများ တိတ်ဆိတ်နေ

လမ်းမပေါ်တွင် အမှိုက်သရိုက်များ ဖြန့်ကြဲပြည့်နှက်၍
လေ၏။

လူတစ်ယောက်သည် မိမိကိုယ်ကို ရောင်းစားလိုက်မိသော
ကြောင့် ရရှိလာသော ရလာဒ်မှာ သေလုမျောပါး အရိုက်အနှ
ခံလိုက်ရခြင်း ဖြစ်သည်။ ထို့ကြောင့်...

သူ၏စိတ်ထဲတွင် မည်ကဲ့သို့ ခံစားနေရသည်ကို မပြော
နားလည်ကြမည်သာ ဖြစ်လေသည်။

လျှူချုန်ရဲ့သည် ရှိသမျှ ခွန်အားကို အသုံးပြု၍ အော်ဟ
ဆဲဆိုလိုက်လေသည်။

"ခွေးမသား... လုံ့ဂူ"



သူသည် သူ ကြားသိသမျှ ကြမ်းတမ်းသော စကားလုံးများ
ကို အော်ဟစ်ပြောဆို အန်ထုတ်နေလေသည်။

သူ၏အသံသည် ကျယ်လောင်လွန်းလှသဖြင့် ယခုကဲ့သို့
ညသန်းခေါင်အချိန်တွင် လမ်းဆယ်လမ်းသာမက အပြင်တွင်
ရှိသမျှ လူအားလုံး ပီသစွာ ကြားနိုင်ခဲ့လေ၏။

လျှူချုန်ရဲ့သည် အားရပါးရ ဆဲဆိုနေရာ ရုတ်တရက် လူ
တစ်ယောက်၏ ရယ်မောသံအား ကြားလိုက်ရလေ၏။

"ကောင်းလိုက်တာ၊ ဒီလိုဆဲမှပဲ ကျုပ် ကြားရတာ စိတ်ချမ်း
သာတယ်ဗျ"

ထိုရယ်မောသံနှင့်အတူ မြင်းခွာသံပါ တစ်ဆက်တည်း
ကြားလိုက်ရလေ၏။ ထို့နောက်...

မြင်းသုံးကောင်သည် အရှိန်ပြင်းစွာဖြင့် မောင်းနှင်လာပြီး
ထင်းရှမ်းစားတော်ဆက် တံစက်မြိတ်အောက်၌ ရပ်တန့်လိုက်လေ၏။

ပထမဆုံး ရောက်ရှိလာသော မြင်းပေါ်၌ လူတစ်ယောက်
သည် လျှူချုန်ရဲ့အား မော့ကြည့်လိုက်၏။

သူက ရယ်မောရင်း အော်ပြောလိုက်လေ၏။

"ကျုပ်က ဒီလို ဆဲဝံ့တဲ့လူမျိုးကို မကြားဖူးခဲ့တာ နှစ်အတန်
ကြာသွားပါပြီ၊ ခင်ဗျား ရပ်မနေပါနဲ့ဗျာ၊ အဆက်မပြတ် ဆဲပါဦးဗျာ"

ထိုလူသည် မျက်ခုံးမွှေးထူပျစ်ပြီး မုတ်ဆိတ်ဖလပျစ်ရှိသော
လူတစ်ယောက် ဖြစ်ပေ၏။

သူ့အား ကြည့်ရသည်မှာ လူကြမ်းတစ်ယောက် ဖြစ်နေ

www.burmeseclassic.com

www.burmeseclassic.com



သော်လည်း သူ၏မျက်လုံးအစုံမှာ ဉာဏ်ရှိသော မျက်လုံး ဖြစ်သည်။

လျှုချွန်ရဲ့က သူ့အား စိုက်ကြည့်လိုက်၏။

"ဟို… ခွေးမသားကို ဆဲနေတာ ခင်ဗျား သဘောကျတယ် ဟုတ်လား"

မှတ်ဆိတ်ဗလပျစ်နှင့်လူက…

"ဘယ့်နှယ် ပြောလိုက်ပါလိမ့်၊ သိစ်ကို ကြိုက်တာပေါ့ဗျာ"

လျှုချွန်ရဲ့က…

"ကောင်းပြီ၊ ကျုပ်ကို ကြိုးဖြေပေးပါ၊ ခင်ဗျား ကျေနပ်အောင် ကျုပ် ဆဲပြပါ့မယ်"

မှတ်ဆိတ်ဗလာပျစ်နှင့်လူက…

"ငါက မင်းကို ကယ်ဖို့လာတာကွ"

ချွုချွန်ရဲ့က…

"ဟုတ်ရဲ့လား"

မှတ်ဆိတ်ဗလပျစ်နှင့်လူက…

"မင်းရဲ့သတင်းကို ငါ ကြားလိုက်တာနဲ့ အခုလို အမြန်ဆုံး လိုက်လာခဲ့တာပဲ"

လျှုချွန်ရဲ့က…

"ဘာဖြစ်လို့လဲ"

မှတ်ဆိတ်ဗလပျစ်နှင့်လူက…

"လုံဂူက အခုလို ကြိုးနဲ့ချည်ပြီး ဆွဲထားတဲ့လူကို ကျုပ်က လွှဲပြီး ဘယ်သူမှ ဝင်မကယ်ရဲဘူးဗျ"



"ခင်ဗျား ကျုပ်ကို သိလို့လား"

"အရင်တုန်းက မသိဘူး၊ အခုတော့ မင်းဟာ ငါ့ရဲ့မိတ်ဆွေ ဖြစ်သွားပြီကွ"

"ဘာဖြစ်လို့လဲ"

"အခု မင်းဟာ လုံဂူရဲ့ ရန်သူ ဖြစ်သွားပြီ၊ ဘယ်သူမဆို လုံဂူရဲ့ရန်သူ ဖြစ်ရင် ကျုပ်ရဲ့မိတ်ဆွေ ဖြစ်တယ်လို့သာ မှတ်ပါ"

"ခင်ဗျားက ဘယ်သူလဲ"

"မင်တာန်"

လျှုချွန်ရဲ့က မျက်မှောင်ကုတ်သွား၏။

"သံမဏိအသည်း မင်တာန်"

မှတ်ဆိတ်ဗလပျစ်နှင့်လူက ခေါင်းမော့၍ ရယ်မောလိုက်လေသည်။

"ဟုတ်တယ်၊ သေရမှာကို မကြောက်တဲ့ မင်တာန်ဆိုတာ ငါပဲကွ"

သူက မခိုးတစ်ချက်တွန့်လိုက်၏။

"ကျုပ်ကလွဲလို့ ဘယ်သူကမှ လုံဂူနဲ့ ရင်မဆိုင်ရဲဘူးကွ"

➢ ➢ ➢

www.burmeseclassic.com

www.burmeseclassic.com



(၃)

လျူချွန်ရဲ့သည် ကုလားထိုင်ပေါ်၌ ထိုင်ချနိုင်ခဲ့ပြီ ဖြစ်သည်။ သို့သော်...

သူ၏တစ်ကိုယ်လုံးမှာ ကောက်ညှင်းထုပ်ကဲ့သို့ တင်းကြပ်နေသည်ဟု ခံစားနေရသေး၏။ မင်းတန်က သူ့ရှေ့တွင် ထိုင်နေ၏။

သူသည် သူ့အား ကြည့်ကာ လက်မထောင်ပြလိုက်လေ၏။

"မင်းဟာ တကယ့်သတ္တိခဲပါပဲ"

"သူများ အရိုက်အနှက်ခံရတာကို သတ္တိခဲ ဖြစ်နိုင်ပါ့မလား"

"မင်း အရိုက်အနှက်ခံပြီး မသေနိုင်ဘဲ သူတို့ကို ခွေးမသားလို့ ဆဲဝံ့တာဟာ သတ္တိခဲပေါ့"

သူသည် စားပွဲပေါ်သို့ လက်သီးတစ်ချက် ထုလိုက်သည်။

"ဒီခွေးမသားကို ကျုပ်က သတ်ချင်နေတာ ကြာပြီ"

"ဒါဖြင့် ခင်ဗျားက ဘာဖြစ်လို့ သွားမသတ်သေးတာလဲ"

မင်းတန်က သက်ပြင်းတစ်ချက် ချလိုက်သည်။

"ငါက သူတို့ကိုမှ မနိုင်တာ"

လျူချွန်ရဲ့က ရယ်မောလိုက်လေ၏။



"ခင်ဗျားက သတ္တိလဲရှိတယ်၊ ပွင့်လဲပွင့်လင်းတယ်"

"ငါ့မှာ တခြားအရည်အချင်း မရှိပါဘူး၊ ဒါပေမယ့် လူတိုင်းကြောက်ရွံ့နေရတဲ့ လုံဝူကို ငါက ထိပ်တိုက်ရင်ဆိုင်ရဲတယ်"

"ဒါကြောင့် ကျုပ်က အံ့သြနေတာ"

"ဘာကို အံ့သြနေတာလဲ"

လျူချွန်ရဲ့က...

"သူက ဘာဖြစ်လို့ ခင်ဗျားကို လာမသတ်တာလဲ"

မင်းတန်က မဲ့ပြုံးပြုံးလိုက်သည်။

"သူက သဘောထားပြည့်ဝတယ်၊ ကျုပ်လို လူမျိုးကို အဖက်မလုပ်ဘူးဆိုတဲ့ သဘောနဲ့ မသတ်တာပါ။ အမှန်တော့ သူက ခွေးမသားပါ"

လျူချွန်ရဲ့က...

"တကယ်တော့ သူက ခွေးမသား မဟုတ်ဘူး။ ခွေးထက်တောင် ယုတ်ညံ့သေးတယ်"

မင်းတန်က ရယ်မောလိုက်၏။

"မင်း အဲဒီ စကားကို နားထောင်မိတာနဲ့ ကျုပ်က အရက်ခွက်သုံးရာလောက် တိုက်ချင်တဲ့စိတ် ပေါ်လာတော့တာပဲ"

သူသည် အရက်ကို လာရောက်ချပေးရန် မှာကြားလိုက်သည်။

"မင်း ဒီမှာ အေးအေးဆေးဆေးနေပါ။ ဒဏ်ရာကို ပျောက်အောင် ကုပါ၊ လိုအပ်တာကိုလဲ ပြောပါ"

www.burmeseclassic.com

www.burmeseclassic.com



လျှုံချန်ရဲ့က ခေါင်းညိတ်လိုက်သည်။

"စိတ်ချ..."

< < <

(၄)

လျှုံချန်ရဲ့သည် မင်တန် ချပေးထားသော နေရာတွင် အေးဆေးစွာ ဒဏ်ရာကုသပေးနေ၏။

မင်တန်က သူ့အား လိုလေသေးမရှိ စောင့်ရှောက်သည်။

သူတို့သည် အားလပ်သောအခါ အတူအရက်သောက်ရင်း လုံဂူအား အားရပါးရ ဆဲဆိုဝေဖန်ကြ၏။

သူတို့ ယင်းကဲ့သို့ ဆဲဆိုပြောဆိုရာ၌ နားထောင်သောတဆင်မည့် ပရိသတ်များ ရှိနေပါ၏။

ထိုပရိသတ်များတို့သည် အားလုံးလိုလို လုံဂူအပေါ် မကျေနပ်သော လူများ ဖြစ်ကြ၏။

မင်တန်က သူတို့အားလုံးကို နားထောင်ရန် ဖိတ်ခေါ်ထားခြင်း ဖြစ်၏။ ထို့နောက်...

သူတို့ ပြန်သွားသောအခါ လမ်းစရိတ်ပါ ပေးလိုက်လေသည်။ သူတို့သည် အရက်များများ သောက်မိလေလေ ဆဲဆိုသည့်နေရာတွင် အာရှင်လေလေ ဖြစ်၏။ ယခုအခါမှာ...



ညဉ့်နက်သန်းခေါင်အချိန် ဖြစ်နေ၏။

နားထောင်နေသော ပရိသတ်များသည် ညောင်းညာပြီးငွေ့လာကြ၏။ သို့သော်...

ဆဲဆိုနေကြသော သူများမှာ အာသွက်လျှာသွက်ပင် ရှိနေသေး၏။

တဖြည်းဖြည်းဖြင့် အိမ်ခန်းထဲတွင် သူတို့နှစ်ယောက်တည်းသာ ကျန်ရှိနေတော့၏။

သူတို့သည် လူဆယ်ယောက်မက သောက်ရမည့် အရက်များအား သောက်ပြီးနေပြီ ဖြစ်၏။

လျှုံချန်ရဲ့က သူ့အား ရုတ်တရက် မေးလိုက်၏။

"ခင်ဗျားလဲ ကျုပ်လို အရိုက်အနှက်ခံဖူးလို့လား"

မင်တန်က ခေါင်းခါယမ်းလိုက်၏။

"မခံခဲ့ဖူးပါဘူး"

"ခင်ဗျားနဲ့ သူနဲ့ ရန်ငြိုး ရှိခဲ့လို့လား"

"မရှိပါဘူး"

"ဒါဖြင့် ခင်ဗျားမိန်းမကို သူက ခိုးယူသွားလို့လား"

"မခိုးယူပါဘူး"

"ဒါဖြင့် ခင်ဗျားက သူ့ကို ဘာဖြစ်လို့ ဒီလောက်တောင်မုန်းနေရတာလဲ"

"သူက ခွေးမသား ဖြစ်လို့ပေါ့"

လျှုံချန်ရဲ့က အတန်ကြာ တိတ်ဆိတ်နေပြီးမှ...

www.burmeseclassic.com

www.burmeseclassic.com



"အမှန်ပြောရမယ်ဆိုရင် သူက ခွေးမသားလို့ မဆိုနိုင်ပါဘူး"

မင်တန်က ရယ်မောလိုက်၏။

"ကျုပ် သိပါတယ်၊ သူက ခွေးလောက်တောင်မှ မတန်ပါဘူး"

လျူချန်ရဲ့က အတန်ကြာ တိတ်ဆိတ်နေလိုက်ပြန်၏။

ထို့နောက် ပြုံးပြလိုက်၏။

"အမှန်အတိုင်း ပြောရမယ်ဆိုရင် သူက ခွေးထက်တော့ နည်းနည်းသာတယ်ဗျ"

မင်တန်က သူ့အား စိုက်ကြည့်လိုက်၏။

အတန်ကြာတော့မှ သူက ဖျစ်ညှစ်ပြီး သဘောတူလိုက်သည်။

"ဟုတ်ပါလိမ့်မယ်၊ ဒါပေမယ့် သိပ်တော့ သာလိမ့်မယ် မထင်ပါဘူး"

လျူချန်ရဲ့က...

"အနည်းဆုံး သူဟာ ခွေးထက် ဉာဏ်ရှိတယ်"

မင်တန်က သူ့အား စိုက်ကြည့်လိုက်ပြန်၏။

"လောကပေါ်မှာ ဉာဏ်ကောင်းတဲ့ခွေးဆိုတာ မရှိပါဘူး"

လျူချန်ရဲ့က...

"ခြင်္သေ့မင်း လန်ထင်းမင်တို့လို လူစားမျိုးတောင် သူ့ရဲ့ ကျေးကျွန်တစ်ယောက် ဖြစ်နေတယ်ဆိုရင် သူ့မှာ အရည်အချင်း



တဲ့အပြင် လူများအပေါ် ကောင်းတဲ့အချက် ရှိလို့ပေါ့၊ နို့မဟုတ်ရင် လူများက သူ့အတွက် အသေခံကြပါ့မလား"

မင်တန်က...

"ဒါပေမယ့် သူက မင်းအပေါ် ကောင်းမှ မကောင်းဘဲ"

လျူချန်ရဲ့က သက်ပြင်းတစ်ချက် ချလိုက်၏။

"ဒီကိစ္စမှာ သူ့ကို အပြစ်တင်လို့ မရပါဘူး၊ ကျုပ်က လူစိမ်းတစ်ယောက်ဆိုတော့ ဘယ်စိတ်ချလက်ချ ယုံကြည်နိုင်ပါ့မလဲ"

မင်တန်က စားပွဲအား တစ်ချက်ပုတ်လိုက်လေ၏။

သူ့အား ဒေါသကြီးစွာဖြင့် စိုက်ကြည့်လိုက်၏။

"သူက မင်းကို သေလုမြောပါး ရိုက်နှက်ခဲ့တာကို မင်းက သူ့အတွက် ကာကွယ်ပြီး စကားပြောနေပါလား"

"ဒီလိုပါ၊ သူ ကျုပ်ကို ရိုက်နှက်ခဲ့တာဟာ အကြောင်းတစ်ခုတော့ ရှိရလိမ့်မယ်"

မင်တန်က သူ့အား စိုက်ကြည့်နေ၏။

လျူချန်ရဲ့က...

"ကျုပ်က ခေါင်းအေးအေးထားပြီး စဉ်းစားတဲ့အခါမှာ သူဟာ ဒီလို အကြောင်းမဲ့ လုပ်တတ်တဲ့လူ မဟုတ်ဘူးဆိုတာ ယုံကြည်တယ်"

မင်တန်က မဲ့ပြုံးပြုံးလိုက်လေ၏။

"ဘာလဲ၊ မင်းက ဘာကြောင့် မင်းကို ရိုက်ရသလဲဆိုတာ သူ့ကို သွားမေးချင်လို့လား"

www.burmeseclassic.com

www.burmeseclassic.com



လျှုချန်ရဲ့က ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ ကျုပ်က အဲဒီ စိတ်ထားမျိုး ရှိနေတယ်ဗျ

မင်တာနက သူ့အား အတန်ကြာ စိုက်ကြည့်ပြီးမှ အေ

ပေါက်လိုက်၏။

"မင်း ထွက်သွားစမ်း၊ နောက်ဖေး တံခါးပေါက်ကနေ

မြန်ဆုံး ထွက်သွားစမ်း"

လျှုချန်ရဲ့က မတ်တတ်ရပ်လိုက်လေ၏။

ထို့နောက် နောက်ဘက်တံခါးပေါက်မှ လှမ်းထွက်လိုက်

ထိုတံခါးပေါက်မှာ အလွန်ကျဉ်းမြောင်း၏။

ယင်းတံခါးကို အမြဲတန်း မင်းတုပ်ချထားလေ၏။

လျှုချန်ရဲ့သည် မင်းတုပ်ကိုဖြုတ်၍ ဆွဲဖွင့်လိုက်ရာ တံ

၏အပြင်ဘက်မှ ခြံဝင်းလည်း မဟုတ်၊ ထွက်ပေါက်လည်း မဟုတ်

အလွန်သပ်ရပ်ပြီး သားသားနားနား မွမ်းမံထားသော အခန်းတစ်ခ

ဖြစ်နေလေ၏။

ထိုအခန်းတွင် တံခါးလုံးဝ မရှိပါ။

သို့သော် အခန်းထဲ၌ လူနှစ်ယောက် ရှိနေ၏။

< < <



(၅)

လုံဂူသည် ကျားသစ်ရေခင်းထားသော ကုလားထိုင်ပေါ်၌

ခွေ လဲလျောင်းရင်း မျက်လုံးမှိတ်၍ အနားယူနေသည်။

အစိမ်းရောင်ဝတ်ဆင်ထားသောလူသည် မီးဖိုတစ်ခုပေါ်

င် ရပ်၍ အရက်သောက်နေ၏။

ခြသေ့်မင်း လန်ထင်းမင်အား မတွေ့ရချေ။

လျှုချန်ရဲ့က တံခါးတွန်းဖွင့်လိုက်သောအခါ သူတို့အား

မြင်လိုက်လေတော့၏။

သူသည် အံ့သြခြင်း မရှိပါ။

ယင်းကဲ့သို့ မြင်တွေ့ရမည်ဟု သူက ကြိုတင် ခန့်မှန်းထားပုံ

လေ၏။ သူက အေးဆေးစွာ ရှိလှပေ၏။

လုံဂူက မျက်လုံးဖွင့်၍ သူ့အား ကြည့်နေ၏။

သူက ပြုံး၍ ပြောလိုက်လေ၏။

"မင်း ဘာကြောင့် နာမည်မကြီးသလဲဆိုတာ ငါ အခုမှ

တော့တယ်"

လျှုချန်ရဲ့က နားထောင်နေ၏။

လုံဂူက ပြုံးလိုက်၏။

"သိုင်းပညာ လေ့ကျင့်တဲ့နေရာဟာ အလွန်ပင်ပန်းလှပါ

www.burmeseclassic.com



တယ်၊ လူအမျိုးမျိုးနဲ့ ထိတွေ့ပြောဆိုတဲ့နေရာမှာလဲ လွယ်ကူတာမ မဟုတ်ဘဲ၊ မင်းက ပညာနှစ်မျိုးစလုံးကို အာရုံစူးစိုက်နေတော့ နာမည်ကြီးလာအောင် ကြိုးစားဖို့ အချိန် ဘယ်ရတော့မှာလဲ"

လျူချန်ရဲ့က ရယ်မောလိုက်၏။

"ကျုပ်မှာ ခင်ဗျား မသိတဲ့ ပညာတစ်ရပ် ရှိသေးတယ်ဗျ..."

လုံဂူက...

"ဘာလဲ"

လျူချန်ရဲ့က...

"အရက်သောက်တဲ့ပညာ"

လုံဂူက ရယ်မောလိုက်၏။

"မင်းက တော်တော်သောက်နိုင်ပါတယ်လေ"

"ဒါပေမယ့် ကျုပ်က မြန်မြန် မမူးတတ်ဘူးဗျ"

"ဟုတ်လား"

"ကျုပ် ဒီနေ့ သောက်တဲ့ အရက်ဟာ ဟိုတစ်နေ့ကထက် အများကြီး များတာပေါ့၊ ဒါပေမယ့် ကျုပ် မမူးပါဘူး"

လုံဂူက ရယ်မောနေရာမှ မျက်နှာထား တင်းလိုက်လေသည်။

သူ၏ ဓားသွားကဲ့သို့ စူးရှသော မျက်လုံးအစုံသည် သူ့အား စိုက်ကြည့်နေ၏။ လျူချန်ရဲ့ကလည်း ပြန်လည်စိုက်ကြည့်နေ၏။

အတန်ကြာတော့မှ လုံဂူက...

"ထိုင်ပါ"



လျူချန်ရဲ့က ထိုင်ချလိုက်သည်။

လုံဂူက...

"ကျုပ် မင်းကို လျှော့တွက်မိသလိုပဲ"

လျူချန်ရဲ့က...

"လျှော့တွက်မိတာ မဟုတ်ဘူး၊ သံသယ ဖြစ်နေတာ"

"မင်းက လူစိမ်းတစ်ယောက်ပါ"

"ဒါကြောင့် ခင်ဗျားက ကျုပ်ရဲ့ ကိုယ်ရေးရာဇဝင်ကို စုံစမ်း ဆေးတယ်၊ ကျုပ် ပြောတဲ့စကား မှန်မမှန်ကို အကဲခတ်ကြည့် …ယ်"

"မင်းရဲ့ဉာဏ် မဆိုးပါဘူး"

"ကျုပ် ပြောတဲ့စကား မှန်ခဲ့ရင် ခင်ဗျား ချင့်ချိန်ပြီး အသုံးချ ရတယ်၊ ကျုပ်က အကြံနဲ့ လာတာဆိုရင် ခင်ဗျားက ကျုပ်ကို တ်ပစ်မှာပဲ၊ ဘာဖြစ်လို့လဲဆိုရင် ကျုပ်ဟာ ခင်ဗျား လက်ထဲမှာ နေပါတယ်"

လုံဂူက ပါးစပ်ပိတ်ထားလိုက်၏။ လျူချန်ရဲ့က...

"မင်းတန် ကျုပ်ကို လာကယ်တာကလဲ ခင်ဗျားရဲ့ အစီအစ … မဟုတ်လား"

လုံဂူက...

"မင်း ဘာများ ထပ်သိထားသေးသလဲ"

လျူချန်ရဲ့က...

"ခင်ဗျားလို လူမျိုးဟာ မင်တန်လို ရန်သူမျိုး တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ရှိဖို့ လိုအပ်နေပြီ၊ ရန်သူတစ်ယောက်ဟာ ခင်ဗျားကို အလုပ်လုပ်ပေးနိုင်တဲ့ နေရာမှာ တစ်ခါတစ်ရံ မိတ်ဆွေထက်တောင် အရာရောက်သေးတယ်၊ ဥပမာ ခင်ဗျားက ခင်ဗျားမိတ်ဆွေက စုံစမ်းလို့ မရတဲ့ သတင်းတွေကို ရန်သူဆီက ရနိုင်ပါတယ်"

လုံ့ဂူက သက်ပြင်းတစ်ချက်ချလိုက်၏။

"မင်း ဉာဏ်မဆိုးတာ မဟုတ်တော့ဘူး၊ ဉာဏ်အလွန်ကောင်းပါတယ်"

လျှူချန်ရဲ့က ဆိတ်ဆိတ်ဝန်ခံလိုက်လေသည်။

လုံ့ဂူက...

"ကျုပ်နဲ့ မင်တန်နဲ့ ပတ်သက်တယ်ဆိုတာ မင်း သိထားပြီးပြီပေါ့"

လျှူချန်ရဲ့က ခေါင်းညိတ်လိုက်၏။

"ခင်ဗျား လာလိမ့်မယ်ဆိုတာလဲ ကျုပ် အကဲခတ်မိနေပါတယ်"

"ဒါကြောင့် မင်းက ဒီမှာ စောင့်နေတာပေါ့"

"ဟုတ်တယ်"

"ဒါဖြင့်... အဲဒီနေ့တုန်းက မင်း အရက်မူးနေတယ်ဆိုတာ ဟန်ဆောင်နေတာ မဟုတ်လား"

"ကျုပ် ပြောပြပြီးပြီပဲ၊ ကျုပ်က အရက်သောက်တဲ့ ပညာလဲ မညံ့ပါဘူး"

"မင်း တစ်ခု မှားနေပါပြီ"



"ကျုပ် အခု ပြောပြတာကို မပြောသင့်ဘူးလို့ ယူဆထားသသလား"

လုံ့ဂူက ခေါင်းညိတ်လိုက်၏။

"ပါးနပ်တဲ့လူဟာ အရက်မူးအောင် ဟန်ဆောင်တတ်ရုံမကဘူး၊ ဉာဏ်ထိုင်းတယ်လို့ ဟန်ဆောင်သင့်ပါသေးတယ်"

သူက စကားဆက်လိုက်သည်။

"လူတစ်ယောက်ဟာ မသိသင့် မသိထိုက်တဲ့ ကိစ္စကို များများ သိထားလေလေ အသက်တိုတတ်လေလေပါပဲ"

လျှူချန်ရဲ့က ရယ်မောလိုက်သည်။

"ကျုပ် အခုလို ပြောပြတာ အကြောင်းရှိလို့ပါ"

လုံ့ဂူက...

"ပြောပါ"

လျှူချန်ရဲ့က...

"ခင်ဗျားက ယုံချစ်တို့ကို လုပ်ခိုင်းမယ့် ကိစ္စတွေဟာ ကြီးကျယ်တဲ့ ကိစ္စတစ်ခု ဖြစ်နေလို့ပါ၊ ဒီလို ကြီးကျယ်တဲ့ ကိစ္စတစ်ခုလုပ်ဖို့ဟာ အရက်မူးတဲ့ လူတစ်ယောက်ကို တာဝန်ပေးလို့ ဖြစ်မလား"

လုံ့ဂူက...

"ဒါဖြင့်... မင်း အခု ငါ့ကို ဒီအကြောင်းတွေ ပြောပြတာဟာ ခိုင်းတဲ့ကိစ္စကို မင်းက တာဝန်ကျေပွန်အောင် ထမ်းဆောင်နိုင်မယ်လို့ ဆိုလိုသလား"

လျှူချန်ရဲ့က ခေါင်းညိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အသက်သုံးဆယ်အရွယ်ရှိတဲ့ လူတစ်ယောက်ဟာ ကြီးကျယ်တဲ့ အလုပ်ကိုမှ မလုပ်ခဲ့ဘူးဆိုယင် နောင်ဘယ်တော့မှ အခွင့်အရေးရတော့မှာ မဟုတ်ဘူး"

လုံဂူက ပြုံးလိုက်လေသည်။

"အခု နင် ငါနဲ့အတူ အရက်သောက်လို့ ရသေးရဲ့လား"

≺ ≺ ≺



## လှို့ဝှက်သောလုပ်ငန်း

(၁)

စားပွဲပေါ်၌ အရက်များ အသင့်ရှိနေပြီ...

လုံဂူက အရက်ခွက်အား မြှောက်ထားလိုက်သည်။

"ကျုပ် အရက်သောက်ခဲ့တယ်၊ သူများကိုလဲ အရက်တိုက်ခဲ့ ...ယ်၊ အခု မင်းကို သုံးခွက်တိတိ တိုက်ပါရစေ"

လျူချန်ရဲ၏ မျက်လုံးအစုံတွင် ကျေးဇူးတင်သည့် အရိပ် ...ယောင်များ ပေါ်လွင်လာလေသည်။

လုံဂူသည် အခြားလူတစ်ယောက်အား အရက်တိုက်ရန်မှာ ...ွန်ပြုလုပ်ခဲ့သော ကိစ္စတစ်ရပ် ဖြစ်သည်။

လုံဂူသည် အရက်ကို မော့သောက်လိုက်လေသည်။

"တနေ့ ငါ အတော်ဝမ်းသာနေတယ်၊ ငါ့ရဲ့ကိစ္စကို မင်း လုပ် ...ိမ့်မယ်လို့ ငါ ယုံကြည်တယ်"

လျူချန်ရဲ့က...

"ကျုပ် အစွမ်းကုန် ကြိုးစားပါ့မယ်"

လုံဂူက...

www.burmeseclassic.com

"ဒီကိစ္စဟာ အလွန်ကြီးကျယ်တဲ့ကိစ္စ ဖြစ်ရုံမက အလွန် အန္တရာယ်များပြီး အလွန်လျှို့ဝှက်တဲ့ကိစ္စ ဖြစ်နေပါတယ်"

သူ၏ ဟန်အမူအရာသည် လေးနက် တည်ကြည်လာ သည်။

"ဟိုနေ့က ငါက မင်းကို သံသယဖြစ်လို့ မဟုတ်ဘူး"

လျှုချုန်ရှဲ့က သေချာစွာ နားထောင်နေ၏။

လုံဝူက...

"မင်းက ငါ့အတွက် အလုပ်လုပ်နေတဲ့ လူတစ်ယောက် ဖြစ် တယ်ဆိုတာ ဘယ်သူမှ အသိခံလို့ မရဘူး၊ မင်းဟာ ငါ့ရဲ့ရန်သူ ငါ့ကို အရိုးချဉ်ဆီအထိ မုန်းတဲ့ လူတစ်ယောက်လို့ သူများ ထင်စေ ချင်လို့"

ချုချုန်ရှဲ့က သဘောပေါက်၏။ သို့သော်...

သူက နားမလည်သည့် အချက်တစ်ချက် ရှိသေး၏။

"ဒီကိစ္စကို လန်ထင်းမင်ကတောင် မသိဘူး ဟုတ်လား"

လုံဝူက ခေါင်းညိတ်လိုက်၏။

"ဒီကိစ္စ သိတဲ့လူ နည်းလေလေ၊ မင်းရဲ့ အန္တရာယ်က နည်း လေလေ အောင်မြင်မယ့် အခွင့်အရေးက များလာနိုင်မယ် မဟုတ် လား"

လျှုချုန်ရှဲ့သည် လုံဝူ၏ တကယ် ယုံကြည်စိတ်ချသော လူ မှာ အစိမ်းရောင်အင်္ကျီ ဝတ်ဆင်ထားသော လူနှင့် သံမဏိအသည်း မင်တန် ဖြစ်သည်ကို သိရှိလိုက်လေ၏။



လုံဝူက...

"တစ်နေ့တုန်းက မင်း ပြောခဲ့တယ်၊ ငါ့မှာ မိတ်ဆွေ မရှိရုံ တော ရန်သူတောင် မရှိဘူးလို့"

လျှုချုန်ရှဲ့က မှတ်မိသေး၏။

"ဟုတ်ကဲ့... ကျုပ် ပြောခဲ့ပါတယ်"

"မင်း မှားနေပြီ"

လုံဝူက ပြောရင်း သူ၏ မျက်နှာပေါ်မှ ဟန်မူရာများ ပြောင်းလဲသွား၏။

"ငါ့မှာ ဇနီးတစ်ယောက်၊ မိတ်ဆွေတစ်ယောက်နဲ့ ရန်သူ တစ်ယောက် ရှိပါတယ်"

လျှုချုန်ရှဲ့က မျက်မှောင်ကုတ်သွား၏။

"သူတို့က ဘယ်သူတွေလဲ"

လုံဝူက...

"သူတို့ မဟုတ်ဘူး၊ သူတစ်ယောက်တည်းပါပဲ"

ထူးဆန်းသော စကားကြောင့် လျှုချုန်ရှဲ့၏ မျက်နှာ ထူးထူး ခြားခြား ဖြစ်သွားလေ၏။

လုံဝူ ဆက်ပြောလာမည့် စကားကို စောင့်နေ၏။

လုံဝူက သက်ပြင်းချလိုက်၏။

"ကျုပ်ရဲ့ မိတ်ဆွေ၊ ကျုပ်ရဲ့ ဇနီးနဲ့ ကျုပ်ရဲ့ ရန်သူဟာ အတူ တူ တစ်ယောက်တည်း ဖြစ်နေပါတယ်"

လျှုချုန်ရှဲ့က ပို၍ နားရှုပ်သွား၏။

www.burmeseclassic.com



"သူက ဘယ်သူလဲဗျ"

"သူ့နာမည်က 'ချူပိုင်မို' ဖြစ်ပါတယ်"

"ခင်ဗျား ဆိုလိုတာက ခင်ဗျားရဲ့ ဇနီးဟာ ခင်ဗျားရဲ့ မိတ်ဆွေလဲဟုတ် ရန်သူလဲ ဟုတ်တယ် ဒီလိုလား"

လုံဂူက ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်"

လျူချန်ရဲ့က တစ်စုံတစ်ခု သတိရလာသည်။

"ချူပိုင်မိုဆိုတာ ကျူးစွေဒေဝီ မဟုတ်လား"

"မင်းလဲ သိတယ် ဟုတ်လား"

"သိုင်းလောကမှာ သူ့ကို မသိတဲ့လူ တစ်ယောက်မှ မရှိဘူးလို့ ထင်ပါတယ်"

လုံဂူ၏အသံ အေးစက်သွား၏။

"သူ တစ်ချိန်တုန်းက ငါ့ရဲ့ဇနီး ဖြစ်ခဲ့တယ်ဆိုတာ မင်း သိမှာ မဟုတ်ဘူး"

လျူချန်ရဲ့က...

"အခုကော..."

လုံဂူက...

"အခု ငါတို့ဟာ လင်မယား မဟုတ်သော်လဲ မိတ်ဆွေရင်းချာ ဖြစ်တယ်လို့ ထင်ရတယ်"

"အမှန်တော့..."

လုံဂူ၏မျက်နှာ မှောင်မည်းလာလေ၏။



"အမှန်တော့ သူက ငါ့ကို မုန်းတယ်၊ သူက ငါ့ကို ယူတာလဲ ငါ့ကို မုန်းလို့ယူတာ"

လျူချန်ရဲ့က နားမလည်ပါ။ သို့သော် ဆက်၍ မမေးပါ။

လုံဂူကဲ့သို့ လူမျိုးရဲ့ လျို့ဝှက်ချက်ကို မသိလေ ကောင်းလေ ဟုတ်ပါလော...

လုံဂူသည် ပါးစပ်ပိတ်ထား လိုက်သည့်အပြင် မျက်လုံးများပင် မှိတ်ထားလိုက်လေ၏။

⮜ ⮜ ⮜

အတန်ကြာတော့မှ လုံဂူက စကားဆက်လိုက်ပြန်၏။

"ငါ့ရဲ့ သိုင်းပညာကို မင်း တွေ့မြင်ခဲ့ဖူးလား"

"မတွေ့ခဲ့ပါဘူး"

လျူချန်ရဲ့က ဖြေလိုက်၏။

လုံဂူက မျက်လုံးမှိတ်ထားလျက်...

သို့သော် သူ၏လက်နှစ်ဘက်အား ဆန့်ပြလိုက်၏။

သူ၏လက်များသည် ဖြူဖွေး၏။ နုနယ်၏။

သူ့အနီး၌ မီးဖိုတစ်လုံးရှိ၏။

အရက်များ နွေးရန် ဖြစ်၏။

မီးခဲများ နီရဲနေ၏။ လုံဂူက လက်တစ်ဘက်ဖြင့် မီးဖိုထဲရှိသော မီးခဲများ နှိုက်ယူလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူသည် နီရဲနေသော မီးခဲအား လက်ထဲ၌ ဆုပ်ထားလိုက်၏။ လက်ဝါးဖြန့်လိုက်သောအခါ မီးသွေးများ မရှိတော့ဘဲ ပြာအသွင်သို့ ပြောင်းလဲသွားလေ၏။

"ငါက မင်းကို သိုင်းပညာစွမ်းရည်ပြနေတာ မဟုတ်ဘူး မင်း သိရအောင် အကြောင်းနစ်ခု ပြောပြချင်လို့ပါ"

လျှုချုန်ရဲ့က နားထောင်နေ၏။ လုံ့ဂူက...

"ကျူပ်ရဲ့ သိုင်းပညာအဆင့်က သူ့ကို သတ်ဖို့ မခဲယဉ်းပါဘူး၊ ဒါပေမယ့် ငါကိုယ်တိုင် သွားသတ်လို့ မဖြစ်ဘူး"

သူက လက်ဝါးမှ မီးခဲပြာအား စိုက်ကြည့်နေ၏။

"ငါနဲ့ သူ့ရဲ့ ချစ်ခြင်းမေတ္တာဟာ မီးသွေးပြာပါပဲ၊ ဘယ်လိုမှ ပြန်ဆက်လို့ မရတော့ပါဘူး"

⮜ ⮜ ⮜

(၂)

ဤကိစ္စသည် အလွန့်ထူးဆန်းပြီး အလွန်စိတ်ဝင်စားဖွယ်ရာကောင်းသော ကိစ္စတစ်ရပ် ဖြစ်၏။

ကာယကံရှင် နှစ်ဦးစလုံးမှာလည်း သိုင်းလောကမှ အကျော်အမော်များ ဖြစ်ကြ၏။

တစ်ဦးကား သိုင်းလောကမှာ ပထမသူရဲကောင်း ဖြစ်၏။



တစ်ဦးက သိုင်းလောကမှာ အလှို့ဂုဏ်ဆုံးနှင့် အလှဆုံးသော မိန်းမတစ်ဦး ဖြစ်၏။

လျှုချုန်ရဲ့သည် သိုင်းလောကနှင့် ပတ်သက်ပြီး အသိခြေခွယ်သော်လည်း သူနှင့် သူမတို့၏ သတင်းစကားများကို မကြာခဏ ကြားဖူးခဲ့၏။

သူမနှင့် ပတ်သက်သော သတင်းစကားမှာ ပို၍ပင် လှို့ဂှက်ဆန်းကြယ်နေ၏။

သူမ၏အလှကို မြင်တွေ့လိုကြသော သိုင်းလောကမှ အကျော်အမော်များသည် သူမအား မြင်တွေ့လိုကြသဖြင့် ကြိုးစားကြရသော်လည်း သူမ၏မျက်နှာကို မည်သူကမျှ မြင်တွေ့ခွင့် မရလိုက်ပါ။

လျှုချုန်ရဲ့သည် ထိုလှို့ဂှက်ပြီး လှပသော ကျူစွေဒေဝီမှာ လုံ့ဂူ၏ဇနီး ဖြစ်သည်ကို မမျှော်လင့်ခဲ့ပေ။

သူမသည် လုံ့ဂူ၏ဇနီး ဖြစ်နေလျှင်...

မိတ်ဆွေ ဖြစ်နေလျှင်...

အဘယ်ကြောင့် ရန်သူ ဖြစ်ရပြန်သနည်း။

အမှန်တော့...

သူတို့နှစ်ဦးသည် ရွှေနှင့်မြ၊ နေနှင့်လပမာ အလွန်လိုက်ဘက်ညီသော ဇနီးမောင်နှံ ဖြစ်၏။

အဘယ်ကြောင့် ကွဲကွာသွားရပါသနည်း။

သူတို့မှာ စိတ်ဝင်စားဖွယ်ကောင်းသော ဇာတ်လမ်းတစ်

www.burmeseclassic.com

www.burmeseclassic.com



ဝှဒ် ဖြစ်သည်မှာ သေချာ၏။

လျှူချွန်ရဲ့သည် ထိုအဖြစ်အပျက်အား အလွန်သိလိုနေသည်။ လုံဂူက ဆက်လက်ပြောပြလိမ့်မည်ဟုလည်း ထင်မိသည်။

သို့သော် လုံဂူသည် ထိုအကြောင်းကို ဤအတိုင်း နိဂုံးချုပ်လိုက်လေ၏။

"ဒီအကြောင်းတွေဟာ ဟိုနှစ်ပေါင်းများစွာက ဖြစ်ပျက်ခဲ့တဲ့ အကြောင်းတွေပါ၊ လောကပေါ်မှာ ဒီအကြောင်းတွေကို သိထားတဲ့လူလဲ မများပါဘူး၊ မင်းလဲ သိထားစရာ မလိုပါဘူးလေ"

လျှူချွန်ရဲ့က ပါးစပ်ပိတ်ထားလိုက်၏။ လုံဂူက...

"မင်း တစ်ခုပဲ သိထားဖို့လိုမယ်"

လျှူချွန်ရဲ့က နားထောင်နေ၏။ လုံဂူက...

"မင်းနဲ့ ရင်ဆိုင်ရမှာက သူပါပဲ၊ မင်း သူ့ဆီ သွားပြီး ငါ့အတွက် ပစ္စည်းတစ်ခု ယူခဲ့ရမယ်"

လျှူချွန်ရဲ့က...

"သွားယူလိုက်ရုံပဲလား"

လုံဂူက...

"မင်းက သွားခိုးရမယ်လို့ ပြောလဲရပါတယ်"

လျှူချွန်ရဲ့က လေပူတစ်ချက် မှုတ်ထုတ်လိုက်၏။

"ဒါဖြင့် ကျုပ်က အနည်းဆုံး အချက်နှစ်ချက်တော့ သိချင်ပါတယ်"

"ပြောပါ"



"ဘယ်ကို သွားရမှာလဲ၊ ဘာကို ခိုးရမှာလဲ"

လုံဂူက သူ၏နောက်ဆုံးမေးခွန်းအား ရှေးဦးစွာ ဖြေလိုက်သည်။

"သေတ္တာတစ်လုံး သွားခိုးရမယ်"

သူက လက်တစ်ဘက် ဝှေ့ယမ်းပြရာ အစိမ်းရောင်အကျႌဝတ်ဆင်ထားသောလူက သေတ္တာတစ်လုံး ယူဆောင်၍ လာရောက်သွားလိုက်၏။

သေတ္တာက မကြီးလှပါ။ ရွှေဖြင့် ပြုလုပ်ထားခြင်း ဖြစ်၏။

သေတ္တာပေါ်၌ နဂါးနှင့် ဟင်္သာရုပ်များ ဖုံ့ဖော်ထားလေသည်။ ထို့ပြင် ပတ္တမြားများ စီခြယ်ထား၏။

လုံဂူကို သေတ္တာအား ညွှန်ပြလိုက်၏။

"ဒီသေတ္တာနဲ့ တစ်ပုံစံတည်းတူတဲ့ သေတ္တာတစ်လုံးကို သွားခိုးရမယ်"

လုံဂူက အနည်းငယ် ချီတုံချတုံပြုပြီးမှ...

"အမှန်တော့ မင်းကို ပြောစရာ မလိုပါဘူး၊ ဒါပေမယ့် မင်းကိုဆောင်တော့ ပြောလိုက်မယ်၊ သေတ္တာထဲမှာ ဆေးတစ်ဗူး ရှိတယ်"

လျှူချွန်ရဲ့က အံ့သြသွားလေ၏။

"ဗျာ... ဆေးတစ်ဗူးတည်း..."

လုံဂူက ခေါင်းညိတ်လိုက်၏။

"ငါ့အတွက်တော့ ဒီဆေးဗူးဟာ လောကမှာ ရှိရှိသမျှ ရွှေ

www.burmeseclassic.com

www.burmeseclassic.com



ငွေကျောက်သံပတ္တမြားထက် တန်ဖိုးရှိတယ်”

သူ၏မျက်လုံးအစုံသည် စားသွားပမာ လျှုချန်ရဲ့အား စိုက်ကြည့်လိုက်၏။

“ငါဟာ ဝေဒနာရှင်တစ်ဦး ဖြစ်တယ်ဆိုတာ မင်း အကဲခတ်မိပါလိမ့်မယ်”

လျှုချန်ရဲ့က သိရှိထားပြီး ဖြစ်၏။ သို့သော်...

ထိုဝေဒနာရှင်၏လက်သည် ဝေဒနာဆင်းမဲ့ပြီး အလွန်သ မာသော လူများအား အသေသတ်နိုင်စွမ်း ရှိသည်ကိုလည်း အကဲခတ်မိလေ၏။

လုံ့ဂူသည် လျှုချန်ရဲ့၏ မျက်နှာပေါ်မှ ဟန်မူရာအား အကဲခတ်ကြည့်လိုက်ပြီး ပြုံးလိုက်၏။

“မင်းစိတ်ထဲမှာ ဘာတွေ စဉ်းစားနေတယ်ဆိုတာ ငါ သိပါတယ်၊ လောကပေါ်မှာ ဝေဒနာအမျိုးမျိုး ရှိပါတယ်၊ ကျုပ်လို ဝေဒနာရှင်မျိုးဟာ အလွန်ကြောက်စရာကောင်းတဲ့ ဝေဒနာရှင်ထဲက တစ်ဦး အပါအဝင် ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် ဝေဒနာရှင်ဟာ ဝေဒနာရှင်ပဲ မဟုတ်လား”

လျှုချန်ရဲ့က သူ့အား စိုက်ကြည့်လိုက်၏။

“သူ့ဆီက ဆေးဗူးရမှသာ ခင်ဗျားရဲ့ ရောဂါကို ကုနိုင်မယ် ဟုတ်လား”

လုံ့ဂူက သက်ပြင်းတစ်ချက်ချလိုက်၏။

“ဟုတ်ပါတယ်”



လျှုချန်ရဲ့က နားလည်လိုက်၏။

လုံ့ဂူသည် သိုင်းပညာလေ့ကျင့်ရာ၌ မတော်တဆ အကျင့်လွန်သွားသောကြောင့် ရောဂါတစ်မျိုး စွဲကပ်လာခဲ့၏။

သူသည် ထိုရောဂါကို နည်းအမျိုးမျိုးဖြင့် ကုသရာ နောက်ဆုံး ဆေးတစ်မျိုး တွေ့ရှိခဲ့၏။ သို့သော်...

ထိုဆေးဗူးကို သူ့ဇနီးက ခိုးယူသွားခဲ့ခြင်း ဖြစ်လေသည်။

ထို့ကြောင့် သူသည် ဇနီးဖြစ်သူအပေါ် အလွန် စွဲမုန်းနေသော်လည်း ထိုဆေးဗူးအား ဖျက်ဆီးပစ်မှာကို စိုးရိမ်ရသဖြင့် မလှုပ်သာဘဲ ဖြစ်နေ၏။

သူက စကားဆက်လိုက်၏။

“သူက ဆေးဗူးကို ခိုးသွားပြီး ငါ့ကို ခြိမ်းခြောက်ဖို့ အခွင့်အရေး ရသွားတာပေါ့၊ ဒါကြောင့် ကျုပ် မလုပ်ချင်တဲ့ အလုပ်ကို သူက ခိုင်းလာရင် လုပ်ပေးရတဲ့ အကြိမ်ပေါင်းလဲ မနည်းတော့ဘူး”

သူသည် ပြောရင်း မျက်လုံးအစုံတွင် ဒေါသမီးများ တောက်လောင်လာလေ၏။

“ဒါကြောင့် ကျုပ်က ဖြစ်တဲ့နည်းနဲ့ပဲ ဒီဆေးဗူးကို ရအောင် ယူမှာပဲ”

“အဲဒီ ဆေးဗူးကို သူက ဘယ်မှာထားသလဲ”

“သူ့ဆီက နေပြီး ဒီလောက် အရေးကြီးတဲ့ ပစ္စည်းတစ်ခုကို ရအောင် ယူဖို့ဆိုတာ လွယ်ကူတဲ့အလုပ် မဟုတ်ဘူးဆိုတာ မင်း နားလည်မှာပါ”

www.burmeseclassic.com

www.burmeseclassic.com



လျူချန်ရဲ့က...

"ဟုတ်ပါတယ်"

လုံဂူက...

"သူက အဲဒီ သေတ္တာကလေးကို ဆည်းဆာတောင်ကုန်းမှာ ရှိတဲ့ လျှို့ဝှက်လိုဏ်ဂူတစ်ခုထဲမှာ ဝှက်ထားပါတယ်"

လျူချန်ရဲ့က သေချာစွာ မှတ်သားထားလိုက်လေ၏။

လုံဂူက...

"အဲဒီ လိုဏ်ဂူကို သူက နာမည်ကျော်ကြားတဲ့ အမည်းရောင်ဓားသမား သုံးယောက်ကို ငှားပြီး စောင့်ကြပ်ခိုင်းထားတယ်"

လျူချန်ရဲ့သည် လူသတ်သမားယုချစ်ကို သတိရလာလေသည်။ လုံဂူက...

"အဲဒီ လျှို့ဝှက်လိုဏ်ဂူထဲကို ရောက်နိုင်တာတောင်မှ သံမဏိတံခါးတစ်ထပ် ရှိနေသေးတယ်ဗျ"

လျူချန်ရဲ့က အလွန်ခွန်အားကောင်းသော စုကျုံအား သတိရလာလေသည်။ လုံဂူက ဆက်လက်ရှင်းပြလိုက်၏။

"အဲဒီ သေတ္တာကလေးဟာ လျှို့ဝှက်တဲ့ အခန်းကလေးတစ်ခုမှာ ထားပါတယ်၊ အဲဒီ အခန်းကလေးကို ဝင်ဖို့ သော့ခလောက် ခုနစ်လုံးကို ဖွင့်နိုင်မှ ဝင်နိုင်ပါလိမ့်မယ်"

"အဲဒီ သော့များကို လောကပေါ်မှာ အတော်ဆုံးနဲ့ အကျွမ်းကျင်ဆုံး သော့ခလောက်ပညာရှင်က ပြုလုပ်ထားတဲ့ သော့ခလောက်များ ဖြစ်ပါတယ်"



လျူချန်ရဲ့သည် ကုန်စွမ်းရောက်အား သတိရလာလေသည်။ လုံဂူက...

"အဓိကအရေးကြီးဆုံးကတော့ အဲဒီ လျှို့ဝှက်လိုဏ်ဂူဟာ သူနေထိုင်တဲ့ နေရာနဲ့ နီးနီးကလေးပဲ ရှိတယ်၊ တစ်ယောက်ယောက်က လိုဏ်ဂူကို ရောက်နေပြီဆိုတဲ့သတင်း ကြားသွားမိရုံနဲ့ သူက ချက်ချင်း ရောက်လာနိုင်ပါတယ်"

သူက စကားဆက်လိုက်၏။

"သူက ရောက်လာတာနဲ့ လောကပေါ်မှာ အဲဒီ ဆေးဖူးကို ယူသွားနိုင်တဲ့လူ ရှိတော့မှာ မဟုတ်ဘူး"

လျူချန်ရဲ့က သက်ပြင်းတစ်ချက် ချလိုက်လေ၏။

သူသည် လုံဂူက ကျူစွေဒေဝီအပေါ် လက်လွတ်စပယ် ...သည်မှာ ထိုဆေးဖူးတစ်ခုကြောင့် မဟုတ်ဘဲ သူမ၏ သိုင်း...မှာ အလွန်ကြောက်စရာကောင်းလှသည် ဖြစ်သောကြောင့် ...ဖြစ်၏။

သူမ၏သိုင်းပညာမှာ ဂူလုံထက် မညံ့ကြောင်း အကဲခတ်မိသည်။ လုံဂူက စကားဆက်လိုက်သည်။

"သူ့မှာ အလွန်ရယ်စရာကောင်းတဲ့ အကျင့်ကလေးတစ်ခု ရှိတယ်"

လျူချန်ရဲ့က...

"ဘာများလဲ"

လုံဂူက...

www.burmeseclassic.com

www.burmeseclassic.com



"သူ နေ့စဉ်နေ့တိုင်း ညအချိန် ရောက်လာတဲ့အခါမှာ ကိုယ်ပေါ်က အကျီအားလုံး ချွတ်ချပြီး ပျားရည့်တစ်မျိုးကို လိ တတ်ပါတယ်"

သူက ပြောရင်း မျက်ဝန်းအစုံတွင် ရွံ့မုန်းသည့် အရိပ် ယောင်များ ထွက်ပေါ်လာလေ၏။

"အဲဒီလို လုပ်ရတဲ့အတွက် နေ့စဉ်နေ့တိုင်းမှာ အနည်း နာရီဝက်အချိန်တော့ ကုန်သွားတယ်၊ အဲဒီလို ပျားရည်လိမ်းတဲ့ အ မှာ သူက ကိုယ့်ကိုကိုယ် အခန်းထဲမှာ ပိတ်ထားတယ်၊ မိုးပြို တောင် သူ သိမှာမဟုတ်ဘူး"

လျှုချွန်ရဲ့ ခေါင်းညိတ်လိုက်၏။

လုံဂူက ဆက်၍ ပြောလိုက်သည်။

"ဒါကြောင့် နေ့စဉ်နေ့တိုင်း အဲဒီ နာရီဝက် အချိန်မှာ အတွက် အကောင်းဆုံး အခွင့်အရေးရတဲ့ အချိန်ပဲ ဖြစ်တယ်"

လျှုချွန်ရဲ့က...

"ဒါကြောင့် ကျုပ်က အဲဒီ နာရီဝက်အတွင်းမှာ စောင့် နေတဲ့ အမည်းရောင်သိုင်းသမား ခုနစ်ယောက်ကို သတ်ပြီး သံ ကို ကြိုးစားဖွင့်ရမယ်၊ ပြီးတော့ သော့ခတ်ထားတဲ့ သော့ခလော ခုနစ်ခုကို ဖွင့်ပြီး သေတ္တာကို ခိုးယူရမှာပေါ့ ဟုတ်လား"

လုံဂူက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ တစ်ခုကျန်တာက အဲဒီ သေတ္တာကို ရပြီ မကာ သူ လိုက်လို့ မမီအောင် အနည်းဆုံး လီပေါင်းငါးဆယ်လော



ပြေးထားနိုင်မှ ဖြစ်မယ်"

လျှုချွန်ရဲ့က ခေါင်းညိတ်လိုက်လေသည်။

"ဒါကြောင့် ဒီတာဝန်ကို ခင်ဗျားက လူသုံးယောက်ကို ခိုင်း တ်တာကိုး"

"ဟုတ်ပါတယ်၊ ဒီကိစ္စကို အမှန်တော့ လူသုံးယောက်မှ လုပ် မယ့် ကိစ္စပါ"

လျှုချွန်ရဲ့က မချိုပြုံးပြုံးလိုက်လေ၏။

"အဲဒီ သုံးယောက်ကလဲ ယုချစ်လို ကြေးစားလူသတ်သမား၊ လို ခွန်အားကောင်းတဲ့လူနဲ့ စောရစ်ရှောကုန်စွမ်းရောက်လို သော့ ဖွင့်တဲ့ ပုဂ္ဂိုလ်များမှ ထမ်းဆောင်နိုင်တာ"

လုံဂူက အေးတိအေးစက်သော အသံဖြင့်...

"ကျုပ် ငှားထားတဲ့ လူသုံးယောက်ကို မင်းက ဖျက်ဆီး တဲ့အတွက် သူတို့လို လူသုံးယောက်ကို ကျုပ် ဘယ်လိုမှ ပြန်ရှာ ရတော့ဘူး"

လျှုချွန်ရဲ့က သူ ဆိုလိုသော သဘောအား နားလည်လိုက်

"ဒါကြောင့် ခင်ဗျားရဲ့ ကိစ္စကို မဖြစ်ဖြစ်အောင် လုပ်ပေးရ ဟုတ်လား"

"မင်း ရအောင် ယူနိုင်ပါ့မလား"

လျှုချွန်ရဲ့က...

"ကျုပ် မသေချာပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



လုံဂူ၏ မျက်လုံးအိမ်များသည် ကျုံ့သွားလေ၏။

လျှူချုန်ရဲ့က စကားဆက်လိုက်ပြန်သည်။

"ကျုပ်ရဲ့ဘဝတစ်ခုလုံးမှာ လုပ်ခဲ့တဲ့ အလုပ်တွေ တစ်… အောင်မြင်နိုင်လိမ့်မယ်လို့ ကြိုတင်ခန့်မှန်းမထားခဲ့ပါဘူး"

လုံဂူက…

"ဒါပေမယ့် မင်းရဲ့ လုပ်ငန်းတွေ အားလုံးဟာ အောင်မြင်… တာချည်းပဲ မဟုတ်လား"

လျှူချုန်ရဲ့က ပြုံးလိုက်သည်။

"ကျုပ်က ကြိုတင်အပိုင်မပြောနိုင်လို့ အလုပ်လုပ်တဲ့ အ… မှာ တခြားလူထက် ပိုပြီး စေ့စပ်သေချာရပါတယ်"

လုံဂူက ရယ်မောလိုက်၏။

"ကောင်းပါတယ်၊ ငါက အဲဒီလို လူမျိုးကိုမှ ပိုပြီး သဘော… ကျတာ"

လျှူချုန်ရဲ့က…

"အခုဆို ကျုပ်က ဘယ်လိုစီရမှန်း မသိသေးပါဘူး"

လုံဂူက…

"ဘာဖြစ်လို့လဲ"

လျှူချုန်ရဲ့က…

"အဲဒီ သေတ္တာ ဝှက်ထားတဲ့ လိုဏ်ဂူ ဘယ်မှာလဲဆို… အခုထိ မသိရသေးလို့ပါ"

လုံဂူက ရယ်မောလိုက်ပြန်လေ၏။



သူက လက်တစ်ချက် ဝှေ့ယမ်းပြလိုက်သည်နှင့် အစိမ်းရောင်အင်္ကျီ ဝတ်ဆင်ထားသူက ငွေလွှဲလက်မှတ်တစ်စုကြီး ယူ၍ လာရောက်ချပေးထားလိုက်တော့သည်။

လုံဂူက…

"အဲဒီမှာ ငွေငါးသောင်း၊ မင်း ယူသွားပါ၊ ပျော်ပျော်ပါးပါး သုံးစွဲနိုင်ပါတယ်"

လျှူချုန်ရဲ့က အားမနာဘဲ ငွေလွှဲလက်မှတ်များအား သိမ်းဆည်းလိုက်လေသည်။ လုံဂူက…

"ကျုပ်က ဆယ်ရက်အချိန်ပေးလိုက်မယ်၊ အဲဒီ ဆယ်ရက်အတွင်းမှာ ဒီငွေငါးသောင်းကို အကုန်လုံး သုံးပစ်နိုင်မယ်လို့ မျှော်လင့်ပါတယ်လေ"

လျှူချုန်ရဲ့က ပြုံးလိုက်သည်။

"ဆယ်ရက်အတွင်း ငွေငါးသောင်း သုံးနိုင်ဖို့ဆိုတာဟာ သိပ်လွယ်လှပါဘူး၊ ဒါပေမယ့် ကျုပ်က လောင်းကစားတိုင်း ရှုံးတတ်ပါတယ်၊ မိန်းကလေးကိုလဲ ပွေတတ်ပါတယ်"

လုံဂူက ရယ်မောလိုက်၏။

"ဒီငွေကုန်တဲ့ အလုပ်နှစ်မျိုးကို တစ်မျိုးတည်းပဲ စတ်ထားရင် ဒီငွေ ငါးသောင်းဟာ ကုန်ဖို့ မခဲယဉ်းတော့ပါဘူး"

သူက စကားဆက်လိုက်ပြန်သည်။

"ဘယ်သူမဆို လုပ်ငန်း ကြီးကြီးကျယ်ကျယ် မလုပ်မီ စိတ်ကို ပျော်ရွှင်အောင်ထားရမယ် မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



သူက ပြုံး၍…

"နောက်ပြီးငါ့ကြောင့် မင်း အတော်ကလေး ခံလိုက်ရသေးတယ် မဟုတ်လား"

လျှုချုန်ရဲ့က ပြုံးပြလိုက်သည်။

"လန်ထင်းမင်က အသက်ကြီးလှပြီ ဖြစ်တဲ့အတွက် သူ့ရဲ့ ရိုက်ချက်ကို ခံလိုက်ရပါသေးတယ်"

လုံဂူက ရုတ်တရက် အားရပါးရ ရယ်မောလိုက်လေသည်။

"ဟား…ဟား…ဟား"

အစိမ်းရောင်အင်္ကျီ ဝတ်ဆင်ထားသောလူက အံ့သြစွာ ကြည့်နေ၏။

လုံဂူသည် ရောဂါဝေဒနာ ရရှိပြီးသည့် နောက်ပိုင်း တစ်ကြိမ်တစ်ခါမျှ ဤကဲ့သို့ အားရပါးရ ရယ်မောခဲ့ခြင်း မရှိဖူးပေ။

ထိုအချိန်မှာပင် လုံဂူ၏ရယ်မောသံသည် ရုတ်တရက် ရပ်တန့်သွားလေသည်။ သူ၏မျက်နှာတစ်ခုလုံးမှာလည်း တင်းမာခက်ထန်သွားသည်။

"ဆယ်ရက် ကျော်ပြီးတဲ့နောက်မှာ မင်းဟာ အရက်တစ်စက်မှ မသောက်ရဘူး၊ မိန်းမကိုလဲ လုံးဝ မထိရဘူး"

လျှုချုန်ရဲ့က ရယ်မောလိုက်၏။

"ဆယ်ရက်တိတိ အစွမ်းကုန် သောက်ထားပြီးမှ နောက်ထပ် သောက်စားဖို့ ငြီးငွေ့လာမှာပါ"

လုံဂူက…



"ကောင်းတယ် သိပ်ကို ကောင်းတယ်၊ ဆယ်ရက်ကျော်ပြီးမှသာ မင်းဆီကို လူလွှတ်လိုက်ပြီး အဲဒီနေရာကို ပို့ပေးပါ့မယ်"

သူသည် ရုတ်တရက် မောဟိုက်သွားသည့်အလား မျက်လုံးမှိတ်ထားလိုက်ပြန်လေ၏။

သူက အင်အားချိနဲ့စွာဖြင့် လက်တစ်ချက် ဝှေ့ယမ်းလိုက်လေသည်။

"အခု မင်း သွားနိုင်ပါပြီ"

လျှုချုန်ရဲ့က စကား တစ်ခွန်းမှ မပြောဘဲ ထိုင်ရာမှ ချက်ချင်းထလိုက်လေသည်။ လုံဂူက သူ့အား ဟန့်တားလိုက်ပြန်လေ၏။

"ဒီရက်ထဲမှာ မင်းကို ပြုစုမဲ့ မိန်းကလေးတွေကို မင်း စိတ်ထဲမှာ ဘယ်လို သဘောရသလဲ"

"မဆိုးပါဘူး"

"မင်းက သဘောကျရင် သူတို့ကို တစ်ခါတည်း ခေါ်သွားပါလား"

လျှုချုန်ရဲ့က ရယ်မောလိုက်၏။

"လောကပေါ်မှာ မိန်းမတွေ သေကုန်ကြပြီလား"

"သေမကုန်သေးပါဘူး"

လျှုချုန်ရဲ့က ပြုံးလိုက်သည်။

"သေမကုန်သေးရင် ကျုပ်က ဘာဖြစ်လို့ သူတို့ကို ခေါ်သွားရမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



(၃)

လျှူချန်ရဲ့သည် ထွက်ခွာသွားပြီ ဖြစ်လေသည်။

လုံဂူသည် သူ့နောက်ကျောအား ကြည့်ကာ သူ၏မျက်ဝန်းအစုံတွင် ဓားသွားကဲ့သို့ ထက်မြက်လာပြန်လေသည်။

"ဒီလူကို မင်း ဘယ်လိုမြင်သလဲ"

အစိမ်းရောင်အင်္ကျီ ဝတ်ဆင်ထားသောလူက လက်အောက်သို့ တန်းလန်းချလိုက်ပြီး အတန်ကြာတော့မှ သူ၏အမြင်ကို ပြောပြလိုက်လေသည်။

"သူဟာ အလွန်အန္တရာယ်ရှိတဲ့ လူတစ်ယောက်ပါပဲ"

သူသည် ထိုစကားပြောရန်မှာ သေသေချာချာ စဉ်းစားပြီးမှ ပြောလိုက်ခြင်း ဖြစ်၏။

လုံဂူက...

"ဓားဆိုတော့ကော အလွန်အန္တရာယ်များတဲ့ အရာတစ်ခု မဟုတ်လား"

အစိမ်းရောင်အင်္ကျီ ဝတ်ဆင်ထားသောလူက ခေါင်းညိတ်ပြလိုက်၏။

"ဓားဟာ လူကို သတ်လို့ရတဲ့အပြင် တစ်ခါတလေ ကိုယ့်လက်ကိုလဲ ပြန်ထိတတ်ပါတယ်"



လုံဂူက...

"တကယ်လို့ ဒီဓားဟာ မင်း လက်ထဲမှာ ရှိနေမယ်ဆိုရင်ကော..."

အစိမ်းရောင်အင်္ကျီ ဝတ်ဆင်ထားသောလူက...

"ကျုပ်လက်ကို တစ်ခါမှ ပြန်မထိဖူးသေးပါဘူး"

လုံဂူက ပြုံးလိုက်သည်။

"မင်းက ဓားကို သုံးဖို့ နှစ်သက်သလို ငါလဲ အန္တရာယ်များတဲ့ လူကိုမှ အသုံးချချင်တာ"

အစိမ်းရောင်အင်္ကျီ ဝတ်ဆင်ထားသောလူက...

"ကျုပ် သဘောပေါက်ပါပြီ"

လုံဂူက...

"မင်း သဘောပေါက်လိမ့်မယ်လို့ ငါ ထင်ပြီးသားပါ"

သူသည် ပြောပြီးသည်နှင့် မျက်လုံးမှိတ်ထားလိုက်လေတော့သည်။

➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com



## စိတ်ဝင်စားဖွယ်ရာကိစ္စများ

(၁)

လျှူချုန်ရဲ့သည် မင်တန်၏ခြံဝင်းထဲမှ ထွက်လာခဲ့လေပြီ။

သူသည် မင်တန်အား မတွေ့ခဲ့ရတော့ပေ။

ခြံဝင်းထဲမှ တစ်လမ်းလုံး လျှောက်လာခဲ့ရာ လူရိပ်တစ်ခုမှ မတွေ့ခဲ့ရချေ။

ထို့နောက် သူသည် လမ်းမကြီးအတိုင်း အေးအေးဆေးဆေး၊ သူသည် ပျော်မျော်ရွှင်ရွှင် လျှောက်နေ၏။

မိမိ၏စိတ်ထဲတွင် ငွေငါးသောင်းရှိသော လူတစ်ယောက်၏ ရင်ထဲတွင် ဤကဲ့သို့ ပျော်ပျော်ရွှင်ရွှင် ရှိနေကြမည်သာ ဖြစ်ပေသည်။

ယခု သူတွေးတောနေစဉ်မှာပင် ယင်းငွေငါးသောင်းကို မည်ကဲ့သို့ သုံးရမည်နည်းဟူ၍ ဖြစ်လေသည်။

သို့သော် ဤပြဿနာသည် ဖြေရှင်းရန် အလွန်လွယ်ကူလှသည် မဟုတ်ပါလော။



သူသည် ပျော်ပျော်ပါးပါး နေထိုင်ရန် အကြောင်းအချိန် ရှိသည်။

စိတ်ထင်တိုင်း သုံးနိုင်ရန် ငွေငါးသောင်း ရှိနေ၏။

ထို့ကြောင့် သူသည် စိတ်လက်ပေါ့ပါးနေမိလေသည်။

≺ ≺ ≺

(၂)

ဤမြို့ကလေးသည် အလွန်စည်ကားသော မြို့ကလေး တစ်မြို့ပင် ဖြစ်သည်။

အလွန်စည်ကားသော မြို့ထဲတွင် လောင်းကစားဂေဟာနှင့် ကြေးစားဂေဟာ ရှိကြစမြဲ ဖြစ်သည်။

ဤဂေဟာနှစ်ခုစလုံးမှာ ငွေကို အမြန်ဆုံး ကုန်ခမ်းနိုင်အောင် ဆောင်ရွက်နိုင်သော ဌာန ဖြစ်သည် မဟုတ်ပါလော။

အထူးသဖြင့် လောင်းကစားဂေဟာ ဖြစ်၏။

လျှူချုန်ရဲ့သည် ကြေးတန်းစားဂေဟာထဲသို့ ဝင်ရောက်ပြီး အဖိုးအခ အကြီးဆုံး မိန်းကလေးငါးယောက်အား ငှားရမ်းလိုက်လေ၏။

အကောင်းဆုံး စားသောက်ဆိုင်ပေါ်သို့ တက်၍ အကောင်းဆုံး ဟင်းလျာများနှင့် အကောင်းဆုံး အရက်အား အားရပါးရ

www.burmeseclassic.com



သောက်စားလိုက်လေ၏။

ပြီးနောက် ခြေလှမ်းယိမ်းယိုင်ကာ လောင်းကစားဂေဟာသို့ ထွက်ခွာသွားလေ၏။

အရက်အလွန်အကျွံ သောက်ပြီးမှ လောင်းကစား ပြုလုပ်ခြင်းသည် မိမိ၏ဦးခေါင်းနှင့် ကျောက်တုံးအား ဝင်တိုက်ရသာ ရောက်မည် ဖြစ်ပါသည်။

အနိုင်ရရှိနိုင်ရန်မှာ မည်သို့မျှ မဖြစ်နိုင်ပေ။

သို့သော် လောကပေါ်၌ ထူးထူးဆန်းဆန်း တစ်ခါတစ်ရံ ဖြစ်တတ်ပေသည်။

လောင်းကစားအိမ်တွင် လျှုချုန်ရဲ့က အနိုင်ရရှိလာပြန်လေသည်။

သူသည် ငွေငါးသောင်း ထပ်မံအနိုင်ရရှိလိုက်ခြင်း ဖြစ်၏။

သူသည် ခေါ်ဆောင်လာသော အမျိုးသမီးများအား တစ်ယောက် ငွေတစ်သောင်းပေးရန် ဆုံးဖြတ်လိုက်၏။

သို့သော် နောက်တစ်နေ့ သူက အရက်မူးပြေ၍ အိပ်ရာမှ နိုးလာသောအခါ ထိုမိန်းကလေးများသည် ငွေတစ်ထောင်ပင် မတန်သည်ကို တွေ့ရှိရသောအခါ သူတို့အား တစ်ယောက်လျှင် ငွေတစ်ထောင်ပေး၍ ပြန်လွှတ်လိုက်ရလေသည်။



(၃)

လျှုချုန်ရဲ့သည် ထင်းရှမ်းစားတော်ဆက်သို့ ဝင်ရောက်လာသောအခါ မွန်းတည့်ချိန်ပင် မရောက်သေးပေ။

သူသည် ငွေရှစ်ရာအကုန်ခံ၍ ထမင်းဟင်းလျာများကို မှာ[illegible]းလိုက်လေ၏။

စားပွဲတစ်ခုလုံးမှာ အကောင်းစားဟင်းလျာများ ပြည့်နှက်နေ၏။ သို့သော် သူသည် လုံးဝမစားနိုင်တော့ဘဲ ထမင်း ဟင်းလျာများအား ထိုင်၍ ကြည့်နေရလေ၏။

ညတုန်းက ထပ်မံကစားရာ သူသည် ကံကောင်းထောက်မ၍ အနည်းငယ် ရှုံးသွားသည် ဖြစ်သော်လည်း အိတ်ထဲတွင် ငွေနှစ်သောင်းခန့် ကျန်ရှိနေသေး၏။

ယခုမှ သူသည် ဆယ်ရက်အတွင်းမှ ငွေငါးသောင်းအား [illegible]ဘီးဖို့ အမှန်တကယ် မလွယ်မှန်း သိရှိလာလေ၏။

ယခုအချိန်သည် နွေဦးရာသီ ဖြစ်သည်။

နေရောင်ခြည်သည် လတ်ဆတ်၍ နွေးထွေးလှ၏။

သူသည် မြို့ပြင်သို့ လမ်းလျှောက်ထွက်သွားမည်ဟု ဆုံးဖြတ်လိုက်၏။

လတ်ဆတ်သော လေကောင်းလေသန့်များသည် သူ၏ငွေ

www.burmeseclassic.com

www.burmeseclassic.com



များ ဖြုန်းတီးနိုင်ရန် အကြံကောင်းဉာဏ်ကောင်း ရလာလိမ့်မည် မျှော်မှန်းထားလေ၏။

ထို့ကြောင့် သူသည် အဖိုးတန်သော မြင်းနှစ်ကောင်အ ဝယ်ယူလိုက်လေသည်။ ထို့ပြင် မြင်းလှည်းတစ်စီးပါ ဝယ်ယူလိုက်

မြင်းလှည်းမောင်းရန်လည်း သန်မာထွားကျိုင်းသော ငယ်တစ်ယောက်ကိုပါ ငှားရမ်းလိုက်လေ၏။

ထို့နောက် မြို့ပြင်သို့ မောင်းနှင်ထွက်ခွာသွားလေသည်

⪡ ⪡ ⪡

(၄)

မြို့ပြင်၌ မြင်ကွင်းတစ်ခုလုံး စိမ်းလန်းစိုပြည်နေ၏။

သူသည် မြင်းလှည်းအား သစ်ပင်တစ်ပင်အောက်၌ ရပ်ထ စေပြီး ရေကန်တစ်ခု ရှိရာသို့ အေးဆေးစွာ လျှောက်သွားလေသည်

သူသည် ခြေဦးတည့်ရာသို့ လျှောက်သွားမိသောအ သူ၏မျက်လုံးအစုံ ဝင်းလက်သွားလေ၏။

အကြောင်းမှာ သူသည် စိမ်းလန်းစိုပြည်လှပသော သ ဝရှခင်းထက် ဆယ်ဆမက လှပသော မိန်းကလေးတစ်ယောက်အ တွေ့မြင်လိုက်ရလေ၏။

ထိုမိန်းကလေးသည် ခြံဝင်းတစ်ခုထဲတွင် ကြက်စာကျွေ



လေသည်။ သူမ၏ကိုယ်ပေါ်တွင် အစိမ်းရောင်ဖျင်ကြမ်းဖြင့် ချုပ် ထားသော အင်္ကျီနှင့် ဂါဝန်ရှည်ဝတ်ဆင်ထား၏။

သူမ၏လက်ထဲတွင် ဆန်များ ဆုပ်ကိုင်ထားကာ လှပ ငယ်သော နှုတ်ခမ်းအား စူထားကာ ကြက်များကို ခေါ်၍ ကျွေးနေလေ၏။

သူသည် ဤကဲ့သို့ လှပသော နှုတ်ခမ်းမျိုးကို တစ်ကြိမ်တစ် မတွေ့မြင်ခဲ့ဖူးပေ။

သူမ၏ကိုယ်ပေါ်၌ ဝတ်ဆင်ထားသော ဖျင်ကြမ်းအင်္ကျီမှာ နေရာ၌ စုတ်ပြဲနေသည် ဖြစ်သော်လည်း အလွန်တန်ဖိုးရှိ ပိုးဖဲအင်္ကျီများ ဝတ်ဆင်ထားသည်ထက်ပင် ကြည့်ကောင်းနေ ကို ခံစားမိလေ၏။

ထိုအချိန်တွင် အိမ်ခန်းထဲမှ ယောကျ်ားတစ်ယောက် ထွက် လာသည်။ အသက်အရွယ် မငယ်တော့သည့်အပြင် အလွန်အ ဆာန်လေသည်။

အထူးသဖြင့် ထိုလူ၏မျက်လုံးသည် အမျိုးသမီး၏ တစ် လုံး ခြုံ၍ ပြုံးစိစိဖြင့် ကြည့်နေ၏။

သူမ၏ဆက်ဆံပုံမှာ လင်မယား ဖြစ်နိုင်သည်ဟု ခန့်မှန်းမိ ည်။

လျူချုန်ရဲ့၏ရင်ထဲ၌ မကျေမနပ် ဖြစ်လာ၏။

သူသည် ထိုလူ၏နှာခေါင်းအား လက်သီးတစ်လုံး ပစ်သွင်း စိတ်များ ဖြစ်ပေါ်လာလေ၏။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူက ဝင်ထိုးရန် မသင့်ဟု ကိုယ့်ကိုယ်ကို အ
စိတ်ဖြင့် ထိန်းထားလေ၏။

သူက ပြန်လှည့်သွားသည်။

မြင်းလှည်းအား မြို့ထဲသို့ မောင်းနိုင်းသည်။

ငွေလဲလက်မှတ်များကို ငွေတုံးအပြည့်လဲပြီး သေတ္တာ
လုံးဖြင့် ထည့်၍ ထိုရွာကလေးသို့ ပြန်လည်မောင်းနှင်လာလေသ

(၅)

အမျိုးသမီးက ကြက်စာကျွေးခြင်းမှ ရပ်တန့်သွားပြီ ဖြစ်

ဖနီးမောင်နှံတို့သည် အိမ်ရှေ့ခုံတန်းပေါ်တွင် ထိုင်နေ
သည်။ လျှုချုန်ရဲ့က ခြံတံခါးတွန်းဖွင့်၍ ဝင်သွားသည်။

ထိုလူက မေးလိုက်သည်။

"မင်းက ဘယ်သူလဲ ဘာလာလုပ်မလို့လဲ"

လျှုချုန်ရဲ့က ပြုံးလိုက်သည်။

"ကျုပ်က 'လျှု' အမျိုးအနွယ်ပါ၊ ခင်ဗျားတို့ကို တွေ့ချင်
ပါ"

ထိုလူက...

"မင်းကို ငါ မသိပါလား"

လျှုချုန်ရဲ့က ငွေတုံးတစ်တုံး ပြ

"ဒါကို ခင်ဗျား သိလား"

ငွေဟူသည် လူတိုင်းပင် သိကြမည်[illegible]ည်။

သာ။ ထိုလူ၏မျက်လုံးများ ဝင်းလက်သွား[illegible]ထဲသို့ ဝင်သွားလေ

လျှုချုန်ရဲ့က...

"ဒီလို ငွေတုံးမျိုး ခင်ဗျားမှာ ဘယ်လောက်ရှိ[illegible]

ထိုလူက ပါးစပ်ပိတ်ထားလိုက်၏။

ဤကဲ့သို့ ငွေတုံး သူ့မှာ တစ်လုံးမျှမရှိပါ။

လျှုချုန်ရဲ့က ရယ်မောလိုက်၏။

သူသည် လက်တစ်ချက် ဝှေ့ယမ်းလိုက်သည်နှင့် မြင်း
ည်းမောင်းသမားသည် သေတ္တာလေးလုံးအား ခြံဝင်းထဲသို့ လာ
သ၏။

သေတ္တာ၏အဖုံးအား ဖွင့်ပြလိုက်သောအခါ ထိုလူ၏မျက်
များ ပြူးထွက်မတတ် ဖြစ်သွား၏။

အမျိုးသမီး၏မျက်နှာမှာလည်း နီရဲသွား၏။ လျှုချုန်ရဲ့က...

"သည်ငွေတုံးများကို ခင်ဗျား လိုချင်သလား"

ထိုလူက ခေါင်းညိတ်လိုက်၏။

"ခင်ဗျား လိုချင်ရင် ကျုပ် အားလုံး ပေးပါမယ်"

ထိုလူ၏ပါးစပ် ဟောင်းလောင်း ဖြစ်သွား၏။

လျှုချုန်ရဲ့က...

"ခင်ဗျားက ငွေသေတ္တာနှစ်လုံးကို ယူသွားပါ၊ မြင်းလှည်း၏

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူက ဝ ခင်ဗျားက ခုနစ်ရက်ကြာမှ ပြန်လာ

စိတ်ဖြင့် ထိန်းထားလေ၏

သူက ပြန်လှ အမျိုးသမီးအား ကြည့်လိုက်၏။

မြင်းလှည်း သေတ္တာနှစ်လုံးက ခင်ဗျား မိန်းမအတွက်

ငွေလဲလ ပြည့်ပြီး ခင်ဗျား ပြန်လာရင် မယားနဲ့

လုံးဖြင့် တည်

လူ၏တစ်ကိုယ်လုံး ချွေးပြန်လာ၏။

သူက အမျိုးသမီးအား လှည့်ကြည့်လိုက်၏။

အမျိုးသမီးက သူ့အား မကြည့်ဘဲ ငွေသေတ္တာအား ကြ လိုက်လေသည်။ ထိုလူက...

"မင်း ဘယ်လိုသဘောရသလဲ မိန်းမ"

အမျိုးသမီးက စကားတစ်ခွန်းမှ မပြောဘဲ အိမ်ခန်းထဲ ပြေးဝင်သွားလေသည်။ လျှူချန်ရဲ့က...

"ခင်ဗျား သဘောတူရင် ငွေသေတ္တာနှစ်လုံး မြင်းလှ ပေါ် တင်ပေးလိုက်ပါ၊ ခုနစ်ရက်ပြည့်လို့ ပြန်လာတဲ့အခါ ငွေနဲ့ မိန်း ခင်ဗျားပဲ ပိုင်ပါစေမယ်"

ထိုလူက စကားတစ်ခွန်းမျှ မပြောတော့ပါ။

သူသည် ငွေသေတ္တာနှစ်လုံးအား မ၍ မြင်းလှည်းပေါ် တင်လိုက်လေသည်။ ထို့နောက်...

မြင်းလှည်းအား လျင်မြန်စွာ မောင်းနှင်လိုက်၏။

< < <



(၆)

မြင်းလှည်း ထွက်ခွာသွားပြီ ဖြစ်သည်။

လျှူချန်ရဲ့က တံခါးတွန်းဖွင့်ပြီး အိမ်ထဲသို့ ဝင်သွားလေ သည်။ အမျိုးသမီးက ထိုင်နေ၏။

လျှူချန်ရဲ့က...

"နင် ဘာတွေ စဉ်းစားနေတာလဲ"

အမျိုးသမီးက...

"နင်က မအေပေး သောက်ကျင့်ယုတ်တာကို စဉ်းစားနေ တာပဲ"

လျှူချန်ရဲ့က ရယ်မောလိုက်သည်။

"ငါ ဝင်မလာခင်က နင်ရဲ့ ပထမပြောမယ့် စကားလုံးဟာ အေပေး မပါရင် မပြီးလို့ ထင်သားပဲ"

< < <

(၇)

ဤအမျိုးသမီး၏အမည်မှာ ဝူရွက်အော့ ဖြစ်၏။

သူမသည် လျှူချန်ရဲ့အား သိကျွမ်း၏။

www.burmeseclassic.com

www.burmeseclassic.com



သူတို့မှာ စိတ်ဆွေများ ဖြစ်ကြလေ၏။
ဤသို့ဆိုလျှင်…
သူတို့က မည်သို့ ဖြစ်နေကြပါသနည်း။
သူတို့က စောင့်ကြည့်နေသည်လော။
ဘာကြောင့် စောင့်ကြည့်နေရသနည်း။
မည်သူ့အား ကာကွယ်ရန် စောင့်ကြည့်နေကြသနည်း။

➤ ➤ ➤

(၈)

ဝူရှက်အောက မတ်တပ်ရပ်လိုက်ပြီ ဖြစ်သည်။
သူမသည် လက်နှစ်ဘက် ခါးထောက်လိုက်၏။
"ငါ မေးပါရစေ၊ တကယ်လို့ သည်လို လင်မယားနှစ်ယောက် ရှိတယ်၊ နင့်လို လူစားမျိုးနဲ့ တွေ့လို့ အခုလို ကိစ္စမျိုး တကယ် ပေါ်လာရင် နင် ဘာလုပ်မလဲ"
သူမ၏စကားကို လျူချန်ရဲ့က ရုတ်တရက် မဖြေနိုင်ဘဲ ငေး သွားလေသည်။ အတန်ကြာတော့မှ…
"ငါ့ကိုယ်ငါ သူတော်ကောင်းတစ်ယောက် မဟုတ်ဘူးလို့ ဝန် ခံပါတယ်၊ ဒါပေမယ့် သည်လို ယုတ်ညံ့တဲ့ အလုပ်ကို လုပ်မှာ မဟုတ် ပါဘူး"



"ငါ နင့်ကို ပြောနေတာ မဟုတ်ဘူး၊ သည်လို လူမျိုးရှိခဲ့ရင် …တယ်"
"ဒါတော့ ငါလဲ မဖြေတတ်ဘူး"
"သည်အကြံကို နင်က အကြံပေးတာလား"
"ဟုတ်တယ်၊ သည်လို အကြံပေးတဲ့ သဘောက ငါ့ဟာ …ပျက်တဲ့ လူတစ်ယောက် ဖြစ်တယ်ဆိုတာ၊ လုံ့ဂူ့အထင်ရောက် …ချင်လို့ပါ၊ သူ သံသယ ဖြစ်မလာအောင် ငါတို့က အထူးဂရု …ရမယ်၊ သူ့မှာ နား မျက်စိ အတော်များတယ် မဟုတ်လား"
"ခုနတုန်းက…"
"ခုနတုန်းက ငွေသေတ္တာ လာပို့တဲ့ မြင်းလှည်းသမားလဲ …ဖြစ်တယ်"
"နင် သိလို့လား"
"အကဲခတ်လို့ ရပါတယ်၊ မြင်းလှည်းသမားရိုးရိုးတစ် …တ်ဆိုရင် ငွေသေတ္တာလေးလုံးကို မြင်လိုက်တာနဲ့ ဒါလောက် …ရှာ မဟုတ်ဘူး"
"ဟုတ်တယ်"
"နောက်ပြီး ဒီနေရာတစ်ဝိုက်မှာလဲ သူ့ရဲ့ နား မျက်စိတောင် …သေချာတယ်"
"ဒါလဲ ဖြစ်နိုင်တယ်"
"ခြသေ့်အသည်း ဓင်တန်ကို နင်လဲ သိမှာပါ"
"သိသားပဲ၊ သူဟာ လုံ့ဂူရဲ့ မဟာရန်သူလို့ အားလုံးက သိ

www.burmeseclassic.com



ထားတယ်"

"သူ့ကို ဘယ်လိုမြင်သလဲ"

ဝူရွက်အော့က ပါးစပ်ပိတ်ထားလိုက်သည်။

လျူချန်ရဲ့က ပြုံးလိုက်သည်။

"ငါ့ကို လုံဂူက ရိုက်နှက်ပြီး ထင်းရှမ်းစားတော်ဆက်ရဲ့ ခေါင်မိုးတံစက်မြိတ်မှာ ကြိုးနဲ့ တွဲလောင်းချည်ထားတာကို ဘယ်သူက လာကယ်သလဲလို့ နင် သိလား"

"မင်တာန့်ပဲ မဟုတ်လား"

လျူချန်ရဲ့က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ ဒါပေမယ့် သူဟာ လုံဂူရဲ့ ရန်သူ မဟုတ်ဘူးကွ"

"ရန်သူ မဟုတ်ရင် မိတ်ဆွေလား"

လျူချန်ရဲ့က ပြုံးလိုက်သည်။

"ဟုတ်တယ်၊ သူ ငါ့ကို ကယ်ပြီး အများကြားကောင်းအောင် လုံဂူကို အားရပါးရ ဆဲဆိုကြတယ်၊ ပြီးမှ ငါ့ကို လုံဂူဆီ ပြန်ပို့ပေးတယ်"

ဝူရွက်အော့က ပါးစပ်ပိတ်ထားလိုက်၏။ လျူချန်ရဲ့က—

"ငါ အခုလို အနှိပ်စက်ခံလိုက်ရတာ နင် မသနားဘူးလား"

ဝူရွက်အော့က...

"တော်စမ်းပါ၊ နင်များ နေ့စဉ်နေ့တိုင်း မိန်းမတွေ ဝိုင်းလည်နေတာကို ငါ မသိဘူးများ ထင်နေသလား"



"အဲသည် မိန်းမတွေ အားလုံး ပေါင်းလိုက်ရင် [illegible]င်းတစ်ယောက်တည်းကို မမီပါဘူးကွာ"

ဝူရွက်အော့က ပြုံးလိုက်လေသည်။

"ငါ့ကို မြှောက်မနေနဲ့ ကိုယ့်တာဝန်နဲ့ကိုယ် သိပါ၊ ငါ့ကို လက်ချောင်းကလေးတစ်ချောင်းနဲ့ ထိဖို့တောင် စိတ်မကူးပါနဲ့"

"နင်နဲ့ ငါနဲ့ ပူးပေါင်းလုပ်ရမယ် မဟုတ်လား၊ ရင်းရင်းနှီးနှီး နေဖို့တော့ လိုလိမ့်မှာပေါ့"

ဝူရွက်အော့က ခေါင်းခါယမ်းလိုက်သည်။

"စကားမများနဲ့ အခုအချိန်ကစပြီး ငါက ခုတင်ပေါ်မှာ အိပ်ပြီး နင်က ကြမ်းပေါ်မှာ အိပ်ရမယ်"

သူမက စကားဆက်လိုက်ပြန်သည်။

"တကယ်လို့ နင်က ကျူးကျော်လာမယ်ဆိုရင် ငါ လုံဂူဆီသွားပြီး နင့်ရဲ့ ကိုယ်ရေးရာဇဝင်အားလုံးကို ဖော်ထုတ်ပစ်ရမှာပဲ"

လျူချန်ရဲ့က သက်ပြင်းတစ်ချက်ချလိုက်၏။

"နင့်ကို တွေ့ရတာ ငါ ကံဆိုးသွားပြီလား မသိဘူး"

ဝူရွက်အော့က ပြုံးလိုက်သည်။

"နင့်နာမည်က လမ်းမရှည်လို့ အဓိပ္ပါယ်ရတယ်၊ ငါ့နာမည်က လဝန်းလို့ အဓိပ္ပါယ်ရတယ်၊ လဝန်းဟာ လမ်းမကြီး လမ်းကြားကလေး ရှိသမျှ လမ်းတွေကို အလင်းရောင်ပေးနိုင်တယ်ဆိုတာ သဘောပေါက်ပါ"

➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com



## လဝန်းနှင့်လမ်းမ

### (၁)

လျှုချုန်ရဲ့သည် ဂူရွက်အော့အား အတန်ကြာ စိုက်ကြည့်လိုက်လေသည်။ ဂူရွက်အော့က…

"နင်က ငါ့ကို မတွေ့ဖူးဘူးလား"

လျှုချုန်ရဲ့က…

"တွေ့ဖူးပါတယ်၊ ဒါပေမယ့် နည်းနည်းအံ့ဩနေမိလို့ပါ"

ဂူရွက်အော့က…

"ဘာကို အံ့ဩနေတာလဲ"

"ဘယ်နှယ့် ကြံကြံဖန်ဖန် မင်းကိုမှ ရွေးပြီး ငါနဲ့ လာတွေ့ရတယ်လို့"

"ဒါကတော့ ငါက ဂူလောက်ရယ်လို့ အများက ခေါ်ကြတဲ့ ဂူလိဝ်ရဲ့သမီး ဖြစ်နေလို့၊ ငါက ဉာဏ်လဲကောင်းတယ်၊ လုပ်ရည်ကိုင်ရည် ရှိတယ်၊ အကင်းပါးတယ်၊ ဘာမဆို လုပ်နိုင်တယ်၊ ဘာမဆို သိတယ်၊ နားလည်သဘောပေါက်လွယ်တယ်"



"တော်ပါတော့"

လျှုချုန်ရဲ့က သူမ၏ရှည်လျားသော စကားအား ဖြတ်ာက်လိုက်သည်။

"နင်ဟော မြေခွေးမလေး၊ အလွန်ကောက်ကျစ်တဲ့ မြေခွေးလေး ကဲ…"

အမှန်တော့ သူမအား မြေခွေးမလေးလို့ ခေါ်လိုက်သည် ခေါ်သင့်၍ ခေါ်လိုက်လေသည်။ အဘယ်ကြောင့်ဟူမူ…

သူမ၏ဖခင်သည် သိုင်းလောကမှာ လျှမ်းလျှမ်းတောက်ကြားပြီး ယခုအခါမှာ အနားယူပြီ ဖြစ်သော 'မြေခွေးကြီးဂူ' ဖြစ်သည်။

ဘယ်သူမဆို မြေခွေးကြီးဂူလိဝ်ဟူသော အမည်ကို ကြားရသည်နှင့် ခေါင်းနပန်းကြီးသွားကြတတ်လေ၏။

ဂူရွက်အော့၏အသံ အေးစက်သွားသည်။

"ငါလဲ အလွန်အံ့ဩနေတယ်"

လျှုချုန်ရဲ့က သူမအား ကြည့်လိုက်သည်။

"နင်က ဘာကို အံ့ဩနေရတာလဲ"

"ဖေဖေက ဘာဖြစ်လို့ နင်ကမှ လုံဂူကို ရင်ဆိုင်နိုင်တယ်လို့ တာလဲဆိုတာရယ်၊ နောက်ပြီး နင့်ရဲ့ အလုပ်တာဝန်ကို ဘာင် ငါ့ကို တွဲခိုင်းထားတာလဲဆိုတာ ငါ လုံးဝ နားမလည်ဘူး"

လျှုချုန်ရဲ့က…

"ဒါကတော့ ငါဟာ သိုင်းပညာ အလွန်အဆင့်မြင့်တယ်၊

www.burmeseclassic.com

www.burmeseclassic.com



ဉာဏ်ကောင်းတယ်၊ လုပ်ရည်လဲ ရှိတယ်၊ ဒါပေမယ့် ငါက ကြွားဝါမနေဘူး၊ ထင်ပေါ်ကျော်ကြားအောင် မလုပ်ဘူး၊ ဒါကြောင့် သိုင်းလောကမှာ ငါ့ကို သိတဲ့လူက နည်းတယ်၊ နာမည်လည်း မကြားဘူးတဲ့၊ လူကများတယ်၊ ငါ့မှာ ချို့ယွင်းချက်ကလေး နည်းနည်းပါးပါးတော့ ရှိတယ်၊ ဒါပေမယ့် ကောင်းတဲ့အကျင့်က အများကြီး၊ ဒါကြောင့် နင့်အဖေက ငါ့ကို သမက်တော်ဖို့ ဆုံးဖြတ်ထားလို့ပါ"

ဂူရွက်အော့က မျက်နှာထားတင်းမာသွား၏။

"နင် လာကြွားနေသလား၊ ဒါမှမဟုတ် အီးပေါက်နေတာလား"

သူမက ပြောပြီး မနေနိုင်ဘဲ ရယ်မောလိုက်လေသည်။

သို့သော် မျက်နှာထား ချက်ချင်းတင်းလိုက်သည်။

"နင့်ရဲ့ လုပ်ရပ်တွေ ပြောပြပါဦး"

လျူချန်ရဲ့က…

"ငါ လုံဂူနဲ့ နှစ်ကြိမ် တွေ့ခဲ့ပြီ"

ဂူရွက်အော့က…

"ဒါနဲ့ ဘာဖြစ်လို့ သူ့ကို အမိအရ မဖမ်းလိုက်တာလဲ"

လျူချန်ရဲ့က…

"ငါက နင့်လို ဉာဏ်မရှိဘဲ၊ နင် ပြောသလို လုပ်လိုက်ရင် နင် အခုလို ငါ့ကို တွေ့တဲ့အခါမှာ ငါဟာ လူသေအလောင်း ဖြစ်နေပြီပဲ"

ဂူရွက်အော့က အေးတိအေးစက်သော အသံဖြင့်…



"နင့်ရဲ့ သိုင်းပညာဟာ သိုင်းလောကမှာ ပထမအဆင့် ရှိနေပြီလို့ ဖေဖေက အမြဲတမ်း ချီးကျူးတယ်၊ မြို့စားကြီးဝမ်ချွဲကလဲ ချီးကျူးတဲ့ စကားကို ငါ ကြားခဲ့တယ်၊ ဒါနဲ့များ နင်က သူ့ကို ကြောက်နေလို့လား"

လျူချန်ရဲ့၏မျက်နှာ တည်ကြည်လေးနက်သွားလေ၏။

"သူ့ရဲ့ သိုင်းပညာကို ငါ မကြောက်ပါဘူး၊ ဒါပေမယ့် သူ့ကိုတော့ ကြောက်တယ်"

ဂူရွက်အော့က သူ့အား အကဲခတ်ကြည့်နေ၏။

"သူ့ရဲ့ သိုင်းပညာက သတင်းစကား ကြားရတဲ့အထိ အတော် ကြောက်စရာကောင်းနေလို့လား"

လျူချန်ရဲ့က…

"သူ့ရဲ့ သိုင်းပညာနဲ့ ဝတ်သက်လို့ သတင်းစကားထက်တောင် ကြောက်စရာကောင်းပါတယ်၊ သိုင်းလောကမှာ ထိပ်သီးဂိုဏ်းခုနစ်ဂိုဏ်းရဲ့ ဂိုဏ်းချုပ်အပါအဝင် သိုင်းလောကမှာ သူ့ကို သိုင်းကွက်နှစ်ရာအထိ ခံနိုင်တဲ့လူ မရှိဘူးလို့ ငါ ပြောရဲတယ်"

ဂူရွက်အော့က…

"နင်တော့…"

လျူချန်ရဲ့က ထိုမေးခွန်းကို မဖြေဘဲ ဆက်လက်ပြောပြလိုက်လေသည်။

"နောက်ပြီး သူ့အနားမှာ အလွန်ကြောက်စရာကောင်းတဲ့ လူတစ်ယောက် ရှိသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဂူရွက်အော့က…

"လန်ထင်းမင်"

လျှူချန်ရဲ့က ရယ်မောလိုက်သည်။

"သည်ခြင်္သေ့က အိုပါပြီ၊ နောက်ပြီး လှောင်အိမ်ထဲမှာ အနေကြာသွားတဲ့အတွက် လူကို တိုက်နိုင်သေးပေမယ့် အရှင်လို မတုတ်နိုင်တော့ပါဘူး၊ အားမာန်လဲ အရင်လောက် မထက်မြက်တော့ပါဘူး"

ဂူရွက်အော့၏ မျက်လုံးများက တစ်ချက် ဝေ့လိုက်လေသည်။

"လုံဂူရဲ့ လက်အောက်မှာ ခြင်္သေ့တစ်ကောင်၊ ကျားတစ်ကောင်နဲ့ ဒေါင်းတစ်ကောင် ရှိတယ်လို့ ကြားတယ်၊ သူတို့ဟာ အတော် ကြောက်စရာကောင်းတယ်လို့ သိရတယ်"

လျှူချန်ရဲ့က…

"ခြင်္သေ့က အိုပါပြီ၊ ကျားနက်ကလဲ ထောင်ထဲ ရောက်သွားပါပြီ၊ ဒေါင်းက လှပေမယ့် လူကို မကိုက်နိုင်တော့ပါဘူး"

ဂူရွက်အော့က…

"နင် ပြောတဲ့လူက သူတို့ မဟုတ်ဘူးလား"

လျှူချန်ရဲ့က ခေါင်းခါယမ်းလိုက်၏။

"မဟုတ်ဘူး"

"သူတို့ မဟုတ်ရင် ဘယ်သူလဲ"

လျှူချန်ရဲ့က…



"ငါ ပြောတဲ့လူဟာ အသက်လေးဆယ်လောက်တော့ ရှိမယ်၊ သူ့ရဲ့မျက်နှာရုပ်အသွင်ကတော့ အလွန်သဘောကောင်းပုံရတယ်၊ သူဟာ အစိမ်းရောင်အင်္ကျီနဲ့ ခြေအိတ်ဖြူကို အမြဲတမ်း ဝတ်ထားတယ်"

သူက စကားဆက်လိုက်သည်။

"သူဟာ သိုင်းပညာ အလွန်အဆင့်မြင့်တယ်ဆိုတာ ငါ အကဲခတ်မိတယ်၊ ဒါပေမယ့် သူ့ကို ကြည့်ရတာ လုံဂူရဲ့ ကျေးကျွန်လို ရိုးရိုးသားသားနေတတ်တယ်"

ဂူရွက်အော့က…

"ဒါနဲ့ နင်က သူ့ရဲ့ သိုင်းပညာ အဆင့်မြင့်တယ်လို့ ဘယ်လိုလုပ်သိတာလဲ"

လျှူချန်ရဲ့က…

"ခြင်္သေ့ရဲ့ သိုင်းပညာကို ငါက တွေ့ခဲ့တယ်၊ သူ့ရဲ့လက်ဝါးရိုက်အားဟာ ဘယ်လောက် ပြင်းတယ်ဆိုရင် အိမ်ခန်းတစ်ခုလုံးတောင် တုန်ခါသွားတယ်၊ အဲသည် အစိမ်းရောင်အင်္ကျီ ဝတ်ထားတဲ့သူဟာ သူ့ရဲ့အင်္ကျီစတောင် လုံးဝမလှုပ်ခဲ့ဘူးလို့ တွေ့လိုက်ရတယ်"

သူက စဉ်းစားပြီးမှ ထပ်၍ ပြောပြလိုက်၏။

"သူက ငါ့ကို အရက်ငှဲ့ပေးတဲ့အခါ သူ့လက်ကို ငါ သတိထားမိပြီး အကဲခတ်မိတယ်၊ သူ့လို တည်ငြိမ်တဲ့ လက်မျိုးကို ငါ တစ်ခါမှ မတွေ့ဖူးဘူး၊ သူက အလွန်လေးလံတဲ့ အရက်ကရားကို ကိုင်ပြီး အရက်ငှဲ့ပေးတာ၊ တစ်ချက်ငှဲ့လိုက်တာနဲ့ တစ်ခွက် အပြည့်ပါ၊ တစ်

www.burmeseclassic.com

www.burmeseclassic.com



စက်မှုလဲ မမိုဘူး"

ဂူရှက်အော့က ငြိမ်သက်စွာ နားထောင်နေသည်။

အတန်ကြာတော့မှ...

"သူက ဘာလက်နက် သုံးတတ်တယ်ဆိုတာ အကဲခတ်မိ ရဲ့လား"

လျူချန်ရဲ့က...

"သူ့ရဲ့လက်ဟာ လက်နက်ကိုင်တဲ့ အရိပ်အခြေအတောင် မတွေ့ခဲ့ရဘူး"

မည်သည့်လက်နက်မျိုးမဆို နှစ်ရှည်လများ လေ့ကျင့်ခဲ့လျှင် လက်ဝါးမှာ အသားမာများ တက်ရမည်သာ ဖြစ်မည်။

ဂူရှက်အော့က အတန်ကြာ စဉ်းစားပြီးမှ...

"သူက ဘယ်ဘက်လက်ကို အလေးထားပြီး လေ့ကျင့်တဲ့ လူစားမျိုးလား မသိ"

လျူချန်ရဲ့က...

"ဖြစ်နိုင်တယ်"

ဂူရှက်အော့က...

"ဘယ်ဘက်လက်နဲ့ နာမည်ကြီးတဲ့ သိုင်းအကျော်အမော်ထဲမှာ ထိပ်တန်းအဆင့်နေရာမှာ ရှိတဲ့လူက ဘယ်သူလဲ"

လျူချန်ရဲ့က ရယ်မောလိုက်၏။

"ဒါကတော့ နင့်ကိုပဲ မေးရမှာပဲ၊ နင်ဟာ သိုင်းလောက ပုဂ္ဂိုလ်ကျော်ရဲ့ အမည်စာရင်း အဘိဓာန် မဟုတ်လား"



ဂူရှက်အော့၏ အကြီးမားဆုံးသော အရည်အချင်းမှာ ကျော်အမော်များ၏အမည်၊ အသုံးပြုသော လက်နက်၊ သူတို့၏ သ်ရေးရာဇဝင်များကို ကောင်းစွာ သိထားခြင်းပင် ဖြစ်လေ၏။

သူမသည် တစ်ကြိမ်မြင်ဖူးသည်နှင့် ကောင်းစွာ မှတ်မိ ဉာဏ် ရှိသည်။

သူမ၏ဖခင်သည် သိုင်းလောကမှာ အလွန်ကျော်ကြားပြီး အများဆုံး ဖြစ်သည်။

ထို့ကြောင့် သူမသည် သိုင်းလောက၏ ဗဟုသုတမှာလည်း ကြွယ်ဝလေ၏။ ဂူရှက်အော့က...

"ဘယ်ဘက်လက်နဲ့ ကျော်ကြားတဲ့ ပုဂ္ဂိုလ်ကတော့ 'ကျင်း' ဖြစ်ရမယ်"

လျူချန်ရဲ့က မျက်မှောင်ကုတ်သွားသည်။

"ကျင်းဟော့ဝါ ဟုတ်လား"

ဂူရှက်အော့က ခေါင်းညိတ်လိုက်၏။

"သူဟာ ဆယ့်ကိုးနှစ်သား အရွယ်ကစပြီး လူသတ်ခဲ့တယ်၊ သတ်တဲ့လူကလည်း ထိုထိုက်ဝမ်နယ်က အလွန်နာမည်ကြီးတဲ့ ခေါင်းဆောင် 'မိန်ဟု' ဖြစ်တယ်လို့ အဆိုရှိတယ်"

လျူချန်ရဲ့က...

"သည်သတင်းကို ငါလဲ ကြားဖူးတယ်"

ဂူရှက်အော့က....

"သူဟာ အသက်ဆယ့်သုံးနှစ်ကစပြီး ကျော်ကြားလာခဲ့

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ဆယ့်ခုနစ်အရွယ်ရောက်တော့ မြေလက်မှာ ပထမဆုံး
ရခဲ့ပါတယ်၊ သိုင်းလောကမှာ အသက်အငယ်ဆုံး ဂိုဏ်းချုပ်တ
ယောက် ဖြစ်တယ်၊ အသက်သုံးဆယ့်တစ်နှစ်မှာ ခုံတုံဂိုဏ်းကို အု
ချုပ်တယ်၊ အဲသည် အချိန်အထိ သူ့ကို ရှုံးနိမ့်သွားတဲ့ သိုင်းအကျော်
အမော် အပါအဝင် ခြောက်ရာငါးဆယ်ကျော် ရှိပြီလို့ အဆိုရှိတယ်"

လျှူချုန်ရဲ့က သက်ပြင်းတစ်ချက်ချလိုက်သည်။

"သိုင်းလောကမှာ သူ့ထက် ကျော်ကြားတဲ့လူ မရှိ
လောက်ပါပဲ"

ဝူရွက်အော့က...

"သူဟာ အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ လျှမ်းလျှမ်းတောက်
ကျော်ကြားခဲ့တာဟာ တကယ်တော်လို့ အားလုံးက သူ့ကို ချီးကျူး
ကြတယ်၊ အများရဲ့ လေးစားကြည်ညိုတာကို ခံရတယ်"

သူမက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ငါက လူဖြစ်တာ နောက်ကျသွားလို့ပေါ့၊ နို့မဟုတ်ရင်
သူ့ကို ရအောင်ယူဖို့ ကြိုးစားမှာပဲ"

လျှူချုန်ရဲ့က ရယ်မောလိုက်သည်။

"နင်က လောကပေါ် ရောက်လာတာ နောက်ကျသွား
ပေါ့၊ နို့မဟုတ်ရင် ငါက သူ့ကို စိန်ခေါ်မှာပဲ"

ဝူရွက်အော့က သူ့အား မျက်စောင်းတစ်ချက် ထိုးကြည့်
လိုက်သည်။

"နင် ပြောတဲ့လူက သူ မဖြစ်နိုင်ဘူးလို့ ထင်တယ်"



လျှူချုန်ရဲ့က...

"ဘာဖြစ်လို့လဲ"

ဝူရွက်အော့က...

"သူ့လိုလူမျိုးက သူများရဲ့ ကျွန်အဖြစ် လုပ်မှာတဲ့လား"

သူမက စကားဆက်လိုက်သည်။

"သူဟာ လွန်ခဲ့တဲ့ ဆယ်နှစ်တုန်းက သိုင်းလောကမှာ
ကွယ်သွားတယ်၊ တချို့က သူ သေပြီတောင် ထင်ကြေးပေး
ကြတယ်၊ အေးလေ၊ သူက သေသည်ဖြစ်စေ၊ ရှင်သည်ဖြစ်စေ၊
ားကို အရက်ငှဲ့ပေးမယ့် လူစားမျိုး မဟုတ်နိုင်ဘူး"

လျှူချုန်ရဲ့က သက်ပြင်းချလိုက်သည်။

"သူ့လိုလူစားမျိုးကို ငါ့ရဲ့ရန်သူ မဖြစ်ချင်ပါဘူး"

သူသည် စကားကို ရုတ်တရက် ရပ်တန့်လိုက်သည်။

စကားရပ်တန့်လိုက်သည်နှင့် သူ၏ခန္ဓာကိုယ်သည် ဝူရွက်
အော့၏ ခန္ဓာကိုယ်ပေါ်သို့ ရောက်ရှိသွားသည်။

ဝူရွက်အော့က အလွန်အံ့ဩသွားသည်။

လျှူချုန်ရဲ့သည် ယင်းကဲ့သို့ မဆင်မခြင်သော လူတစ်
ယောက် မဟုတ်မှန်း သိထားသည်။

သူမသည် သူ့အား တွန်းထုတ်လိုက်ပြီး လက်ဖြင့် ထုလိုက်
သည်။ သို့သော် လျှူချုန်ရဲ့က သူမ၏လက်ကို ဖိထားသည်။

ထိုအချိန်မှာပင်...

"ဝုန်း"

www.burmeseclassic.com



ဟူသော အသံနှင့်အတူ လူတစ်ယောက်သည် တံခါးအား ခြေထောက်ဖြင့် တအားဆောင့်ကန်လိုက်၏။

တံခါးပွင့်သွားသည်။

လူငယ်တစ်ယောက်သည် လက်ထဲ၌ ဓားတစ်လက်ကိုင်၍ အခန်းထဲသို့ လှမ်းဝင်လိုက်၏။

မြင်းလှည်းမောင်း၍ လိုက်ပို့သော လူငယ်ပင် ဖြစ်နေေ သည်။

လျှူချန်ရဲ့က ထရပ်လိုက်၏။

သူက ထိုလူငယ်အား မျက်မှောင်ကုတ်၍ ကြည့်လိုက်၏

"မင်း ဘာကြောင့် ပြန်လာရတာလဲ"

ထိုလူငယ်က...

"မင်းကို သတ်မလို့"

လျှူချန်ရဲ့က အံ့ဩသွားသည်။

"ငါ့ကို ဘာကြောင့် သတ်ချင်ရတာလဲ"

လူငယ်က...

"ငါ သူ့ဆီမှာ အလုပ်လုပ်ခဲ့တာ ခုနစ်နှစ်ရှိခဲ့ပြီ၊ အခုထ ငါက ဆင်းရဲနေတုန်းပါပဲ၊ မင်း..."

သူက စကားဆက်လိုက်သည်။

"မင်းက အခုပဲ ရောက်လာတယ်၊ အခုပဲ ငွေကို ရလိုဖြန်း နိုင်တာ ငါ ကြည့်လို့မရဘူး"

ဂူရွက်အော့က ချုံးပွဲချ ငိုလိုက်၏။



"သည်မိန်းကလေးဟာ ငါ့သမီးလဲ မဟုတ်ပါဘူး၊ တန်ဖိုးလဲ များပါဘူး၊ သူ့အတွက်နဲ့ အသက်မသေချင်စမ်းပါနဲ့ဗျာ"

လူငယ်က...

"ကျုပ် ဘယ်သူလဲဆိုတာ မင်း သိသလား"

လျှူချန်ရဲ့က သူ့အား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့် လိုက်သည်။

"မင်းက ဘယ်သူလဲ"

ထိုလူက...

"ကျုပ်ဟာ လေပွေဓားပိန်ကန်းဆိုတာ သည်အနီးတစ်ဝိုက် က လူတွေအားလုံး သိတယ်"

လျှူချန်ရဲ့က ခေါင်းညိတ်လိုက်သည်။

"မင်းဟာ လုံဂူရဲ့ ငယ်သားဆိုတာလဲ ကျုပ် သဘောပေါက် ပြီ"

သူက သက်ပြင်းတစ်ချက်ချလိုက်၏။

"လေပွေဓားပိန်ကန်းဆိုတာ နောက်ဆုံးတော့ သူများဆီ မှာ မြင်းလှည်းမောင်းတဲ့လူတစ်ယောက် ဖြစ်နေတာကိုး"

ပိန်ကန်း၏ဓား ဆုပ်ကိုင်ထားသောလက်သည် အကြော များ ထောင်တတ်လာသည်။

"သည်အလုပ်ကို ကျုပ် မလုပ်ဖို့ ဆုံးဖြတ်ပြီးပြီ"

"ဒါကြောင့် မင်းက ငါ့ကို သတ်ချင်လို့"

"ဟုတ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



လျှုချွန်ရဲ့က…

"မင်း ငါ့ကို သတ်လို့ ရလိမ့်မယ်လို့ ထင်သလား"

ပိန်ကန်းက မဲ့ပြုံးပြုံးလိုက်၏။

"မင်းက တကယ် အရည်အချင်းရှိတဲ့ လူတစ်ယောက်ဆို ခွေးဝဲစားတစ်ကောင်လို ရိုက်နှက်ခံရပြီး အိမ်တံစက်မြိတ်မှာ ကြိုး ချည်ထားတာ ဘယ်ခံပါမလဲ"

လျှုချွန်ရဲ့က သက်ပြင်းတစ်ချက် ချလိုက်၏။

"မင်း ငယ်ပါသေးတယ်၊ ငါက မင်းကို မသတ်ပါဘူး"

ပိန်ကန်းက…

"မင်း ငါ့ကို မသတ်ရင် ငါက မင်းကို သတ်ရလိမ့်မယ်"

သူ၏စကားဆုံးသွားသည်နှင့် လျှုချွန်ရဲ့အား တိုက်ခိုက် လိုက်၏။ သူ၏ဓားသည် လေပွေပမာ လျှုချွန်ရဲ့၏တစ်ကိုယ်လုံး အား လွှမ်းခြုံထားလိုက်သည်။

လျှုချွန်ရဲ့က တုန့်ပြန်ခြင်း မရှိပါ။ အဆက်မပြတ် ခုတ်လာ သော ဓားအား ရှောင်တိမ်းနေသည်။

ပိန်ကန်းသည် ဖိ၍ တိုက်ခိုက်လိုက်ပြီး လျှုချွန်ရဲ့၏ဦးခေါင်း ကို မိုး၍ တအားခုတ်ချလိုက်၏။

သူသည် လျှုချွန်ရဲ့၏နောက်ဆုတ်မည့်လမ်း မှန်သမျှ ပိတ်ဆို့ထား၏။

လျှုချွန်ရဲ့မှာလည်း ရှောင်တိမ်းစရာလမ်း မရှိတော့ချေ။

သူ၏ကျောပြင်သည် အုတ်နံရံနှင့် ထိနေပြီ ဖြစ်၏။



ပိန်ကန်း၏ဓားသည် အရောင်တစ်ချက် ဝင်းလက်သွားကာ လျှုချွန်ရဲ့၏ဦးခေါင်းသို့ ခုတ်ချလိုက်၏။

သူ၏ခုတ်ချက်မှာ မည်သို့မျှ လွဲနိုင်စရာအကြောင်း မရှိ တော့ချေ။ လျှုချွန်ရဲ့မှာ ရုတ်တရက် ပျောက်ကွယ်သွား၏။

ပိန်ကန်း၏ဓားသည် နံရံထဲသို့ ခုတ်မိသွား၏။

သူသည် ကြောင်အမ်းအမ်း ဖြစ်နေစဉ် လျှုချွန်ရဲ့က ထုတ် တန်းပေါ်မှ အသာအယာ ခုန်ချလိုက်သည်။

သူ၏လက်ညှိုးနှစ်ချောင်းသည် ပိန်ကန်း၏ဓားကို ညှပ်ချ လိုက်၏။ ပိန်ကန်းက ဓားကို ပြန်ရုတ်ရန် အားပြုလိုက်သောအခါ…

"ချွမ်း…"

သူ၏ဓားသည် ထက်ပိုင်းကျိုးသွားလေတော့သည်။

(၂)

ပိန်ကန်း၏မျက်လုံးအစုံမှာ ဝိုင်းစက်ပြူးကျယ်သွားလေ တော့သည်။

သူ၏ဓားသည် အကောင်းဆုံးသံဖြင့် ပြုလုပ်ထား၏။

အလွန်ခိုင်ခံ့ပြီး ထက်မြက်လှသည်။

ယခုမှာမူ လျှုချွန်ရဲ့၏လက်ချောင်းလေး နှစ်ချောင်းဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ချိုးဖြတ်လိုက်သည်ကို တွေ့မြင်လိုက်ရသောအခါ အံ့သြခြင်းမ
အံ့သြ သွားမိလေသည်။

ထိုစဉ်မှာပင် အပြင်ဘက်မှ အသံတစ်ခု ထွက်ပေါ်လာ၏။

"သည်မှာ ပိန်ကန်း၊ မင်းက လုံ့ဖူဆီမှာ အလုပ်လုပ်ခဲ့တာ
ခုနစ်နှစ် ရှိပြီ မဟုတ်လား"

ပိန်ကန်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

ထိုလူက...

"မင်းဟာ တစ်လငွေ ခုနစ်ဆယ်လောက်ပဲ ရလို့ စိတ်ထဲမှာ
မကျေနပ်ဘူး မဟုတ်လား"

ပိန်ကန်းက...

"မဟုတ်ဘူး"

ထိုလူက...

"ဒါဖြင့် သူ အခုမှ ရောက်လာတာနဲ့ ငွေကို သေတ္တာလိုက်
ရလိုက်တာကို မနာလိုဘူးပေါ့ ဟုတ်လား"

ပိန်ကန်းက...

"ဟုတ်တယ်"

ထိုလူက...

"သည်လူကို ရိုက်နှက်ပြီးနောက် မင်းတာန်ရဲ့ မိတ်ဆွေ ဖြစ်
သွားပြီ၊ မင်းတာန်ရဲ့ မိတ်ဆွေဆိုရင် လုံ့ဖူရဲ့ရန်သူသာ ဖြစ်ရမယ်၊ သည်
ငွေကို လုံ့ဖူက ပေးလိုက်တာဆိုတာ မင်း ဘယ်လိုလုပ် သိလိုက်



သလဲ"

ပိန်ကန်း၏နဖူးပေါ်တွင် ချွေးများ စိမ့်ထွက်လာ၏။

"ကျုပ်...ကျုပ် မှားသွားပါပြီ"

ထိုလူက...

"မင်းဟာ လျူချန်ရဲ့က ငါတို့လူ ဖြစ်နေမှန်း သိရက်သားနဲ့
ဘာကြောင့် သူ့ကို သတ်ဖို့ ကြိုးစားချင်နေရတာလဲ"

ပိန်ကန်းက ခေါင်းငုံ့ထားလိုက်၏။

ထိုလူက...

"မင်း ဘာအပြစ် ကျူးလွန်မိတယ်ဆိုတာ နားလည်သ
လား"

ပိန်ကန်းက...

"နားလည်ပါတယ်"

ထိုလူက...

"အပြစ်ကျူးလွန်မိတာကို နားလည်ရင် မင်းမှာ ဘယ်လို
အပြစ်ဒဏ် ခံရမယ်ဆိုတာကော မသိဘူးလား"

ပိန်ကန်း၏မျက်နှာတစ်ခုလုံးသည် ကြောက်ရွံ့လွန်း၍ တွန့်
လိမ်သွား၏။

သူသည် ရုတ်တရက် ထခုန်၍ ထွက်ပြေးသွား၏။

သို့သော် အပြင်ဘက်မှ စကားပြောနေသော လူသည် သူ့
အား မြင်တွေ့လိုက်ရသည့်အလား။

"မင်း ထွက်ပြေးလို့လဲ မလွတ်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



ထိုအသံ ဆုံးသွားသည်နှင့် စားကျိုးပိုင်းတစ်ပိုင်း ပစ်လွှင့်လာကာ ဗိန်ကန်း၏ကျောပြင်သို့ စိုက်ဝင်သွားလေသည်။

ဗိန်ကန်းသည် အော်ပင်မအော်နိုင်ဘဲ မြေပေါ်သို့ မှောက်လျက် လဲကျသွားလေတော့သည်။

ထို့နောက် အလွန်သန်မာထွားကျိုင်းသော လူလေးယောက်က အခန်းထဲသို့ ဝင်ရောက်လာကြသည်။

ပထမလူက အသင့်ပါလာသော ဂုံလျော်အိတ်တစ်ခုဖြင့် ဗိန်ကန်း၏အလောင်းကို ဆွဲထည့်လိုက်သည်။

လူတစ်ယောက်က ငွေသေတ္တာနှစ်လုံးကို ဆွဲယူလာပြီး စားပွဲပေါ်သို့ ချထားလိုက်၏။

တတိယလူသည် အခန်းထဲ ရောက်ရှိလာသည်နှင့် အသင့်ပါလာသော လွှနှင့် တူတို့ကို ယူ၍ ပျက်စီးသွားသော တံခါးအား ချက်ချင်းပြုပြင်ပေးနေသည်။

စတုတ္ထလူမှာ ပန်းရန်သမား အသုံးပြုသော ကိရိယာများအား ကိုင်ထားလျက် နံရံပေါ်၌ ဓားခုတ်ထားသော နေရာများအား ချက်ချင်း ဖာထေးလိုက်လေသည်။

ထို့နောက် သူတို့သည် အခန်းထဲမှ အသီးသီး ပြန်လည်ထွက်သွားကြသည်။

ထိုအချိန်တွင် အပြင်၌ ရပ်နေသော လူ၏အသံ ထပ်မံထွက်ပေါ်လာလေသည်။

"မင်း အေးအေးဆေးဆေး နေနိုင်ပါပြီ၊ ခုနစ်ရက်အတွင်း



မှာ ဘယ်သူကမှ လာပြီး နှောင့်ယှက်မှာ မဟုတ်ဘူးလို့ ကျုပ် တာဝန်ယူပါတယ်၊ မင်း မှတ်သားထားရမှာက မင်းဟာ ငါတို့လူ မဟုတ်ဘူး။ ထို့ပြင်နဲ့လဲ လုံးဝမပတ်သက်ပါဘူး"

ထိုစကားဆုံးသွားသည်နှင့် အသံများ ပျောက်ကွယ်သွားလေတော့သည်။

❖ ❖ ❖

(၃)

အခန်းထဲ၌ ပြန်လည် တိတ်ဆိတ်အေးချမ်းသွားပြီ ဖြစ်လေသည်။

မည်သည့် အကြောင်းအရာများမှ ဖြစ်ပွားခဲ့ခြင်း မရှိဟု ထင်မှတ်ရပေမည်။

ထိုလူများ၏ လုပ်ဆောင်ချက်များသည် လျင်မြန်၍ တိကျလှသည်။ သို့သော်...

အားလုံးက သိထားသည်မှာ လုံဂူ၏စည်းကမ်းကို ချိုးဖောက်ဖျက်သော လူသည် မည်ကဲ့သို့ အဆုံးသတ်ရမည်ကို နားလည်ကြပြီ ဖြစ်လေသည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com



## ပြေးသူနှင့်လိုက်သူ

### (၁)

လျှူချွန်ရဲ့က တုတ်တုတ်မျှ မလှုပ်ပေ။

စကားလည်း တစ်ခွန်းမှ မပြောချေ။

ဝူရွက်အေ့လည်း ငြိမ်သက်စွာ နေ၏။

သူမလည်း ပါးစပ်ပိတ်ထားလေသည်။

အပြင်ဘက်၌ သစ်ရွက်များ လေတိုးသံနှင့် ကြက်မ အစာစားနေသော အသံများကိုသာ ကြားလိုက်ရ၏။

အိမ်ခန်းတစ်ခုလုံးမှာ ပူအိုက်လာသည်ဟု ရုတ်တရက် ခံစားလိုက်ရလေသည်။

လျှူချွန်ရဲ့ အင်္ကျီကြယ်သီးကို ဖြုတ်၍ ဝူရွက်အေ့ အနီး၌ လှဲချလိုက်သည်။

ဝူရွက်အေ့က သူ့ကို ကန့်မချပါ။

သူသည် ဝိုင်းစက်သော မျက်လုံးအစုံဖြင့် သူ့အား စိုက်ကြည့်နေ၏။



ယခုမှ သူမသည် လုံဂူဆိုသောလူမှာ မည်မျှ ကြောက်စရာကောင်းသော ပုဂ္ဂိုလ်တစ်ယောက် ဖြစ်သည်ကို သိရှိလိုက်မိလေသည်။

လျှူချွန်ရဲ့က သက်ပြင်းတစ်ချက်ချလိုက်၏။

"သူတို့ တကယ် သွားကုန်ကြပါပြီ"

ဝူရွက်အေ့က...

"သည်စုနစ်ရက်အတွင်း သူတို့ တကယ်ပဲ နောက်ထပ်လာတော့ဘူးလား"

လျှူချွန်ရဲ့က...

"သူတို့ကို ကြည့်ရတာ ကတိမတည်တဲ့ လူစားမျိုးတော့ မဟုတ်ပါဘူး"

"သူက ဘယ်သူလဲဆိုတာ နင် သိလို့လား"

လျှူချွန်ရဲ့က ခေါင်းခါယမ်းလိုက်သည်။

"ဒါပေမယ့် သူ့လက်ကိုတော့ ငါ မှတ်မိတယ်"

"ဘယ်ဘက်လက်လား"

လျှူချွန်ရဲ့က ခေါင်းခါယမ်းလိုက်သည်။

"ညာဘက်လက် အမာရွတ် လုံးဝမတွေ့ရတဲ့ လက်ပါပဲ"

ဝူရွက်အေ့က...

"သည်လူဟာ နင် ပြောပြတဲ့ အစိမ်းရောင်အင်္ကျီ ဝတ်ဆင်ထားတဲ့လူလား"

"ဟုတ်လိမ့်မယ်လို့ ကျုပ် ထင်မိတယ်"

www.burmeseclassic.com

www.burmeseclassic.com



သူက စကားဆက်လိုက်သည်။

"သူ ဖြစ်ပါစေလို့ ကျုပ် မျှော်လင့်ပါတယ်"

ဂူရွက်အော့က…

"ဘာဖြစ်လို့လဲ"

လျူချန်ရဲ့က…

"အဲသည် လူသာမှန်မယ်ဆိုရင် သူဟာ လုံဂူ အနားမှာ အမြဲတမ်း ရှိနေမှာ မဟုတ်ဘူးဆိုတာ သေချာတယ်"

ဂူရွက်အော့က…

"နင် ဘယ်တော့ လူပ်ရှားဖို့ စိတ်ကူးထားသလဲ"

လျူချန်ရဲ့က…

"သူက ဌါအပေါ်မှာ လုံး၀ ယုံကြည်တဲ့ အချိန်ကို ရောက်မှ…"

ဂူရွက်အော့က…

"အဲသည်လို အခွင့်အရေးရတဲ့ နေ့တစ်နေ့ ရှိလာလိမ့်မယ်လို့ နင်က ထင်သလား"

လျူချန်ရဲ့က ပြတ်သားစွာ ဖြေလိုက်သည်။

"ရှိကို ရှိနိုင်တယ်"

ဂူရွက်အော့က သက်ပြင်းတစ်ချက် ချလိုက်၏။

"အဲသည်နေ့အထိတော့ စောင့်ရမယ်ဆိုရင် သည်ကိစ္စနဲ့ ၀တ်သက်ပြီး လူ ဘယ်လောက်များ သေလိမ့်ဦးမလဲ မသိပါဘူး"

လျူချန်ရဲ့က…



"နင်က အဘိုးကြီးအတွက် စိတ်မကောင်း ဖြစ်နေတာ လား"

ဂူရွက်အော့က…

"လောင်စုထိုဟာ လူရိုးတစ်ယောက်ပါ၊ သည်တာ၀န်ဟာ သူ့ရဲ့နောက်ဆုံး ထမ်းဆောင်ရမယ့် တာ၀န်တစ်ခု ဖြစ်ပါတယ်၊ သည်တာ၀န် ပြီးဆုံးသွားတာနဲ့ သူက ရွာမှာပြန်ပြီး လယ်သမားဘ၀နဲ့ နေတော့မယ်လို့ အသင့်ပြင်ထားပြီးပါပြီ"

လောင်စုထိုဆိုသည်မှာ သူမ၏လင်ယောကျ်ား ဟန်ဆောင်ထားသော အကျည်းတန်သောလူ ဖြစ်လေသည်။

လျူချန်ရဲ့က ခေါင်းတစ်ချက် ဆတ်လိုက်လေသည်။

"သူက အိမ်တို့ ခြံတို့ မ၀ယ်သင့်ပါဘူး၊ ငါတို့လို မင်းမှုထမ်းတွေဟာ အချိန်မရွေး လမ်းပေါ်မှာ သေဆုံးနိုင်ပါတယ်"

ဂူရွက်အော့က စိတ်မကောင်းစွာဖြင့် သက်ပြင်းတစ်ချက် ချလိုက်လေသည်။

"အမှန်တော့ သူဟာ မသေသင့်ပါဘူး၊ ပိန်ကန်းက သူ့ကို သတ်မယ့်အခါ သူက တုန့်ပြန်နိုင်ပါတယ်၊ ဒါပေမယ့် သူက တုန့်ပြန် လိုက်တာနဲ့ ငါတို့ရဲ့ လျှို့၀ှက်ချက်ဟာ ပေါ်သွားမှာပဲ၊ ဒါကြောင့် သူဟာ အသေခံလိုက်တာ ဖြစ်ရမယ်"

"သူ သည်လိုလုပ်တာ သူ့ရဲ့တာ၀န် ထမ်းဆောင်တာပဲ ဖြစ်ပါတယ်၊ ချီးကျူးစရာ မဟုတ်ပါဘူး"

ဂူရွက်အော့က သူ့အား မျက်လုံးဖြူး၍ ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"နင်ဆိုလိုတာက သူ သေတာ သေသင့်တယ်ပေါ့ ဟုတ်သလား"

လျှုချွန်ရဲ့က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

ငူရွက်အော့က ဒေါသထွက်လာလေသည်။

"နင်ဟာ လူမှ ဟုတ်ရဲ့လား။ ကိုယ်ချင်းစာနာတတ်တဲ့စိတ် မရှိတော့ဘူးလား"

သူမသည် ပြောရင်း ဒေါသကို မထိန်းနိုင်တော့ဘဲ လျှုချွန်ရဲ့အား ခုတင်ပေါ်မှ ကန်ချလိုက်သည်။

လျှုချွန်ရဲ့သည် စိတ်မဆိုးသည့်အပြင် တဟားဟားပင် ရယ်မောနေ၏။

"နင်က လောင်စုထိုကို လူရိုးတစ်ယောက် ဖြစ်တယ်လို့ ထင်မိရင် နင် မှားသွားမှာပေါ့။ သူက ပိန်ကန်းရဲ့ လက်ချက်နဲ့ သေသွားပြီလို့ ယုံကြည်ရင် ပိုပြီး မှားသွားမှာပေါ့"

သူသည် ကြမ်းပြင်ပေါ်သို့ ကျသွားသော်လည်း မထတော့ဘဲ လဲလျောင်းနေ၏။

သူသည် ခုတင်ပေါ်၌ လဲလျောင်းနေသကဲ့သို့ ခြေထောက်တစ်ဘက်က ကျန်ခြေထောက်တစ်ဘက်ပေါ်သို့ တင်ထားလိုက်သည်။

"သူက ပိန်ကန်းရဲ့ ဓားချက်ကို ထိချင်ထိသွားနိုင်တယ်၊ ပိန်ကန်းကလဲ သူ သေသွားပြီလို့ ယူဆချင် ယူဆလိမ့်မယ်၊ ဒါပေမယ့်



သူဟာ တကယ် အသတ်ခံရပြီလို့ နင် ထင်မိရင် အကြီးအကျယ် မှားသွားမှာပေါ့"

ငူရွက်အော့က မျက်မှောင်ကြုတ်သွားသည်။

"သူ မသေသေးဘူးဆိုတာ နင် တကယ် သိလို့လား"

လျှုချွန်ရဲ့က…

"ငါတို့ အခု လုပ်ရမယ့် အလုပ်ဟာ ဘယ်လောက် တာဝန်ကြီးသလဲဆိုတာ နင် သိသလား။ သည်ကိစ္စကို ငါတို့ အချိန်ဘယ်လောက်ကြာကြာယူပြီး စီစဉ်ခဲ့သလဲဆိုတာ နင် အသိသလား"

ငူရွက်အော့က နားထောင်နေသည်။

လျှုချွန်ရဲ့က…

"လောင်စုထိုဟာ နင် ထင်သလို လူရိုးကြီးတစ်ယောက် ဖြစ်တယ်ဆိုရင် ငါတို့ သည်လောက် အရေးကြီးတဲ့ ကိစ္စတစ်ခုမှာ သူ့ကို ယုံနိုင်းပါ့မလား"

ငူရွက်အော့က ရယ်မောလိုက်လေသည်။

"သူက လူရိုးလားဆိုတာ သေသေချာချာ မသိပါဘူး၊ ဒါပေမယ့် နင်ဟာ လူရိုးတစ်ယောက် မဟုတ်ဘူးဆိုတာတော့ ငါ သိလိုက်ပြီ"

လျှုချွန်ရဲ့က…

"ဘာဖြစ်လို့လဲ"

ငူရွက်အော့က…

"အပြင်မှာ လူလာနေတယ်ဆိုတာ နင် သိလိုက်တာနဲ့ ငါ့ကို

www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်း အခွင့်အရေး ယူလိုက်တယ် မဟုတ်လား"

လျူချွန်ရဲ့က ရယ်မောလိုက်သည်။

"နင် ပြောတာ တစ်ဝက်လောက်တော့ မှန်ပါတယ်"

ဝူရွက်အော့က...

"နို့ တခြား ရည်ရွယ်ချက် ရှိသေးလို့လား"

လျူချွန်ရဲ့က အေးဆေးသော လေသံဖြင့်...

"ငါက တကယ်လို့ နင့်ကို ထိချင်တယ်ဆိုရင် နင်က ဘာမှ မတတ်နိုင်ဘူးဆိုတာ နင့်ကို သိစေချင်လို့"

ဝူရွက်အော့၏မျက်လုံးကလေးများက တစ်ချက် ဝေ့လိုက်လေသည်။

"အခုကော နင် ကြိုးစားချင်သေးလို့လား"

လျူချွန်ရဲ့က...

"နင် မယုံဘူးလား"

ဝူရွက်အော့၏မျက်နှာတစ်ခုလုံး နီရဲသွားသည်။

"နင် ထိရဲရင် ထိကြည့်ပါလား"

လျူချွန်ရဲ့က ရယ်မောလိုက်ပြန်လေသည်။

ထို့နောက် သူသည် ကြမ်းပြင်ပေါ်မှ ထခုန်လိုက်ပြီး ဝူရွက်အော့၏ ကိုယ်ခန္ဓာပေါ်သို့ ဖိထားလိုက်လေသည်။

ဝူရွက်အော့က သက်ပြင်းတစ်ချက် ချလိုက်သည်။

"နင် မရိုးသားဘူးဆိုတာ ငါ သိပါပြီလေ"

လျူချွန်ရဲ့က...



"သည်တစ်ခါတော့ နင်က ငါ့ကို သက်သက်ဖျားယောင်လိုက်တာ..."

သူ၏စကားမဆုံးမီ သူ၏ခန္ဓာကိုယ်သည် ရုတ်တရက် နောက်သို့ လွင့်စဉ်သွားသည်။

"ဝုန်း"

သူ၏ခန္ဓာကိုယ်သည် နံရံကပ်၍ လျှောကျသွားလေတော့သည်။

သူ၏လက်နှစ်ဘက် ဝမ်းဗိုက်ကို နှိပ်၍ မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူလျော် ဖြစ်သွားလေသည်။

ဝူရွက်အော့က လေသံအေးအေးဖြင့်...

"သည်တစ်ခါ ငါက နင့်ကို ဖျားယောင်နေတယ်ဆိုတာ သိတယ်၊ ဘာဖြစ်လို့လဲဆိုရင် ငါက သဘောမတူရင် နင် ဘာမှ မတတ်နိုင်ဘူးဆိုတာ သိထားစေချင်တယ်"

လျူချွန်ရဲ့က လက်တစ်ဘက်ဖြင့် ဗိုက်ကို နှိပ်ကာ နာကျင်လွန်း၍ စကားတစ်ခွန်းမှ မပြောနိုင်တော့ချေ။

သူ၏နဖူးပေါ်မှ ချွေးများ စီးဆင်းကျနေ၏။

ဝူရွက်အော့က သူ့အား ကြည့်ရင်း အားတုံ့အားနာ ဖြစ်သွားမိသည်။

"နင့်ကို ငါ ပြောထားပြီးပြီပဲ၊ ဒီတာဝန်ကို ထမ်းဆောင်ပြီးတာနဲ့ ငါ နင့်ကို လက်ထပ်ပါ့မယ်လို့"

လျူချွန်ရဲ့က စကားတစ်ခွန်းမှ မပြောတော့ဘဲ ကြမ်းပေါ်၌

www.burmeseclassic.com

www.burmeseclassic.com



လဲလျောင်းနေ၏။

ဂူရွက်အော့က စိတ်မကောင်း ဖြစ်လာ၏။

သို့သော်…

သူက မျက်နှာထားတင်းတင်းဖြင့်…

"နင့်ကို ငါ ကန်လိုက်လို့ နာသွားတယ်ပဲထား၊ ကလေးတ[...] ယောက်လို ကြမ်းပေါ်က မထဘဲနေတာ မရှက်ဘူးလား"

လျူချန်ရဲ့က ပါးစပ်ပိတ်ထားလိုက်၏။

ဂူရွက်အော့က…

"နင် ငါ့ကို စိတ်ဆိုးနေတုန်းပဲလား"

လျူချန်ရဲ့က သက်ပြင်းတစ်ချက် ချလိုက်၏။

"နင်နဲ့ ငါဟာ ငယ်ငယ်ကတည်းက အတူကြီးပြင်းလာ[...] သူငယ်ချင်းတွေပါ၊ ဒီလောက် ကလေးနဲ့ ငါ စိတ်ဆိုးပါ့မလား"

ဂူရွက်အော့က…

"ဒါဖြင့် နင် ဘာဖြစ်နေတာလဲ"

လျူချန်ရဲ့က…

"ငါ တစ်ခု စဉ်းစားမိလို့ပါ"

ဂူရွက်အော့က…

"နင် ဘာကို စဉ်းစားမိလို့လဲ"

လျူချန်ရဲ့က…

"ငါတို့လို တာဝန်ထမ်းဆောင်နေတဲ့ လူတစ်ယောက်ဟာ[...] အချိန်မရွေး သေဆုံးသွားနိုင်ပါတယ်၊ ဒါကြောင့် နင့်အဖေက နင့်[...]



[...]သက်ရှည်နိုင်တဲ့ ယောကျ်ားတစ်ယောက်ကို ရှာပြီး ပေးစားရင် [...]ကောင်းဆုံးပဲလို့ ငါ စဉ်းစားနေမိလို့ပါ"

ဂူရွက်အော့က စိတ်မကောင်း ဖြစ်လာ၏။

"နင် ဘာဖြစ်လို့ ဒီလို ပြောရတာလဲ၊ ငါ နင့်အပေါ်မှာ ထား[...]တဲ့ စိတ်ထားကို နင် အခုထိ မသိသေးဘူးလား"

လျူချန်ရဲ့က…

"ငါ သိလို့ အခုလို ပြောနေတာပေါ့"

သူက သက်ပြင်းတစ်ချက် ချလိုက်၏။

"ငါ့ရဲ့ အလုပ်ဟာ အချိန်မရွေး သေနိုင်တဲ့ အလုပ်မို့ ငါ့ကို [...]ယူရင် အချိန်မရွေး မုဆိုးမလေး ဖြစ်သွားနိုင်တယ်"

သူ၏စကားမဆုံးမီ ဂူရွက်အော့က သူမ၏ နူးညံ့သော [...]က်ဝါးဖြင့် လျူချန်ရဲ့၏ ပါးစပ်အား ပိတ်ထားလိုက်လေတော့[...]သည်။

"ယောကျ်ားများသာ ကတိတည်တယ်လို့ မယူဆနဲ့ တခြား [...]တော့ မပြောတတ်ဘူး၊ ငါ့လို မိန်းမမျိုးကတော့ ကတိပေးထား[...] ဒီကနေ့ပဲ လက်ထပ်ပြီး မနက်ဖြန် သေဆုံးသွားပါစေ ငါ ယူမှာ[...]"

လျူချန်ရဲ့၏ မျက်လုံးအစုံသည် ဝင်းလက်တောက်ပသွား[...]သည်။

"နင် တကယ် ပြောနေတာလား"

ဂူရွက်အော့က ခေါင်းညိတ်ပြလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"နင့်အဖေကော ငါ့လို အသက်မရေမရာဖြစ်တဲ့ လူတန်း ယောက်ကို သူ့သမီးနဲ့ ပေးစားနိုင်ပါ့မလား"

"ပြောစရာ လိုသေးသလား။ နင် ထမ်းဆောင်တဲ့ တာဝန် ထဲမှာ ငါ့ကိုပါ ဝင်နိုင်းခဲ့ကတည်းက သူ့သဘောက ရှင်းနေပါပြီ"

လျှူချွန်ရဲ့က ထခုန်မတတ် ဝမ်းသာသွား၏။

သူသည် ဂူရှက်အော့၏လက်ကို ဆွဲကာ သိုင်းဖက်ထား လိုက်သည်။

"ငါ ဝမ်းသာလိုက်တာ"

< < <

(၂)

အတန်ကြာသွားတော့မှ...

ဂူရှက်အော့က သူ့အား စိုက်ကြည့်လိုက်ပြီး သက်ပြင်းတစ် ချက် ချလိုက်၏။

"နင် အခု အတော့်ကို ဘဝင်မြင့်နေမယ်ဆိုတာ ငါ သိ တယ်၊ ဘာဖြစ်လို့လဲဆိုရင် ငါက နင့်ကို ယူရတော့မှာမို့ နင့် စကား ကို ငါက နားထောင်ရတော့မယ် မဟုတ်လား"

လျှူချွန်ရဲ့က ခုတင်ပေါ်သို့ တက်၍ လဲလျောင်းလိုက်၏။

သူက ပြုံးစိစိဖြင့် ကြည့်နေ၏။



ဂူရှက်အော့၏အသံသည် ပျော့ပျောင်းသွားလေသည်။

"နင် ငါ့ကိုပစ်သွားမှာကို ငါ အလွန်ကြောက်လို့ပါ၊ ဒါ ကြောင့် ငါက လိမ်လိမ်မာမာ နေပါ့မယ်၊ ဘယ်လောက် လိမ္မာလာ လဲဆိုတာ ကျားမကြီးတစ်ကောင်လောက် လိမ္မာလာပါလိမ့်မယ်"

သူမသည် စကားဆုံးသွားသည်နှင့် ရုတ်တရက် ခြေ ထောက်ဖြင့် ခုတင်ပေါ်မှ ကန်ချလိုက်ပြန်သည်။

"ဝုန်း..."

လျှူချွန်ရဲ့သည် ကြမ်းပြင်ပေါ်သို့ ဒုတိယအကြိမ် ရောက်ရှိ သွားပြန်လေသည်။

ဤတစ်ကြိမ် သူသည် လုံးဝမရယ်နိုင်တော့ချေ။

မျက်နှာတစ်ခုလုံး ရှုံ့မဲ့သွား၏။

ဂူရှက်အော့သည် ခုတင်ပေါ်မှ လက်တစ်ဘက် အောက်သို့ ချလိုက်ကာ သူ၏နားရွက်အား ဆွဲလိမ်ထားလိုက်၏။

"နင် သိထားဖို့က စကားနားထောင်ရမှာက နင်ပဲ ဖြစ်ရ မယ်၊ တကယ်လို့ ငါ့ စကားကို နားမထောင်ဘူးဆိုရင် နင် ငါနဲ့ ယူပြီး သည့်တိုင်အောင် ကြမ်းပြင်ပေါ်မှာ တစ်သက်လုံး အိပ်ရမယ်လို့ မှတ်"

သူမက ခေါင်းငုံ၍ သူ့အား ကြည့်လိုက်သည်။

"အခု နင် သဘောပေါက်ပြီလား"

"သဘောပေါက်ပါပြီ"

လျှူချွန်ရဲ့က မချိပြုံးပြုံးလိုက်၏။

"ဒါပေမယ့် တခြား သဘောမပေါက်တာ တစ်ခု ရှိနေပါ

www.burmeseclassic.com

www.burmeseclassic.com



သေးတာပဲ"

"ဘာကိုလဲ"

လျှို့ချွန်ရဲ့ ၏မျက်နှာတစ်ခုလုံး ရှုံ့မဲ့နေ၏။

"အခု ဒီလို ဖြစ်ရတာ နင်က ငါ့ကို ကလိန်ကျလား၊ နင့်ငါ့ကို ကလိန်ကျတာလားဆိုတာ ဝေခွဲမရလို့ မရလို့ပါ"

ဝူရွက်အော့ကး..

"ဘယ်သူကမှ ဘယ်သူ့အပေါ် မှာမှ ကလိန်မကျဘူး၊ ဘာဖြစ်လို့လဲဆိုရင် နင်က ငါ့ကို ယူဖို့ ဆုံးဖြတ်ထားတယ်၊ ငါလဲ နင့်ကို သေသေချာချာ ယူမယ်ဆိုတာ ဆုံးဖြတ်ထားပြီးသား မဟုတ်လား"

သူမသည် လျှို့ချွန်ရဲ့ ၏ နားရွက်အား ဆွဲလိမ်လိုက်ပြန်သည်။

"အခု နင် သဘောပေါက်ပြီလား၊ သဘောမပေါက်ရင် နောက်နားရွက်တစ်ဘက် ကျန်သေးတယ်၊ လိမ်ပေးရဦးမလား"

လျှို့ချွန်ရဲ့ ၏မျက်နှာတစ်ခုလုံး ရှုံ့မဲ့နေ၏။

"ငါ နားလည်ပါပြီ"

ဝူရွက်အော့က သူ၏နားရွက်အား လက်လွှတ်လိုက်လေသည်။



(၃)

မျှော်ရှင်သော ရက်များသည် လျင်မြန်စွာ ကုန်ဆုံးသွားလေ...

ယနေ့သည် နောက်ဆုံးညသို့ပင် ရောက်ရှိလာပြီ ဖြစ်လေသည်။

နောက်ဆုံးည တစ်ညသာ ကျန်ရှိတော့၍ ချစ်သူနှစ်ဦးသည် ရင်းနှီးနှီး ချစ်စကားများ ပြောဆိုနေကြမည်သာ ဖြစ်သည်။

သို့သော်...

ဝူရွက်အော့သည် အဝတ်အစားများကို ကျကျနနဝတ်ပြီး ဧည့်ခန်းတွင်း၌ ထိုင်နေ၏။

ညအိပ်ချိန် ရောက်သည့်တိုင် သူမက ထိုင်လျက်ပင် ရှိနေသေး၏။ လျှို့ချွန်ရဲ့ က သူမအား ကြည့်နေမိ၏။

သူသည် သူမအား အချိန်ကြာကြာ စိုက်ကြည့်နေပြီးမှ နေနိုင်တော့ဘဲ မေးလိုက်၏။

"ကနေ့... ငါက မင်းကို မကျေမနပ်ဖြစ်အောင် ဘာတွေ လုပ်မိခဲ့သလဲ"

www.burmeseclassic.com



ဂူရှက်အော့က ခေါင်းခါယမ်းလိုက်၏။

"ဘာမှ မရှိပါဘူး"

လျှုချွန်ရဲ့က မျက်မှောင်ကုတ်သွား၏။

"နင့်မှာ... ဘာအရေးပေါ် ရောဂါထလာနေလို့လဲ"

ဂူရှက်အော့က...

"မထပါဘူး"

လျှုချွန်ရဲ့က သက်ပြင်းတစ်ချက် ချလိုက်၏။

"ဒါဖြင့် ကနေ့ ဘာဖြစ်နေတာလဲ"

ဂူရှက်အော့က...

"ငါက လက်မထပ်မီမှာ မုဆိုးမ မဖြစ်ချင်လို့ပါ"

လျှုချွန်ရဲ့က...

"ဘယ်သူက နင့်ကို မုဆိုးမ လုပ်ခိုင်းချင်လို့လဲ"

ဂူရှက်အော့က...

"တစ်ယောက်ရှိတယ်"

လျှုချွန်ရဲ့က...

"ဘယ်သူလဲ"

ဂူရှက်အော့က...

"နင်..."

သူမက မျက်နှာထားတင်းတင်းဖြင့်...

"အခု ရက်များထဲမှာ ငါက နင့်ကို လုပ်ငန်းအတွက် ဝိုင်းပင်မလို့လုပ်တုန်း နင်က မဟုတ်မဟတ်တာတွေကိုပဲ ပြောတယ်၊ ဒီ



အတိုင်းဆိုရင် ငါက မုဆိုးမဖြစ်ဖို့ သေချာသွားလိမ့်မယ်"

လျှုချွန်ရဲ့က သက်ပြင်းတစ်ချက်ချလိုက်၏။

"ဒီကိစ္စဟာ ပါးစပ်နဲ့ ပြောလို့မဖြစ်ဘူး၊ ဦးနှောက်ကို အသုံးချရမှာပါ"

လျှုချွန်ရဲ့က...

"နင် ကနေ့ည အခုလို စိတ်တိုနေတာ ဒီအကြောင်းကို ဆွေးနွေးချင်လို့လား"

ဂူရှက်အော့က...

"ကနေ့ညမှ မဆွေးနွေးရင် ဆွေးနွေးဖို့ အခွင့်အရေးရှိမှာမဟုတ်တော့ဘူး ထင်တယ်"

လျှုချွန်ရဲ့က...

"ကောင်းပြီလေ၊ နင် မေးစရာရှိတာ မေးပါ"

ဂူရှက်အော့က...

"လုံ့ဂူက နင့်ကို ကျူးစွေ့ဒေဝီဆီမှာ သေတ္တာတစ်လုံး ခိုးခိုင်းလိုက်တယ် မဟုတ်လား"

လျှုချွန်ရဲ့က...

"ဟုတ်တယ်"

"နင် လက်ခံလိုက်ပြီလား"

"ဟုတ်တယ်"

"နင်က လုံ့ဂူကို ဖမ်းချင်တယ်၊ သူ့ကို ဖမ်းနိုင်အောင် သူ့ရဲ့ယုံကြည်မှုကို ယူရလိမ့်မယ်၊ သူ ယုံကြည်လာအောင် သူခိုင်းတဲ့

www.burmeseclassic.com

www.burmeseclassic.com



အလုပ်ကို ဖြစ်အောင် လုပ်ပေးရမယ်လို့ ယူဆထားတယ် မဟုတ်လား"

"နင့်မှာ ဒီထက်ကောင်းတဲ့ အကြံများ ရှိနေသေးလို့လား"

"နင်က ဘယ်လိုလုပ်မယ်လို့ စဉ်းစားထားလဲ"

"မရှိပါဘူး"

သူမက သက်ပြင်းချလိုက်၏။

"အခု နှစ်များမှာ ဖြစ်ပွားခဲ့တဲ့ ကြီးကျယ်တဲ့ အမှုတွေဟာ လုံ့ရှ လုပ်တယ်ဆိုတာ ငါတို့အားလုံး သိနေတယ်၊ ဒါပေမယ့် အထောက်အထား နည်းနည်းကလေးမှ မရနိုင်လေတော့ သူ့ကို ဖမ်းဖို့ မဖြစ်နိုင်ဘူး"

လျူချန်ရဲ့က...

"အထောက်အထား ရရှိထားတာတောင် သူ့ကို မိအောင် ဖမ်းဖို့က မလွယ်ဘူး"

ဝူရွက်အော့က...

"ဒါကြောင့် ငါတို့က အထူးအစီအစဉ်တစ်ခု စီစဉ်လိုက်တယ်"

လျူချန်ရဲ့က မချိပြုံးပြုံးလိုက်၏။

"နင်တို့ စီစဉ်လိုက်တဲ့ အစီအစဉ်က ငါ့ကို အသုံးချဖို့ မဟုတ်လား"

ဝူရွက်အော့က...

"ဒါကြောင့် နင်ဟာ သူ့ကို မိအောင် ဖမ်းမိနိုင်ရုံသာမ



သူ ကျူးလွန်တဲ့ ပြစ်မှုရဲ့ အထောက်အထားကိုလဲ ရအောင် ယူရလိမ့်မယ်"

လျူချန်ရဲ့က...

"ဒါကြောင့် သူ ခိုင်းတဲ့အလုပ်ကို အောင်မြင်အောင် လုပ်ပေးရလိမ့်မယ်"

"နင် သေချာနိုင်ပါ့မလား"

လျူချန်ရဲ့က...

"နည်းနည်းတော့ ယုံကြည်ထားပါတယ်"

ဝူရွက်အော့က...

"နင်က နှာရိုဝက်အတွင်းမှာ အပြင်က စောင့်နေတဲ့လူ ခုနစ်ယောက်ကို သတ်ပြီးတော့ သော့ခလောက် ခုနစ်ထပ်ကို ရအောင် ဖွင့်ရမယ်၊ ပြီးတာနဲ့ ကျူးစွေဒေဝီ လိုက်လို့မရတဲ့ နေရာရောက်အောင် ပြေးနိုင်ပါ့မလား"

လျူချန်ရဲ့က...

"ငါက နည်းနည်းပါးပါးပဲ ရလိမ့်မယ်လို့ ပြောပါတယ်၊ သေချာပေါက် ဖြစ်ရမယ်လို့ မပြောပါဘူး"

ဝူရွက်အော့က...

"နင် ရင်ဆိုင်တဲ့ လူခုနစ်ယောက်ဟာ ဘယ်လိုလူမျိုးဆိုတာ နင် သိသလား"

လျူချန်ရဲ့က...

"ဒီလူခုနစ်ယောက်ရဲ့ သိုင်းပညာအဆင့်ကို နင် ပေ့လာ

www.burmeseclassic.com



ထားပြီးပြီလား”

လျှူချုန်ရဲ့က ခေါင်းခါယမ်းလိုက်၏။

“မလွှေလာထားမိဘူး”

ဝူရွှက်အော့က မှုံပြုံးပြုံးလိုက်လေသည်။

“နင်က ဘာမှမသိဘဲ နည်းနည်းပါးပါး ရမယ်လို့ ပြော တာဟာ ငါ့ကို မုဆိုးမ ဖြစ်အောင် ကြံစည်နေတာလား”

လျှူချုန်ရဲ့က ရယ်မောလိုက်လေ၏။

“လူခုနစ်ယောက်ရဲ့ သိုင်းပညာအဆင့်ကို ငါက မသိ မယ့် နင် ငါ့ကို ပြောပြလိမ့်မယ်လို့ ယုံကြည်ထားတယ်”

ဝူရွှက်အော့က မျက်နှာထား တင်းသွားလေ၏။

“သူတို့ရဲ့ သိုင်းပညာအဆင့်၊ သူတို့ရဲ့ ကိုယ်ရေးရာဇဝ ငါက သိပါတယ်လို့ မင်းက ဘာကို ကြည့်ပြီး ပြောနေရတာလဲ”

လျှူချုန်ရဲ့က...

“နင်က ဉာဏ်ကောင်းတယ်၊ အရည်အချင်းရှိတယ်၊ သိုင်း လောကမှာ ဖြစ်ပျက်တဲ့ အကြောင်းများကို နင် မသိတာ မရှိဘူး နောက်ပြီး ပြီးခဲ့တဲ့ ညများမှာ နင် ကောင်းကောင်း အိပ်မပျော်ဘူး တာ ငါ သိထားတယ်၊ အဲဒါဟာ ငါ့အတွက် ဒီကိစ္စတွေကို စဉ်းစား ပေးနေတယ်ဆိုတာ ငါ နားလည်ထားပါတယ်”

ဝူရွှက်အော့၏မျက်နှာထား တင်းနေသော်လည်း အသံ ပျော့ပျောင်းလာလေသည်။

“ငါ့ရဲ့ စေတနာကို နင် သိထားတာ တော်ပါသေးရဲ့”



လျှူချုန်ရဲ့က သူမထံသို့ လျှောက်သွားပြီး သူမ၏ခါးကို သာအယာ သိုင်းဖက်ထားလိုက်လေ၏။

“နင့်ရဲ့ စေတနာကို ငါ နားလည်ပါတယ်ဟာ”

သူ၏စကားမဆုံးမီ ဝူရွှက်အော့၏ လက်သီးတစ်လုံးသည် ပခုံးပေါ်သို့ ထိုးသွင်းလိုက်လေသည်။

လျှူချုန်ရဲ့က ကုလားထိုင်ပေါ်သို့ ဖင်ထိုင်ကျသွား၏။

ဝူရွှက်အော့က အေးတိအေးစက်သော အသံဖြင့်...

“နင် ငြိမ်ငြိမ်ကလေး ထိုင်စမ်း၊ အဲဒီလူရဲ့ သိုင်းပညာ ဆင့်နဲ့ သူတို့ရဲ့ ကိုယ်ရေးရာဇဝင်ကို ပြောပြမယ်”

သူမက စကားဆက်လိုက်သည်။

“ငါ ပြောတာကို သေသေချာချာ နားထောင်ပြီးရင် သူ့တို့ ဘယ်လိုရင်ဆိုင်မယ်ဆိုတာ သေသေချာချာစဉ်းစား၊ နင် အသက် ပြီး ပြန်လာမှာကို ငါ မြင်ချင်တယ်”

လျှူချုန်ရဲ့က ပခုံးကို ပွတ်ရင်း...

“နင်က သူတို့ နယ်အကြောင်းကို သိထားပြီးပြီလား”

ဝူရွှက်အော့က...

“အခုနစ်များထဲမှာ သိုင်းလောကမှာ ရပ်တည်လို့ မရဘဲ ပြေးနေတဲ့လူတွေဟာ အနည်းဆုံး တစ်ရာနှစ်ရာလောက် ရှိ ယ်”

လျှူချုန်ရဲ့က အာရုံစူးစိုက်စွာဖြင့် နားထောင်နေ၏။

ဝူရွှက်အော့က စကားဆက်လိုက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ လူတွေထဲမှာ တစ်ချို့က အသက်ကြီးရင့်သွားပါ

တစ်ချို့က အိုင်းပညာ အဆင့်မမီဘူး၊ ကျူးစွေဒေဝီ

အသုံးချမှာ မဟုတ်ဘူး"

လျှူချန်ရဲ့က ခေါင်းညိတ်လိုက်သ

"ဒီလူတွေထဲမှာ တစ်ချို့လဲ သေ မဟုတ်လား"

ဝူရွက်အော့က ခေါင်းညိတ်လိုက်သည်။

"ဒါကြောင့် ငါက တွက်ကြည့်လိုက်တော့ ကျူးစွေဒေဝီ

လက်ခံနိုင်တဲ့ လူတွေဟာ တစ်ဆယ့်သုံးလေးယောက်ပဲ ရှိရမယ်"

လျှူချန်ရဲ့က စိတ်ဝင်စားလာ၏။ ဝူရွက်အော့က...

"အဲဒီ လူများထဲမှာ လူခုနစ်ယောက် ဖြစ်နိုင်ခဲ့

ငါ တွက်ထားမိတယ်"

ဝူရွက်အော့က ခေါင်းညိတ်လိုက်သည်။ လျှူချန်ရဲ့က...

"နင်က ဘယ်လို အထောက်အထားနဲ့ တွက်လိုက်တာလဲ"

ဝူရွက်အော့က...

"ဒီလူခုနစ်ယောက်ဟာ ကောင်းကောင်းစားချင်တယ်

ကောင်းကောင်းနေချင်တဲ့အပြင် သေရမှာကိုလဲ ကြောက်တဲ့လူ ဖြ

ရမယ်၊ သေရမှာ ကြောက်တဲ့လူမှသာ မိန်းမကျေးကျွန် ဖြစ်နေ

ပေါ့"

လျှူချန်ရဲ့၏မျက်နှာ ရှုံ့မဲ့သွားလေသည်။

"ငါ သေရမှာကို မကြောက်ပါဘူး၊ အခုတော့ မင်းရဲ့ ကျေး

ကျွန် ဖြစ်နေပြီ မဟုတ်လား"



ဝူရွက်အော့က သူ့အား မျက်လုံးပြူး၍ ကြည့်လိုက်သည်။

"ဒီလူခုနစ်ယောက် ဘယ်သူလဲဆိုတာ နင် မသိချင်ဘူး

လား"

လျှူချန်ရဲ့က...

"သိချင်ပါတယ်"

ဝူရွက်အော့က...

"'ရှောင်ဝူထုံ'ဆိုတဲ့ လူကို နင် ကြားဖူးသလား"

လျှူချန်ရဲ့က...

"မိန်းကလေးများကို လိုက်ပြီး ဖျက်ဆီးတဲ့ သိုင်းသမား

တ်လား"

ဝူရွက်အော့က...

"ဟုတ်တယ်၊ ဒီလူဟာ အလွန်ယုတ်ညံ့တဲ့ သိုင်းသမားတစ်

ယောက် ဖြစ်ပေမယ့် ကိုယ်ဖော့ပညာနဲ့ လက်ဝါးသိုင်းက မညံ့ဘူး၊

သဖြင့် သူ့မှာ အဆိပ်ပါတဲ့ လက်နက်ပုန်းသုံးမျိုး ပါရှိတတ်

ယ်"

လျှူချန်ရဲ့က...

"ဒီလူဟာ ထန်ကျားမိသားစုက ပေါက်ဖွားလာပြီး၊ အကျင့်

မကောင်းလို့ နှင်ထုတ်ခြင်း ခံရတဲ့ လူပဲ၊ လက်နက်ပုန်းပညာ

ခြားမယ်ဆိုတာ မဆန်းပါဘူး"

ဝူရွက်အော့က...

"ဒီလူခုနစ်ယောက်တည်းမှာ နင် အထူးသတိပြုရမှာက ဒီ

www.burmeseclassic.com

www.burmeseclassic.com



လူရဲ့ အဆိပ်ပါတဲ့ လက်နက်ပုန်း ဖြစ်တယ်၊ ဒါကြောင့် နင့်ကို မသွားခင် ဖေနိကျုံးမိသားစုဆီကို အရင်သွားပြီး အဆိပ်ဖြေဆေး နည်းနည်းကလေး တောင်းထားပါလို့ ပြောချင်တယ်"

လျူချန်ရဲ့က...

"ဒါဖြင့် ကျုပ်က သူ့ကို အရင်ဆုံး ရင်ဆိုင်လိုက်ရင် သူ လက်နက်ပုန်းပစ်ဖို့ အခွင့်အရေး ဘယ်ရနိုင်တော့မှာလဲ"

ဝူရွက်အော့က...

"ဒိုပြီး စိတ်ချရအောင် နင်က တော်တော်ထူတဲ့ အဝတ်အစားကို ဝတ်ထားဖို့ သင့်တယ်၊ နင်က အပူကြောက်တာကို ငါ သိတယ်၊ ဒါပေမယ့် ပူတာဟာ လူ မသေနိုင်ဘူး"

လျူချန်ရဲ့က...

"စိတ်ချ၊ ငါက အထူဆုံး ဝှမ်းကပ်အကျီကို ဝတ်သွားမယ်"

ဝူရွက်အော့က ကျေနပ်သွား၏။

"သူတို့ခုနစ်ယောက်တည်းမှာ သိုင်းပညာ အတော်ဆုံးယောက် သူ မဟုတ်ဘူး"

လျူချန်ရဲ့က...

"ဘယ်သူလဲ"

ဝူရွက်အော့က...

"လူသုံးယောက် ရှိတယ်"

လျူချန်ရဲ့က...

"ဒီသုံးယောက်က ဘယ်သူတွေလဲ"



ဝူရွက်အော့က...

"တစ်ယောက်က သရဲကြယ်တံခွန်တန်းအိဝေ၊ တစ်ယောက်က စီညာဥ်လောင်ရဲ့၊ ကျန်တစ်ယောက်က သံမဏိသူတော်"

လျူချန်ရဲ့သည် ထိုအမည်များအား ကြားမိလိုက်သောအခါ မျက်နှာရှုံ့သွားလေသည်။

ထိုလူသုံးယောက်၏ သတင်းကို သူက ကြားဖူးနားဝ ရှိခဲ့လေသည်။

ဝူရွက်အော့က...

"သူတို့သုံးယောက်တည်းမှာ သံမဏိသူတော်ဟာ ကြောက်စရာအကောင်းဆုံးပါပဲ၊ သူဟာ ရှောင်လင်ကျောင်းက ထုတ်ပယ်ခံရတဲ့ လူတစ်ယောက်ပါပဲ၊ သူဟာ ငွေလဲ မမက်ဘူး၊ မိန်းမလဲ မမက်ဘူး၊ ဒါပေမယ့် လူသတ်တာ ဝါသနာပါတယ်"

လျူချန်ရဲ့က ရယ်မောလိုက်လေ၏။

"သူက ရောဂါတစ်မျိုး ဖြစ်နေပါလား"

ဝူရွက်အော့က...

"သူ့ဦးနှောက်မှာ ရောဂါရှိပေမယ့် သိုင်းပညာတော့ ရောဂါမရှိဘူး၊ ငါ လေ့လာသိထားတာကတော့ သူ့ရဲ့ သိုင်းပညာဟာ လုံကိုတောင် ပြိုးနိုင်တဲ့ အဆင့် ရှိနေပြီလို့"

လျူချန်ရဲ့က ရယ်မောလိုက်သည်။

"သူက လူအများကြီး သတ်ခဲ့လို့ သေရမှာကို ကြောက်တာ ဒီလို တုတ်ပြီး မာပြီးတဲ့ ပညာကို သင်ထားရတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ဝူရွက်အော့က...

"ဒါကိုတော့ နင်က မှန်မှာ မဟုတ်ပါဘူး"

လျှုချန်ရဲ့က ရယ်မောလိုက်သည်။

"သိပ်ကို မှန်တာပေါ့"

ဝူရွက်အော့က သူ့အား မျက်လုံးပြူး ကြည့်လိုက်လေသည်

"သူတို့ကို ငါက မစိုးရိမ်ပါဘူး"

လျှုချန်ရဲ့က...

"သူတို့ မဟုတ်ရင် ဘယ်သူများလဲ"

ဝူရွက်အော့က...

"မိန်းမတစ်ယောက်"

လျှုချန်ရဲ့က...

"သူတို့ ခုနစ်ယောက်တည်းမှာ မိန်းမပါလို့လား"

သူက စကားဆက်လိုက်သည်။

"ဘယ်လို မိန်းမမျိုးလဲ"

ဝူရွက်အော့က...

"မိန်းမအတု"

လျှုချန်ရဲ့က ရယ်မောလိုက်လေသည်။

"မိန်းမအစစ်တောင်မှ ငါက ဂရုမစိုက်တာ၊ မိန်းမအတု

ဘာများ စိုးရိမ်စရာ ရှိလို့လဲ"

"မိန်းမအတု ဖြစ်နေလို့ ငါက စိုးရိမ်နေတာ"

လျှုချန်ရဲ့က...



"ဘာဖြစ်လို့လဲ"

ဝူရွက်အော့က...

"တကယ့် မိန်းမကို နင်က အများကြီး မြင်တွေ့ခဲ့ဖူးတော့

ပါပြီ၊ ဒါပေမယ့် ဒီမိန်းမမျိုးကို နင် တစ်ခါမှ မတွေ့ခဲ့ဖူးဘူးလို့

ပြောရတယ်"

လျှုချန်ရဲ့၏မျက်လုံးအစုံက အနည်းငယ် ဝင်းလက်လာ

သည်။

ဝူရွက်အော့က သူ့အား မျက်စောင်းထိုးလိုက်သည်။

"နင့်အကြောင်းကို ငါ သိတယ်၊ မိန်းကလေး လှလှဆိုရင်

ဖြစ်စေ အစစ်ဖြစ်စေ နင်က စိတ်ဝင်စားလာမှာပဲ"

လျှုချန်ရဲ့က ပါးစပ်ပိတ်ထားလိုက်၏။

ဝူရွက်အော့က...

"နင်က စိတ်နည်းနည်းကလေး ဝင်စားမိတာနဲ့ သေမှာ သေ

ပြီ"

"နင့်ရဲ့ သဘောက သူ့ကို မကြည့်ရဘူး ဟုတ်လား"

"နင် သူ့ကို တွေ့မြင်လိုက်တာနဲ့ တစ်ခါတည်း သတ်လိုက်"

လျှုချန်ရဲ့က...

"ခုနတုံးကတော့ နင်က ရှောင်ဝူထုံကို ပထမဆုံး သတ်ရ

မယ်လို့ ပြောတာ ကြားလိုက်မိသလိုပဲ"

ဝူရွက်အော့က...

"ဟုတ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



လျှူချန်ရဲ့က…

"လူနှစ်ယောက် သတ်လို့ မလုံလောက်သေးပါဘူး"

လျှူချန်ရဲ့က ရယ်မောလိုက်ပြန်၏။ သို့သော်…

သူ၏မျက်နှာမှာ ရှုံ့မဲ့နေ၏။ ဂူရှက်အော့က…

"ငါ ခုနတုံးက ပြောပြတာ လူခြောက်ယောက်ပဲ ရှိသေးတယ်"

လျှူချန်ရဲ့က…

"ဟုတ်တယ်၊ လူတစ်ယောက် ကျန်သေးတယ်"

ဂူရှက်အော့က…

"သူက လူ မဟုတ်ဘူး"

လျှူချန်ရဲ့က ပြုံးမိလေ၏။

"လူမဟုတ်ရင် ဘာလဲ"

ဂူရှက်အော့က…

"ခွေးတစ်ကောင်"

လျှူချန်ရဲ့က အံ့အားသင့်သွား၏။

"ခွေး…ဟုတ်လား"

ဂူရှက်အော့က…

"ခွေးရူး…"

လျှူချန်ရဲ့က နားလည်လိုက်လေ၏။

"နင် ပြောတဲ့ လူဟာ ခွေးရူးလီတာကို ဟုတ်လား"

ဂူရှက်အော့က ခေါင်းညိတ်လိုက်၏။



"သူက လူတစ်ယောက် ဖြစ်ပေမယ့် ခွေးရူးလို သေရမှာကို ကြောက်ဘူး၊ နင့်ရဲ့ဓားက သူ့ကို ခုတ်မိသွားတာတောင်မှ သူက …ကို ရအောင် သတ်နိုင်ပါတယ်"

လျှူချန်ရဲ့က သက်ပြင်းတစ်ချက် ချလိုက်လေ၏။

"ခွေးရူးကိုက်ခံရတဲ့ အရသာဟာ အခံရခက်မှာပဲ"

ဂူရှက်အော့က…

"ဒါကြောင့် သူ့ကို ရင်ဆိုင်တဲ့အခါမှာ တစ်ချက်တည်း …သေသတ်နိုင်မှ ဖြစ်မယ်"

လျှူချန်ရဲ့က…

"နင် ပြောသလိုဆိုရင် ငါက လှုပ်ရှားလိုက်တာနဲ့ လူသုံး …ယာက်ကို တစ်ကြိမ်တည်း သတ်လိုက်ရမယ်ပေါ့ ဟုတ်လား"

ဂူရှက်အော့က…

"လူသုံးယောက် သတ်တာ မများပါဘူး"

လျှူချန်ရဲ့က သက်ပြင်းတစ်ချက် ချလိုက်၏။

"ခက်တာက ငါ့မှာ လက်နှစ်ချောင်းပဲ ရှိတယ်ဟ"

ဂူရှက်အော့က…

"နင့်မှာ ခြေကျိုးနေလို့လား"

လျှူချန်ရဲ့က မချိပြုံးပြုံးလိုက်လေ၏။

"နင်က ငါ့ကို ဘယ်ဘက်လက်နဲ့ ရှောင်ဂူထုံကို သတ်ရမယ်၊ …ညာဘက်လက်နဲ့ ခွေးရူးကို သတ်ရမယ်၊ နောက်ပြီး ခြေထောက်…တ …နဲ့ မိန်းမကို ကန်လိုက်ရမယ်ပေါ့ ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ဝူရှက်အော့က...

"ငါ ပြောပြီးသားပဲ၊ အဲဒီ လူသုံးယောက်ကို နည်းနည်းလေး မှ တိုက်ခိုက်ဖို့ အခွင့်အရေး မပေးလိုက်နဲ့ နင်ဟာ တစ်ချိန်တည်း လူသုံးယောက်သတ်ဖို့ မလွယ်ဘူးဆိုတာ ငါ သိပါတယ်၊ အေး... နင် ကံအလွန် ကောင်းရင်တော့ ရနိုင်ပါတယ်"

လျူချုန်ရဲ့က...

"ငါ့ကို ကြည့်စမ်း၊ ငါ ကံကောင်းနိုင်ပါ့မလား"

ဝူရှက်အော့က...

"ကောင်းတယ်...၊ သိပ်ကောင်း... အားကြီးကောင်း"

လျူချုန်ရဲ့၏ မျက်လုံး ပြူးကျယ်သွား၏။

"ငါ ဘယ်တုန်းက ကံကောင်းလာတာလဲကွ"

ဝူရှက်အော့က ပြုံးလိုက်၏။

"နင်က ငါ့ကို သိတဲ့ အချိန်ကစပြီး ကံကောင်းလာတာရှင့်"

လျူချုန်ရဲ့က ပါးစပ်ပိတ်ထားလိုက်လေ၏။

ဝူရှက်အော့က...

"ခြေထောက်နဲ့ လက်နက်ပုန်းပစ်တဲ့ ပညာတစ်မျိုးကို နင် ကြားဖူးသလား"

လျူချုန်ရဲ့က...

"ကြားဖူးသလိုပဲ"

ဝူရှက်အော့က...

"နင့်မှာ ခြေထောက် ရှိသလား"



လျူချုန်ရဲ့က...

"ရှိနေသလိုပဲ"

ဝူရှက်အော့က...

"ကောင်းတယ်၊ ဒါဆို လုံလောက်ပါပြီ"

သူမက စကားဆက်လိုက်၏။

"ငါ့မှာ အဲဒီ လက်နက်ပုန်းမျိုး ရှိတယ်၊ နင့်မှာလဲ တိုက်တိုက် ဆိုင်ဆိုင် ခြေထောက်ရှိတယ်၊ ခြေထောက်က ပစ်လွှင့်တဲ့ လက်နက် မျိုးကို ရှောင်နိုင်တဲ့လူ ခပ်ရှားရှားပါပဲ"

လျူချုန်ရဲ့က ပါးစပ်ပိတ်ထားလိုက်လေသည်။

ဝူရှက်အော့က...

"နင့်ရဲ့ တိုက်ခိုက်မှုဟာ မနှေးပါဘူး၊ ခြေထောက်ပေါ်က လက်နက်ပုန်းနဲ့ ပူးပေါင်းလိုက်ရင် လူသုံးယောက်ကို တစ်ပြိုင်တည်း သတ်ဖို့ ခက်ခဲတဲ့ အလုပ်တစ်ခု မဟုတ်တော့ပါဘူး"

လျူချုန်ရဲ့က...

"ခက်တာက ဒီလို လက်နက်ပုန်းမျိုးကို ငါ ကြားရုံပဲ ကြားဖူး တယ် တစ်ခါမှ မတွေ့ဖူးဘူး"

ဝူရှက်အော့က...

"တော်ကြာ နင် တွေ့ရပါလိမ့်မယ်"

လျူချုန်ရဲ့က...

"ဘယ်မှာလဲ"

ဝူရှက်အော့က...

www.burmeseclassic.com

www.burmeseclassic.com



"အခုလောက်ဆိုရင် လမ်းခရီးမှာ ရောက်နေပြီနဲ့ တူတယ်"

လျှို့ချွန်ရဲ့က…

"နင်က တစ်ယောက်ယောက်ကို ပို့နိုင်းလိုက်လို့လား"

ဂူရှက်အော့က…

"ဒီလူသုံးယောက်ကို သတ်လိုက်ဖို့အတွက် ငါက ချက်ချင်းမှာ လိုက်ပါတယ်"

လျှို့ချွန်ရဲ့က…

"နင်က အပြင်တစ်ခေါက် ရောက်ခဲ့လို့လား"

ဂူရှက်အော့က…

"ငါက ကိုယ်တိုင် ထွက်မသွားပေမယ့် သတင်းကိုတော့ ပို့လိုက်တယ်"

လျှို့ချွန်ရဲ့က ကြက်သေသေသွားလေသည်။

သူသည် ဉာဏ်အလွန်ကောင်း၏။ သို့သော်…

ဂူရှက်အော့က ပြုံးလိုက်သည်။

"ဒီနယ်တစ်ဝိုက်မှာ လုံဂူရဲ့လူများက တင်းတင်းကြပ်ကြပ် စောင့်ကြပ်နေတယ်ဆိုတာ ငါ နားလည်ပါတယ်၊ ဒါပေမယ့် ဘယ်လောက်ပဲ တင်းကြပ်စွာ စောင့်ကြပ်ပေမယ့် လူကို ထမင်း မစားရအောင် ထားလို့ မရဘူး မဟုတ်လား"

လျှို့ချွန်ရဲ့သည် ဂူရှက်[illegible] စကားအား နားမရှင်းနိုင်သေးပေ။

ထမင်းစားခြင်းသည် သတင်းပို့သည်နှင့် မည်သို့ ပတ်



သက်နေပါသနည်း။

သူက ခေါင်းခါယမ်းလိုက်သည်။

"ငါ့ခေါင်းက နင့်ကို မမီတော့ဘူး"

ဂူရှက်အော့က…

"ထမင်းစားမယ်ဆိုရင် ထမင်းချက်ရမယ် မဟုတ်လား"

လျှို့ချွန်ရဲ့က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တာပေါ့"

"ထမင်းချက်ရင် မီးမွှေးရမယ် မဟုတ်လား"

လျှို့ချွန်ရဲ့က နားလည်လိုက်လေသည်။

"မီးမွှေးရင် မီးခိုး ထွက်မှာပဲ"

ဂူရှက်အော့က ပြုံးလိုက်၏။

"နင်က ဉာဏ်သိပ်မထိုင်းသေးပါဘူး"

မီးခိုးဖြင့် သတင်းဆက်သွယ်သည်မှာ ဟိုးရှေးရှေးတုန်းက လူသားများ အသုံးပြုခဲ့သော နည်းတစ်မျိုးပင် ဖြစ်သည်။

အလွန်လည်း ထိရောက်လှပေသည်။

ဂူရှက်အော့က သူ့အား စိုက်ကြည့်လိုက်၏။

"နင့်မှာ ဉာဏ်ရှိမယ်၊ နည်းစနစ် နားလည်မယ်ဆိုရင် ဘယ်အရာမဆို နင်စေလိုရာ စေလို့ရမယ်၊ မီးပုံထဲက ထွက်လာမယ့် မီးခိုးတောင်မှ နင် ပြောချင်တဲ့စကားကို ပြောပေးနိုင်ပါတယ်"

⮜ ⮜ ⮜

www.burmeseclassic.com

www.burmeseclassic.com



(၄)

ညဥ့်မနက်သေးပေ။

သို့သော်...

တိတ်ဆိတ်၍ နေ၏။

ဝေးလံသော လမ်းမပေါ်တွင် ခွေးဟောင်းသံများသဲ့သဲ့ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။ ဝူရွက်အော့က...

"အဲဒီ လက်နက်ပုန်းမျိုးက လွဲလို့ နင့်အတွက် တစ်ချက်တည်းနဲ့ လူကို သေအောင် ခုတ်သတ်နိုင်တဲ့ ဓားတစ်လက် လိုပါဦးမယ်"

လျူချန်ရဲ့က...

"ဓားလဲ လာဝို့မယ် ဟုတ်လား"

ဝူရွက်အော့က...

"အဲဒီ ဓားကို နင်က လုံဂူဆီမှာ သွားတောင်းနိုင်ပါတယ်"

လျူချန်ရဲ့က သူ့အား မျက်လုံးပြူး ကြည့်လိုက်သည်။

"ဓားကို လုံဂူဆီမှာ သွားတောင်းရမယ် ဟုတ်လား"

ဝူရွက်အော့က...

"ဟုတ်တယ်၊ သိုင်းလောကမှာ အထက်မြက်ဆုံးသော ဓား



တစ်ဆယ့်သုံးလက် ရှိတယ်၊ အခု သူ့လက်ထဲမှာ အနည်းဆုံး ခုနစ်လက် ရောက်နေပြီ"

လျူချန်ရဲ့သည် သူမအား အတန်ကြာ စိုက်ကြည့်လိုက်သည်။

"နောက်ထပ် ဘာမှာစရာ ရှိသေးလဲ"

ဝူရွက်အော့က...

"မရှိတော့ပါဘူး"

လျူချန်ရဲ့က...

"ဒါဖြင့် ငါတို့ အိပ်လို့ရပြီလား"

ဝူရွက်အော့က...

"နင် သွားအိပ်လို့ရပြီ"

လျူချန်ရဲ့က...

"နင်ကော..."

ဝူရွက်အော့က သက်ပြင်းတစ်ချက် ချလိုက်၏။

"ငါ သေဖို့ ပြင်ဆင်ရဦးမှာ"

လျူချန်ရဲ့က ထိတ်ခနဲ ဖြစ်သွား၏။

"သေဖို့ ပြင်ဆင်မလို့ ဟုတ်လား"

ဝူရွက်အော့က...

"နင် ထွက်သွားတာနဲ့ လုံဂူက ငါ့ကို အသက်ချမ်းသာပေး မယ်မဟုတ်ဘူး၊ နင်က သူ့ရဲ့လျှို့ဝှက်ချက် ငါ့ကို ပြောမပြဘူးလို့ ကြည်လဲ ငါ့ကို နှုတ်ပိတ်မှာ သေချာတယ်"

www.burmeseclassic.com

လျှူချွန်ရဲ့က နားလည်လိုက်လေ၏။

အကယ်၍ လိုရှုက လူလွှတ်ပြီး သူမအား သတ်မည်ဆိုလျှင်လည်း သူမက ခုခံ၍ မဖြစ်ပါ။ အကြောင်းမှာ...

ယခု ဂူရွက်အော့မှာ လယ်သမားတစ်ဦး၏ ဇနီးတစ်ဦးမျှသာ ဖြစ်နေသည် မဟုတ်ပါလော။ ဂူရွက်အော့က...

"နင် သဘောပေါက်ပြီ မဟုတ်လား"

လျှူချွန်ရဲ့က ခေါင်းညိတ်လိုက်၏။

"ငါ သဘောပေါက်ပါပြီ"

ဂူရွက်အော့က...

"ဒါကြောင့် သူတို့ အသတ်မခံဘူး၊ နင့်ရှေ့မှာ သေလိုက်တာပဲ ကောင်းတယ်"

လျှူချွန်ရဲ့က...

"ငါက နင့်ကို သတ်ရမယ် ဟုတ်လား"

ဂူရွက်အော့က...

"နင်က မသတ်ရက်ဘူး ဟုတ်လား"

လျှူချွန်ရဲ့က မချိပြုံးပြုံးလိုက်၏။

"ငါက လူမြင်ရင် လွယ်လွယ်နဲ့ သတ်တဲ့ လူစားများ မှတ်နေလို့လား"

ဂူရွက်အော့က...

"နင်က ဒီလိုလူမျိုး မဟုတ်ဘူး၊ ငါ့ကိုလဲ မသတ်ရက်ဘူးဆိုတာ ငါ သိတယ်၊ ဒါပေမယ့်..."



သူမက ပြုံးလိုက်၏။

သူမ၏အပြုံးသည် ထူးခြားနေ၏။

"လူသတ်တဲ့နည်းတွေ အများကြီး၊ အသတ်ခံရတဲ့ နည်းတွေ အများကြီးပါ"

လျှူချွန်ရဲ့ မမေးတော့ပါ။

သူမ၏သဘောကို နားမလည်၍လော...

သို့မဟုတ်...

ခြေသံတစ်သံ ကြားလိုက်၍လော။

ခြေသံသည် ခြံဝင်းထဲသို့ ဝင်လာ၏။

ထို့နောက်...

တံခါးခေါက်သံ ကြားလိုက်ရ၏။

"ခေါက်...ခေါက်...ခေါက်"

"ဘယ်သူလဲ"

ဂူရွက်အော့က မေးလိုက်၏။

"ကျွန်မပါ"

အမျိုးသမီးတစ်ယောက်၏ အသံတစ်သံ ကြားလိုက်ရသည်။ ထိုအမျိုးသမီးမှာ အသက်ငယ်ရွယ်သူ ဖြစ်မည်ဟု ခန့်မှန်းနိုင်၏။

"ကြက်ဥရောင်းမလို့ပါ"

ဂူရွက်အော့က...

"ဪ... အစ်ကိုအာတိတ်ရဲ့ ဇနီးကိုး၊ ဘယ်လိုကနေ ဘယ်

www.burmeseclassic.com

www.burmeseclassic.com



လိုရောက်လာတာလဲ"

အမျိုးသမီးက...

"ငါက လမ်းကြုံလို့ပါ၊ ကနေ့ည လူတစ်ဦးကို သွားဖမ်းမလို့"

"လူသွားဖမ်းမလို့... ဟုတ်လား၊ ဘယ်သူ့ကို ဖမ်းမလို့လဲ"

"သေနာကောင်ပေါ့၊ မနေ့က စောစောစီးစီး အိမ်ကထွက်လာတယ်၊ မြို့ထဲ ရောက်တယ်လို့ သိရတယ်၊ သူက ဟိုကောင်နဲ့ အတူ တွေ့ရတယ်လို့ အချို့က လာပြောပြတယ်"

သူမ၏စကား ရုတ်တရက် ပြတ်တောက်သွား၏။

အကြောင်းမှာ...

ဝူရွက်အော့က တံခါးဖွင့်ပေးလိုက်ပြီဖြစ်ရာ သူမက လျှူချန်ရဲ့ ထိုင်နေသည်ကို တွေ့လိုက်ရသောကြောင့် ဖြစ်လေသည်။

လျှူချန်ရဲ့ကလည်း သူမအား အကဲခတ်ကြည့်နေ၏။

အမျိုးသမီးသည် အသက်ငယ်ရွယ်၏။

ကိုယ်လုံးကိုယ်ထည် ဖွံ့ဖြိုး၏။

ဝူရွက်အော့က လျှူချန်ရဲ့အား ကြည့်လိုက်၏။

"သူ့ကို ကြည့်ရတာ နင် ဘယ်လိုသဘောရသလဲ"

လျှူချန်ရဲ့က...

"မဆိုးဘူး"

ဝူရွက်အော့က...

"ဒီကနေ့ည နင်က သူနဲ့ အတူတူ အိပ်ချင်သလား"



လျှူချန်ရဲ့က ပါးစပ်ပိတ်ထားလိုက်၏။

ဝူရွက်အော့က...

"ကနေ့ည နင်က သူနဲ့ အတူတူ အိပ်ရမယ်"

သူက ထိုအမျိုးသမီးအား ပြုံးပြလိုက်၏။

"နင် အင်္ကျီချွတ်အိပ်ဖို့ ပြင်တော့"

အမျိုးသမီးက အင်္ကျီအား လျင်မြန်စွာ ချွတ်လိုက်၏။

ဝူရွက်အော့ကလည်း အင်္ကျီအား လျင်လျင်မြန်မြန် ချွတ်လိုက်၏။

လျှူချန်ရဲ့၏မျက်လုံးများ ပြူးကျယ်လာ၏။

သို့သော်...

သူ၏ရင်ထဲ၌ လေးလံလာလေ၏။

သူသည် ဝူရွက်အော့၏ စကားကို နားလည်လိုက်လေသည်။

"လူသတ်တဲ့နည်းတွေ အများကြီးရှိတယ်၊ အသတ်ခံရတဲ့ နည်းလဲ အများကြီးရှိတယ်"

ဤအမျိုးသမီး၏ ကိုယ်လုံးကိုယ်ထည်တို့မှာ ဝူရွက်အော့နှင့် ဆင်နေ၏။

ထိုအမျိုးသမီးကား ဝူရွက်အော့ ကိုယ်စား အသေခံရန် ရောက်လာခြင်း ဖြစ်၏။

သူတို့သည် ရွယ်တူ၏။

မျက်နှာပေါက်လည်း ဆင်၏။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်လုံးလည်း မတိမ်းမယိမ်း ဖြစ်၏။

ထို့ကြောင့်…

လုံဂူ၏ငယ်သားက လူစားလဲထားသည်ကို သိကြမည် မဟုတ်ပါ။ ထို့ပြင်…

သူတို့သည် လှယ်သမားတစ်ဦး ဇနီးအား အလေးထား မည် မဟုတ်ပါ။

ဝူရွှက်အော့က ထိုအမျိုးသမီး၏အင်္ကျီကို ဝတ်ဆင်လိုက် ဖြစ်၏။

သူမသည် ငေး၍ ကြည့်နေသော လျှူချုန်ရဲ့အား မျက် ပြုံးကြည့်လိုက်၏။

"နင် ဘာကို ကြည့်နေတာလဲ၊ သွားအိပ်တော့"

အမျိုးသမီး၏မျက်နှာမှာ နီရဲသွား၏။

သူမသည် တွေ့ကြုံရမည့် ကံကြမ္မာကို သိဟန်မတူပါ။

သူမ သိထားသည်မှာ သူမသည် ဝူရွှက်အော့ကိုယ် ယောကျ်ားတစ်ယောက်အား လာရောက်ပြုစုပေးရန် ဖြစ်သည် ထင်သည်။ ယခု…

သူမသည် ပြုစုရမည့်ယောကျ်ားမှာ ရုပ်ရည်ချောမော ဟု မဆိုနိုင်သော်လည်း အကျည်းမတန်ပါ။

ထို့ကြောင့်…

အမျိုးသမီးက ကျေနပ်နေပုံရ၏။

"ငါ သွားတော့မယ်"



ဝူရွှက်အော့က နှုတ်ဆက်ပြီး တစ်ဘက်သို့ လှည့်မည်ဟု ပြင်လိုက်ပြီးမှ အမျိုးသမီး၏ နောက်ကျောသို့ လက်ဝါးဖြင့် ချလိုက်၏။

"ဝေါ့"

အမျိုးသမီးက ဝူရွှက်အော့က ယခုကဲ့သို့ ရက်စက်လိမ့်မည် ထင်မိပါ။

သူမသည် သွေးများ ဝေါ့ခနဲ အန်ထုတ်ပြီး ကြမ်းပြင်ပေါ်သို့ ကျသွားလေသည်။

လျှူချုန်ရဲ့သည် အမျိုးသမီး လဲကျသွားသည်ကို ကြည့်ရင်း ရင်ထဲ၌ အော်ဂလီ ဆန်လာလေသည်။

ဝူရွှက်အော့က…

"ငါတို့ မူလစီစဉ်ထားတဲ့ အစီအစဉ်ကတော့ နင်က သူ့ကို ဒ်ဖို့ပါပဲ"

လျှူချုန်ရဲ့က…

"ဒါနဲ့ နင်က ဘာဖြစ်လို့ သူ့ကို သတ်လိုက်ရတာလဲ"

ဝူရွှက်အော့က…

"နင် ခုနတုန်းက သူ့ကို ကြည့်တဲ့ပုံကို ခံပြင်းလို့၊ နင်က ခြင်လိုက်တာနဲ့ ဝါးစားမတတ် ဖြစ်နေပုံကို ကြည့်ပြီး ငါ ခံပြင်း ာယ် သိလား"

လျှူချုန်ရဲ့က သက်ပြင်းတစ်ချက် ချလိုက်သည်။

"ဘာပဲဖြစ်ဖြစ် သူကတော့ အနေးနဲ့အမြန် သေမှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



အလုပ်ကြီးတစ်ခု လုပ်တဲ့နေရာမှာ လူသေရမှာ မဆန်းပါဘူး"

ဂူရွက်အော့က...

"အခုတော့ လုံဂူက နင့်ကို လမ်းပြမယ့်လူဟာ မိန်းက
ဖြစ်ပါစေနဲ့လို့ပဲ ဆုတောင်းရမှာပဲ"

လျူချုန်ရဲ့က...

"မိန်းမဆိုရင် နင်က သူ့ကို သတ်ဦးမလို့လား"

ဂူရွက်အော့က ခြင်းတောင်းထဲမှ ကြက်ဥများအား
ပေါ်သို့ တစ်လုံးချင်း တင်ထားလိုက်လေသည်။

"ငါဟာ နင်နဲ့ ပထမဆုံးတွေ့တဲ့ မိန်းမ မဟုတ်ဘူးဆို
သိပါတယ်၊ ဒါပေမယ့် ငါဟာ နင့်ရဲ့ နောက်ဆုံး မိန်းမတစ်ယေ
ဖြစ်စေချင်တယ်"

ကြက်ဥက အလွတ် ဖြစ်သည်။

ကြက်ဥထဲတွင် သေးငယ်ပြီး အထူးပြုလုပ်ထားသော
ပြားစများ စက်ကိရိယာများ ပါရှိလေသည်။

ဂူရွက်အော့သည် ထိုစက်ကိရိယာများ တပ်ဆင်လိုက်
အခါ အလွန်သေးငယ်ပြီး အားကောင်းသော လက်နက်ပုန်း
ဖြစ်လာလေသည်။

၎င်းလက်နက်ပုန်းများအား ဖိနပ်များတွင် တပ်ဆင်
လျှင် ခြေချောင်းကလေး ညှပ်လိုက်သည်နှင့် အပ်ကလေးကဲ့သို့
နက်ပုန်းများ ပစ်လွှင့်နိုင်လေသည်။

ထို့ပြင်...



ထိုအပ်ချောင်းကလေးများမှာ အဆိပ် လူးထားလေသည်။

"ငါ ဝှက်ထားမယ်"

ဂူရွက်အော့သည် သူမ၏တာဝန် ပြီးဆုံးသွားသည်နှင့်
ချိတ်နေသော ခြင်းတောင်းအား ဆွဲ၍ ထွက်ခွာသွားလေသည်။

⮘ ⮘ ⮘

www.burmeseclassic.com

www.burmeseclassic.com



## အန္တရာယ်ထောင်ချောက်

(၁)

ညဉ့်နက်လှပြီ။

လျှူချန်ရဲ့သည် တစ်ယောက်တည်း ထိုသေးယ်ပြီး ခန်းနှင့် မတူသော ဧည့်ခန်းတွင် ထိုင်နေသည်။

သူသည် အသံများကို အတန်ကြာကြာ မကြားရတော့

သူသည် ကြမ်းပေါ်မှ လဲကျနေသော အမျိုးသမီးအား ချီ၍ ခုတင်ပေါ်သို့ တင်ထားလိုက်သည်။

ထို့နောက်...

ရှိရှိသမျှ ဖွမ်းဆောင်များဖြင့် သူမကိုယ်ပေါ်သို့ ခြုံလိုက်လေသည်။

ပြီးနောက်...

သူသည် အိမ်ထဲမှ ရှိရှိသမျှ မီးအိမ်များအား မီးထွန်းလိုက်သည်။



မီးဖိုဆောင်ပါမကျန် ထွန်းထားလိုက်သည်။

သူသည် အမှောင်ထုကို မနှစ်သက်ပါ။

သေခြင်းကိုလည်း မလိုလားပေ။

ဤကိစ္စနှစ်ရပ်အပေါ် သူက အထူးရွံ့မုန်းသည်။

သူတို့အား ဝေးဝေးရှောင်ရှားနိုင်ရန် မျှော်လင့်သည်။

ယခု...

သူသည် ထမ်းဆောင်ရမည့် လုပ်ငန်းကြီးအား အစမှအဆုံး ခြင်လည် သုံးသပ်ကြည့်သည်။

➤ ➤ ➤

(၂)

သူသည် ကျော်ကြားသော လူတစ်ယောက် မဟုတ်ပါ။

အညတရတစ်ယောက်မျှသာ ဖြစ်သည်။

မိမိမှာ မည်မျှ စွမ်းဆောင်နိုင်သည်ကိုလည်း သူက မသိပါ။

သူသည် တစ်ကြိမ်တစ်ခါမျှ ဆန်းစစ်ကြည့်ခြင်း မပြုခဲ့ပါ။

ဆန်းစစ်ရန်လည်း စိတ်မကူးမိပေ။

သို့သော်...

ဥုလိပ်က သူ၏အရည်အချင်းအား တွေ့ရှိသွားသည်။

သူ၏စွမ်းအားကို ဖော်ထုတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဂူလိပ်အဖို့ သဲသောင်ပြင်မှာ တန်ဖိုးရှိသော ပုလဲတစ်လုံး ဖော်ထုတ်နိုင်ခဲ့လေသည်။

ဂူလိပ်သည် ထက်မြက်စူးရှသော မျက်လုံးအစုံ ရှိသည့်အပြင် မည်သူမှ လိုက်၍မမီသော ဦးနှောက်လည်း ရှိသည်။

သူသည် လူကဲခတ်ရာ၌ တစ်ကြိမ်ထစ်ခါမှ လွဲမှားခဲ့သည် မရှိခဲ့ဖူးပါ။

သူသည် ဝေဖန်ပိုင်းခြားတတ်သော စွမ်းရည်လည်း အမြဲတမ်း ထက်မြက်သည်။

သူသည် မင်းမှုထမ်းတစ်ယောက် မဟုတ်။

မည်သည့်အာဏာပိုင်ထံမှ လစာငွေကို လက်ခံရယူခြင်း မရှိပါ။ သို့သော်...

သူသည် လောကပေါ်၌ မထမဘွဲ့ ရရှိထားသော အာဏာသားတစ်ယောက် ဖြစ်သည်။

နယ်တိုင်းမြို့တိုင်းမှ ရှိရှိသမျှသော အာဏာသားများသည် သူ့အား ဘုရားတစ်ဆူ ဂူတစ်လုံးအဖြစ် ကိုးကွယ်ကြလေသည်။

သူကသာ ပါဝင်ခဲ့လျှင် လောကပေါ်၌ မဖော်ထုတ်နိုင်သော အမှုဟူ၍ မရှိစေရပါ။

သူသည် အသက်ရှင်သန်နေသည့် ကာလပတ်လုံး ဥပဒေကျူးလွန်သောလူများ ပြစ်ဒဏ်မှ လွတ်မြောက်နိုင်ကြမည် မဟုတ်ပါ။ သို့သော်...

လောကဓံ၏ သဘောတရားအရ။



မည်သည့်ထက်မြက်သော ဓားတစ်လက် ဖြစ်ပါစေ၊ တစ်နေ့ တုံးသွားမည်သာ ဖြစ်သည်။

မည်မျှ ထက်မြက်သော လူတစ်ယောက် ဖြစ်ပါစေ တစ်နေ့ အိုခြင်း၊ နာခြင်း၊ သေခြင်းနှင့် ရင်ဆိုင်ရမည်သာ ဖြစ်သည်။

⮜ ⮜ ⮜

(၃)

ဂူလိပ်သည် အိုမင်းလာပြီ ဖြစ်၏။

ထို့ပြင်...

လေဖြတ်ထားသဖြင့် သူ့အား ဖေးမမည့်သူ မရှိလျှင် သူက လမ်းလျှောက်နိုင်လိမ့်မည် မဟုတ်ပါ။

သူသည် ရောဂါဖိစီးခြင်းကြောင့် အိပ်ရာထဲ လဲနေသော နှစ်အချိန်တွင်း နေပြည်တော်၏ အနီးတစ်ဝိုက်မှာ ဖောက်ထွင်းမှု၊ မှု လုယက်မှုပေါင်း ရာချီ၍ ရှိခဲ့လေသည်။

တိတိကျကျ ပြောရမည်ဆိုလျှင် အမှုပေါင်း (၃၃၂)မှု ဖြစ်ခဲ့သည်။

အမှုမှာလည်း အလွန်ကြီးကျယ်သော အမှုများ ဖြစ်သည်။

ထိုအမှုပေါင်း (၃၃၂)မှုအနက် တစ်မှုမှဖော်ထုတ်နိုင်ခြင်း မရှိခဲ့ပါ။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်…

ထိုအမှုများကို မဖော်ထုတ်၍ လုံးဝမဖြစ်သော အမှုများ ဖြစ်သည်။

အမှုဖြစ်ပွားသော ပုဂ္ဂိုလ်များမှာ အရာရှိအရာခံများ၊ သိုင်းလောကမှ သူဌေးကြီးများ၊ ကျော်ကြားသော ပုဂ္ဂိုလ်များအပြင် ဘုရင့်ဆွေတော်မျိုးတော်များပင် ပါဝင်နေ၏။

ဂူလိပ်၏ ခန္ဓာကိုယ်သည် အိုမင်းရင့်ရော်ပြီး မစွမ်းမသန် ဖြစ်နေသော်လည်း မျက်လုံးက မကန်းသေးပါ။

သူသည် ထိုအမှုများကို ကျူးလွန်သောလူမှာ လုံဂူတစ်ဦးတည်းသာ ဖြစ်နိုင်သည်ဟု အတပ်သိလိုက်သည်။

လုံဂူမှလွဲ၍ ဤအမှုများအား ကျူးလွန်နိုင်သော အရည်အချင်း ရှိသူဟူ၍ တစ်ယောက်မျှ မရှိဟု သူက ယတိပြတ် ပြောနိုင်သည်။

ဤကိစ္စကို သူက အကြိမ်ကြိမ် လေ့လာပြီးနောက် ဤကဲ့သို့ ဝေဖန်ဆုံးဖြတ်လိုက်လေသည်။

အမှုကျူးလွန်သောလူသည် လုံဂူ ဖြစ်ရမည်။

ထိုအမှုအား ဖော်ထုတ်နိုင်မည့်လူမှာ လျူချန်ရဲ့တစ်ဦးတည်းသာ ဖြစ်ရမည်။

သူက အသက်ကြီးရင့်လာပြီး မစွမ်းမသန်ဘဝသို့ ရောက်ရှိနေရသော်လည်း သူ၏ဝေဖန်သုံးသပ်ချက်အား အပြည့်အဝ ယုံကြည်ကြလေသည်။



ထို့ကြောင့်…

အညတရ ဖြစ်ခဲ့သော လျူချန်ရဲ့သည် တစ်ခဏအချိန်တွင် အရေးပါ အရာရောက်သော ပုဂ္ဂိုလ်တစ်ယောက် ဖြစ်လာရလေသည်။

လျူချန်ရဲ့က ဤကဲ့သို့ စဉ်းစားရင်း…

မိမိမှာ ကံကောင်းလာ၍လော၊ သို့မဟုတ် ကံဆိုးမိုးမှောင်ကျလာသည်လောဟု မဝေခွဲနိုင်အောင် ဖြစ်ခဲ့ရသည်။

ယခုအချိန်အထိ ဂူလိပ်က အဘယ်ကြောင့် မိမိအား ရွေးချယ်လိုက်သည်ကို နားမလည်နိုင်သေးပါ။

သူသည် မြေခွေးနှင့်တူသော အဘိုးအိုအပေါ် နားမလည်နိုင်သည့်နည်းတူ အဘိုးအို၏သမီး မြေခွေးမလေးအပေါ်လည်း နားမလည်နိုင်အောင် ဖြစ်ခဲ့ရလေသည်။

⋖ ⋖ ⋖

(၄)

သူ မှတ်မိလိုက်သည်မှာ လွန်ခဲ့သော နှစ်များက ဖြစ်လေသည်။

သူက မိတ်ဆွေတစ်ယောက်နှင့် သိကျွမ်းခဲ့သည်။

ထိုမိတ်ဆွေ၏အမည်မှာ ဝမ်နန် ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ ဝမ်နန်က ဂူလိပ်ထံသို့ သွားရောက်ဂါရဝပြုရန် အကြံပြုခဲ့သည်။

သုံးလကြာပြီးနောက် ဂူလိပ်က ထိုတာဝန်ကို သူ့အား ပေးလိုက်၏။

ပထမတွင် သူသည် သူထမ်းဆောင်ရမည့် တာဝန်မှာ ဤမျှ ကြီးကျယ်လိမ့်မည်ဟု မယူဆမိပေ။

ယခုမှ သူသည် တွေးရင်းတွေးရင်း သူယူထားသော တာဝန်မှာ အလွန်ကြီးကျယ်သည်ဖြစ်ကြောင်း နားလည်လိုက်လေသည်။

ယခု သူသည် လွန်ခဲ့သော သုံးလလောက်တုန်းက ကိစ္စများကို လုံ့လုအား ဖုံးကွယ်နိုင်ခဲ့သည်။

သို့သော်...

မည်မျှကြာကြာ ဖုံးကွယ်နိုင်မည်ကို သူက မပြောနိုင်ပါ။

သူသည် ဆက်လက်တွေးနေ၏။

နာရီဝက်ဆိုသော အချိန်သည် အလွန်တိုတောင်းလှ၏။

နာရီဝက်အတွင်း သူက လူသုံးယောက်အား တစ်ချိန်တည်း တစ်ပြိုင်တည်း သတ်ရမည် ဖြစ်သည်။

မသတ်နိုင်လျှင် မိမိက အသတ်ခံရမည် ဖြစ်သည်။

သို့သော်...

သူသည် နာရီဝက်အချိန်အတွင်းမှာ ထိုလူသုံးယောက်အား သတ်နိုင်လိမ့်မည် မပြောဝံ့သေးပါ။

သူသည် နာရီဝက်အတွင်း ထိုအစောင့် ခုနစ်ယောက်အား



သတ်၍ရပါမည်လော။

ထိုလို့ဖွက်သော သေတ္တာအား ယူနိုင်ခဲ့မည်လော။

လုံ့လုအား ဖမ်းမိနိုင်ပါမည်လော။

သူသည် ကိုယ့်အကြောင်း ကိုယ်သာသိ၏။

နာရီဝက်အတွင်း လုပ်ရမည့် များပြားလှသော ကိစ္စကို သူက ရနိုင်ပါမည်ဟု မပြောနိုင်ပါ။

သူသည် ကိုယ့်ကိုကိုယ်ပင် မရေမရာ ဖြစ်နေသည် မဟုတ်ပါလော။

သူသည် စိတ်အနှောင့်အယှက် ဖြစ်ခဲ့သည်မှာ ဂူရှက်အော့ ဖြစ်သည်။

သူမသည် မည်ကဲ့သို့ မိန်းကလေးမျိုး ဖြစ်သနည်း။

မိမိအပေါ် မည်ကဲ့သို့ သဘောထားသနည်း။

ညဉ့်နက်လှပြီ ဖြစ်၏။

မိုးလင်းတော့မည်။

≺ ≺ ≺

www.burmeseclassic.com

www.burmeseclassic.com



(၅)

လျူချန်ရဲ့က ကောင်းကင်ပေါ်သို့ မော့ကြည့်လိုက်သည်။

မနက်ဖြန်....

မနက်ဖြန်သည် မည်သည့်ကိစ္စရပ် ဖြစ်လာဦးမည်နည်း။

လုံဂူက လမ်းပြရန်လွှတ်ပေးသောလူသည် မည်ကဲ့သို့သော လူမျိုးဖြစ်နေမည်နည်း။

လျူချန်ရဲ့က သက်ပြင်းတစ်ချက်ချလိုက်၏။

သူသည် စိတ်ရှုပ်ဖွယ်ရာများ မေ့ပျောက်သွားနိုင်ရန် ကုလားထိုင်ပေါ်၌ တစ်ရေးအိပ်ရန် စိတ်ကူးမိသည်။

ထိုအချိန်မှာပင်...

သူသည် အလွန်ထူးဆန်းသောအသံများ ကြားလိုက်ရလေသည်။ ထိုအသံသည် မိုးဖွဲကလေး ရွာချသောအသံနှင့် တူလှပေသည်။ ထို့နောက်....

မီးတောက်မီးလျှံများသည် အိမ်ခေါင်မိုးပေါ်မှ စတင်လောင်ကျွမ်းလာလေသည်။

မီးတောက်မီးလျှံများမှာ အလွန် ပြင်းပြင်းထန်ထန် လောင်



သည်။ သို့သော်...

လျူချန်ရဲ့က မီးလောင်၍သေမည့် လူစားမျိုး မဟုတ်ပါ။

သူ့အား မီးများရဲရဲတောက်နေသော မီးဖိုထဲထည့်၍ ရှို့လိုက်သည့်တိုင် သူကလွတ်အောင် ရှောင်နိုင်လိမ့်မည် ဖြစ်သည်။

ဤအိမ်ကလေးသည် မီးဖိုတော့မဟုတ်ပါ။ သို့သော်...

လေးဘက်လေးတန်မှာ မီးများက ဝိုင်းထား၏။

မီးတောက်မီးလျှံမှအပ မည်သည့်အရာကိုမျှ မတွေ့ရတော့ သို့သော်....

လျူချန်ရဲ့က ထိုးဖောက်ထွက်လာနိုင်ခဲ့လေသည်။

မီးလောင်ကျွမ်းလာသည်နှင့် သူသည် မီးဖိုဆောင်ထဲသို့ ပြေးဝင်သွား၏။

ရေအိုးတစ်လုံးအား ရေအပြည့်ထည့်ပြီး ခေါင်းပေါ်မှာရွက်ထားသည်။

ရေအိုးက လှုပ်ရှားနေသောကြောင့် ရေအိုးထဲမှရေများ ထွက်လာသဖြင့် တစ်ကိုယ်လုံး စိုရွှဲစေလေသည်။

သို့သော် သူသည် ဘေးမသီရန်မခဘဲ လွတ်မြောက်နိုင်လေသည်။

သူ၏လျင်မြန်မှုအခြေအနေကို တခဏမျှနှင့် ဆုံးဖြတ်နိုင်မည်သူကမျှ သူ့အားမီမည်မဟုတ်ပါ။

မီးလောင်ကျွမ်းနေသော အိမ်ကလေးကလွဲ၍ အား ချမ်းသာယာနေ၏။

www.burmeseclassic.com

www.burmeseclassic.com



ခြံဝင်းထဲ၌ ပွင့်နေသော ပန်းများသည် မီးရောင်နှင့်ဟပ်၍ ရွှေရောင်များ တောက်ပနေ၏။

အဝါရောင်အင်္ကျီ ဝတ်ဆင်ထားသော မိန်းကလေးတစ်ဦးသည် လက်ထဲတွင် အဝါရောင်ပန်းတစ်ပွင့်ကို ကိုင်လျက် သူ့အား ပြုံး၍ကြည့်နေ၏။

ခြံဝင်းအဝတွင် မြင်းလှည်းတစ်စီး ရပ်နေ၏။

မြင်းလှည်းဆွဲသော မြင်းသည် မျက်လုံးများဖုံးထားသောကြောင့် မီးလောင်သည်ကို ထိတ်လန့်သွားခြင်းမရှိပေ။

အဝါရောင်အင်္ကျီဝတ်ဆင်ထားသော မိန်းကလေးသည် လွှားပမာ မြင်းလှည်းထံသို့ ပြေးလွှားသွားပြီး မြင်းလှည်းတံခါး ဖွင့်လိုက်၏။

ထို့နောက် သူ့အားလှည့်ကြည့်၍ ပြုံးပြနေသည်။

သူမသည် စကားတစ်ခွန်းမျှ မပြောပါ။

လျှိုချန်ရဲ့ကလည်း စကားတစ်ခွန်းမျှ မမေးပါ။

သူမက မြင်းလှည်းတံခါး ဖွင့်လိုက်သည်နှင့် မြင်းလှည်းပေါ်သို့ပြေးတက်သွားပြီး ထိုင်ချလိုက်လေသည်။

ပထမပိုင်းပြီး၏။

ဒု–ဓာတ်သိမ်း ဆက်လက်ဖတ်ရှုပါရန်။

www.burmeseclassic.com

www.burmeseclassic.com

# မိုးကျော်သူ

## လမ်းမရှည်အမည်ရှိသောလူ

(ဒုတိယပိုင်း–ဇာတ်သိမ်း)

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၀၀၂၄၀၁၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၀၇၁၀၁၀၉

၂၀၀၉ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေနိုင်၊ (ချိုတေးသံစာပေ)
ရွှေနှံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်
ဦးသော်လွင်မြင့်၊ (စန္ဒကူး ပုံနှိပ်တိုက်)
၉(H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်မိုး (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

## နိုင်ငံတော်အရေး သုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

www.burmeseclassic.com

www.burmeseclassic.com

## ဒေါင်းမလေး

(၁)

မီးတောက်မီးလျှံများသည် အရှိန်ကောင်းတုန်း ရှိနေသေးသည်။

သို့သော် လျှုချန်ရဲ့က မီးလောင်ရာမှ ဝေးသည်ထက်ဝေးသွားလေပြီ။

မြင်းလှည်းသည် အစအဆုံးမရှိသော ညဉ့်နက်ထဲသို့ တိုးဝင်သွားလေသည်။

မှောင်မည်းသောည ဖြစ်သည်။

လျှုချန်ရဲ့က မှောင်မည်းသည်ကို ကြောက်ရွံ့၍ မဟုတ်ပါ။

သူက ရွံ့မုန်းနေခြင်း ဖြစ်သည်။

< < <

www.burmeseclassic.com

www.burmeseclassic.com



(၂)

ဘောင်းဘီ၊ အတွင်းခံအင်္ကျီ၊ အပေါ်အင်္ကျီ အားလုံးတို့မှာ သစ်လွင်နေ၏။

ရေချိုးစည်ပိုင်းပင် အသစ်ချပ်ချွတ်ဖြစ်သည်။

မြင်းလှည်းသည် ဤအဆောက်အဦး၏ ဆင်ဝင်အောက်တွင်ရပ်တန့်လိုက်လေသည်။

လျှူချွန်ရဲ့သည် မိန်းကလေး ခေါ်ဆောင်ရာသို့ လိုက်သွားသည်။

အခန်းတစ်ခန်းထဲသို့ ရောက်ရှိလာလေ၏။

အခန်းထဲ၌ ရေချိုးရန် ရေစည်မှာ ရေအပြည့်ဖြင့် သူ့အား စောင့်နေ၏။

ရေသည် မပူလွန်း မအေးလွန်း အနေတော်ဖြစ်သည်။

မိန်းကလေးက ရေချိုးရန် စည်ပိုင်းအား လက်ညှိုးထိုးပြလိုက်၏။

လျှူချွန်ရဲ့က အဝတ်အစားများ ချွတ်လိုက်ပြီး ရေစည်ထဲဝင်လိုက်လေ၏။

သူမက စကားတစ်ခွန်းမျှ မပြောသေးပါ။

သူကလည်း စကားတစ်ခွန်းမျှ မမေးပါ။

လျှူချွန်ရဲ့က ရေမိုးချိုးပြီး၍ ခန္ဓာကိုယ်အား ခြောက်သွေ့အောင်သုတ်ပြီး အဝတ်အစားလဲရန် ပြင်နေသောအချိန် မိန်းက



လေးက ထပ်မံဝင်ရောက်လာလေသည်။

သူမနောက်တွင် လူတစ်ယောက်က ရေအပြည့်ပါသော ရေစည်တစ်လုံး ထပ်မံထမ်းလာသည်ကို တွေ့မြင်လိုက်ရလေသည်။

ရေသည် မပူလွန်း မအေးလွန်းဘဲ အနေတော်ဖြစ်သည်။

မိန်းကလေးက ထိုရေစည်အား လက်ညှိုးထိုးပြပြန်လေသည်။

လျှူချွန်ရဲ့က သူမအား တစ်ချက်ကြည့်လိုက်ပြီး ရေစည်ထဲသို့ ဆင်းရပြန်လေသည်။

သူသည် သုံးလတိတိ ရေမချိုးဖြစ်ခဲ့ပါ။

ထို့ကြောင့် ထပ်မံချိုးလိုက်လေ၏။

သူကလည်း ရေချိုးသည်ကို နဂိုက နှစ်သက်သည် မဟုတ်ပါလော။

သူကလည်း စကားများများ ပြောတတ်သော လူစားမျိုး မဟုတ်ပါ။

သို့သော် သူကရေချိုးပြီး၍ ရေစည်ထဲမှထွက်လာရာ မိန်းကလေးက နောက်ထပ်ရေစည်တစ်လုံး သယ်ဆောင်လာပြန်သည်ကို တွေ့မြင်ရသောအခါ သူက ပါးစပ်ပိတ်ထား၍ မရတော့ပါ။

ရေချိုးရလွန်း၍ သူ၏အသားများပင် နီစပ်စပ်ဖြစ်နေသည်။

မိန်းကလေးက ရေစည်အား ထပ်မံညွှန်ပြလိုက်ပြန်၏။

လျှူချွန်ရဲ့က သူ့အားကြည့်၍ ရုတ်တရက် ရယ်မောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးကလည်း ပြုံးနေ၏။

လျူချုန်ရဲ့က ရယ်မောရာမှရပ်၍ မေးလိုက်၏။

"ငါ့ကိုယ်ပေါ်မှာ ခွေးချေးများပေနေလို့လား"

မိန်းကလေးက ခစ်ခနဲ ရယ်မောလိုက်၏။

"မပေပါဘူး"

"ဒါဖြင့် ငါ့ကိုယ်ပေါ်မှာ ဘာရှိသလဲ"

မိန်းကလေး၏မျက်နှာ နီရဲလန့်ဖျပ်ပြီး ပါးစပ်ပိတ်ထားလိုက်လေသည်။ လျူချုန်ရဲ့က..

"ငါ့ကိုယ်ပေါ်မှာ တစ်ခုခုရှိနေတာတောင်မှ ရေသုံး[ကြိမ်]လောက်ချိုးလိုက်ရင် အားလုံးသန့်ရှင်းသွားမှာပါ"

မိန်းကလေးက ခေါင်းညိတ်လိုက်၏။

လျူချုန်ရဲ့က...

"ဒါဖြင့် ဘာကြောင့် နောက်ထပ်ရေချိုးခိုင်းရတာလဲ"

"မသိဘူး"

"ဗျာ"

လျူချုန်ရဲ့က ကြောင်အမ်းအမ်း ဖြစ်သွားရလေသည်။

"ဒါဖြင့် မင်းက ဘာသိတာလဲ"

"ကျွန်မသိထားတာက ဘယ်သူမဆို သခင်မလေး[နဲ့]တွေ့ချင်ရင် ငါးကြိမ်တိတိ ရေချိုးရမယ်"

< < <



(၃)

ထို့ကြောင့် လျူချုန်ရဲ့က ရေငါးကြိမ်ချိုးလိုက်ရလေသည်။

သူသည် သစ်လွင်သော အဝတ်အစားများ ဝတ်ဆင်ကာ ထိုသခင်မလေးနှင့်တွေ့ရန် မိန်းကလေးနောက်သို့ လိုက်သွားသော အခါ ရေငါးကြိမ်ချိုးလည်း ခံရခက်သည့်ကိစ္စတစ်ခု မဟုတ်မှန်း သိရှိရလေ၏။

ယခု သူသည် ပြောင်လက်ချောမွတ်နေသော စင်္ကြံလမ်းပေါ်သို့ လျှောက်နေသောအခါ တိမ်တိုက်တိမ်လိပ်ပေါ်၌ လိုက်လာသလို အလွန်ပေါ့ပါးသည်ဟု ခံစားမိလေသည်။

စင်္ကြံလမ်း၏အဆုံးမှာ ပုလဲမီးများ ပြုလုပ်ထားသော ခန်းဆီးတပ်ထားသော တံခါးပေါက်တစ်ခုဖြစ်သည်။

အခန်းတံခါးက စေ့ရုံမျှသာ စေ့ထား၏။

လျူချုန်ရဲ့က အခန်းထဲသို့ လှမ်းဝင်လိုက်လေ၏။

အခန်းမှာ ရောမကျယ်ဝန်းသော အခန်းဖြစ်သည်။

ကြမ်းမှာလည်း ကြေးမုံသဖွယ် ချောမွတ်နေ၏။

နံရံမှာ အဖြူရောင်ဆေးဖြင့် ခြယ်သထားလေသည်။

ဤမျှကျယ်ဝန်းသော အခန်းတစ်ခုလုံးမှာ စားပွဲတစ်လုံး၊ [ကု]လားထိုင်တစ်လုံးနှင့် ကြေးမုံပြင်တစ်ချပ်မျှသာရှိသည်။

အခြား မည်သည့်အရာမျှ မရှိချေ။

ခန္ဓာကိုယ် ချောမောပြီး ပိတုန်းရောင်ဆံကေသာများ ဖား

www.burmeseclassic.com



လျှားချ၍ လိမ္မော်ရောင်အင်္ကျီ ဝတ်ဆင်ထားသော မိန်းမလှတစ်ယောက်သည် ကြေးမုံပြင်ရှေ့၌ ရပ်၍ ကိုယ့်ကိုကိုယ် ကျေနပ်စွာ ကြည့်နေ၏။

လျှူချွန်ရဲ့က သူမ၏နောက်ကျောတွင် ရပ်နေသော်လည်း ကြေးမုံပြင်ထဲမှ သူမ၏မျက်နှာအား မြင်တွေ့လိုက်ရသည်။

တကယ်မင် မိန်းမချောတစ်ယောက်ပါပေ။

သူမ၏အလှသည် လူ့ပြည်တစ်ခွင် ရှိမှရှိပါလေစဟုဝင် အံ့သြရအောင် လှပသော မိန်းကလေးတစ်ယောက်ပင် ဖြစ်သည်။

ထိုကဲ့သို့ မိန်းမလှမျိုးသည် အလှကြည့်ရန်ပင်ကောင်းလေသည်။

ထို့ကြောင့်လားမသိ လျှူချွန်ရဲ့က ခပ်ဝေးဝေး၌ ရပ်တန့်လိုက်လေ၏။

သူမက ကြေးမုံပြင်ထဲမှ သူ့အား မြင်တွေ့လိုက်သည်။

သို့သော် လှည့်၍ မကြည့်ပါ။

"ရှင်က လျှူချွန်ရဲ့လား"

သူမ၏အသံသည် အေးတိအေးစက် နိုင်လှပေ၏။

"ကျွန်မနာမည်က နန့်လန်ကျင်း"

သူမ၏အသံသည် ကြည်လင်၍ ချိုလွင်လှ၏။

သို့သော် လေသံမှာ အေးစက်၍ ဘဝင်မြင့်နေပုံရသည်။

မည်သူမဆို ထိုနာမည်ကို ကြားလိုက်သည်နှင့် အံ့သြတုန်လှုပ်သွားမည်ဟု သူက ခန့်မှန်းထားမိ၏။



သို့သော်- လျှူချွန်ရဲ့မှာမူ အနည်းငယ်မျှ အံ့သြခြင်းမရှိပါ။

နန့်လန်ကျင်းက မဲ့ပြုံးပြုံးလိုက်၏။

"ကျွန်မ ရှင့်ကို မမြင်တွေ့ဖူးပေမယ့် ရှင့်အကြောင်းကိုတော့ ကြားသိထားပါတယ်"

လျှူချွန်ရဲ့က...

"ဟုတ်လား"

နန့်လန်ကျင်းက...

"ရှင်ဟာ အလွန်ပျော်တတ်တဲ့ လူတစ်ယောက်၊ ငွေဖြုန်းတဲ့နေရာမှာလည်း ထူးထူးခြားခြား ဖြုန်းတတ်တယ်လို့ လူတွေက ပြောပြပါတယ်"

"သူပြောတာ မှန်တယ်"

"လန်ထင်းမင်ကတော့ ရှင့်အရိုးမာတယ်၊ အထုအထောင်းခံနိုင်ရည်ရှိတယ်လို့ ပြောတယ်"

"သူပြောတာလည်း မှန်ပါတယ်"

"ဒါပေမယ့် ရှင့်ကိုတွေ့ဖူးတဲ့လူတိုင်း ဘယ်လိုဝေဖန်သလဲဆိုတာ ရှင်သိသလား"

လျှူချွန်ရဲ့က...

"ဘယ်လို ဝေဖန်တာလဲ"

နန့်လန်ကျင်းက....

"ရှင့် လူမဟုတ်ဘူး"

လျှူချွန်ရဲ့က...

www.burmeseclassic.com



"သူတို့ ဝေဖန်တာလည်း မှန်ချင်မှန်မှာပေါ့"

နန်းလန်ကျင်းက...

"လူမဟုတ်တဲ့ ယောက်ျားတစ်ယောက်က ကျွန်မကို စိုက်ကြည့်လိုက်တာနဲ့ သေရပါလိမ့်မယ်"

"ကျုပ်က ခင်ဗျားကိုကြည့်ဖို့ စိတ်မကူးပါဘူး၊ ခင်ဗျားက လူလွှတ်ပြီး ကျုပ်ကိုခေါ်လာခဲ့တာပါ"

နန်းလန်ကျင်း၏မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်သွားလေ၏။

"ကျွန်မ ရှင့်ကိုလာခိုင်းတာဟာ လုံ့ဂူကို ကတိပေးထားလို့ပါ၊ နို့မဟုတ်ရင် ရှင်သေတာ ကြာပြီ"

"ခင်ဗျားက လုံ့ဂူကို ဘာကတိပေးထားလို့လဲ"

"ရှင့်ကို လူတစ်ယောက်ဆီပို့ဖို့၊ ဒါကလွဲလို့ ရှင်နဲ့ကျွန်မနဲ့ ဘာမှမပတ်သက်ဘူး၊ ဒါကြောင့် ကျွန်မရှေ့မှာ ရိုးရိုးသားသား နေစေချင်တယ် ရှင် မိန်းမပွေတဲ့နေရာမှာ အတော့်ကို နာမည်ကြီးပါတယ်"

လျူချုန်ရဲ့က...

"ကျုပ် နားလည်ပါတယ်"

နန်းလန်ကျင်းက မဲ့ပြုံးပြုံးလိုက်၏။

"ရှင် နားလည်ထားရင် အကောင်းဆုံးပါပဲ"

လျူချုန်ရဲ့က...

"ခင်ဗျား ကိစ္စနှစ်ခု နားလည်ဖို့လိုပါလိမ့်မယ်"

နန်းလန်ကျင်းက...

"ပြောပါ"

BURMESE CLASSIC



လျူချုန်ရဲ့က...

"ပထမ..ကျုပ်က ခင်ဗျားနဲ့ ဘယ်လိုမှ မပတ်သက်ချင်ဘူး"

နန်းလန်ကျင်းက ခံပြင်းလွန်း၍ သူမ၏မျက်နှာ ဖြူဖပ်ဖြူရော်ဖြစ်သွားလေ၏။ လျူချုန်ရဲ့က...

"ဒုတိယ...ခင်ဗျားကို ကျုပ်မမြင်တွေ့ခဲ့ဖူးပေမယ့် ခင်ဗျားဟာ ဘယ်လိုမိန်းမမျိုးဖြစ်တယ်ဆိုတာ ကျုပ်သိထားပြီးသားပါ"

"ကျွန်မက ဘယ်လိုမိန်းမစားလဲဆိုတာ ပြောစမ်း"

"ခင်ဗျားကိုယ်ခင်ဗျား ဒေါင်းမလေးလို့ ထင်ထားတယ်၊ ကမ္ဘာလောကမှာ ရှိရှိသမျှ လူအားလုံး ခင်ဗျားကို အထင်ကြီးလိမ့်မယ်၊ မက်မောလိမ့်မယ်လို့ ထင်ထားတယ်၊ သူများအတွက်တော့ မှန်ချင်မှန်လိမ့်မယ်၊ ကျုပ်အတွက်တော့ မှားနေတယ်"

နန်းလန်ကျင်း၏မျက်လုံးအစုံက မီးတောက်မီးလျှံဖြာ သူ့အားစိုက်ကြည့်လာသည်။

လျူချုန်ရဲ့က...

"ခင်ဗျား ကျုပ်ကိုခေါ်လာတာ လုံ့ဂူရဲ့မျက်နှာကြောင့်ဖြစ်တယ်၊ ကျုပ် အခုလိုက်လာတာကလည်း လုံ့ဂူရဲ့မျက်နှာကြောင့်ဖြစ်တယ်၊ ခင်ဗျားနဲ့ကျုပ်ကြားမှာ တခြားဘာမှ ပတ်သက်စရာအကြောင်း မရှိပါဘူး"

သူက စကားဆက်လိုက်သည်။

"ဒါပေမယ့်"

နန်းလန်ကျင်းက...

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် ဘာဖြစ်လဲ"

"ခင်ဗျားက မီးနဲ့မရှို့သင့်ဘူး"

"ဘာဖြစ်လို့လဲ"

"ကျုပ်က မီးလောင်ပြီးသေသွားရင် ခင်ဗျား ကျုပ်ကိုခေါ်သွားလို့ ရနိုင်ပါ့မလား"

နန်လန်ကျင်း မဲ့ပြုံးပြုံးလိုက်၏။

"ရှင်က မီးလောင်လို့သေသွားတဲ့ လူစားမျိုးဆိုရင် အဲဒီလူကို သွားတွေ့ဖို့ အရည်အချင်းရှိမှာမှ မဟုတ်ဘဲ"

လျှူချုန်ရဲ့က မျက်မောင်ကုတ်သွား၏။

"ကျုပ်နဲ့တွေ့ပေးမယ့်လူက ဘယ်သူပါလိမ့်"

"ချူးပိုင်မို"

လျှူချုန်ရဲ့က ထိတ်ခနဲ ဖြစ်သွား၏။

"ကျူးစွေဒေဝီ ဟုတ်လား"

နန်လန်ကျင်းက ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

"သူ့ဆီကို ခင်ဗျားက ခေါ်သွားမလို့ ဟုတ်လား"

"ကျွန်မက သူ့ရဲ့မိတ်ဆွေ၊ သူ့ရဲ့ကျူးစွေတောင်ကုန်းကို ကျွန်မကသာလျှင် သွားပိုင်ခွင့်ရှိတယ်"

"သူက ခင်ဗျားရဲ့မိတ်ဆွေ၊ သူကလည်း ခင်ဗျားကို မိတ်ဆွေတစ်ယောက်လို့ ယုံကြည်စိတ်ချ အသိအမှတ်ပြုထားတယ် အခုတော့ ခင်ဗျားက လုံဂူအတွက် အလုပ်လုပ်ပေးနေတာကိုး"



နန်လန်ကျင်းက....

"မိန်းမနဲ့မိန်းမကြားမှာ တကယ့်မိတ်ဆွေဆိုတာ မရှိဘူး"

လျှူချုန်ရဲ့က သက်ပြင်းတစ်ချက်ချလိုက်၏။

"အထူးသဖြင့် ခင်ဗျားလို မိန်းမမျိုးဟာ တကယ့်မိတ်ဆွေရှိမှာမဟုတ်ပါဘူး"

နန်လန်ကျင်းက စိတ်ဆိုးခြင်းမရှိပါ။

"ကျွန်မက သူ့ထက်သာပါသေးတယ်"

"ဘာကိုသာတာလဲ"

"သူဟာ သူ့ကိုယ်သူ ရန်သူလို့တောင် ထင်မှတ်နေသေးတာ"

"ဘာပဲဖြစ်ဖြစ် သူက သူ့ရဲ့ကျူးစွေတောင်ကုန်းကို ခင်ဗျားကိုသွားလာခွင့်ပြုထားတယ်"

နန်းလန်ကျင်း၏မျက်ဝန်းအစုံတွင် အလွန်ခံပြင်းသည့် အရိပ်အယောင်များ ပေါ်လွင်လာလေသည်။

"သူက ကျွန်မကို သွားခွင့်ပြုတာဟာ အရိုးခံမှုမဟုတ်ဘဲ"

လျှူချုန်ရဲ့က...

"ဒါဖြင့်"

နန်လန်ကျင်းက...

"သူက ကျွန်မထက် အစစအရာရာ သာလွန်တဲ့အကြောင်းကို ကြွားချင်လို့"

လျှူချုန်ရဲ့က သူမအား ကြည့်၍ပြုံးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီဗျာ၊ ခင်ဗျား သွားပါတော့"

"ရှင်ကော"

"ကျုပ်က သူ့ကိုမတွေ့ချင်ဘဲ၊ ဒါကြောင့် သွားတွေ့ဖို့မလိုအပ်ဘူး"

"ရှင်က မသွားလို့မှမဖြစ်ဘဲ"

"ဘာဖြစ်လို့လဲ"

"သူ့ရဲ့လျှို့ဝှက်ဂူ ဘယ်မှာရှိသလဲဆိုတာ ကျွန်မမှမသိဘဲ"

သူမက စကားဆက်လိုက်သည်။

"ကျွန်မက ရှင့်ကို ကျူးစွေတောင်ကုန်းရောက်အောင်ပို့ပေးနိုင်တယ်၊ လျှို့ဝှက်ဂူ ဘယ်မှာရှိတယ်ဆိုတာ ရှင်ကိုယ်တိုင်ပဲရှာရလိမ့်မယ်"

လျူချန်ရဲ့ ရင်ထဲ၌ လေးလံသွား၏။

ယခု သူသည် သူထမ်းဆောင်ရမည့်တာဝန်မှာ သူတွက်ထားသည်ထက် များစွာ ခက်ခဲနေသည်ကို သိရှိလိုက်၏။

သူ၏မျက်နှာ ရှုံ့မဲ့သွားလေသည်။

နန်လန်ကျင်း၏မျက်ဝန်းအစုံ၌ ဝင်းလက်တောက်ပလာ၏။

တခြားလူ စိတ်ဆင်းရဲကိုယ်ဆင်းရဲဖြစ်သည်ကို တွေ့သောအခါ သူမသည် ဝမ်းသာပီတိဖြစ်တတ်၏။

လျူချန်ရဲ့က သက်ပြင်းတစ်ချက်ချလိုက်၏။

"ကျူးစွေဒေဝီဟာ ခင်ဗျားကို ဝင်ထွက်ခွင့်ပြုတာထက် ခင်ဗျား ဆင်းရဲနေတာကို တွေ့ချင်လို့ဆိုရင် ကျုပ်ကို သွားခွင့်ပြုနိုင်



ပါ့မလား"

"ဒါကတော့ သူက ကျွန်မအကြောင်းကို သိထားလို့ပါ"

"ဘာကို သိထားလို့လဲ"

"ကျွန်မဟာ စိမ်ခံတတ်တဲ့အကျင့်ရှိတယ်၊ အထူးသဖြင့် ယောက်ျားတွေရဲ့ပြုစုစောင့်ရှောက်တာကို ခံချင်တယ်၊ သူ့ဆီကို ကျွန်မသွားတိုင်း ယောက်ျားကျေးကျွန်တစ်ယောက် အမြဲပါတတ်လို့"

"ကျုပ်က ခင်ဗျားရဲ့ကျေးကျွန် ဟုတ်လား"

"ဟုတ်တယ်"

သူမသည် သူ့အား စိုက်ကြည့်လိုက်၏။

သူမ၏လှပသော မျက်ဝန်းအစုံ၌ ထူးထူးခြားခြား ပြောင်းလဲသွားလေ၏။ လျူချန်ရဲ့က သူမအား စိုက်ကြည့်နေ၏။

ဤသို့ဖြင့် သူတို့နှစ်ယောက်သည် တစ်ဦးမျက်လုံးကို တစ်ဦး စိုက်ကြည့်နေကြ၏။ မည်မျှ အချိန်ကြာသွားမှန်း မသိချေ။

လျူချန်ရဲ့က သက်ပြင်းတစ်ချက် ချလိုက်၏။

"ဟုတ်ပါတယ် ခင်ဗျား"

နန်လန်ကျင်းက....

"ရှင်ဟာ ကျွန်မရဲ့ကျေးကျွန် ဟုတ်ပါတယ်နော်"

"ဟုတ်ပါတယ် ခင်ဗျာ"

"ကနေ့ကစပြီး နင်ဟာ ခွေးတစ်ကောင်လို ငါ့အနားမှာရှိရမယ်၊ ငါခေါ်လိုက်တာနဲ့ လာရမယ်"

"ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



နန်လန်ကျင်းက....

"ကျွန်မ ဘာပဲခိုင်းခိုင်း၊ လုပ်ခိုင်းရင် ရှင်လုပ်ရလိမ့်မယ်"

"ဟုတ်ကဲ့"

"ရှင့်ကို ကျွန်မဘာခိုင်းခိုင်း ရှင်သိထားရမှာက ရှင့်ရဲ့ည ပတ်တဲ့လက်နှစ်ဘက်နဲ့ ကျွန်မကို လုံးဝမထိစေရဘူး"

"ဟုတ်ကဲ့ မထိစေရဘူး"

နန်လန်ကျင်းက...

"ရှင့်ရဲ့ညာလက်က ကျွန်မကိုထိရင် ကျွန်မက ရှင့်ရဲ့ည ဘက်လက်ကို ခုတ်ပစ်မယ်၊ လက်ချောင်းကလေးနဲ့ထိရင် လက်ချောင်းကို ခုတ်ပစ်မယ်"

လျူချန်ရဲ့က...

"ဟုတ်ကဲ့"

သူ၏မျက်နှာပေါ်တွင် ခံပြင်းခြင်း၊ ဒေါသထွက်ခြင်း ဟန်မူရာများ လုံးဝမတွေ့ရပါ။

နန်လန်ကျင်းက သူ့အား စိုက်ကြည့်နေလေသည်။

သူမသည် အတန်ကြာကြည့်ပြီးမှ သက်ပြင်းပာစ် သာချလိုက်လေသည်။

"ရှင့်ကြည့်ရတာ လူမဟုတ်ဘူးဆိုတာ မှန်နေပြီလေ"

<  <  <



## လူမဆန်သောလူများ

### (၁)

ဆည်းဆာတောင်ကုန်းသည် လှပသည်။

တောင်ကုန်းအမည်မှာ ပို၍လှပသည်။

ခန့်ညားထည်ဝါပြီး ကြည်ညိုဖွယ်ရာကောင်း ဘုရားကျောင်းအား ဖြတ်ကျော်လိုက်ပြီးလျှင် လှပသေ များက များ တင့်တယ်စွာတည်ရှိနေသော ကိုးဆင့်ရှိုးဆည်းဆာ လျှောက်လှမ်းပြီးနောက် ဆည်းဆာတောင်ကုန်းအား လှ မြင်ရမည်ဖြစ်သည်။

ညနေမှာ တိုက်ခတ်လာသောလေထဲတွင် ကြေးစည် များ၊ ခေါင်းလောင်းထိုးသံများ လွင့်ပျံ့လာလေသည်။

ဆည်းဆာတောင်ကုန်း၏နောက်ဘက် တောင်ကုန်းတွင် ရှမျှော်ခင်းမှာ အလွန်သာယာလှသည်။

လာရောက်လည်ပတ်သည့် ဧရိုးသည်ကလည်း အလွန်များ ပြားသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခု ထိုနေရာတွင် စားတော်ဆက် အဆောက်အအုံအ
ဆောင် တည်ဆောက်ထားသည်။

ထိုအဆောက်အအုံသည် အလွန်ခန့်ညားသည်။

လှပသည့်အိမ်တိုင်နှင့် တံတားတို့မှာ ရွှေရောင်ဆေး
ပတ်တဲ့လ ဘားသည်။ အဆောက်အအုံက မမြင့်လှပါ။

သို့သော် သပ်သပ်ရပ်ရပ်ရှိ၍ ဆေးရောင်များလည်း
ညီမှာ မကြာသေးပေ။

က်သမားနှစ်ယောက်သည် ကြီးမားသော ဆိုင်း
ဘက်လက်ကို ခါး၏ဘောင်ပေါ်သို့ တင်နေ၏။

လက်ချောင်း င်းနှင့်မျက်နှာချင်းဆိုင်နေရာတွင် တောင် အလွန်
နေပေသည်။

"စားခံတပ်" ဖြစ်သည်။

နန်လန်ကျင်းသည် ပိုးအင်္ကျီဝတ်လျက် ညောင်ပင်
ဟန်မူ အာက်တွင် ရပ်လျက် စားခံတပ်ဘက် အဆောက်အ
က်ညှိုးထိုးပြပြီး မေးလိုက်သည်။

"ဒီစားတော်ဆက်ကို ရှင်ဘယ်လိုမြင်သလဲ"

"အဆောက်အအုံက လှပါတယ်၊ ဒါပေမယ့်နေရာ
တယ်"

"ဘာဖြစ်လို့လဲ"

"စားတော်ဆက်ကို ဒီလိုနေရာမျိုးမှာ လာပြီးတည်ဆော
ထားတာ ဘယ်သူက လာစားကြမှာလဲ။ သုံးလတောင် ခံလိ



င်ဘူး"

"ဒီအတွက် ရှင်စိုးရိမ်မနေပါနဲ့၊ မနက်မိုးမလင်းမီ ဒီစား
တ်ဆက် ပျောက်သွားလိမ့်မယ်လို့ ကျွန်မပြောရဲတယ်"

လျူချန်ရဲ့က မျက်မှောင်ကုတ်သွား၏။

"သူက ပျံနိုင်လို့လား"

နန်လန်ကျင်းက ခေါင်းခါယမ်းပြသည်။

"ဟင့်အင်း"

"ပျံမှမပျံနိုင်ရင် ဘာကြောင့် ပျောက်သွားနိုင်မှာလဲ"

နန်လန်ကျင်းက ပြုံးလိုက်သည်။

"စားတော်ဆက် တည်ဆောက်မယ့်လူရှိသလို ဖျက်ဆီးမယ့်
ည်း ရှိရမှာပေါ့"

"ဒီအဆောက်အအုံကို မနက်ဖြန် မိုးမလင်းမီ လူများက
ဆီးပစ်မယ် ဟုတ်လား"

"ဟုတ်တယ်"

လျူချန်ရဲ့က အံ့သြသွားသည်။

"အခုမှ တည်ဆောက်ပြီးတဲ့ အဆောက်အအုံကို ဘာဖြစ်လို့
ချင်းဖျက်ဆီးပစ်ရမှာလဲ"

"ဒီအဆောက်အအုံကို တည်ဆောက်လိုက်ကတည်းကိုက
ဆီးဖို့ပါပဲ"

လျူချန်ရဲ့က ပို၍အံ့သြသွား၏။

အချို့လူတို့က နေထိုင်ရန် အိမ်ကိုဆောက်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



အချို့လူက အရောင်းအဝယ်ပြုလုပ်ရန် အိမ်ကိုဆောက်ကြ သည်။

အချို့လူသည် အိမ်ကိုငှားစားရန် ဆောက်ကြသည်သာ သူကသိခဲ့သည်။

ဖျက်ဆီးရန်အတွက် အိမ်ကိုတည်ဆောက်သည်ကို သူ တစ်ကြိမ်မျှ မကြားသိဖူးပါ။

နန်လန်ကျင်းက သူ့အားကြည့်လိုက်၏။

"ရှင် နားမလည်ဘူး ဟုတ်လား"

လျူချန်ရဲ့က ဝန်ခံလိုက်သည်။

"ဟုတ်တယ်၊ စဉ်းစားလို့ကို မရဘူး"

နန်လန်ကျင်းသည် ဤအကြောင်းကို ချက်ချင်းအဖြေ ပါ။ ထို့ကြောင့် လျူချန်ရဲ့က ထပ်မံမမေးတော့ပေ။

သူသိထားသည်မှာ နန်လန်ကျင်းက သူ့အား ဤနေ သို့ခေါ်ဆောင်လာခြင်းမှာ ထိုအကြောင်းပြောပြရန် မဟုတ်၊ ရည် ချက် တစ်ခုခုရှိလိမ့်မည်။

ထို့ကြောင့် သူကမမေးလည်း သူမက အနေးနှင့်အ ပြောပြလိမ့်မည်ဟု ယုံကြည်သည်။

လျူချန်ရဲ့သည် သူ၏ဝေဖန်သုံးသပ်မှုကို ယုံကြည်မှုအ ရှိလာသည်။



(၂)

နေလုံးကြီးသည် အနောက်ဘက်သို့ ငုတ်လျှိုးဆင်းသက်နေ ပြီဖြစ်သည်။

ညနေ၏အမှောင်သည် တောင်ကုန်းတစ်ခုလုံးအား တဖြည်း ဖြည်းလွှမ်းမိုးလာလေသည်။

စားတော်ဆက်အဆောက်အအုံ၌ မီးရောင်များ ထိန်ထိန် လင်းလာလေသည်။

တခဏအကြာတွင် ကွေ့ကောက်ပြီး မညီမညာ တောင် တက်လမ်းပေါ်၌ လူတစ်စုထွက်ပေါ်လာသည်ကို တွေ့မြင်လိုက်ရ လေသည်။

ထိုလူများတွင် ယောကျ်ား မိန်းမများ ပါဝင်သည်။

သူတို့၏ ဝတ်စားဆင်ယင်ပုံမှာ စားတော်ဆက်တွင် အလုပ် လုပ်ရန်အလုပ်သမားများ စားပွဲထိုးများဖြစ်သည်။

အချို့မှာမူ စားဖိုမှူးအဝတ်အစားများ ဝတ်ဆင်ထား၏။

အမျိုးသမီးများမှာမူ အစွမ်းကုန် အလှအပခြယ်သထား လေသည်။

ထိုအမျိုးသမီးများထဲတွင် ငယ်ရွယ်နုနယ်ပြီး ကြည့်၍မဆိုး လှသော မိန်းကလေးလည်း ပါဝင်လေသည်။

နန်လန်ကျင်းက ရုတ်တရက် မေးလိုက်သည်။

"ဒီလူတွေ ဘာလာလုပ်သလဲဆိုတာ သိလား"

www.burmeseclassic.com

www.burmeseclassic.com



“အိမ်ကိုဖျက်ဖို့ မဟုတ်လား”

နန်လန်ကျင်းက မဲ့ပြုံးပြုံးလိုက်၏။

“သူတို့လား သုံးညနဲ့သုံးရက် ဖျက်တာတောင် မရနိုင်ဘူး”

လျူချန်ရဲ့က ဝန်ခံသည်။

အိမ်အားဖျက်ရန်မှာ တည်ဆောက်ခြင်းထက် လွယ်ကူပေမည့် ကျွမ်းကျင်မှုလိုသေး၏။ နန်လန်ကျင်းက....

“အဲဒီမိန်းမတွေက ဘာလုပ်ကြမလဲဆိုတာ ရှင်မကြည့်တတ်ဘူးလား”

လျူချန်ရဲ့က အကဲခတ်မိသည်။

ထိုအမျိုးသမီး၏လုပ်ငန်းမှာ အထက်တန်းကျသည် မဟုတ်သော်လည်း ရှေးခေတ်ကာလက အစတည်၍လုပ်လေ့လုပ်ထရှိသော လုပ်ငန်းတစ်ရပ်ပင်ဖြစ်သည်။

သူမတို့၏ လုပ်ငန်းမှာ ငွေကြေးမလိုပါ။

သူမတို့၏ ခန္ဓာကိုယ်ဖြင့်သာ အရင်းပြုရန်မဟုတ်ပါလော။

နန်လန်ကျင်း၏အသံ အေးစက်သွားသည်။

“ရှင်က ဒီလိုမိန်းမမျိုးကို ကြည့်ဖို့ ဝါသနာပါတယ်ဆိုတာ ကျွန်မသိတယ်၊ အခု အခွင့်ကြုံတုန်း အားရအောင် ကြည့်ထားနိုင်ပါတယ်”

“သူတို့လည်း မနက်ဖြန် မိုးမလင်းမီ အားလုံးပျောက်သွားမှာမို့လား”

“အိမ်ဆောက်တာက ဖျက်ဆီးဖို့အတွက်၊ လူအသက်ရှင်နေ



ာက သေဖို့အတွက်ပဲ မဟုတ်လား”

“ခင်ဗျား ကျုပ်ကို ဒီနေရာခေါ်လာတာ အိမ်ဖျက်ဆီးဖို့တွက်ပဲ မဟုတ်လား”

“ရှင့်ကို ကျွန်မခေါ်လာတာ အိမ်ကိုဖျက်ဆီးမယ့်လူတွေကိုကြည့်ရအောင်လို့ပါ”

လျူချန်ရဲ့က မျက်မှောင်ကုတ်သွားသည်။

“သူတို့က ဘယ်သူတွေလဲ”

“ရှင့်လက်ချက်နဲ့ သေရမယ့် လူခုနစ်ယောက်”

လျူချန်ရဲ့ နားလည်သဘောပေါက်သွားလေသည်။

“သူတို့က ဒီနေ့ည လာကြမယ် ဟုတ်လား”

“ဟုတ်တယ်”

“ဒီအဆောက်အအုံက ကျူးစွေဒေဝီက ဆောက်နိုင်းတား”

“ဟုတ်တယ်”

“အဆောက်အအုံ ဆောက်ပြီးတာနဲ့ သူတို့ကို ဖျက်ခိုင်းမဟုတ်လား”

“အင်း”

လျူချန်ရဲ့က နားလည်လိုက်သော်လည်း မေးမိသေး၏။

“ဘာဖြစ်လို့လဲ”

“ကျူးစွေဒေဝီက ယောကျ်ားများရဲ့အကြောင်း ကောင်းာင်းနားလည်ထားတယ်၊ အထူးသဖြင့် ဒီလူခုနစ်ယောက်ရဲ့

www.burmeseclassic.com



သဘောကို ဝိုင်ပြီးနားလည်ထားတယ်၊ ဒီလိုယောက်ျားမျိုးကို လိုက်ရှထဲမှာ အချိန်အကြာကြီးပိတ်လှောင်ထားရင် ဖြုသနာတက်နိုင်တယ်၊ ဒါကြောင့် အချိန်တစ်ချိန်ချိန်တော့ သူတို့ စိတ်လိုက်မာန်ပါလုပ်ချင်ရာလုပ်ဖို့ ဖန်တီးပေးထားလိုက်တာပဲ"

လျူချန်ရဲ့က စိတ်မကောင်းဖြစ်ရလေသည်။

ထိုလူများသည် ရောက်လာသည့်အခါ မည်ကဲ့သို့ ဖြစ်နိုင်လိမ့်မည်ကို ကြို၍ခန့်မှန်းနိုင်ခဲ့လေသည်။

ထိုအမျိုးသမီးများနှင့် ထိုလူများအတွက် သနားလာလေသည်။

နန်လန်ကျင်းက သူ့အား မျက်စောင်းထိုး၍ ကြည့်လိုက်လေသည်။

"ရှင် စိတ်မကောင်းဖြစ်မနေနဲ့ ရှင်က နည်းနည်းလေး သတိလွတ်သွားမိတာနဲ့ သူတို့ထက်ပိုပြီး ခံစားရမယ်လို့ သတိပေးပါရစေ"

လျူချန်ရဲ့က အတန်ကြာ ဆိတ်ဆိတ်နေပြီးမှ မေးလိုက်သည်။

"သူတို့ ဒီကိုရောက်လာတဲ့အခါမှာ လိုဏ်ဂူမှာ ဘယ်သူစောင့်နေသလဲ"

နန်လန်ကျင်းက...

"သူကိုယ်တိုင်"

လျူချန်ရဲ့က...

"သူတစ်ယောက်တည်းက သူတို့ခုနစ်ယောက်ထား



ကြောက်စရာကောင်းလို့လား"

"ကျွန်မ မသိဘူး၊ သွားလည်းမစမ်းချင်ဘူး"

"ဒါကြောင့် ကျုပ်က ဒီကနေပြီး သူတို့ဘာပဲလုပ်လုပ်ကြည့်နေရမယ်၊ နည်းနည်းလေး ဝင်စွက်မိတာနဲ့ ကြိုးစားသမျှ သဲရေကျသလိုဖြစ်သွားမယ် ဟုတ်လား"

နန်လန်ကျင်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ သူတို့က အိမ်ကို စိတ်ထင်တိုင်း ဖျက်နေပေမယ့် သူတို့ရဲ့သိုင်းပညာရပ်များကို တစေ့တစောင်း လေ့လာအကဲခတ်ဖို့ပဲ"

"နောက်ကော"

"ကျွန်မတို့ ပြန်ပြီးစောင့်နေရမယ်"

"ဘာကို စောင့်နေရမှာလဲ"

"မနက်ဖြန်မနက် ကျုံးစွေတောင်ကုန်းကို သွားဖို့"

"ကျုံးစွေတောင်ကုန်း ရောက်သွားတာနဲ့ ခါးဝှက်လိုဏ်ဂူကို လိုက်ရှာရမယ် ဟုတ်လား"

နန်လန်ကျင်းက...

"ဟုတ်တယ်၊ တစ်နေ့နဲ့နေ့တစ်ဝက်အတွင်းမှာ တွေ့အောင်ရှာရမယ်"

လျူချန်ရဲ့က...

"သူတို့ အိမ်ဖျက်ပြီးအပြန်မှာ ကျုပ်က နောက်ယောင်ခံလိုက်သွားလို့ မရဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



နန်လန်ကျင်းက...

"မရဘူး"

လျူချန်ရဲ့က ပါးစပ်ပိတ်ထားလိုက်လေ၏။

ပြောပြီး မည်သို့မျှ အကြောင်းမထူးသောစကားကို သူက မည်သည့်အခါမျှ မပြောပါ။

(၃)

မျက်နှာချင်းဆိုင်တောင်ကုန်းတွင် မီးရောင်များ ထိန်ထိန်လင်းနေသည်။ ဤနေရာတွင် မှောင်မည်းနေသည်။

မည်းမှောင်နေသော ကောင်းကင်တွင် ကြယ်ကလေးများ တစ်ပွင့်စ နှစ်ပွင့်စ ထွက်ပေါ်နေ၏။

ကြယ်ကလေးများ၏ အလင်းရောင်သည် နန်လန်ကျင်း၏ မျက်နှာပေါ်သို့ ထင်ဟပ်နေရာ သူမသည် အမှန်ပင်လှပသော မိန်းကလေးတစ်ယောက် ဖြစ်သည်ကို ဖော်ပြနေ၏။

ည၏အဆင်းအရောင်ကလည်း လှပနေ၏။

လျူချန်ရဲ့သည် ကျောက်တုံးကလေးတစ်တုံးအား ရှာဖွေ၍ထိုင်ချလိုက်၏။

သူသည် သူမအားကြည့်ရင်း ငေးမောသွားလေသည်။



နန်လန်ကျင်းက သူ့အားလှည့်ကြည့်လိုက်၏။

"ကျွန်မက ရှင့်ကို ထိုင်ခိုင်းလို့လား"

လျူချန်ရဲ့က ခေါင်းခါယမ်းလိုက်၏။

"မထိုင်ခိုင်းပါဘူး"

"မထိုင်ခိုင်းရင် ရှင်က မတ်တတ်ရပ်နေရမယ်ဆိုတာ မသိဘူးလား"

လျူချန်ရဲ့က မတတ်တတ်ရပ်လိုက်လေ၏။

နန်လန်ကျင်းက...

"ရှင့်ကို ယွန်းထည်ချိုင့် ယူခိုင်းလိုက်တယ်၊ ပါလာရဲ့လား"

"ဟုတ်ကဲ့..ပါလာပါတယ်"

"ယူခဲ့"

ယွန်းထည်ဖြင့် ပြုလုပ်ထားသော ချိုင့်တစ်လုံးဖြစ်သည်။ လေးထောင့်ပုံဖြစ်ပြီး အလွန်သပ်ရပ်ပြီး လှပ၏။

နန်လန်ကျင်းက...

"အဖုံးကို ဖွင့်လိုက်"

လျူချန်ရဲ့က အဖုံးဖွင့်လိုက်ရာ ချိုင့်ထဲတွင် အရက်တစ်ကရား၊ အရက်နှင့်မြည်းရန် ဟင်းလျာလေးမျိုးပါ၏။

ဖက်ထုပ်ကနွလေးများထည့်သော ပေါင်းချောင်တစ်ခု ပါသေးသည်။ နန်လန်ကျင်းက...

"ကျွန်မကို အရက်ငှဲ့ပေးပါ"

အရက်တစ်ခွက်နှင့် တူတစ်စုံသာရှိ၏။

www.burmeseclassic.com



လျှူချန်ရဲ့ အရက်တစ်ခွက်ငှဲ၍ လက်နှစ်ဘက်ဖြင့် လှမ်းပေး လိုက်သည်။

ယခု သူသည် အရက်နှင့်ဟင်းလျာများ မြင်တွေ့ရသဖြင့် ဝမ်းဗိုက်အလွန် ဆာလောင်လာသည်ဟု ခံစားမိလေ၏။

နန်လန်ကျင်းက အရက်နှစ်ခွက် သောက်လိုက်သည်။

ဟင်းလျာများကို တစ်မျိုးကို နည်းနည်းယူစားပြီး...

"သွန်ပစ်လိုက်တော့"

"ဘာကို သွန်ပစ်ရမှာလဲ"

"အားလုံး သွန်ပစ်လိုက်"

"ဘာဖြစ်လို့ သွန်ပစ်ချင်ရတာလဲ"

"ကျွန်မ မစားချင်တော့ဘူး"

"ကျုပ်မှ မစားရသေးဘဲ"

"ရှင်လိုလူစားမျိုးက သုံးလေးငါးရက် မစားဘဲ သေမသွားနိုင်ပါဘူး"

"စားစရာရှိလျက်နဲ့ ဘာဖြစ်လို့ အငတ်ခံရမှာလဲ"

"ကျွန်မစားခဲ့တဲ့ အစားအစာမှန်သမျှ ဘယ်သူမှမထိရဘူး"

လျှူချန်ရဲ့က သူမအား အတန်ကြာ ကြည့်လိုက်သည်။

"ခင်ဗျားကိုလည်း ထိလို့မရဘူး ဟုတ်လား"

"မထိရဘူး"

"ခင်ဗျားကို ဘယ်သူကမှ မထိခဲ့ဖူးဘူး ဟုတ်လား"

နန်လန်ကျင်း၏မျက်နှာ တင်းမာသွားသည်။



"ဒါ ကျွန်မရဲ့ ကိုယ်ရေးကိုယ်တာကိစ္စ၊ ရှင်နဲ့ဘာဆိုင်လို့လဲ"

လျှူချန်ရဲ့က...

"ဒါဖြင့် ကျုပ်ကိစ္စ ခင်ဗျားက ဝင်စွက်နေပါလား"

နန်လန်ကျင်းက...

"ဟုတ်တယ်...ဝင်စွက်ရမှာပဲ"

လျှူချန်ရဲ့က...

"ခင်ဗျားက မထိုင်နဲ့ ရပ်ပါဆိုရင် ကျုပ်က မတ်တတ်ရပ်ရမယ် ဟုတ်လား"

"ဟုတ်တယ်"

"ခင်ဗျားက မထိနဲ့ဆိုရင် ကျုပ်က ခင်ဗျားကိုမထိရဘူး ဟုတ်လား"

"ဟုတ်တယ်"

လျှူချန်ရဲ့က သူမအား အတန်ကြာ ကြည့်လိုက်၏။

သူသည် ရုတ်တရက် ရယ်မောလိုက်လေသည်။

နန်လန်ကျင်းက...

"ကျွန်မက မရယ်ရဘူးဆိုရင် ရှင်က မရယ်ရဘူး"

လျှူချန်ရဲ့က...

"ကျုပ်က ခင်ဗျားရဲ့ကျေးကျွန်ဖြစ်လို့ ဟုတ်လား"

"ဟုတ်တယ်"

လျှူချန်ရဲ့က ရယ်မောလိုက်၏။

နန်လန်ကျင်းက...

www.burmeseclassic.com

www.burmeseclassic.com



"ရှင် သဘောပေါက်လာပြီ မဟုတ်လား"

လျှူချန်ရဲ့က...

"ခင်ဗျား တစ်ခု မသိတာက ခက်တယ်ဗျာ"

"ဘာကိုလဲ"

"ကျုပ်ကလည်း လူတစ်ယောက်ပါ၊ ပြီးတော့ ကျုပ်… ဘာပဲလုပ်လုပ် ကိုယ့်ဆန္ဒအရသာ လုပ်တတ်ပါတယ် ဥပမာ..."

နန်လန်ကျင်းက...

"ဥပမာ ဘာဖြစ်သလဲ"

လျှူချန်ရဲ့က...

"ဥပမာ ကျုပ်က အရက်သောက်ချင်တယ်ဆိုရင်..."

သူသည် အရက်ကရားကို ယူ၍မော့ချလိုက်လေ၏။

နန်လန်ကျင်းက ဒေါသထွက်လွန်း၍ မျက်နှာတစ်… နီရဲလာ၏။ သူမက မဲ့ပြုံးပြုံးလိုက်၏။

"ရှင့်ကိုကြည့်ရတာ သေချင်လို့နဲ့တူတယ်"

လျှူချန်ရဲ့က ရယ်မောလိုက်ပြန်သည်။

"ကျုပ်က မသေချင်သေးပါဘူး၊ ခင်ဗျားကို ထိချင်လို့…"

နန်လန်ကျင်းက ဒေါသထွက်လာလေ၏။

"ရှင်က ထိဝံ့ရင်ထိကြည့်စမ်း"

လျှူချန်ရဲ့က....

"ကျုပ်က မထိရဲဘူး ထင်သလား"

သူသည် သူမ၏မျက်နှာအား လက်ဖြင့်ပွတ်ရန် ဆန့်…



…သည်။ နန်လန်ကျင်း၏ တုန့်ပြန်မှုက မနှေးပါ။

ဒေါင်းမလေးသည် သိုင်းလောကမှာ ရှိနေသော ထိပ်တန်း …းသမားများထဲမှ တစ်ယောက်အပါအဝင် ဖြစ်လေ၏။

ထို့ကြောင့် သူမက မာနကြီးသည်ဆိုလျှင် အပြစ်ဆိုဖွယ်ရာ …ပါ။

လျှူချန်ရဲ့က လက်ကို ထပ်လှုပ်ရှားလိုက်သည်နှင့် သူမ၏ …တ်သည်းဆယ်ခုသည် ဓားဆယ်လက်ပမာ လျှူချန်ရဲ့၏ လက် …ကောက်ဝတ်သို့ ရောက်ရှိသွား၏။

သူမ၏လှုပ်ရှားမှုသည် လျင်မြန်သည်။

သိုင်းကွက်မှာ ထိရောက်သည်။

ထို့ပြင် သိုင်းကွက်ထဲမှ သိုင်းကွက်များပါရှိနေသေး၏။

သို့သော် သူမ၏သိုင်းကွက်များ တစ်ကွက်မျှအသုံးမပြု …ခင်မီ လျှူချန်ရဲ့က သူမ၏လက်ကောက်ဝတ်အား ဖမ်းဆုပ်မိသွား…။

သူသည် တစ်ချက်ဆွဲပစ်လိုက်သည်နှင့် နန်လန်ကျင်း၏ …ကိုယ် လေထဲသို့ တစ်ပတ်လည်၍ကျလာလေ၏။

သူသည် သူမအား ကျောက်တုံးပေါ်၌ လက်တစ်ဘက်ဖြင့် …ားလိုက်၏။

"ကျုပ် အခုဘာလုပ်ချင်တယ်ဆိုတာ ခင်ဗျားသိသလား"

နန်လန်ကျင်းက ပါးစပ်ပိတ်ထား၏။

လျှူချန်ရဲ့က ရယ်မောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားရဲ့ တင်ပါးကို ရိုက်မလို့"

သူသည် တကယ်ပင် လက်ဝါးဖြင့် သူမ၏တင်ပါးကို ချ ချက်တိတိ ရိုက်ချလိုက်၏။

သူက အသာကလေး ရိုက်လိုက်ခြင်းဖြစ်သည်။

သို့သော် နန့်လန်ကျင်းက ခံပြင်းလွန်း၍ မျက်ရည်ဝဲ လေသည်။ လျှုချွန်ရဲမှာမူ ရယ်မောရင်း ထွက်ခွာသွားလေသည်။

နန့်လန်ကျင်းက အံကိုတင်းတင်းကြိတ်လိုက်၏။

"လျှုချွန်ရဲ့ တစ်နေ့ ကျွန်မက ရှင့်ကိုသတ်မယ်၊ ရှင် လူမှမဟုတ်ဘဲ"

လျှုချွန်ရဲ့က လှည့်၍ ရယ်မောလိုက်သည်။

"ငါဟာ လူမဆန်ပါဘူးလို့ သူများကပြောတယ်ဆို၊ ဟား ဟား ဟား"

သူသည် အားရပါးရ ရယ်မောရင်း ထွက်ခွာသွားလေ သည်။

(၄)

စားတော်ဆက်တစ်ခုလုံးမှာ မီးရောင်များ ထိန်ထိန်လင်း ၍ မကြာမီက ရောက်ရှိလာသော ဆိုင်လုလင်နှစ်ယောက်သည် ပန်းကန်များ နေရာတကျ ချနေ၏။



အခြား ဝတ်ကောင်းစားလှနှင့် လှပသော မိန်းကလေးခုနစ်ယောက်တို့သည် အချို့က ကုလားထိုင်ပေါ်၌ ထိုင်လျက် စကားပိုင်းဖွဲ့နေ၏။

အချို့က ခေါင်းငုံ့၍ စဉ်းစားနေပုံရသည်။

အိမ်အား ဖျက်ရန်လူများ မရောက်သေးမီ လျှုချွန်ရဲ့က ရောက်ရှိလာပြီ ဖြစ်လေသည်။

နန့်လန်ကျင်းက သူ့အား ဤနေရာသို့ မလာရန် လှုပ်ရှားမှုမပြုရန် အတန်တန်မှာကြားခဲ့သော်လည်း သူက ရောက်အောင်လာခဲ့လေ၏။

သူသည် မိမိဆန္ဒအတိုင်းသာ လုပ်တတ်သော အကျင့်ရှိနေသည်။ သူရောက်လာသည်ကို မြင်တွေ့လိုက်ရသည်နှင့် အားလုံးအံ့ဩကုန်၏။

ဤနေရာသို့ ရောက်လာမည့်လူမှာ သူတို့စောင့်မျှော်နေသောလူများသာဖြစ်ရမည်။

လျှုချွန်ရဲ့သည် ဤကိစ္စကို သိဟန်မရှိသကဲ့သို့ ခြေလှမ်းကျဲကျဲဖြင့် ရောက်ရှိလာပြီး စားပွဲတစ်လုံးရှိရာသို့ ဝင်ရောက် ထိုင်ချလိုက်၏။

သူသည် ကုလားထိုင်ပေါ်၌ ထိုင်ချလိုက်သည်နှင့် စားပွဲကို ပုတ်၍...

"တစ်ယောက် လာစမ်းကွ၊ ငါ့ကို အကောင်းဆုံးကာပယ့် အရက်တစ်ကရားနဲ့ ဟင်းလေးပွဲလာချစမ်းကွ"

www.burmeseclassic.com

www.burmeseclassic.com



ကာပန်ဟူသောအရက်သည် မန်ချူးနယ်တစ်ခုတည်းသာထွက်သောအရက်တစ်မျိုးဖြစ်၏။

ဆိုင်အလုပ်သမားများက ကြောင်အမ်းအမ်း ဖြစ်ကုန်ကြလေ၏။ ဤစားတော်ဆက်သည် အခြားလူများအား ရောင်းချရန်ဖွင့်ထားခြင်းမဟုတ်။ သို့သော်...

လျူချန်ရဲ့က စားပွဲပုတ်ပြီး အရက်နှင့်ဟင်းလျာများ မှာကြားနေ၏။ ထို့ပြင်...

သူက ထိုင်နေကြသော မိန်းကလေးခုနစ်ယောက်အား လက်ရပ်ခေါ်လိုက်သေး၏။

"လာစမ်းပါဦးကွယ်၊ အရက်သောက်တာ အမိတို့မပါရင် ဟင်းထဲမှာ ဆားမခတ်မိသလို ပေါ့ရွှတ်ရွှတ်နေမှာပေါ့"

မိန်းကလေးခုနစ်ယောက်တို့သည် 'တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ကြောင်အမ်းအမ်းဖြစ်နေ၏။

လျူချန်ရဲ့က...

"ဘာကြည့်နေတာလဲ၊ ငါက လူသားစားတဲ့ကျားမှ မဟုတ်ဘဲ၊ လာစမ်းပါ မြန်မြန်"

ထိုအချိန် အလွန်ကြည်လင်သောအသံ ထွက်ပေါ်လာ၏။

"ကျွန်မ လာပါပြီရှင်"

ထိုစကားအား စကြားလိုက်ရသောအချိန်မှာ အတော်ဝေးဝေး၌ ရှိနေသေး၏။ ရုတ်တရက်...

လျူချန်ရဲ့၏ နံဘေးတွင် ထိုင်ချလိုက်လေ၏။



ထိုသူမှာ မိန်းကလေးတစ်ယောက် ဖြစ်၏။

အလွန်လှသော မိန်းကလေး တစ်ယောက်ဖြစ်လေ၏။

သူမအား မည်သို့ကြည့်ကြည့် မိန်းမဖြစ်ရမည်ဟု မုချကေန် ယုံကြည်ကြမည် ဖြစ်၏။

လျူချန်ရဲ့က သူ့အားကြည့်၍ ပြုံးလိုက်၏။

"ကျုပ်က မိန်းမကို ခေါ်တာဗျ"

ထိုမိန်းကလေးက ပြုံးလိုက်၏။

"နို့ ကျွန်မဟာ မိန်းမတစ်ယောက်လို မဖြစ်ဘူးလား"

လျူချန်ရဲ့က...

"ဒီလိုနဲ့ ဘယ်ဖြစ်လို့ရမှာလဲ"

ထိုမိန်းကလေးက....

"ဘယ်လိုလုပ်မှ ကျွန်မကို မိန်းမပါလို့ မြင်မလဲ"

လျူချန်ရဲ့က...

"အင်္ကျီ ချွတ်ပြ"

မိန်းကလေးသည် မျက်နှာကွက်ခနဲ ပျက်သွားသည်။

ထို့နောက် တခစ်ခစ် ရယ်မောလိုက်၏။

ထိုအချိန် တံခါးဝမှ အသံတစ်သံ ထပ်မံကြားလိုက်ရလေသည်။

"ဒီက မိတ်ဆွေကြည့်ရတာ မိန်းမကျမ်း တော်တော်ကျွမ်းပုံရတယ်၊ မိန်းမတွေက သူ့ကိုလိမ်လို့မရဘူး"

ထိုစကားဆုံးသွားသည်နှင့် အခန်းထဲသို့ ရုတ်တရက် လူငါး

www.burmeseclassic.com

www.burmeseclassic.com



ယောက် ဝင်လာသည်ကို တွေ့မြင်လိုက်ရ၏။

မျက်နှာဖြူဖွေးပြီး အဝတ်အစား လှပစွာ ဝတ်ဆင်ထား သည်။ အသက် လေးဆယ်ကျော်ခန့်ရှိမည်ဟု ခန့်မှန်းရ၏။

ထိုလူ၏ ဝတ်စားဆင်ယင်ပုံအား အကဲခတ်ကြည့်လိုက် သည်နှင့် ထိုလူသည် 'ရှောင်ဂူထုံ' ဖြစ်ရမည်ဟု ခန့်မှန်းမိနိုင်လေ၏။

သူနှင့်အတူ ဝင်လာသူမှာ ကိုယ်လုံး ထွားကြိုင်းသော ဘု တော်တစ်ပါး ဖြစ်၏။ သံမဏိသူတော် ဖြစ်ရမည်။

တန်းအိဝေး လောင်ရဲ့တို့မှာ အသက်ကြီးရင့်ပြီး ဝိန်ဝိန် ပါး ရှိကြသောလူများ ဖြစ်ကြလေ၏။

လျူချန်ရဲ့က မျှော်လင့်ခဲ့သည်မှာ ချေးရူး'လီတာကို' ဖြစ် ၏။ လီတာကိုသည် ယဉ်ယဉ်ကျေးကျေး သိမ်သိမ်မွေ့မွေ့ ရှိသော လူတစ်ယောက်ဖြစ်သည်။ သို့သော်...

တစ်ကိုယ်လုံးမှာ ဒဏ်ရာဒဏ်ချက်များ ပြည့်လျှက်နေ၏

သူ၏နားရွက်မှာလည်း တစ်ခြမ်းမျှသာ ကျန်၏။

ဂူရွက်အောင်၏ ပဟာကိန်းသည် အလွန် တိကျမှန်ကန် သည်ကို တွေ့ရလေ၏။ သို့သော်...

ယခုမှ ဂူရွက်အောင် ပြောပြလိုက်သည်မှာ လူခြောက် ယောက်တည်းသာ ဖြစ်သည်။

ခုနစ်ယောက် မဟုတ်မှန်း သတိရလာ၏။ ယခု...

ရောက်ရှိလာသောသူမှာလည်း သူမ ပြောပြသော လူ ခြောက်ယောက်သာ ဖြစ်သည်။



ကျန်ရှိသော လူတစ်ယောက် မည်သူနည်း။

ဂူရွက်အောင်က အဘယ်ကြောင့် ပြောမပြပါသနည်း။

ထိုလူသည် မည်သူဖြစ်သနည်း။

≺ ≺ ≺

(၅)

လူငါးယောက်ထဲတွင် ရှောင်ဂူထုံတစ်ယောက်တည်းသာ ချက်နှာထား ပြုံးနေ၏။

စကားပြောသူသည် ရှောင်ဂူထုံဟု ဆုံးဖြတ်ရမည်မှာ မလွဲ သေး လျူချန်ရဲ့က ပြုံးပြလိုက်၏။

"မိန်းမပွေတဲ့နေရာမှာ ခင်ဗျားက ကျုပ်ထက် သာပါတယ် ဗျာ"

ရှောင်ဂူထုံက...

"မင်းက ငါ့ကိုသိလို့လား"

လျူချန်ရဲ့က ပခုံးတစ်ချက် တွန့်လိုက်၏။

"မသိရင် ဘယ်လိုလုပ် ပြောနိုင်မှာလဲ"

ရှောင်ဂူထုံက....

"မင်း ဒီကိုရောက်လာတာ ကျုပ်ကို တွေ့ချင်လို့ ဟုတ် သား"

www.burmeseclassic.com

www.burmeseclassic.com



လျှို့ချွန်ရဲ့က....

"ကျုပ်ကလည်း အရောက်လာသောက်တဲ့ လူတစ်ယောက်ပါ

ရှောင်ဂူထုံက...

"ဒီနေရာကို တမင်သက်သက် အရောက်လာသောက်တာ ဟုတ်လား"

"ဟုတ်တယ်"

ရှောင်ဂူက မဲ့ပြုံးပြုံးလိုက်၏။

"တောင်ခြေအောက်မှာ ဆိုင်တွေ ဒါလောက်ပေါများ တာကို မသောက်ဘဲ ဒီကို သက်သက်လာသောက်တာပေါ့ လား"

"ကျုပ်က ဒီနေရာကို သဘောကျတယ်၊ ဒီစားတော်ဆော က အသစ်ဖွင့်တာ၊ ကျုပ်ကလည်း အဟောင်းကိုပစ်ပြီး အသစ် သဘောကျတဲ့ လူတစ်ယောက်ဖြစ်လို့"

သံမဏိသူတော်က ရုတ်တရက် ဝင်ပြောလိုက်၏။

"ကျုပ်က အသစ်မြင် အဟောင်းပစ်တဲ့လူစားမျိုးကို ကြိုက်ဘူး"

လျှို့ချွန်ရဲ့က....

"ဒါဖြင့် ခင်ဗျား ဘာကိုကြိုက်သလဲ"

သံမဏိသူတော်က...

"ကျုပ်က လူသတ်တာကို ကြိုက်တယ်၊ မင်းလို အသစ်မြင် အဟောင်းပစ်တဲ့လူစားမျိုးကို သတ်ချင်တယ်"



သံမဏိသူတော်သည် နဂိုက ရုပ်ရည်အလွန်ကြမ်းတမ်းသည်။ ယခု ဒေါသဖြစ်လာသောအခါ ပို၍ကြောက်မက်ဖွယ်ရာကောင်းလာ၏။

လျှို့ချွန်ရဲ့က ရယ်မောလိုက်၏။

"ဒါကြောင့် ခင်ဗျားက ကျုပ်ကို သတ်မလို့ ဟုတ်လား"

သံမဏိသူတော်က...

"ဟုတ်တယ်"

လျှို့ချွန်ရဲ့က...

"ဒါဖြင့် ဘာဖြစ်လို့ လာမသတ်တာလဲ"

သံမဏိသူတော်က သူ့ထံသို့ လျှောက်လာ၏။

သူ၏တစ်ကိုယ်လုံး ဖုထစ်နေသော ကြွက်သားများသည် သံမဏိဖြင့် ပြုလုပ်ထားသည်လားဟုပင် အထင်မှားစရာဖြစ်သည်။

သူ၏ လမ်းလျှောက်ပုံမှာ လူဝံတစ်ကောင်နှင့် တူလှပေသည်။ အလွန် ခွန်အားကြီးမားသည့် လူတစ်ယောက်ပါပေ။

လျှို့ချွန်ရဲ့၏လက်ထဲတွင် ဟင်းရွက်ခုတ်သည့်ဓားပင် မရှိပါချေ။

ရှောင်ဂူထုံက သူ့အား မျက်တောင်မခတ် ကြည့်နေလေသည်။ သူ၏ကြည့်ပုံမှာ လူသေတစ်ယောက်အား ကြည့်နေပုံနှင့်တူ၏။

မိန်းကလေးများတို့မှာ ထိတ်လန့်တုန်လှုပ်သွားကြပြီး တစ်နေရာတည်းသို့ စုရုံး၍ ဆုတ်သွားကြ၏။

www.burmeseclassic.com

www.burmeseclassic.com



သံမဏိသူတော်က ခြေလေးငါးလှမ်းမျှ လှမ်းလိုက်သည်နှင့် သူ၏အရိုးအဆစ်များသည် တခွပ်ခွပ်ဖြင့် မြည်လာ၏။

သူက တစ်ကိုယ်လုံး ရှိသမျှ ခွန်အားကို နှိုးဆွလိုက်ခြင်းဖြစ်သည်။

သူ၏တိုက်ခိုက်မှုမှာ အလွန်ကြောက်မက်ဖွယ်ရာ ကောင်းမည်သာဖြစ်သည်။

သူက စတင်တိုက်ခိုက်ခြင်းမပြုမီ ယဉ်ယဉ်ကျေးကျေးရှိသော လီတာကိုက သူ့ထက်ဦးအောင် လျှုံချုန်ရဲ့ထံသို့ ခုန်အုပ်လာလေသည်။

သူ၏မျက်ဝန်းအစုံတွင် သွေးမှင်နီကလေးများ ပြည့်လျှံ၍နေ၏။ သူ၏ပါးစပ်ဟာလိုက်ရာ ဖြူဖွေးထက်နေသော သွားများ အားမြင်တွေ့နိုင်လေသည်။

ယခု သူသည် တကယ်ပင် ခွေးရူးတစ်ကောင်အသွင်သို့ ကူးပြောင်းသွားလေသည်။

သူသည် လျှုံချုန်ရဲ့၏လည်မျိုအား ကိုက်ဖြတ်ရန် မာန်ဖီ၍ ခုန်အုပ်လာ၏။

လျှုံချုန်ရဲ့သည် သူ၏လှုပ်ရှားမှုအား မမြင်တွေ့လိုက်ရသည့်အလား လှည့်၍ပင်မကြည့်ပါ။

ခွေးရူး လီတာကိုက လျှုံချုန်ရဲ့ခန္ဓာကိုယ်ပေါ်သို့ ဖိထားလိုက်ပြီး ဖြစ်လေသည်။ သူ၏လက်နှစ်ဘက်သည် လျှုံချုန်ရဲ့၏ လည်ပင်းကို ညှစ်ထားလိုက်၏။



"ချွက်"

ဟူသော ထူးဆန်းသော အသံတစ်ခု ကြားလိုက်ရလေ၏။

လျှုံချုန်ရဲ့က လုံးဝလှုပ်ရှားခြင်း မပြုသေးပါ။

ကုလားထိုင်ပေါ်၌ ထိုင်လျက်နေသေး၏။

ခွေးရူးလီတာကိုက လှုပ်ရှားနေရာမှ ရပ်တန့်သွား၏။

သူ၏လက်နှစ်ဘက်သည် လျှုံချုန်ရဲ့၏ လည်ပင်းပေါ်၌ ညှစ်ထားနေသေး၏။ သို့သော်…

သူ၏ဦးခေါင်းသည် ရုတ်တရက် ငိုက်စိုက်ကျသွားလေ၏။

သူ၏မျက်လုံးအစုံမှာ ပြူးထွက်နေ၏။

သူ၏မျက်နှာပေါ်တွင် အလွန်ထူးဆန်းသော ဟန်အမူအရာများ ဖြစ်ပေါ်နေ၏။ ထို့နောက်…

သူ၏ပါးစပ်ထဲမှ သွေးများ အန်ထုတ်လိုက်၏။

သူအန်ထုတ်လိုက်သော သွေးများသည် လျှုံချုန်ရဲ့၏ကိုယ်ပေါ်သို့ ရောက်ရှိမသွားပေ။

သူ၏ခန္ဓာကိုယ်သည် မိန်းမအတုထံသို့ချာခနဲ ရောက်ရှိသွားလေ၏။

ခွေးရူးလီတာကိုသည် လဲကျသွားသောအခါ ထိုမိန်းမအတု၏ ကိုယ်ပေါ်သို့ တည့်မတ်စွာ ကျသွားခြင်း ဖြစ်သည်။

ထိုမိန်းမအတုကလည်း ရှောင်တိမ်းခြင်းမပြုပါ။

သူလည်းပဲ လီတာကိုနှင့်အတူ လဲကျသွားလေသည်။

သူ၏မျက်နှာအား ကြည့်လိုက်သောအခါ သူ၏မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



ပေါ်တွင် ထူးဆန်းသော ဟန်မူရာမျိုးဖြစ်ပေါ်နေ၏။

သူ၏မျက်လုံးအစုံမှာလည်း ပြူးထွက်နေ၏။

ငါးသေတစ်ကောင်၏ မျက်လုံးကဲ့သို့ ပြူးထွက်နေသေ သည်။ သူတို့၏ခန္ဓာကိုယ်များမှာ အေးစိမ့်တောင့်တင်းနေပြီ ဖြစ် သည်။

ရှောင်ဂူထုံ၏ မျက်နှာတစ်ခုလုံးမှာလည်း လူသေအ လောင်း၏မျက်နှာနှင့် တူလှပေသည်။ သို့သော်...

လျူချန်ရဲ့က မည်ကဲ့သို့ တိုက်ခိုက်လိုက်သည်ကို သူက လုံး ဝမမြင်တွေ့လိုက်ရပါ။

သူ အလွန်အံ့ဩနေသည်မှာ လျူချန်ရဲ့က အေးဆေးစွာ ထိုင်နေလျက်မှ မည်ကဲ့သို့ လူနှစ်ဦးအား သတ်လိုက်သည်ကို ဖော် လိုက်ခြင်းပင် ဖြစ်သည်။

သံမဏိသူတော်၏ခြေလှမ်းများ ရပ်တန့်သွားလေသည်။

သွေးကြောများ ဖောင်းနေသော နဖူးပေါ်၌ချွေးများ စီးကျ နေ၏။ သူသည် လူသတ်ရန် ဝါသနာပါသည်။

လူတစ်ယောက်အား မည်ကဲ့သို့ သတ်ရမည်ကိုလည်း ကောင်းစွာနားလည်ထား၏။ ထို့ကြောင့်...

သူက ပို၍စေ့စပ်သေချာတတ်ပေသည်။

လျူချန်ရဲ့က သက်ပြင်းတစ်ချက်ချလိုက်၏။

"ကျုပ်ပြောခဲ့ပြီးပါပြီ၊ ကျုပ်က လူကိုမသတ်ချင်ဘူး ကျုပ် ကအရက်သောက်ဖို့ ဒီကိုရောက်လာတာ"



ရှောင်ဂူထုံက...

"အခုတော့ ခင်ဗျားက တစ်ချက်တည်းနဲ့လူနှစ်ယောက်ကို သတ်လိုက်ပါပြီ"

လျူချန်ရဲ့က...

"ဒါကတော့ သူတို့က ကျုပ်ကိုသတ်ချင်လို့၊ ကျုပ်ကလည်း သေချင်သေးဘူးလေ၊ သေတဲ့လူဟာ အရက်ဘယ်သောက်လို့ရတော့မှာလဲ"

ဝိဉာဉ်လောင်ရဲ့က ကြားဖြတ်ပြောလိုက်သည်။

"ကောင်းပြီ အရက်သောက်မယ်၊ ကျုပ်ကလည်း ခင်ဗျားနဲ့ အတူ သောက်ကြမယ်"

(၆)

စားပွဲပေါ်တွင် အရက်တစ်ကရားရှိသည်။

ဝိဉာဉ်လောင်ရဲ့သည် အရက်ကရားကိုယူ၍ မိမိဖန်ခွက်ထဲသို့ ပထမဆုံးငှဲ့ထည့်လိုက်သည်။ ထို့နောက်...

လျူချန်ရဲ့၏ အရက်ခွက်ထဲသို့ အရက်တစ်ခွက်ငှဲ့ပေးလိုက်သည်။ ထို့နောက်...

မိမိအရက်ခွက်အား ယူ၍မြှောက်ပြလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"သောက်ကြမယ်"

သူသည် မိမိ၏အရက်ခွက်ကိုယူ၍ မော့သောက်ချလိုက်လေသည်။

အရက်ခွက် နှစ်ခုစလုံးမှ အရက်များသည် ကရားတစ်ခုတည်းမှ ငှဲ့ပေးလိုက်သော အရက်ဖြစ်၏။

လျှုချုန်ရဲ့သည် သူ့ရှေ့မှ အရက်ခွက်အားတစ်ချက် ကြည့်ကာ ပြုံးပြလိုက်သည်။

"ကျုပ် အရက်ကိုသောက်ချင်လို့ ဒီကိုသက်သက်လာတာပါ။ တစ်ခွက်တည်းနဲ့တော့ မသောက်ချင်ပါဘူး"

ဝိဉာဉ်လောင်ရဲ့က...

"ဒီတစ်ခွက်သောက်ပြီးရင် နောက်ထပ်သောက်လို့ ရတယ်"

"ဒီတစ်ခွက်သောက်ပြီးရင် နောက်တစ်ခွက်ကို သောက်နိုင်တော့မှာ မဟုတ်ဘူး"

"ဘာလဲ ဒီအရက်ထဲမှာ အဆိပ်ခတ်ထားလို့လား"

"အရက်ထဲမှာ အဆိပ်မရှိပါဘူး၊ အဆိပ်က ခင်ဗျားရဲ့လက်သည်းထဲက ပါလာလို့ပါ"

ဝိဉာဉ်လောင်ရဲ့၏မျက်နှာ ကွက်ခနဲ ပျက်သွားလေသည်။

သူသည် လျှုချုန်ရဲ့ကို အရက်ထည့်ပေးစဉ် သူက လက်သန်းကလေးမှ လက်သည်းတွင်ပါရှိသော အဆိပ်မှုန့်အား အရက်ခွက်ထဲသို့ အသာအယာ တောက်ထည့်လိုက်ပြီး ဖြစ်လေသည်။



သူ၏လှုပ်ရှားမှုသည် အလွန်ပိရိလှပေ၏။

မည်သူကမျှ သိကြမည်မဟုတ်ချေ။ သို့သော်...

လျှုချုန်ရဲ့က သိရှိလိုက်ပြီး ဖြစ်၏။

လျှုချုန်ရဲ့က သူ့အားကြည့်နေ၏။

"ခင်ဗျားရဲ့ အရက်ခွက်ထဲမှာ နဂိုက အဆိပ်မရှိပါဘူး"

ဝိဉာဉ်လောင်ရဲ့က မျက်မှောင်ကုတ်သွား၏။

"အခုကော"

လျှုချုန်ရဲ့က...

"အခု အဆိပ်ရှိမရှိဆိုတာ ခင်ဗျားကိုယ်ခင်ဗျား အသိဆုံးဖြစ်မှာပါ"

ဝိဉာဉ်လောင်ရဲ့၏မျက်နှာ တစ်ခုလုံး ရုတ်တရက် ညိုမည်းလာ၏။

"မင်း..မင်း ဘယ်တုန်းက အဆိပ်ခတ်လိုက်တာလဲ"

"ခင်ဗျားက အရက်ထဲကို အဆိပ်ခတ်လိမ့်မယ်လို့ ကျုပ်က ကြိုတင်ခန့်မှန်းထားတယ်၊ ဒါကြောင့် ခင်ဗျားအရက်သွားယူနေတုန်း ကျုပ်က ခင်ဗျားအရက်ခွက်ထဲကို အဆိပ်ခတ်လိုက်တာပဲ"

သူက ပခုံးတစ်ချက် တွန့်လိုက်၏။

"ဒီနည်းဟာ အလွန်လွယ်ကူတယ် မဟုတ်လား"

ဝိဉာဉ်လောင်ရဲ့ စကားမပြောတော့ပါ။

သူ၏လည်မျိုမှ မမြင်ရသော လက်နှစ်ဘက်ညှစ်ထားသည့်အလား ခံစားနေရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သူသည် အသက်ရှူရပ်တန့်သွားကာ မျက်နှာတစ်ခုလုံး တွန့်လိမ်သွား၏။

ပြီးနောက် မြေပေါ်သို့ လဲကျသွားလေသည်။

< < <

(၇)

လျှူချန်ရဲ့ သက်ပြင်းတစ်ချက်ချလိုက်၏။

"ကျုပ်က လူကိုမသတ်ချင်ဘူး၊ အခုတော့ လူသုံးယောက်ကိုသတ်လိုက်ပြီ၊ လူသတ်ချင်တဲ့လူကတော့ မလှုပ်မယှက် ရပ်နေပါလား"

သံမဏိသူတော် စကားတစ်ခွန်းမျှ မပြောပါ။

နောက်သို့ ချာခနဲလှည့်လိုက်ပြီးနောက် ခြေလှမ်းကျဲကျဲဖြင့် ထွက်လာသွားတော့သည်။

ဝူစွက်အော့၏စကားသည် အလွန်မှန်ကန်လှပေ၏။

လျှူချန်ရဲ့၏စကားမှာလည်း မှန်ကန်လှပေ၏။

သေရမည်ကို ကြောက်သောလူသည် တုတ်ပြီးဓားပြီးသော ပညာအား ကြိုးစားသင်ထားရပေမည်။

တန်းအိဝေကလည်း ခြေလှမ်းမနှေးပါချေ။

အမှန်ပြောရမည်ဆိုလျှင် သူထွက်ပြေးသွားသောအခါ လေ



အဟုန်ကဲ့သို့ လျင်မြန်လှပေ၏။

ရှောင်ဝူထုံမှာမူ လုံးဝထွက်ပြေးသွားခြင်း မရှိပါချေ။

လျှူချန်ရဲ့က သူ့အားမကြည့်ပါ။

"ခင်ဗျားလည်း စမ်းချင်သေးလို့လား"

ရှောင်ဝူထုံက ရုတ်တရက် ရယ်မောလိုက်၏။

"ကျုပ်က လူသတ်ချင်တာ မဟုတ်ဘူး၊ ကျုပ်လည်း အရက်သောက်ဖို့လာတာပါ"

"သိပ်ကောင်းတာပေါ့"

"ကျုပ်ကလည်း မိန်းမကျမ်းကျေတဲ့ လူတစ်ယောက်ပါ"

လျှူချန်ရဲ့က...

"ဟုတ်ပြီ၊ ငါတို့နှစ်ယောက်တော့ ဝါသနာချင်းတူပြီ"

ရှောင်ဝူထုံက ရယ်မောလိုက်၏။

"ဟုတ်ပါတယ်ဗျာ၊ ခင်ဗျားနဲ့ကျုပ်က ဝါသနာချင်း တူနေတယ်"

သူက ပြုံးပြီး လျှူချန်ရဲ့ထံသို့ လျှောက်သွား၏။

"ဒီနေရာမှာ အရက်ရှိရုံမက မိန်းမပါရှိတယ်ပေါ့"

လျှူချန်ရဲ့က...

"အရက်တော့ လုံလောက်ပြီ"

ရှောင်ဝူထုံက...

"မိန်းမလည်း လုံလောက်ပါပြီ"

"မိန်းမတော့ မလုံလောက်သေးဘူးဗျ"

www.burmeseclassic.com

www.burmeseclassic.com



"မလှလောက်သေးဘူး ဟုတ်လား"

"ဒီနေရာမှာရှိတဲ့ မိန်းကလေး အရေအတွက်တော့ လောက်ပါတယ်၊ ဒါပေမယ့် မလှဘူး"

"မလှဘူး ဟုတ်လား"

လျှူချုန်ရဲ့က...

"ဟုတ်တယ်၊ မလှဘူး"

ရှောင်ဝူထုံက...

"ဒါဖြင့် ခင်ဗျားက ဘယ်သူ့ကိုမျက်စိကျနေလို့လဲ"

လျှူချုန်ရဲ့က...

"ကျူရွှေဒေဝီ"

ရှောင်ဝူထုံက မျက်မှောင်ကုတ်သွား၏။

"ခင်ဗျားက ကျူရွှေဒေဝီကို တွေ့ချင်တယ်ဆိုရင် သေရလိမ့်မယ်"

လျှူချုန်ရဲ့က...

"ခင်ဗျား သေရမှာကို ကြောက်လို့လား"

ရှောင်ဝူထုံက...

"လောကပေါ်မှာ သေရမှာကို မကြောက်တဲ့လူ ရှိနေသေးလို့လား"

"ရှိတာပေါ့"

"ဘယ်သူလဲ"

"ကျုပ်ပါပဲ"



သူသည် ရှောင်ဝူထုံ၏မျက်လုံးအား စိုက်ကြည့်လိုက်လေသည်။

"ခင်ဗျားက သေရမှာကိုကြောက်တယ်၊ ကျုပ်ကမကြောက်ဘူး၊ ဒါကြောင့် ကျုပ်ကိုခေါ်သွားရလိမ့်မယ်"

ရှောင်ဝူထုံက...

"ဘယ်ကို လိုက်ခဲ့ရမှာလဲ"

လျှူချုန်ရဲ့က...

"ကျူရွှေဒေဝီ"

ရှောင်ဝူက မပြုံးနိုင်တော့ပါ။

"ကျုပ်က ရှာလို့ မတွေ့ရင်ကော"

"ဒီလိုဆိုရင်လဲ ခင်ဗျား ဘယ်တော့မှ အိုလာမှာမဟုတ်တော့ဘူး"

သေသောသူမှသာလျှင် မအိုဘဲရှိပေမည်။

လျှူချုန်ရဲ့က သူ့အား စိုက်ကြည့်လိုက်၏။

"ခင်ဗျားတို့က သူ့အတွက် လိုဏ်ဂူတစ်ခုကို စောင့်ပေးနေတယ်လို့ကြားရတယ်၊ ခင်ဗျားတို့ ဒီကိုရောက်လာတဲ့အခါမှာ သူက ခင်ဗျားတို့ကိုယ်စား လိုဏ်ဂူမှာ စောင့်ကြပ်ပေးနေရတယ်လို့လည်း သိထားတယ်ဗျ"

သူက ပြုံး၍စကားဆက်လိုက်၏။

"ဒါကြောင့် ခင်ဗျားက သူဘယ်မှာရှိတယ်ဆိုတာ သိရမယ်"

ရှောင်ဝူထုံက ဝန်ခံခြင်းမပြုပါ။

www.burmeseclassic.com

www.burmeseclassic.com



ငြင်းပယ်ခြင်းလည်း မပြုချေ။ လျှုချွန်ရဲ့က...

"ခင်ဗျား သေချင်လို့လား"

ရှောင်ဝူထုံက ခေါင်းခါယမ်းလိုက်၏။ လျှုချွန်ရဲ့က အရက်တစ်ခွက်ကို ငှဲ့၍သောက်လိုက်လေ သည်။

"ဒါဖြင့် ခင်ဗျားက ဘာတွေစဉ်းစားနေတာလဲ"

"ခင်ဗျားကို သေအောင်သတ်ဖို့ စဉ်းစားနေတာ"

သူ၏စကားမဆုံးမီ ရုတ်တရက် လေထဲသို့ ခုန်တက်သွားလေသည်။ သူသည် လေထဲ၌ တစ်ချက်လှည့်ပတ်လိုက်ရာ လေပြင်းတစ်ချက်နှင့်အတူ သံမှိုနှက်များသည် လျှုချွန်ရဲ့ထံသို့ ပစ်လွှင့်လိုက်လေသည်။

ဤသံမှိုနှက်များသည် ထန်ကျားကျေးရွာ၏ လက်နက်ပုန်းတစ်မျိုးဖြစ်သော အဆိပ်သံမှိုနှက်များပင် ဖြစ်လေသည်။

လျှုချွန်ရဲ့က ရှောင်တိမ်းခြင်းမပြုပါ။

သူသည် ငှဲ့ထားသောအရက်ကို သံမှိုနှက်ထံသို့ မှုတ်ထုတ်လိုက်လေသည်။ ရုတ်တရက်...

ပလူပျံနေသော သံမှိုနှက်များသည် မြေပေါ်သို့ လွင့်စဉ်ကျသွားလေသည်။ ရှောင်ဝူထုံ၏မျက်နှာ ကွက်ခနဲ ပျက်သွား၏။

လျှုချွန်ရဲ့က ပြုံးဖြဲလိုက်လေ၏။

"အရက်သောက်တာဟာ ဒီလောက် အကျိုးရှိလိမ့်မယ်လို့ မစဉ်းစားမိပါဘူးဗျာ"

"ဒါကြောင့် လူတစ်ယောက်ဟာ အရက်မသောက်ဘဲ မနေသင့်ဘူး"

"ကျုပ်သောက်ပါ့မယ်ဗျ"

"ဒါပေမယ့် သေတော့မယ့်လူတစ်ယောက် အရက်သောက်လို့ ဘယ်ရမလဲ"

"ကျုပ် နားလည်မှုမကြီ"

"ဒါဖြင့် ခင်ဗျား ဘာလုပ်ချင်သေးသလဲ"

"ခင်ဗျားကို အမြန်ဆုံး လိုက်ပို့မလို့ပါ"

လျှုချွန်ရဲ့က ရယ်မောလိုက်လေသည်။

"ခင်ဗျားကို ကျုပ်ကရွေးလိုက်တာ ခင်ဗျားဟာ အလွန်ပါးနပ်တဲ့လူတစ်ယောက်ဖြစ်တယ်ဆိုတာ သိထားလို့ပါပဲ"

ရှောင်ဝူထုံက သက်ပြင်းတစ်ချက်ချလိုက်လေ၏။

"ဒါကြောင့် အကင်းပါးတဲ့သူဟာ အနှောင့်အယှက် အမြဲတမ်းရှိတတ်ပါတယ်"

"အနှောင့်အယှက်ရှိတာက အနည်းဆုံးတော့ အနှောင့်အယှက်မရှိတာထက် ပိုကောင်းပါတယ်လေ"

ရှောင်ဝူထုံက မျက်မှောင်ကုတ်သွား၏။

"ဘာဖြစ်လို့လဲ"

လျှုချွန်ရဲ့က ပြုံးလိုက်သည်။

"ဒီလောကပေါ်မှာ သေတဲ့လူကသာ အနှောင့်အယှက်မရှိတာ"

➤ ➤ ➤

www.burmeseclassic.com

## လျှို့ဝှက်လိုဏ်ဂူ

(၁)

တောင်တန်းရှိလျှင် လိုဏ်ဂူရှိရမည်။

အချို့လိုဏ်ဂူက ကြီးမားသည်။

အချို့လိုဏ်ဂူက သေးငယ်သည်။

အချို့လိုဏ်ဂူက လှပသည်။

အချို့လိုဏ်ဂူက အကျည်းတန်သည်။

အချို့လိုဏ်ဂူသည် နှာခေါင်းတစ်ခုနှင့် တူလှပေသည်။

နှာခေါင်းဟူသောအရာကို လူတိုင်းလူတိုင်းက မြင်တွေ့နိုင်ကြပေသည်။

အချို့လိုဏ်ဂူမှာမူ မိန်းမပျို၏ချက်နှင့် တူလှပေသည်။

မိန်းမပျို၏ကိုယ်ပေါ်၌ ချက်ရှိရမည်ဟု အားလုံးက သိထားကြသော်လည်း မြင်တွေ့နိုင်ကြမည် မဟုတ်ပါချေ။ ယခု—

ဤလိုဏ်ဂူသည် မိန်းမပျို၏ချက်ထက်ပင် လျှို့ဝှက်နေ...



လှိုဏ်မြောင်ခြောက်ခု ဖြတ်ကျော်ပြီး တောင်ကုန်းခုနစ်ခု တက်လိုက်သောအခါ တောင်ခါးပန်းတစ်ခုသို့ ရောက်ရှိလာလေသည်။

တောင်ခါးပန်းက အလွန်မတ်စောက်၏။

အောက်သို့ ငုံ့ကြည့်လိုက်လျှင် မည်းမှောင်နက်ရှိုင်းသည်ကို မမှန်းဆတတ်သော ချောက်ကမ်းပါးရှိလေသည်။

ထိုတောင်ခါးပန်းနှင့် မျက်နှာချင်းဆိုင်၌ မတ်စောက်သော တောင်ခါးပန်းတစ်ခု ရှိပြန်လေသည်။

ထိုတောင်ခါးပန်းနှစ်ခု၏ အကွာအဝေးမှာ ငါးလံခန့်မျှရှိလေသည်။

ထို့ကြောင့် တောင်အောက်မှ နေကိုမော့ကြည့်လိုက်ပါက အလွန်ကျဉ်းမြောင်းသော ကောင်းကင်ကိုသာ တွေ့လိုက်ရမည်ဖြစ်သည်။ ရှောင်ဝူထုံက လေပူတစ်ချက် မှုတ်ထုတ်လိုက်လေသည်။

"ရောက်ပြီ"

လျူချန်ရဲ့က....

"ဘယ်မှာလဲ"

ရှောင်ဝူထုံက တစ်ဘက်ရှိ တောင်ခါးပန်းပေါ်သို့ လက်ညှိုးထိုးပြလိုက်လေသည်။

"ခင်ဗျား မတွေ့ဘူးလားဗျ"

လျူချန်ရဲ့က မြင်တွေ့လိုက်ပြီး ဖြစ်လေသည်။

မျက်နှာချင်းဆိုင် မတ်စောက်နေသော တောင်ခါးပန်းပေါ်

www.burmeseclassic.com

www.burmeseclassic.com



၌ နွယ်ပင်များသည် ရှုပ်ပွသော ဆံပင်များပမာ မှောင်မည်းနေသော လိုဏ်ဂူတစ်ခု၏ အပေါက်ဝသို့ သွယ်တန်းထားသည်ကို တွေ့ခဲ့လေသည်။

တိမ်တိုက်များသည် လိုဏ်ဂူရှေ့၌ ဖြတ်၍လွင့်မျောနေသည်။ နွယ်ပင်များသည် လေထဲ၌ ကခုန်နေလေသည်။

လျှူချန်ရဲ့က မြင်တွေ့လိုက်ပြီဖြစ်သော်လည်း တစ်ဘက်တောင်ခါးပန်းသို့ မည်ကဲ့သို့ သွားရမှန်းမသိပါချေ။

"လိုဏ်ဂူဘက်ကို ဘယ်လိုလှမ်းသွားရမှာလဲ"

ရှောင်ဝူထုံက ပြုံးလိုက်လေသည်။

"ခင်ဗျားက လိုက်ပို့နိုင်းလို့ ကျုပ်က လိုက်ပို့ပြီးပါပြီလေ ဒါကြောင့် ကျုပ်ရဲ့တာဝန် ကျေသွားပါပြီ"

လျှူချန်ရဲ့က သက်ပြင်းတစ်ချက်ချလိုက်လေသည်။

"ခင်ဗျားက ပညာရှိတစ်ယောက်ပဲ"

ရှောင်ဝူထုံက ခေါင်းညိတ်လိုက်၏။

"ကျုပ်က ဉာဏ်မဆိုးပါဘူးဗျာ"

လျှူချန်ရဲ့က ချောက်ကမ်းပါးကို ငုံ့ကြည့်လိုက်သည်။

"ဉာဏ်မထိုင်းတဲ့ လူတစ်ယောက်ကို ချောက်ကမ်းပါးအောက် တွန်းချလိုက်ရင် ဉာဏ်ထိုင်းတဲ့လူတစ်ယောက်လို သေသွားမလား မသိဘူး"

ရှောင်ဝူထုံက မပြုံးနိုင်တော့ပါ။

လျှူချန်ရဲ့လည်း မပြောနိုင်တော့ချေ။



သူသည် ရုတ်တရက် အောက်သို့ကုန်းလိုက်ပြီး တောင်နံရံပေါ်မှ ကျောက်ပြားတစ်ပြားကို ဆွဲခွာလိုက်လေသည်။

ကျောက်ပြား၏ အတွင်းဘက်မှာ ကြေးနန်းကြိုးဖြင့် ချုပ်ထားသော ကြိုးတစ်ချောင်းရှိလေသည်။

ကြိုး၏အစတွင် သံချိတ်တစ်ခု ပါရှိနေသေး၏။

သူသည် ခလုတ်တစ်ချက် နှိပ်လိုက်ရာ...

ထိုသံကြိုးသည် ရုတ်တရက် မျက်နှာချင်းဆိုင် တောင်ခါးပန်းပေါ်သို့ ပစ်လွှင့်သွားလေသည်။

ကြိုးထက်မှ သံချိတ်သည် ထောင်နေသော ကျောက်တုံးပေါ်သို့ ချိတ်မိသွားလေသည်။

ဤသို့ဖြင့် တောင်ခါးပန်းနှစ်ခုနှင့် ဆက်သွယ်သော ကြိုးတံတားတစ်ခုဖြစ်လာလေသည်။

ရှောင်ဝူထုံက ပြုံး၍ဦးညွတ်လိုက်လေသည်။

"ကြွပါ ခင်ဗျာ"

လျှူချန်ရဲ့က...

"ပညာရှိက အရင်ကြွပါ"

ရှောင်ဝူထုံ၏မျက်နှာ ကွက်ခနဲ ပျက်သွားလေသည်။

"ကျုပ်က ခင်ဗျားနောက်ကို လိုက်ရမှာလား"

လျှူချန်ရဲ့က ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်တယ်၊ ခင်ဗျားက ရှေ့ဆုံးကနေ သွားရမယ်၊ ကျသေစရာရှိရင်လည်း ပညာရှိက အရင်ကျသေရမယ်"

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ဂူထုံက မျက်နှာရှုံ့မဲ့သွားလေသည်။

"ကျူုစွေဒေဝီက ခင်ဗျားကို ကျုပ်ခေါ်လာတာ တွေ့သွားရင် ကျုပ်သေရမှာပဲ"

"ဘာမဲဖြစ်ဖြစ် အခုကျသွားတာထက် တော်သေးတာပေါ့ အသက်ဟာ တန်ဖိုးရှိပါတယ်၊ တစ်နာရီပိုနေရရင် တစ်နာရီ အကျိုးရှိပါတယ်၊ နောက်ပြီး ခင်ဗျားရဲ့အသက်ကို ကျုပ်က ကယ်နိုင်မယ့်နည်းလမ်း ရှိကောင်းရှိလာပါလိမ့်မယ်"

"ခင်ဗျား တကယ်ပြောနေတာလား"

"ကျုပ်က ပညာရှိတစ်ယောက် မဟုတ်ပါဘူး၊ ပညာမဲ့တဲ့လူတစ်ယောက်ပြောတဲ့စကားဟာ ပညာရှိတဲ့လူ့ထက် မိုပြီးရိုးသားလိမ့်မယ်"

ရှောင်ဂူထုံက သက်ပြင်းရှည်တစ်ချက် ချလိုက်လေသည်။

"ပညာရှိတစ်ယောက်ဖြစ်ရတာ မကောင်းဘူးလားဗျာ"

ᗕ ᗕ ᗕ

ကြေးနန်းဖြင့် ကျစ်ထားသောကြိုးသည်ချောမွတ်နေသည်။ တောင့်လေသည်။ ပြင်းပြင်းထန်ထန် တိုက်ခတ်နေသည်။

ကြိုးပေါ်၌ လမ်းလျှောက်ရခြင်းမှာ အလွန်အန္တရာယ်များသည်။



ခြေလှမ်းများသွားသည်နှင့် ချောက်ကမ်းပါးသို့ ကျသွားမည်သာ ဖြစ်သည်။

ချောက်ကမ်းပါးထဲ ကျသွားသည်နှင့် အရိုးအသားရှာ၍ တွေ့မည်မဟုတ်ပါ။

ကံကောင်းသည်မှာ တောင်ခါးပန်းနှစ်ခု၏ အကွာအဝေးမှာ ဝေးဝေးမရှိပေ။

သူတို့သည် တစ်ဘက်တောင်ခါးပန်းသို့ ရောက်ရှိမိသည်နှင့်လိုက်ဂူထဲမှ ရယ်မော၍ပြောလိုက်သော စကားသံအား ကြားလိုက်ရလေသည်။

"မျက်လုံးမှိတ်ပြီး ဝင်ခဲ့ပါ၊ ငါရေချိုးနေတယ်"

ᗕ ᗕ ᗕ

www.burmeseclassic.com

www.burmeseclassic.com



(၂)

လိုဏ်ဂူ၏ဝင်ပေါက်သည် အလွန်နက်သည်။

အပြင်ဘက်မှ ကြည့်လိုက်လျှင် မှောင်မည်းနေသည်။

လိုဏ်ဂူထဲသို့ လှမ်းဝင်လိုက်သောအခါ မီးရောင်အား တဖြည်းဖြည်း တွေ့မြင်လာလေသည်။

ပန်းရောင်သန်းနေသော မီးရောင်သည် ပျော့ပျောင်း၍ဆွဲ ဆောင်မှုရှိသည်။

စကားပြောခဲ့သောအသံသည် အလင်းရောင်ထက် ပျော့ ပျောင်းသည်။

ပို၍ ဆွဲဆောင်မှုရှိလေသည်။

လျှုချန်ရဲ့သည် မျက်လုံးပိတ်ထားခြင်း မရှိပါ။

အတန်ကြာ လျှောက်လာသောအခါ မြင်ကွင်းတစ်ခုလုံး သည် ရုတ်တရက် ကျယ်ဝန်းပြီး လင်းထိန်လာလေသည်။

လျှုချန်ရဲ့သည် နတ်ဘုံနတ်နန်းသို့ ရုတ်တရက် ရောက်လာ သည်ဟု ခံစားမိလေသည်။

လိုဏ်ဂူတစ်နေရာတွင် အဖြူရောင် ကျောက်တုံးများဖြင့် ကာရံထားသော ရေကန်တစ်ခုရှိ၏။

လူက ရေထဲတွင် စိမ်နေ၏။

ခေါင်းတစ်လုံးသာ ရေပေါ်၌ ထိုးထွက်နေလေသည်။

ပိတုံးရောင်ဆံကေသာများသည် ရေပေါ်၌ မျောနေ၏



သူမ၏မျက်နှာတစ်ခုလုံးမှာ ပန်းကဲ့သို့ လှပပြီး သူမ၏အ သားအရေမှာ နုနယ်ပြီးချောမွတ်နေလေသည်။

လျှုချန်ရဲ့သည် သူမအားကြည့်ရင်း ငေးမောသွားမိလေ သည်။

ကျူးစွေဒေဝီသည် သူမ၏ ရွှန်းလက်တောက်ပသော မျက် လုံးအစုံဖြင့် သူ့အားစိုက်ကြည့်နေ၏။

"ရှင့်ကို ကျွန်မက မျက်လုံးမှိတ်ပြီးမှ ဝင်လာပါလို့ ပြောခဲ့ တယ်မဟုတ်လား"

လျှုချန်ရဲ့က...

"ဟုတ်ပါတယ်"

ကျူးစွေဒေဝီက...

"ရှင် မျက်လုံးမှိတ်မထားဘူး ထင်တယ်"

လျှုချန်ရဲ့က သက်ပြင်းရှည်တစ်ခု ချလိုက်မိ၏။

"ကျုပ်က ဒုက္ခဆင်းရဲခံပြီး အသက်စွန့်ပြီးရောက်လာတာ ခင်ဗျားကိုတွေ့ဖို့ပါပဲ၊ အခုရောက်လာတော့မှ ဘာဖြစ်လို့ မျက်လုံး မှိတ်ထားရမှာလဲ"

ကျူးစွေဒေဝီက...

"ကျွန်မက ရေချိုးနေတယ်လေ"

လျှုချန်ရဲ့က ပြုံးလိုက်၏။

"ခင်ဗျား ရေချိုးနေတယ်ဆိုတာ ကြားလို့ ပိုပြီးမျက်လုံး မှိတ်မထားချင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ကျူးစွေဒေဝီက သက်ပြင်းတစ်ချက်ချလိုက်လေ၏။

"ရှင်ဟာ စကားနားမထောင်တဲ့အပြင် ရိုးသားတဲ့ လူတစ်ယောက်လည်း မဟုတ်ပါလား"

လျူချန်ရဲ့က....

"ဒါပေမယ့် ကျုပ်ပြောမယ့်စကားဟာ အမှန်ရိုးသားတဲ့ စကားပါ"

ကျူးစွေဒေဝီက....

"ကျွန်မက ရှင့်ရဲ့မျက်လုံးကို ဖောက်ပစ်မှာ မကြောက်ဘူးလား"

"ကျုပ်က ခေါင်းဖြတ်ပစ်မှာကိုတောင် မကြောက်တာ မျက်လုံးဖောက်ပစ်မှာကိုတော့ အသေးအမွှားပါ"

"ရှင် သေရမှာကို မကြောက်ဘူးလား"

လျူချန်ရဲ့က ရယ်မောလိုက်သည်။

"ကျုပ်က သေရမှာကို ဘာဖြစ်လို့ ကြောက်နေရမှာလဲ လူဆိုတာ ဧည့်သည်တစ်ယောက်နဲ့ အတူတူပါပဲ၊ လူမွေးဖွားလာတာ ဝမ်းသာစရာ မဟုတ်သလို သေရမှာလည်း မဆန်းပါဘူး"

ကျူးစွေဒေဝီက ပြုံးလိုက်၏။

"ရှင်လည်း ပညာရှိတစ်ယောက်ပါလား"

လျူချန်ရဲ့က ပြုံးလိုက်၏။

"ရှေးပညာရှိများရဲ့ အဆိုအမိန့်တစ်ခု ရှိပါတယ်"

ကျူးစွေဒေဝီက...



"ဘယ်လို အဆိုအမိန့်လဲ"

လျူချန်ရဲ့က...

"မနက်ပိုင်းမှာ တရားကိုနာမိရင် နေ့သေရမှာကို မ ကြောက်ပါဘူး။ အခု ဒေဝီရဲ့မျက်နှာကို မြင်တွေ့လိုက်ရပြီးတဲ့အတွက် ကျုပ် သေရမှာကို ဝမ်းမနည်းတော့ပါဘူး"

ကျူးစွေဒေဝီက...

"အခု ရှင်က ကျွန်မကိုမြင်တွေ့ပြီးပြီပဲ"

လျူချန်ရဲ့က...

"ဟုတ်ပါတယ်၊ အမြဲတမ်း တွေ့ချင်တဲ့ဆန္ဒပြည့်သွားတဲ့အတွက် သေပျော်ပါပြီဗျာ"

ကျူးစွေဒေဝီက...

"ဒါဖြင့် ရှင်အခု သေလို့ရပြီပေါ့"

လျူချန်ရဲ့က ရယ်မောလိုက်လေ၏။

"ဟုတ်တယ်"

သူက ပခုံးတစ်ချက်တွန့်လိုက်၏။

"ကျုပ်အခု ခင်ဗျားရဲ့မျက်နှာတစ်ခုပဲ မြင်တွေ့ရပါသေးတယ်"

ကျူးစွေဒေဝီက...

"ရှင်က ဘာကိုကြည့်ချင်သေးလို့လဲ"

လျူချန်ရဲ့က....

"တစ်ကိုယ်လုံး"

www.burmeseclassic.com

www.burmeseclassic.com



ကျူးစွေဒေဝီ၏မျက်နှာပေါ်တွင် ပန်းနုရောင်သန်းလာသည်ဟု ထင်ရလေ၏။

"ရှင်က အတော် လောဘကြီးတာကိုး"

"လောဘမကြီးတဲ့ ယောက်ျားဆိုတာ တကယ့်ယောက်ျား မဟုတ်နိုင်ပါဘူး"

ကျူးစွေဒေဝီက နှုတ်ခမ်းကို ကိုက်ထားလိုက်၏။

"ငါက တစ်ကိုယ်လုံး ပြလိုက်ရင် ရှင်က ဒါထက်လောဘ တက်ဘူးလို့ ပြောနိုင်ပါ့မလား"

လျူချန်ရဲ့က ရယ်မောလိုက်သည်။

"အခုတောင်မှ လောဘတက်နေပါပြီ"

ကျူးစွေဒေဝီက သူ့အား စိုက်ကြည့်လိုက်၏။

"ရှင်ဟာ ရုပ်ချောတဲ့ယောက်ျားတစ်ယောက် မဟုတ်ပါဘူး"

လျူချန်ရဲ့က...

"ဒါမှန်ပါတယ်"

ကျူးစွေဒေဝီက...

"ဒါပေမယ့် ရှင်ဟာ တခြားယောက်ျားနဲ့ နည်းနည်းလေး ကွာခြားနေပါတယ်"

လျူချန်ရဲ့က ပြုံးလိုက်လေ၏။

"နည်းနည်းလေး မဟုတ်ပါဘူး၊ အများကြီးပါ"

ကျူးစွေဒေဝီက...

"တခြားလူနဲ့မတူတဲ့ ယောက်ျားကိုမှ ငါကသဘောကျတာ"



လျူချန်ရဲ့က...

"လောကပေါ်မှာ ထူးခြားတဲ့ယောက်ျားကိုမှ သဘောကျတတ်ကြတာပါ"

ကျူးစွေဒေဝီ၏မျက်နှာ အနည်းငယ် တင်းမာသွား၏။

"ထွက်သွားစမ်း"

လျူချန်ရဲ့က ထွက်မသွားပေ။

ကျူးစွေဒေဝီကား ရှောင်ဂူထုံအား ထွက်ခိုင်းသည်ကို သူက နားလည်လိုက်ခြင်းကြောင့် ဖြစ်သည်။

ရှောင်ဂူထုံက ချက်ချင်းပင် ထွက်ခွာသွားလေသည်။

သူသည် လိုဏ်ဂူထဲသို့ ဝင်ရောက်လာပြီးကတည်းက တစ်ချိန်လုံး မျက်လုံးမှိတ်ထားနေခြင်းဖြစ်၏။

လျူချန်ရဲ့က ရယ်မောလိုက်၏။

"သူက စကားနားထောင်သားပဲ"

ကျူးစွေဒေဝီက...

"သူ နားမထောင်ဘဲ နေဝံ့ပါ့မလား"

လျူချန်ရဲ့က...

"ကျုပ်က စကားနားမထောင်လို့ မျက်လုံးမှိတ်စရာလည်း မလိုဘူး၊ ထွက်သွားစရာလည်းမလိုဘူး၊ သူက စကားနားထောင်လို့ မျက်လုံးလည်းမှိတ်ထားရတယ်၊ ထွက်လည်း ထွက်သွားရတယ် မဟုတ်လား"

ကျူးစွေဒေဝီက...

www.burmeseclassic.com

www.burmeseclassic.com



“မိန်းမစကားကို မြေဝယ်မကျ နားထောင်တဲ့ယောကျ်ား ဘယ်မိန်းမကမှ မကြိုက်ပါဘူး”

သူမသည် လျှုချန်ရဲ့အား စိုက်ကြည့်လိုက်လေ၏။

“ရှင်က ခုနတုန်းက ပြောခဲ့တယ်၊ ကျွန်မကို တွေ့မြင်ရ သေပျော်ပါပြီဆိုတာလေ”

“ဟုတ်တယ်၊ ကျုပ်ပြောခဲ့ပါတယ်”

“ကျွန်မချိုးတဲ့ရေတွေဟာ ဆေးတစ်မျိုးထည့်ထားပါတ ကျွန်မကလွဲလို့ တခြားသူ ရေထဲခုန်ဆင်းလိုက်ရင် တစ်ကိုယ် ပုပ်ပွသွားနိုင်တယ်၊ မယုံမရှိပါနဲ့”

“ကျုပ်က ဘာလုပ်ရမှာလဲ”

“ရှင်က ကျွန်မအတွက်နဲ့ သေဝံ့တယ်ဆိုရင် ရေထဲကို ဆင်းဝံ့ပါ့မလား”

လျှုချန်ရဲ့က စကားတစ်ခွန်းမျှ မပြောပါ။

သူသည် အပေါ်အင်္ကျီအား ချွတ်လိုက်သည်။

ဖိနပ်လည်း ချွတ်လိုက်လေသည်။

ထို့နောက်...

ရေထဲသို့ ခုန်ဆင်းလိုက်လေ၏။

“ပလုံ”

သူ၏တစ်ကိုယ်လုံးသည် ရေထဲသို့ နစ်မြုပ်သွားလေ

သူသည် ရေပေါ်သို့ ခေါင်းပြူထွက်လာသောအခါ ကျူ ဒေဝီက သူ့အားစိုက်ကြည့်နေ၏။



“လောကပေါ်မှာ ကျွန်မကိုနှစ်သက်တဲ့ ယောကျ်ားတွေ အများကြီးရှိပါတယ်၊ ဒါပေမယ့် ကျွန်မအတွက်နဲ့ အကယ်သေဝံ့တဲ့ လူဆိုလို့ ရှင်တစ်ယောက်ကိုပဲ ကျွန်မတွေ့ရပါတယ်”

သူမက သက်ပြင်းတစ်ချက်ချလိုက်သည်။

“ရှင် အခု ကျွန်မဆီကိုရောက်လာခဲ့တာ ကျွန်မကို စွဲလန်းလို့ လာခဲ့တာမဟုတ်ဘဲ တခြားရည်ရွယ်ချက်တစ်ခု ရှိရဦးမယ်ဆိုတာ သိပါတယ်”

သူမက စကားဆက်လိုက်ပြန်၏။

“ဒါပေမယ့် ဘာဖြစ်မှန်း မသိဘူး။ ရှင့်ကို ကျွန်မက မသတ်ရက်ဘူး”

လျှုချန်ရဲ့က ပြုံးလိုက်သည်။

“ဘာကြောင့်လဲဆိုတာ ကျုပ်သိပါတယ်”

သူက စကားဆက်လိုက်ပြန်၏။

“ကျုပ်က တခြားယောကျ်ားနဲ့ မတူလို့”

ကျူစွေဒေဝီက ငြင်းပယ်ခြင်းမရှိပါချေ။

လျှုချန်ရဲ့က...

“ဒါကြောင့် ရေထဲမှာ အဆိပ်မရှိဘူး မဟုတ်လား”

ကျူစွေဒေဝီက ငြင်းဆိုခြင်းမပြုပါ။

“ကျွန်မက ရှင့်ကို သတ်မယ်ဆိုရင် နည်းလမ်းအများကြီးရှိ ပါတယ်”

လျှုချန်ရဲ့က...

www.burmeseclassic.com

www.burmeseclassic.com



"မိန်းမတစ်ယောက်ဟာ ယောကျ်ားကို တကယ်သတ်ချင် တယ်ဆိုရင် တကယ်ပဲ နည်းလမ်းများပါတယ်"

ကျူးစွေဒေဝီက...

"ဒါကြောင့် ဘာကိစ္စနဲ့လာတယ်ဆိုတာ အမြန်ဆုံး ပြော ပါ"

"ခင်ဗျားက ကျုပ်ကို သတ်ချင်နေပြီလား"

"ဟုတ်တယ်"

လျူချုန်ရဲ့က သက်ပြင်းတစ်ချက်ချလိုက်၏။

"ခင်ဗျား တစ်ချက်မေ့နေပြီထင်တယ်"

"ဘာကိုလဲ"

"ယောကျ်ားလည်း မိန်းမလိုပါပဲ၊ သူက မိန်းမတစ်ယော ကို သတ်ချင်တယ်ဆိုရင် နည်းအများကြီး ရှိပါတယ်"

ကျူးစွေဒေဝီက...

"ဒါကတော့ သူနဲ့ရင်ဆိုင်မယ့် မိန်းမဟာ ဘယ်လိုမိန်းမ လဲဆိုတာ ကြည့်ရသေးတယ်"

လျူချုန်ရဲ့က...

"မိန်းမအားလုံးဟာ အတူတူပါပဲ"

ကျူးစွေဒေဝီက ရယ်မောလိုက်လေ၏။

"ကျွန်မလည်း ဒီလိုပဲလား"

လျူချုန်ရဲ့က...

"ခင်ဗျားလို မိန်းမမျိုးကို ရင်ဆိုင်ရတယ်ဆိုရင် နည်း



စ်ခုနဲ့ပဲ လုံလောက်ပါပြီ"

"ရှင်က စမ်းကြည့်လိုက်ပါလား"

"ကျုပ်က စမ်းကြည့်ခဲ့ပြီးပါပြီ"

ကျူးစွေဒေဝီက မျက်မှောင်ကုတ်သွားလေ၏။

"ဘယ့်နှယ်နေသလဲ"

"အောင်မြင်ပါတယ်"

ကျူးစွေဒေဝီက မျက်မှောင်ကုတ်သွားလေ၏။

"ရှင်က ဘယ်လိုနည်းလမ်းကို အသုံးပြုလိုက်သလဲ"

လျူချုန်ရဲ့က လေသံအေးအေးဖြင့်...

"ဒီရေထဲမှာ နဂိုက အဆိပ်မရှိပါဘူး၊ ဒါပေမယ့် အခုတော့ ဆိပ်ရှိနေပါပြီ"

ကျူးစွေဒေဝီ၏အသံသည် ရုတ်တရက် တုန်ခါလာလေ သွားသည်။

"ဒါဖြင့်...ရှင်ကော"

"ကျုပ်က အဆိပ်ဖြေဆေးကို ကြိုတင်သောက်ထားတယ် "

"ရှင်ဘယ်တုန်းက အဆိပ်ခတ်လိုက်တာလဲ"

လျူချုန်ရဲ့က...

"ကျုပ်ရဲ့အဆိပ်ဟာ လက်သည်းခွံထဲမှာ ဝှက်ထားတာ ည့်ချလိုက်တဲ့ အဆိပ်မှုန့်တွေဟာ ရေထဲမှာ အရည်ပျော်သွား "

www.burmeseclassic.com

www.burmeseclassic.com



ကျူးစွေဒေဝီက...

"ရှင်က အဆိပ်ဖြေဆေးကို ဘယ်တုန်းက သောက်လိုက်တာလဲ"

"ကျုပ် အပေါ်အင်္ကျီ ချွတ်လိုက်တဲ့အခါမှာ.."

သူက ပြုံး၍...

"ဘယ်လိုပဲလုပ်လုပ် ကျုပ်က ကြိုတင်စေ့စေ့စပ်စပ် တွေးပြီးမှလုပ်တတ်ပါတယ်"

ကျူးစွေဒေဝီ၏မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော် ဖြစ်သွားလေ၏။

သူမ၏လက်ချောင်းများသည် လျှပ်တပြက် လျူချုန်ရဲ့၏ လည်မျိုသို့ တိုက်ခိုက်လာလေ၏။

သူမသည် လှုပ်ရှားလိုက်သောအခါ သူမ၏တစ်ကိုယ်လုံးသည် အားအင်ပျောက်ကွယ်မှန်းမသိ ပျောက်ကွယ်သွားသည်ကို ခံစားတွေ့ရှိလိုက်ရလေ၏။

လျူချုန်ရဲ့က သူမ၏လက်အား ဖမ်းဆုပ်ထားလိုက်လေသည်။ သူမကို အေးဆေးသောလေသံဖြင့်...

"ကျုပ်က သန္တာကြင်နာတတ်တဲ့ ယောကျ်ားတစ်ယောက်မဟုတ်ဘူး၊ ဒါကြောင့် ခင်ဗျားက အေးအေးဆေးဆေး နေနိုင်ကောင်းမယ်"

ကျူးစွေဒေဝီက...

"ရှင်က ကျွန်မကို သတ်ရက်တယ်မဟုတ်လား"



လျူချုန်ရဲ့က သက်ပြင်းချလိုက်၏။

"ငါက မသတ်ရက်ပါဘူးကွာ"

သူ၏စကားဆုံးသွားသည်နှင့် သူမသွေးကြော သုံးနေရာအား ပိတ်ထားလိုက်၏။

ᐊ ᐊ ᐊ

ယခု လျူချုန်ရဲ့အဖို့ ချောမောအောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့ပြီဖြစ်၏။

လှို့ဝှက်တံခါးသည် နံရံပေါ်၌ ချိတ်ထားသော ပန်းချီကားချပ်ကြီး၏နောက်ကွယ်တွင် ရှိသည်။

တံခါးမှာ အလွန်လေးလံသည်။

သို့သော်...

အလွန်ခက်ခဲသည် မဟုတ်ပါ။

လျူချုန်ရဲ့မှာ အလွန် ကျွမ်းကျင်သော လက်နှစ်ဘက်ရှိ၏။

သူသည် သော့ခလောက်ခုနစ်ထပ်အား ဖွင့်၍ ပိုးပဝါဖြင့် ထုပ်ထားသော ယွန်းသေတ္တာငယ်အား ရရှိလိုက်လေပြီ...

သူက အပြင်သို့ရောက်ရှိလာသောအခါ ရှောင်ဝူထုံအား တွေ့ရတော့ပေ။

ကြိုးတံတားအား ဤအတိုင်း ထားခဲ့လျက်ရှိသည်။

ဤကိစ္စသည် ထင်ထားသည်ထက် အဆပေါင်းများစွာ

www.burmeseclassic.com

www.burmeseclassic.com



လွယ်ကူချောမောနေ၏။

အခြားလူဆိုလျှင် မိမိမှာ ကံအထူးကောင်းနေခြင်းကြောင့် ဖြစ်သည်ဟု တွေးမိကြမည် ဖြစ်သည်။

သို့သော်...

လျူချုန်ရဲ့က ဤကဲ့သို့ ယူဆမည် မဟုတ်ပါ။

လူတစ်ယောက်သည် ကိုယ်အသုံးပြုလိုက်သော နည်းနစ်မှန်ကန်ခဲ့ပါလျှင် မည်မျှခက်ခဲသည်နှင့် ရင်ဆိုင်ရင်ဆိုင် လွယ်ကူချောမောစွာ အောင်မြင်နိုင်မည်ဟု ယူဆထားလေ၏။

သူသည် လုပ်ငန်းလုပ်ဆောင်ရာတွင် အခြားသူနှင့်မတူ တမူထူးခြားသော နည်းစနစ်ရှိသည် မဟုတ်ပါလော။

⮜ ⮜ ⮜

ဖျက်ဆီးရန် တည်ဆောက်ထားသော စားတော်ဆက်အဆောက်အအုံသည် ယခု ဖျက်စီးခြင်းမရှိသေးဘဲ ပကတိကောင်းမွန်စွာ ရှိနေသေး၏။

အိမ်ဖျက်ရန် ရောက်ရှိလာသော လူများသည် ယခုအခါတွင် သုံးယောက်က သေဆုံးသွားပြီး သုံးယောက်က ထွက်ပြေးသွားပြီဖြစ်လေ၏။

လောကပေါ်၌ အကြောင်းအရာ ခပ်များများတို့မှာ ဤအတိုင်းဖြစ်ပျက်တတ်ပါသည်။



အလွန်ရှေ့စပ်သော လုပ်ငန်းတစ်ခုသည် လက်တွေ့လုပ်ဆောင်ရာ၌ အဆင်မပြေဘဲ ဖြစ်တတ်သည်။

လွယ်ကူချောမောစွာ လုပ်၍ရမည် မဟုတ်သော အလုပ်တစ်ခုသည် လွယ်လင့်တကူ အောင်မြင်နိုင်လေ၏။

အောင်မြင်ခြင်းနှင့် ကျဆုံးခြင်းတို့မှာ မျဉ်းကြားတစ်ခုတည်းသာခြားသည်။

ပုံသေသော စည်းကမ်းဥပဒေ မရှိပါ။

ထို့ကြောင့်...

လူတစ်ယောက်သည် အလုပ်တစ်ခု လုပ်သည့်အခါမှာ စိုးရိမ်ကြောင့်ကျမှုမရှိသင့်ပါ။

⮜ ⮜ ⮜

စားတော်ဆက် အဆောက်အအုံမှာ မီးရောင်များ ထိန်ထိန်လင်းနေသေး၏။

အတွင်းမှာ ရှိနေသောလူများသည် စောင့်လျှက်နေတုန်း။ ယခု...။

မိုးမလင်းသေးပါ။

မိုးမလင်းသေးလျှင် သူကိုက ထွက်ခွာသွားကြဦးမည် မဟုတ်ပါ။

လျူချုင်ရဲ့သည် ယွန်းထည်ဇသတ္တာထုပ်ထားသော အထုပ်

www.burmeseclassic.com

www.burmeseclassic.com



တစ်ထုပ်ကိုင်၍ စားတော်ဆက်ထဲသို့ အေးဆေးစွာ လှမ်းဝင်လိုက်လေ၏။

အားလုံးက သူ့အား မျက်လုံးပြူး၍ ပါးစပ်ဟောင်းလောင်းဖြင့် ကြည့်နေကြလေ၏။

ဤလူသည် မသေသေးဘဲ ပြန်လာနိုင်သည်ကို အံ့ဩနေကြခြင်းဖြစ်သည်။

အရက်ကရားသည် စားပွဲပေါ်၌ ရှိနေသေး၏။

လျှူချန်ရဲ့က သက်တောင့်သက်သာစွာ ထိုင်ချလိုက်၏။

ယခုအခါမှာ သူသည် သက်တောင့်သက်သာစွာ ထိုင်နိုင်ပြီ မဟုတ်ပါလော။

သူသည် အရက်ငှဲ့ရန် ဟန်ပြင်လိုက်၏။

ထိုအခါ...

မျက်လုံးဝိုင်းစက်သော မိန်းကလေးက သူ့ထံလျှောက်လာသည်။

အရက်ငှဲ့ပေးသည်။

"ကျွန်မနာမည်က ယုရီ"

သူမက ကိုယ့်ကိုကိုယ် မိတ်ဆက်ပေးသည်။

လျှူချန်ရဲ့က ပြုံးပြလိုက်၏။

"ဟုတ်ကဲ့ ခင်ဗျားက မိတ်ဆက်ပေမယ့် ကျုပ်က မိတ်ဆက်နိုင်ဘူး"

ယုရီက...



"ဘာဖြစ်လို့လဲ"

လျှူချန်ရဲ့က...

"ကျုပ်ရဲ့အထုပ်ဟာ ရွှေလည်းမဟုတ်၊ ငွေလည်းမဟုတ်လို့"

ယုရီ ပြုံးလိုက်၏။

"မိန်းမတိုင်းမှာ ရွှေတွေငွေတွေရှိမှ မိတ်ဆက်ချင်ကြတာမှ မဟုတ်ဘဲ"

ထိုအချိန် တံခါးပေါက်ဘက်မှ အသံတစ်သံ ထွက်ပေါ်လာလေသည်။

"မိတ်ဆက်မနေနဲ့တော့၊ ငါက သူ့ကို အပိုင်ဝယ်ထားပြီးသား"

ယုရီက လှည့်ကြည့်လိုက်ရာ အလွန်လှပချော့မောသော မိန်းကလေးတစ်ယောက်က အထဲသို့ လှမ်းဝင်လာသည်ကို တွေ့မြင်လိုက်ရသည်။

နန်လန်ကျင်း ဖြစ်သည်။

ယုရီသည် နန်လန်ကျင်းနှင့် မည်သို့မျှ ယှဉ်၍မရမှန်း နားလည်လိုက်လေသည်။

လျှူချန်ရဲ့က သက်ပြင်းတစ်ချက်ချလိုက်၏။

"ငါလည်း မင်းနဲ့ဘဝတူပါကွာ"

ယုရီက ပြုံးလိုက်သည်။

"ရှင့်ကို ကျွန်မ သဘောကျပါတယ်၊ ရှင်အားတဲ့အခါ ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



လည်း သုံးလေးရက်လောက် ဝယ်ထားချင်ပါတယ်"

သူက တခစ်ခစ်ရယ်မောရင်း သူမအဖော်များအတူ ထွက်ခွာသွားကြသည်။

လှူချွန်ရဲ့သည် သူမတို့အား မခွဲနိုင်မခွာရက်ပမာ ငေးမော ကြည့်နေ၏။

နန်လန်ကျင်းက အေးတိအေးစက်ဖြင့်...

"သူတို့ကို လွမ်းနေလို့လား"

လှူချွန်ရဲ့က သက်ပြင်းချလိုက်သည်။

"ကျုပ်က မေတ္တာရှင် တစ်ဦးပါကွာ"

နန်လန်ကျင်းက နှုတ်ခမ်းကို ကိုက်လိုက်၏။

"ရှင်က လူမှမဟုတ်ဘဲ"

လှူချွန်ရဲ့က...

"ခက်တာက လောကပေါ်မှာ မိန်းမတွေ ခပ်များများက လူမှမဟုတ်တဲ့လူကိုမှ သဘောကျကြတာ"

နန်လန်ကျင်း့က...

"အဲဒီမိန်းမတွေကလည်း လူမှမဟုတ်ကြဘဲ"

လှူချွန်ရဲ့က...

"ခင်ဗျားကော"

နန်လန်ကျင်းက...

"ငါလည်း ရှင်နဲ့ပေါင်းမှ လူမဟုတ်တဲ့လူ ဖြစ်လာခါနီးပါပြီ လေ"



သူမ၏စကားဆုံးသွားသည်နှင့် ရုတ်တရက် ပြောင်းလဲ သွားလေ၏။

ယခုသူမသည် အလွန်မာနကြီးသော ခေါင်းမာလေးမဟုတ် တော့ဘဲ အလွန်လိမ္မာသော ခိုကလေးတစ်ကောင် ဖြစ်လာလေ သည်။

လှူချွန်ရဲ့က သူမအားကြည့်ကာ ရင်ထဲ၌ အောင်နိုင်သော ပီတိဖြာလာလေ၏။

သူလည်းပဲ ပျော့ပြောင်းသွားလေ၏။

သူသည် သူမ၏လက်ကလေးအား အသာအယာ ဆွဲဆုပ် ထားလိုက်၏။

"နင်က ကျုပ်အပေါ်မှာ မေတ္တာရှိနေတယ်ဆိုတာ ငါသိပါ တယ်ဟာ"

နန်လန်ကျင်းက ခေါင်းငုံ့ထားလိုက်၏။

"ရှင် တကယ်သိပြီ မဟုတ်လား"

လှူချွန်ရဲ့က...

"ဟုတ်တယ်၊ နင့်ရဲ့အစီအစဉ်လည်းသိပ်ကိုကောင်းပါတယ်"

နန်လန်ကျင်းက...

"ဒါပေမယ့် ရှင်က ကျွန်မချမှတ်ပေးတဲ့ အစီအစဉ်အတိုင်း လုပ်မှမလုပ်တာ"

လှူချွန်ရဲ့က...

"ကျုပ်က စိတ်မြန်တယ်၊ ဒါကြောင့် အလုပ်လုပ်တဲ့နေရာ

www.burmeseclassic.com

www.burmeseclassic.com



မှာလည်း တုံးဆိုတိုက် ကျားဆိုကိုက်တဲ့နည်းနဲ့ပဲ လုပ်စတတ်ပါတယ်"

နန်လန်ကျင်းက ခေါင်းမော့လိုက်၏။

သူမ၏လုပသော မျက်ဝန်းအစုံတွင် အလွန်ကြင်နာစိုးရိမ်သော အရိပ်အယောင်များ ပေါ်လွင်နေ၏။

"ရှင်သုံးတဲ့နည်းဟာ အလွန်အန္တရာယ်များပါတယ်"

လျူချုန်ရဲ့က ရယ်မောလိုက်၏။

"ဘာပဲဖြစ်ဖြစ်၊ အခုတော့ အောင်မြင်သွားပြီ မဟုတ်လား"

နန်လန်ကျင်း၏မျက်ဝန်းအစုံတွင် ဝင်းလက်တောက်ပသွားလေ၏။

"တကယ်.."

လျူချုန်ရဲ့က..

"တကယ်ပါ"

သူက စားပွဲပေါ်က အထုပ်အား ညွှန်ပြလိုက်၏။

"ဒီမှာလေ ပစ္စည်းရလာပါပြီ"

နန်လန်ကျင်းက သူ့အားစိုက်ကြည့်လိုက်၏။

သူမက ဝမ်းလည်းသာ...

သူ့အပေါ် ကြည်ညိုလေးစားသည့်အကြည့်ဖြင့် ကြည့်နေသည်။

သူမသည် သူ၏လက်နှစ်ဘက်အား အသာအယာ ဆွဲလိုက်ပြီး သူမ၏ပါးကို အပ်ထားလိုက်၏။

"ရှင်က တကယ်ကို စွမ်းရည်ပြည့်တဲ့ ယောကျ်ားတစ်ယောက်



ပါလား၊ ကျွန်မဖြင့် အံ့ရော"

လျူချုန်ရဲ့သည် ယင်းကဲ့သို့ချီးကျူးခြင်း ခံလိုက်ရသဖြင့် ပို၍ပီတိဖြစ်သွား၏။

"ကဲ...ကဲ..ဒါလောက်လည်း မဟုတ်သေးပါဘူး၊ ကျုပ်က.."

သူသည် စကားကို ဆုံးအောင်ပင် မပြောနိုင်တော့ပါ။

ထိုအချိန်...

နန်လန်ကျင်း၏လက်ချောင်းကလေးများသည် လျှပ်တပြက်သူ၏လက်ကောက်ဝတ် သွေးကြောအား ဖမ်းဆုပ်ထားသည်။

တဆက်တည်း တစ်ချက်ဆွဲပြီး ကိုင်ပေါက်လိုက်လေသည်။

သူမ အသုံးပြုလိုက်သည်မှာ မွန်ဂို၏အထက်တန်း ဖန်တိုပညာဖြစ်၏။

လေထဲ၌ တစ်ချက်လှည့်ပြီး ကုလားထိုင်ပေါ်သို့ မှောက်လျက်လဲကျလာတော့၏။

နန်လန်ကျင်း၏လက်ညှိုးသည် ကျောပြင်ရှိ ကြောရိုးပေါ်မှ အောက်သို့အထိ သွေးကြောများအား လျင်မြန်စွာ ပိတ်လိုက်လေ၏။

"နင့်ကိုယ်နင် သူရဲကောင်းများ အောက်မေ့နေလို့လား နင်ကမိုက်ရူးရဲတဲ့ ခွေးရူးတစ်ကောင်ပဲလို့ မှတ်ပါ"

လျူချုန်ရဲ့က ပါးစပ်ပိတ်ထားလိုက်၏။

နန်လန်ကျင်းက...

"နင်က ငါ့ကိုလုပ်ခဲ့တာတွေကို ငါက ကျေနပ်နေတယ်လို့ နင်ထင်နေသလား"

www.burmeseclassic.com

www.burmeseclassic.com



သူမက မဲ့ပြုံးပြုံးလိုက်၏။

"ဒီမှာ နင်မှားနေပြီ၊ ဘယ်သူမဆို ငါ့ကို တစ်ချက်ရိုက်ခဲ့ရင် ငါက (၁၀)ချက် ပြန်ရိုက်မှ ကျေနပ်မယ် သိလား"

သူမသည် မည်သည့်နေရာမှ ပျဉ်ပြားတစ်ချပ်ရလာမှန်းမသိ၊ လျှူချုန်ရဲ့၏တင်ပါးသို့ အချက်ပေါင်း(၃၀)တိတိ ရိုက်ချလိုက်သည်။

သူမ၏ ရိုက်ချက်မှာလည်း ပြင်းထန်လှ၏။

လျှူချုန်ရဲ့က ခံနေရုံမှတစ်ပါး မည်သို့မျှ မတတ်နိုင်ပါ။

အတန်ကြာမှ....

နန်လန်ကျင်းသည် အချက်(၃၀)တိတိ ရိုက်ပြီးသွားလေသည်။

"ဒါက နင် နောက်သူများကို အထင်မသေးပါနဲ့လို့ ဆုံးမလိုက်တာ"

သူမသည် စားပွဲပေါ်မှအထုပ်အား ယူလိုက်လေ၏။

"ပစ္စည်း ငါယူသွားပြီ၊ နင် ကံမဆိုးပါစေနဲ့လို့ ဆုတောင်းပါတယ်"

သူမက စကားဆက်လိုက်၏။

"နင်ကတော့ ကံဆိုးမှာ မဟုတ်ပါဘူးလေ၊ ကျူရွှေဒေဝီရဲ့ ရှောင်ဂူထုံ ရောက်မလာမီ ပိတ်ထားတဲ့ သွေးကြောပွင့်သွားမှာပါ"

သူမ၏အသံသည် တဖြည်းဖြည်း ဝေးသွားသည်ကို နား ထောင်ရင်း လျှူချုန်ရဲ့၏ရင်ထဲတွင် မည်ကဲ့သို့ခံစားနေရသည်ကို



ဖော်မပြနိုင်ဘဲ ဖြစ်နေခဲ့ရ၏။

သူက စကားမပြောနိုင်၍ မဟုတ်ပါ။

သို့သော်...

ယခုကဲ့သို့ အခါမျိုး၌ သူက စကားပြောရမှာကို စိတ်ဓာတ်ကျနေ၏။

"ဩော်...မိန်းမ...မိန်းမ"

လျှူချုန်ရဲ့က သက်ပြင်းတစ်ချက်ချလိုက်၏။

သူသည် မိန်းမအပေါ် အထင်သေး၍ မဖြစ်မှန်း ကောင်းစွာ သဘောပေါက်လာမိလေ၏။

အကယ်၍သာ ကျူရွှေဒေဝီက ယခုအချိန်ရောက်လာပါက သူ၏ကံကြမ္မာသည် မတွေးဝံ့အောင် ဖြစ်လာရလေသည်။

ထို့ပြင်...

သံမဏိသူတော်၊ တန်းအိဝေ၊ ရှောင်ဂူထုံတို့ကလည်း ရှိသေးသည်။

သူတို့တွေထဲက မည်သူမဆို ပြန်လည်ရောက်လာလျှင် သက်ညှိုးတစ်ချောင်းတည်းနှင့် သူ့အား အသက်ခြွေနိုင်ကြမည် မဟုတ်ပါလော။

လျှူချုန်ရဲ့သည် ကုလားထိုင်ပေါ်၌ မှောက်လျက်...

ယခုအခါမှာ သူသည် ခွေးရူးတစ်ကောင်နှင့်မတူဘဲ ခွေး သေကောင်တစ်ကောင်နှင့် တူနေ၏။

www.burmeseclassic.com

www.burmeseclassic.com

မည်မျှ အချိန်ကြာသွားမှန်းမသိ။

လျှုချုန်ရဲ့သည် နှစ်ပေါင်းတစ်ရာခန့် ကြာသွားသည်လား ဟုပင် ထင်မှတ်မိသည်။

မိုးလင်းလာပြီ ဖြစ်၏။

စားတော်ဆက်မှ မိန်းကလေးများသည် တစ်ယောက် ကျန် ပြန်သွားသောကြောင့် သူက ချက်နှာပူရန် သက်သာသွား

နောက်ထပ် အတန်ကြာသွားသောအခါ သူ၏ခြေလက် ထုံကျဉ်လာ၏။

ခန္ဓာကိုယ်တစ်ခုလုံး အေးစက်လာလေ၏။

ထိုအချိန်...

သူသည် ခြေသံတစ်သံကို ကြားလိုက်ရလေ၏။



အလွန်ပေါ့ပါးသော ခြေသံဖြစ်၏။

ဖြည်းနှေးစွာ လျှောက်နေ၏။

ခြေလှမ်းတစ်လှမ်း လှမ်းလိုက်တိုင်း သူ၏ရင်ဝသို့ နင်းချ လိုက်သည့်အလား ခံစားနေရလေ၏။

မည်သူက ရောက်လာပါသနည်း။

ကျူးဈွေဒေဝီလေ၊ ရှောင်ဝူထုံလော....

ရောက်လာသောသူသည် မည်သူပဲဖြစ်စေ...

သူ့အဖို့ ကံဆိုးမိုးမှောင်ကျမည်သာ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

## လူပေါ်လူဇော်

### (၁)

မိုးစင်စွင် လင်းလာလေပြီ။

နံနက်ခင်း၏နေရောင်ခြည်သည် ထိုလူ၏အရိပ်အား ကြမ်းပြင်ပေါ်၌ ရှည်လျားစွာ ထင်ဟပ်ထား၏။

မိန်းမတစ်ယောက် ဖြစ်သည်။

ထို့နောက်...

ထိုလူ၏ခြေထောက်အား စတင်တွေ့မြင်လိုက်ရလေသည်

ပန်းထိုးထားသော အဝတ်ဖိနပ် ဝတ်ထား၏။

အလွန်လှပသော ခြေထောက်တစ်စုံဖြစ်၏။

လျှူချန်ရဲ့က လေပူတစ်ချက် မှုတ်ထုတ်လိုက်၏။



ထိုလူက မည်သူဖြစ်သည်ကို သူက သိလိုက်ရသောကြောင့် စိတ်သက်သာရာ ရသွား၏။

ကံကောင်းလေစွဟုလည်း မှတ်ချက်ချမိလေ၏။

"နင်က ကုလားထိုင်မှာ ရိုးရိုးမထိုင်ချင်ဘဲ ဒီလိုမှောက်လျက် ထိုင်ချင်တယ် ဟုတ်လား"

သူမ၏အသံသည် အလွန်သာယာလှသော်လည်း ယခုအခါ မျိုးမှာ သူ၏နားထဲသို့ ရူးကလေးတစ်ရူး စိုက်ဝင်သွားသည်ဟု ထင်မှတ်ရလေ၏။

"နင့်ရဲ့တင်ပါးက အရိုက်ခံရလို့ မထိုင်နိုင်တော့လို့လား"

လျှူချန်ရဲ့က မချိပြုံးပြုံးနေရ၏။

"နင့်ရဲ့တင်ပါး အရင်က ဒါလောက်မကြီးပါဘူး။ အရိုက်ခံရလို့ ပိုရောင်သွားလို့လား"

သူမ၏စကားကြောင့် လျှူချန်ရဲ့၏မျက်နှာ ငိုမဲ့မဲ့ဖြစ်လာလေ၏။

"နင် အခုလိုပြောမယ့်အစား ကျုပ်ရဲ့တင်ပါး နောက်ထပ် တစ်ဆပိုရောင်လာအောင် ရိုက်လိုက်ပါလား"

"နင် အခုထိ စကားမလျှော့သေးပါလား"

သူမက ရယ်မောလိုက်လေ၏။

လျှူချန်ရဲ့က...

"ငါကို နင်မရိုက်ရက်ပါဘူးလေ"

ရောက်လာသော မိန်းကလေးမှာ ဂူရွက်အေးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူမသည် ကုန်း၍ လျှူချန်ရဲ့၏မေးစေ့အား လက်ဝါးဖြင့်မ တင်လိုက်၏။

သူမ၏မျက်လုံးများက သူ၏မျက်လုံးများနှင့် ရင်ဆိုင်လိုက်သည်။

"သနားစရာကောင်းလိုက်တာ ယောကျ်ားရယ်၊ ဘယ်သူက နင့်ကို ဒါလောက်တောင် ရက်ရက်စက်စက် ရိုက်လိုက်တယ်ဆိုတာ ငါ့ကိုအမြန်ဆုံးပြောစမ်း"

လျှူချန်ရဲ့က...

"နင်က ငါ့အတွက် သွားပြီးပြန်ရိုက်မလို့လား"

ဝူရှက်အေ့က ခေါင်းခါယမ်းလိုက်၏။

"မဟုတ်ဘူး၊ ငါ သူ့ကိုကျေးဇူးတင်ပါတယ်လို့ သွားပြောမလို့ပါ"

သူမသည် လျှူချန်ရဲ့၏နှာခေါင်းအား ဆွဲလိမ်လိုက်သည်။

"ငါ့ရဲ့စကား နားမထောင်တဲ့ ခွေးကောင်ကို ဆုံးမပေးလိုက်တာကို ကျေးဇူးတင်မလို့"

လျှူချန်ရဲ့က...

"တခြား စကားလုံးနဲ့ပြောရင် ရပါတယ်၊ ခွေးကောင်ဆိုတော့ မသုံးပါနဲ့၊ နင်လည်း ခွေးမဖြစ်သွားလို့ပါ"

ဝူရှက်အေ့က သူ၏နားရွက်အား လိမ်ဆွဲလိုက်၏။

"ငါမေးတာပြောစမ်း၊ နင်သွားတဲ့အခါ ငါက ဖွမ်းအကျီအရေ ဝတ်ခိုင်းလိုက်တာ နင်ဝတ်သွားရဲ့လား"



"မဝတ်မိပါဘူး"

"နင်က လုံဂူဆီက ထက်တဲ့ဓားတစ်လက် သွားတောင်းခိုင်းထားတာ နင်သွားတောင်းသေးလား"

"မတောင်းမိပါဘူး"

"နင်က ရှောင်ဂူထုံကို လက်ဦးအောင် တိုက်ခိုက်လိုက်သလား"

"မတိုက်မိပါဘူး"

"သူတို့ရဲ့ အစီအစဉ်အတိုင်း ရင်ဆိုင်ခဲ့ရဲ့လား"

"မရှိပါဘူး"

ဝူရှက်အေ့က နှုတ်ခမ်းကိုက်ထားလိုက်၏။

"သူများက နင့်အတွက် သေသေချာချာ စီစဉ်ပေးခဲ့တာ နင်က ဘာဖြစ်လို့ စကားနားမထောင်တာလဲ"

လျှူချန်ရဲ့က...

"ကျုပ်က ကလေးတစ်ယောက်မှ မဟုတ်ဘဲ၊ ငယ်ငယ်ကတည်းက သူများက မလုပ်ပါနဲ့လို့ တားထားရင် ပိုပြီးလုပ်ချင်မိလို့ပါ"

ဝူရှက်အေ့က မဲ့ပြုံးပြုံးလိုက်သည်။

"နင့်ကိုယ်နင် သိပ်တော်တယ်၊ ဘယ်သူကမှ နင့်ကိုမမီဘူးလို့ အထင်ကြီးနေတယ် မဟုတ်လား"

လျှူချန်ရဲ့က ပခုံးတစ်ချက်တွန့်လိုက်သည်။

"ဘာပဲဖြစ်ဖြစ် နင်ခိုင်းတဲ့အလုပ်ကို ငါအောင်မြင်အောင် လုပ်နိုင်ခဲ့တယ်"

www.burmeseclassic.com

www.burmeseclassic.com



ဝူရွက်အော့က ထအော်လိုက်လေသည်။

"နင် အခုထိ မါးစပ်က မလျှော့သေးပါလား"

လျှူချန်ရဲ့က…

"ဘာဖြစ်လို့ လျှော့ရမှာလဲ"

ဝူရွက်အော့က…

"နင်ဟာလေ ကြေးမုံပြင်တစ်ခုယူပြီး နင့်ရဲ့ရောင်ဖူးနေတဲ့ တင်ပါးကို ကြည့်စမ်းပါဦး"

လျှူချန်ရဲ့က…

"တင်ပါးအရိုက်ခံရတာက တခြား၊ အလုပ်အောင်မြင်တာက တခြားစီပါပဲ"

ဝူရွက်အော့က…

"ဟုတ်တယ်၊ နင်ကတော့ ဘဲကိုပြုတ်ပြီးပါပြီ၊ ခက်တာက သူပျံသွားပြီပဲ"

လျှူချန်ရဲ့က…

"သူ မပျံပါဘူး"

ဝူရွက်အော့က…

"နင့်ဆီမှာ ရှိသေးတယ် ဟုတ်လား"

"ဟုတ်တယ်၊ ပျံသွားတာက ဘဲမွေးပဲဖြစ်တယ်၊ ပစ္စည်းကတော့ ငါ့ဆီမှာပဲရှိသေးတယ်"

ဝူရွက်အော့က…

"ဟိုမိန်းမယူသွားတဲ့ အထုပ်က ဘာလဲ"



"အထုပ်ထဲမှာ ကျုပ်ရဲ့အကျီဟောင်းတစ်ထည်ပဲ ရှိပါတယ်"

ဝူရွက်အော့က သူ၏လက်ကို ဆွဲနမ်းလိုက်လေ၏။

"နင်ဟာ တကယ်တော်တဲ့ယောကျာ်းဖြစ်မှန်း သိပါတယ်၊ ငါဟာ ယောကျာ်းရွေးမမှားနိုင်ပါဘူးလေ"

လျှူချန်ရဲ့က သက်ပြင်းချလိုက်တော့၏။

"အင်း…ယောကျာ်းတစ်ယောက်ဖြစ်တာ မိန်းမကို ကျေနပ်အောင် လုပ်မပေးနိုင်ရင် အနှိမ်ခံရမှာ သေချာပါတယ်"

(၂)

နေရောင်ခြည်သည် ပြတင်းပေါက်မှ တိုးဝင်လာလေ၏။

နွေးထွေးသော နေရောင်ခြည်သည် လဲလျောင်းနေသော လျှူချန်ရဲ့၏ ရင်ဘတ်ပေါ်သို့ ထိုးကျနေ၏။

သူ၏အနီးတွင် ဝူရွက်အော့က လဲလျောင်းနေသည်။

သူမက သူ၏ရင်ဘတ်အား အသာအယာထုနေ၏။

"ပြောစမ်း၊ နင်နဲ့ဒေါင်းမလေးနဲ့ ဘာဖြစ်လဲ့သေးလဲ"

လျှူချန်ရဲ့က သက်ပြင်းချလိုက်သည်။

"ဘာဖြစ်ခဲ့ရမှာလဲကွ"

ဝူရွက်အော့က…

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် သူက ဘာဖြစ်လို့ နင့်ရဲ့တင်ပါးကို ဒါလောက်တောင် ရက်ရက်စက်စက် ရိုက်လိုက်ရတာလဲ"

လျှုချွန်ရဲ့က...

"ငါက သူ့တင်ပါးကို သုံးချက်ရိုက်မိလို့"

"တခြားနေရာ ရိုက်စရာရှားလို့၊ တင်ပါးမှ ရွေးရိုက်ရသလား"

လျှုချွန်ရဲ့က...

"တင်ပါးရိုက်မိလို့တောင် အခုထိ တင်ပါးမှာ ရောင်နေတာမပျောက်သေးဘူး။ သူ့ကို တခြားနေရာ သွားရိုက်မိရင် ငါအခု လမ်းလျှောက်နိုင်မှာ မဟုတ်တော့ဘူး"

သူက ပြောရင်း တစ်ချက်သမ်းလိုက်လေ၏။

ဂူရွှက်အော့က...

"ဒါက ဘာဖြစ်နေတာလဲ"

"အိပ်ချင်လို့"

"အိပ်ချင်ရင် အိပ်လိုက်ပေါ့"

"နင်အနားမှာရှိတော့ ငါအိပ်လို့ ပျော်နိုင်ပါ့မလား"

ဂူရွှက်အော့က ခေါင်းထောင်လိုက်သည်။

"နင်က ငါ့ကို မောင်းထုတ်နေတာလား"

လျှုချွန်ရဲ့က...

"ငါက ဒီသဘောမဟုတ်ပါဘူး၊ နင်ပြန်ဖို့လည်း သင့်ပါပြီ"

သူက စကားဆက်လိုက်သည်။



"လုံ့ဂူဟာ နန့်လန့်ကျင်းပါသွားတဲ့ သေတ္တာထဲမှာ ဘာမှမရှိဘူးလို့ တွေ့ရင် ငါ့ကိုလိုက်ရှာမှာပဲ"

ဂူရွှက်အော့က..

"ဒီနေရာ လာရှာပါ့မလား"

လျှုချွန်ရဲ့က...

"လုံ့ဂူကတော့ ဘယ်နေရာမဆို ရအောင်ရှာနိုင်တဲ့ လူစားမျိုး"

ဂူရွှက်အော့ကလည်း ဤကဲ့သို့ တည်းခိုခန်းငယ်တွင် နေထိုင်ရသည်မှာ လုံခြုံမှုမရှိဟု ခံစားမိလေသည်။

"ကောင်းပြီ၊ ပြန်ဆိုလည်း ပြန်မယ်"

လျှုချွန်ရဲ့က..

"နင် အိမ်ထဲမှာပဲ အေးအေးဆေးဆေးစောင့်နေပါ၊ သတင်းကောင်းရလာပါလိမ့်မယ်"

"နင်က လုံ့ဂူနဲ့ရင်ဆိုင်ဖို့ ပိုင်ပါ့မလား"

"ဟင်း..ဟင်း"

လျှုချွန်ရဲ့က ရယ်မောလိုက်သည်။

"ငါက ဘာပြောရမှန်း မသိပါဘူး"

သူက စကားဆက်လိုက်သည်။

"ကျူမွေ့ဒေဝီနဲ့ ရင်မဆိုင်မီ ငါ့မှာလည်း ဘာမှပိုင်နိုင်တဲ့ အကြံဉာဏ်မရှိခဲ့ပါဘူး"

< < <

www.burmeseclassic.com

www.burmeseclassic.com



(၃)

ရှုရှက်အော့ ထွက်ခွာသွားပြီးနောက်...

လျှုချန်ရဲ့က အိပ်ပျော်သွားလေသည်။

သူသည် အိပ်ရာမှနိုးလာသောအခါ ပြတင်းပေါက်အပြင်ဘက်၌ မှောင်လာပြီ ဖြစ်လေ၏။

ညနေခင်းအချိန် ရောက်ပြီ ဖြစ်သည်။

လေသည် ပြတင်းပေါက်ထဲသို့ တိုက်ခတ်လာရာ အရက်၏မွှေးကြိုင်သောအနံ့များ သယ်ဆောင်လာ၏။

'လီအော့ဟုန်' အရက်၏ အနံ့ဖြစ်သည်။

ဤကဲ့သို့ တည်းခိုခန်းငယ်တွင် ဤကဲ့သို့ တန်ဖိုးကြီးသောအရက်နံ့ မရှိသင့်ပါ။

ဤနေရာသို့ လာရောက်တည်းခိုကြသောလူများမှာအလုပ်ကြမ်းသမားများသာ ဖြစ်သည်။

ဤနေရာတွင် တည်းခိုခန်းခ တန်ဖိုးနည်းသည်။



အရက်လည်း အညံ့ဆုံးအရက် ရောင်းသည်။

လျှုချန်ရဲ့က သံဘောပေါက်နားလည်လိုက်၏။

"အပြင်က မိတ်ဆွေ ဝင်ခဲ့ပါ၊ အရက်ကို တစ်ပါတည်းယူလာခဲ့ဖို့ မမေ့ပါနဲ့"

သူ၏စကား ဆုံးသွားပြီးနောက် အခန်းတံခါးခေါက်သံများကြားလိုက်ရ၏။

"ဒေါက်...ဒေါက်...ဒေါက်"

"တံခါးစေ့ထားပါတယ်၊ တွန်းပြီးဝင်ပါ"

အခန်းတံခါး ပွင့်သွား၏။

လူတစ်ယောက်သည် အရက်တစ်ကရားနှင့် ပန်းကန်နှစ်လုံးယူ၍ အခန်းထဲသို့ ဝင်လာ၏။

ထိုလူမှာ ယုချစ်တို့အား သွားရောက်ဖိတ်ခေါ်လိုက်သောလူပင် ဖြစ်သည်။

"ကျုပ်က ရှုဖုစုပါ၊ ခင်ဗျားကိုတွေ့ဖို့ လာတာပါ၊ ခင်ဗျားအိပ်နေတာတွေ့လို့ အပြင်မှာ စောင့်နေတာပါ"

လျှုချန်ရဲ့က သူ့အား တစ်ချက်ကြည့်လိုက်၏။

"လုံရှုက ခိုင်းလိုက်လို့လား"

ရှုဖုစုက ပြုံး၍ ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်၊ သူက ခင်ဗျားကို စောင့်နေပါတယ်"

လျှုချန်ရဲ့က အေးတိအေးစက်ဖြင့်...

"ကျုပ်က သွားချင်ပါတယ်၊ ဒါပေမယ့် မတ်ကတ်တောင်

www.burmeseclassic.com

www.burmeseclassic.com



မရပ်နိုင်ဘူး"

ဝူဖုစုက မျက်နှာချို့သွေးလိုက်၏။

"ခင်ဗျားကို စော်ကားသွားတဲ့ လူတစ်ယောက် ရှိတယ်ဆိုတာ သူသိပါတယ်၊ ဒါကြောင့် ကျုပ်ကို ပစ္စည်းတစ်ခု ပေးခိုင်းလိုက်ပါတယ်"

လျူချွန်ရဲ့က…

"ဘာပစ္စည်းလဲ၊ ဘယ်မှာလဲ"

ဝူဖုစုက တံခါးဝသို့ လှည့်ကြည့်လိုက်၏။

ထို့နောက်…

လက်ယပ်ခေါ်လိုက်သည်။

ဒေါင်းမလေးကဲ့သို့ လှပသော မိန်းကလေးတစ်ဦးသည် လက်ထဲ၌ ပျဉ်ပြားတစ်ချပ်ကိုင်၍ အခန်းထဲသို့ တစ်လှမ်းချင်းလှမ်းကာ လျှောက်လှမ်းလာ၏။

နန်လန်ကျင်း…

နန်လန်ကျင်းသည် ဒေါင်းမလေးကဲ့သို့ လှပသော်လည်း ဒေါင်းမလေးကဲ့သို့ မာန်မာနမရှိတော့ပါ။

ယခု…

သူသည် တိုက်ခိုက်ရာမှ ရှုံးနိမ့်သွားသော ကြက်မတစ်ကောင်နှင့်တူလှပေသည်။

သူမက ခေါင်းငုံ့၍ ဝင်ရောက်လာခြင်းဖြစ်၏။

လျူချွန်ရဲ့ရှေ့သို့ ရောက်ရှိလာသောအခါ လက်ထဲမှ ပျဉ်



ပြားကို လှမ်းပေးလိုက်၏။

"ကျွန်မက ဒီပျဉ်ပြားနဲ့ ရှင့်ကိုရိုက်ခဲ့တာ အချက်သုံးဆယ်တိတိ ရိုက်ခဲ့ပါတယ်၊ အခု ရှင်…ရှင်က အားလုံး ပြန်ပေးနိုင်ပါတယ်"

လျူချွန်ရဲ့က သူမအားကြည့်ကာ သက်ပြင်းတစ်ချက် ချလိုက်သည်။

"မင်းသားလေးလုံဝူဟာ တကယ့်လူပေါ်လူဇော် တစ်ယောက်ပါပဲ၊ ဒါကြောင့်လည်း သူ့အတွက် အသေခံဝံ့တဲ့လူရှိတယ်ဆိုတာ မဆန်းပါဘူး"

➤ ➤ ➤

(၄)

သီးသန့်ခန်းထဲ၌ မီးရောင်များ ဖျော့တော့နေ၏။

မြေနီဖြင့် ပြုလုပ်ထားသော မီးဖိုပေါ်တွင် အရက်နွေးသော ကြေးအိုးတစ်လုံးရှိသည်။

မွှေးကြိုင်သော အရက်နံ့သည် ထိုကြေးအိုးမှ လွင့်ပျံ့ထွက်ပေါ်လာခြင်းဖြစ်၏။

မီးဖိုခန်းတွင်ရပ်၍ အရက်မွှေနေသောလူမှာ အစိမ်းရောင်အင်္ကျီဝတ်ဆင်ထားပြီး လျှို့ဝှက် ကြောက်မက်ဖွယ်ကောင်း

www.burmeseclassic.com



သောသူပင် ဖြစ်သည်။

မင်းသားလေး လုံဝှသည် ကျားသားရေခင်းထားသော ကွပ်ပျစ်ပေါ်၌ မျက်လုံးမှိတ်၍ လဲလျောင်းနေ၏။

ရာသီဥတုက ပူအိုက်နေသေးသည်။

မီးဖိုမှမီးများကြောင့် အခန်းတစ်ခုလုံး ပူစပ်ပူလောင် ဖြစ်နေ၏။

သို့သော်...

သူတို့နှစ်ယောက်သည် ပူအိုက်သည်ဟု ခံစားရပုံ မပေါ်ချေ။

အခန်းထဲ၌ သူတို့နှစ်ယောက်တည်းသာ ရှိ၏။

သူတို့က လျူချုန်ရဲ့အား စောင့်နေခြင်း ဖြစ်သည်။

အခန်းထဲ၌ စားပွဲတစ်လုံးရှိသည်။

စားပွဲပေါ်၌ အဖုံးတန်၍ အရသာရှိသော ဟင်းလျာဆေး ခွက်ရှိနေ၏။

စားပွဲအနီးတွင် လျူချုန်ရဲ့ထိုင်ရန် ကုလားထိုင်တစ်လုံး ချပေးထားသည်။

မင်းသားလေးလုံဝှနှင့်အတူတူ အရက်သောက်နိုင်သော လူမှာ လောကပေါ်တွင် မရှိသလောက် ဖြစ်နေ၏။

"ဒေါက်...ဒေါက်...ဒေါက်"

တံခါးခေါက်သံ ကြားလိုက်ရ၏။

ဝင်လာသူမှာ ခြင်္သေ့မင်တန်ဖြစ်သည်။



ထိုသီးသန့်အခန်းသည် မင်တန်၏ ခြံဝင်းထဲတွင် တည်ရှိနေ၏။

"လူရောက်လာပါပြီ"

"သူ့ကို ဝင်ခိုင်းလိုက်"

လုံဝှက မျက်လုံးမှိတ်ထားလျက် ရှိနေ၏။

"တစ်ယောက်တည်းကိုပဲ ဝင်ခိုင်း"

(၅)

လျူချုန်ရဲ့သည် အခန်းထဲသို့ဝင်ရောက်လာမိသည်နှင့် မင်တန်က အခန်းတံခါးကို ချက်ချင်းပိတ်လိုက်၏။

အစိမ်းရောင်အင်္ကျီ ဝတ်ဆင်ထားသောလူသည် အရက်ကို စိတ်အာရုံစူးစိုက်စွာ နွှေးနေ၏။

သူ ဝင်လာသည်ကို တစ်ချက်မျှ လှည့်မကြည့်ပါ။

သို့သော်...

လုံဝှက ထိုင်လိုက်ပြီဖြစ်သည်။

ဖြူဖပ်ဖြူရော်ဖြစ်နေသော မျက်နှာပေါ်တွင် အလွန်မြင်ရခဲသော ပြုံးယောင်သန်းနေ၏။

"မင်းရဲ့ကြိုးစားမှုဟာ အလဟဿ မဖြစ်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



သူ၏စကားမဆုံးသေးသဖြင့် လျှူချမ်ရဲ့က စောင့်ရှ
ထောင်နေ၏။

လုံဝူက စကားဆက်လိုက်၏။

"ငါကတောင် မနိုင်တဲ့မိန်းမတစ်ယောက်ကို မင်းက အ
ယူနိုင်တာ ငါချီးကျူးပါတယ်ကွာ"

လျှူချမ်ရဲ့က ပါးစပ်ပိတ်ထား၏။

လုံဝူက...

"ချူပိုင်မိုနဲ့ နန်လန်ကျင်းတို့ကို လိမ်နိုင်တယ်ဆိုတာ အ
ခက်ခဲတဲ့အလုပ်တစ်ခု ဖြစ်ပါတယ်၊ ဒါပေမယ့် မင်းက အောင်
ခဲ့တယ်"

လျှူချမ်ရဲ့က ပြုံးလိုက်၏။

"ဒါတွေကို ကျုပ်က ခင်ဗျားအတွက် လုပ်နေရတာ"

လုံဝူက သူ့အားကြည့်ပြီး ရယ်မောလိုက်၏။

"မင်းက အကင်းပါးရုံမက စေ့စပ်သေချာပါတယ်"

လျှူချမ်ရဲ့က သက်ပြင်းတစ်ချက် ချလိုက်၏။

"ကျုပ်က စေ့စပ်သေချာအောင် မလုပ်ရင် ဒီကိုပြန်ရော
နိုင်မှာ မဟုတ်ဘူး"

လုံဝူက...

"အခု ယုန့်ကိုရပြီးမှတော့ မင်းကိုငါက ပြုတ်စားမှာ
ကြောက်နေသလား"

လျှူချမ်ရဲ့က...



"ရှေးပညာရှိရဲ့စကား တစ်ခွန်းကိုတော့ ကျုပ်ကြားဖူးပါ
တယ်"

လုံဝူက...

"ဘာများလဲ"

လျှူချမ်ရဲ့က...

"ငှက်များပစ်လို့ ကုန်သွားရင် လေးကို သိမ်းထားရမယ်၊
ယုန်တွေဖမ်းလို့ ကုန်သွားရင် အမဲလိုက်ခွေးကို ပြုတ်စားကြတယ်"

လုံဝူက...

"ဒါပေမယ့် မင်းဟာ ယုန်ကိုသာဖမ်းတတ်တဲ့ အမဲလိုက်
ခွေးမှမဟုတ်တာ၊ မင်းဟာ ဘာမဆိုလုပ်နိုင်တဲ့ အရည်အချင်းရှိတဲ့
သူတစ်ယောက်ပါ။ ငါ့မှာ ဒီလိုလူမျိုးကို အမြဲတမ်းလိုအပ်နေပါတယ်"

လျှူချမ်ရဲ့က စိတ်သက်သာရာ ရလိုက်လေ၏။

"ကျေးဇူးတင်ပါတယ်"

လုံဝူက...

"ထိုင်ပါ"

လျှူချမ်ရဲ့က...

"ကျုပ် ရပ်နေတာပဲ ကောင်းပါတယ်"

လုံဝူက ရယ်မောလိုက်၏။

"ကြည့်ရတာ နန်လန်ကျင်းရဲ့ရိုက်ချက်ဟာ ပေါ့ပေါ့တန်တန်
မဟုတ်ဘူးထင်တယ်"

လျှူချမ်ရဲ့က မချိပြုံးပြုံးလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



လုံ့ဂူက…

"မင်ကိုရိုက်တဲ့ လက်နှစ်ဘက်ကို လိုချင်သလား"

လျူချုန်ရဲ့က…

"လိုချင်ပါတယ်"

လုံ့ဂူက…

"ဒါ လွယ်ပါတယ်၊ အဲဒီလက်တစ်ဘက်ကို ဖြတ်ပြီး ဘူးထဲထည့် မင်းကိုပေးလိုက်ပါ့မယ်"

လျူချုန်ရဲ့က…

"ကျုပ်က လက်ပြတ်ကြီးကို မယူချင်ပါဘူး"

လုံ့ဂူက…

"ဒါဖြင့်…

လျူချုန်ရဲ့က…

"အဲဒီလက်နှစ်ဘက်ကို သူ့ခန္ဓာကိုယ်မှာ ရှိနေတာကိုကြည့်ချင်ပါတယ်"

လုံ့ဂူက…

"ဒါက လွယ်ပါတယ်၊ မင်းပြန်တဲ့အခါ သူ့ကိုပါ တစ်ခါတည်းခေါ်သွားနိုင်ပါတယ်"

လျူချုန်ရဲ့က ခေါင်းခါယမ်းလိုက်၏။

"ကျုပ်က ကြွက်ဥကိုစားချင်ပေမယ့် ကြွက်မကြီးကို တစ်ကောင်လုံး ပိုက်မထားချင်ပါဘူး"

လုံ့ဂူက ဒုတိယအကြိမ် ရယ်မောလိုက်၏။



"ဒါဖြင့် ကျုပ်က ကြွက်သိုက်ဘယ်မှာ ရှိသလဲဆိုတာ ပြောပြမယ်၊ ကြွက်ဥစားချင်ရင် အချိန်မရွေး သွားနိုင်ပါတယ်"

လျူချုန်ရဲ့၏မျက်နှာ ရှုံ့မဲ့သွားလေ၏။

"ခက်တာက ဒီကြွက်မမှာ အရိုးရှိတဲ့အပြင် ပျဉ်ပြားတစ်ချပ်လည်းရှိတယ်ဗျ"

လုံ့ဂူသည် တတိယအကြိမ် အားရပါးရရယ်မောလိုက်၏။

ယနေ့သည် သူ၏ကိုယ်စိတ် ကျန်းမာနေသဖြင့် ရယ်မောသောအကြိမ်သည် ခါတိုင်းနေ့ထက် များစွာပိုနေ၏။

လျူချုန်ရဲ့သည် လုံ့ဂူရယ်မောရာမှ ရပ်တန့်သွားသည်အထိ စောင့်ပြီးမှ…

"ခင်ဗျားက ကျုပ်ကို မေးစရာတစ်ခုမေးဖို့ မေ့နေပြီနဲ့တူတယ်"

"မေးစရာမလိုပါဘူး၊ မင်း အောင်မြင်စွာ ရလိုက်ပြီဆိုတာ ငါသိပါတယ်ကွာ"

လျူချုန်ရဲ့က…

"အဲဒီသေတ္တာကလေးက မမှားဘူး မဟုတ်လား"

လုံ့ဂူက သူ့အား စိုက်ကြည့်လိုက်၏။

လျူချုန်ရဲ့က…

"ခင်ဗျား သေသေချာချာ ကြည့်ပြီးပြီလား"

လုံ့ဂူက…

"သေသေချာချာ ကြည့်ပြီးပါပြီ"

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်၏မျက်နှာရိပ် မျက်နှာကဲများသည် အနည်းငယ် ထူးဆန်းနေသည်ဟု ထင်ရလေသည်။

လျှူချန်ရဲ့ မေးလိုက်သော မေးခွန်းမှာ မလိုအပ်သော မေးခွန်းဖြစ်၏။

လုံဂူသည် စကားများများပြောသည်ကို မကြိုက်ပါချေ။

သို့သော်...

ယခုမှာမူ မနှစ်မြို့သည့် ဟန်မူရာမရှိပါ။

လျှူချန်ရဲ့က ပြုံးလိုက်လေ၏။

"သေတ္တာလေးက မမှားဘူးဆိုရင် အထဲက ပစ္စည်းလည်း မှားနိုင်စရာ အကြောင်းမရှိပါဘူး"

သူသည် ရင်ဘတ်ထဲ၌ ရေမ်းရောင်ပုဝါဖြင့် ထုပ်ထားသော အထုပ်တစ်ခုအား ထုတ်ယူလိုက်သည်။

ထိုအထုပ်ပေါ်၌ လှပဆန်းပြားသော အထုံးကလေး တစ်ထုံး ထုံးထားသည်။

"အဲဒီအထုပ်ကလေးဟာ အဲဒီသေတ္တာငယ်ထဲက ထုတ်ယူလိုက်တဲ့ပစ္စည်းပါ၊ နဂိုအတိုင်း ရှိနေပါသေးတယ်"

လုံဂူက...

"ကျုပ်ယုံကြည်ပါတယ်၊ ဒီအထုံးကလေးဟာ သူကိုယ်တိုင်ထုံးထားတဲ့ သံယောဇဉ်အထုံးကလေး ဖြစ်ပါတယ်"

လုံဂူသည် လက်ချောင်းကလေးနှစ်ချောင်းဖြင့် အထုံးကလေး၏ အစကို ညှပ်ထားလိုက်လေ၏။



သူသည် ကျွမ်းကျင်စွာဖြင့် တစ်ချက်လှုပ်ခါလိုက်ရာ အထုံး ပြေသွားလေ၏။

သူက ပြုံး၍ရှင်းပြလိုက်၏။

"ဒီအထုံးကလေးကို ဖြေဖို့ရာ ကျုပ်အသုံးပြုတဲ့ နည်းတစ်ခု ရှိတယ်"

လျှူချန်ရဲ့က...

"ကျုပ်မှာ တခြားနည်းလမ်းတစ်ခု ရှိပါသေးတယ်"

လုံဂူက...

"ဘာနည်းလဲ"

လျှူချန်ရဲ့က..

"ဓားနဲ့ဖြတ်လိုက်ရုံပဲ"

လုံဂူက စတုတ္ထအကြိမ် အားရပါးရ ရယ်မောလိုက်သည်။

"မင်းအသုံးပြုတဲ့နည်းတွေဟာ များသောအားဖြင့် ပြတ်ပြတ်သားသား ဖြစ်နေပါလား"

လျှူချန်ရဲ့က...

"ကျုပ်က ဒီနည်းတစ်မျိုးပဲ သုံးတတ်ပါတယ်"

လုံဂူက ရယ်မောလိုက်သည်။

"အောင်မြင်နိုင်တဲ့နည်းဆိုရင် တစ်မျိုးတည်းနဲ့ လုံလောက်ပါတယ်"

< < <

www.burmeseclassic.com



(၆)

အထုပ်ဖြေပြီးသောအခါ ငွမ်းပုံတစ်ပုံကို တွေ့ရှိရလေသ...

ငွမ်းပုံများအား ဖယ်လိုက်သောအခါ ကျောက်စိမ်း... ပြုလုပ်ထားသော ကြွေဘူးကလေးတစ်ဘူးကို တွေ့ရလေသည်...

လုံဂူ၏မျက်လုံးအစုံ၌ အရောင်များ တောက်ပလာ... သည်။

သူ၏ဖြူဖပ်ဖြူရော်ဖြစ်နေသော မျက်နှာပေါ်တွင် ... သော အနီရောင်များ သန်းလာလေ၏။

ဤဆေးဘူးကလေးအား ရအောင်ယူဆောင်နိုင်ခဲ့ခြင်း... လွယ်ကူသည် မဟုတ်ပါ။

ဤဆေးဘူးအတွက် သူသည် တန်ဖိုးကြီးမားစွာ ပေး... ပြီးဖြစ်သည်။

ယခုတိုင်...

သူက ဆေးဘူးအား လှမ်းယူရန် လက်ဆန့်လိုက်သော... သူ၏လက်ချောင်းကလေးများသည် တုန်တုန်ယင်ယင် ရှိနေသော...



သူသည် ကြွေဘူးအား လှမ်းယူရန် ဟန်ပြင်လိုက်သောအခါ လျှူချုန်ရဲ့က လျှပ်တပြက် ကြွေဘူးလေးအား လုယူလိုက်သည်။

ထို့နောက် ကြမ်းပြင်ပေါ်သို့ ပစ်ပေါက်လိုက်သည်။

"ဖုတ်"

ကြွေဘူးကလေးသည် အစိတ်စိတ်အမွှာမွှာ ကွဲသွားလေသည်။

နီရဲနေသောဆေးရည်များသည် သွေးကဲ့သို့ကြမ်းခင်းပေါ်၌ စီးဆင်းနေ၏။

တံခါးပေါက်၌ ရပ်နေသော မင်တန်၏မျက်နှာတစ်ခုလုံးမှာ ဖြူဖပ်ဖြူရော်ဖြစ်သွားသည်။

လုံဂူ၏မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

"မင်းက ဘာသဘောလဲ"

လျှူချုန်ရဲ့က အေးစက်စက်လေသံဖြင့်...

"ဘာသဘောမှ မဟုတ်ပါဘူး"

လုံဂူက...

"ဒါဖြင့် ဘာဖြစ်လို့ ကျုပ်ရဲ့ဆေးဘူးကို ပေါက်ခွဲလိုက်တာလဲ"

လျှူချုန်ရဲ့က...

"ခင်ဗျားလို သဘောကောင်းတဲ့ အသုပ်ရှင်ဟာ ရှိဖို့အလွန်ရှားပါတယ်၊ ဒါကြောင့် ခင်ဗျား သေသွားမှာကို ကျုပ်မလိုလားပါဘူး"

www.burmeseclassic.com



လုံ့ဂူက ဒေါသထွက်နေ၏။

"မင်းက ဘာတွေပြောနေတာလဲ၊ ငါနားမလည်ဘူး"

လျှူချန်ရဲ့က...

"ခင်ဗျား နားလည်ဖို့ကောင်းပါတယ်"

လုံ့ဂူက...

"ဒီဆေးဟာ မမှားဘူးဆိုတာ ငါသိတယ်၊ အနံ့ခံကြည့်ရုံနဲ့လည်း ငါနားလည်ထားတယ်"

ဆေးရည်များသည် အနီရောင်ဖြစ်၏။

ဆေးဘူး အပိုင်းပိုင်း ကွဲသွားသော်လည်း မွှေးကြိုင်သောရနံ့တစ်ခု ထွက်ပေါ်လာသည်။

လျှူချန်ရဲ့က...

"ဆေးက အစစ်ဖြစ်ပေမယ့် အဆိပ်ခတ်မထားဘူးလို့ ဘယ်ပြောနိုင်ပါ့မလဲ"

လုံ့ဂူ မျက်မှောင်ကုတ်သွား၏။

"မင်းက ဒီဆေးရည်ထဲမှာ အဆိပ်ထည့်ထားတယ်လို့ မင်းဆိုလိုတာလား"

လျှူချန်ရဲ့က ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်"

လုံ့ဂူက...

"မင်း ဘာကြောင့် ပြောနိုင်သလဲ"

လျှူချန်ရဲ့က...



"အချက်နှစ်ချက်ကြောင့် ပြောနိုင်တယ်"

လုံ့ဂူက...

"ပြောပါ"

လျှူချန်ရဲ့က...

"ပထမအချက်ကတော့ ကျုပ် ဒီအလုပ်လုပ်ရတာ အလွန်လွယ်ကူပြီး မယုံကြည်နိုင်လောက်အောင် အဆင်ပြေနေလို့ပဲ"

လုံ့ဂူက...

"ဒီတစ်ချက်တည်းနဲ့ မလုံလောက်သေးပါဘူး"

လျှူချန်ရဲ့က...

"ကျုပ်တွေ့ခဲ့တဲ့ ကျူးစွေဒေဝီဆိုတာ အစစ်မှမဟုတ်ဘဲ"

လုံ့ဂူက...

"မင်း သူ့ကိုတစ်ကြိမ်မှ မတွေ့ခဲ့ဖူးဘဲနဲ့ ဘာဖြစ်လို့ သိနေတာလဲ"

လျှူချန်ရဲ့က...

"ခင်ဗျားပြောထားတဲ့ စကားတစ်ခွန်းရှိပါတယ်၊ သူဟာ နေ့စဉ်နေ့တိုင်း နာရီဝက် အချိန်ကုန်ခံပြီး ပျားရည်နဲ့ရေချိုးတယ်ဆို"

လုံ့ဂူက...

"ဟုတ်တယ်၊ အဲဒါ ဘာဖြစ်သလဲ"

လျှူချန်ရဲ့က...

"ကျုပ်တွေ့ခဲ့တဲ့ ကျူးစွေဒေဝီဟာ သူမရဲ့ အသားအရေဟာ ကြမ်းတမ်းတယ်၊ ပျားရည်နဲ့ အမြဲရေချိုးနေတဲ့ မိန်းကလေးတစ်ယောက်ရဲ့

www.burmeseclassic.com

www.burmeseclassic.com



အသားအရည်ဟာ နုနယ်ရမှာပေါ့"

လုံဂူက…

"ဒီအချက် နှစ်ချက်ပဲလား"

လျှူချန်ရဲ့က….

"ထိရောက်တဲ့ အချက်အလက်ဆိုတာ တစ်ချက်တည်းနဲ့ လုံလောက်ပါပြီ"

လုံဂူက ပါးစပ်ပိတ်ထားလိုက်လေ၏။

သူသည် စကားပြောရန် မရှိတော့ပါ။

အကြောင်းမှာ….

နီရဲသော ဆေးရည်များသည် တဖြည်းဖြည်း မည်းနက်သောအသွင်သို့ ပြောင်းလဲသွားသောကြောင့် ဖြစ်လေသည်။

ယခု….

မည်သူမဆို ဤဆေးဘူးထဲ၌ အဆိပ်ခတ်ထားသည်ကို ကောင်းစွာ ယုံကြည်ကြပြီ ဖြစ်လေသည်။

လုံဂူ၏မျက်နှာ တစ်ခုလုံးမှာလည်း ညိုမည်းသွားလေသည်။

သူသည် လျှူချန်ရဲ့အား အတန်ကြာ စိုက်ကြည့်ပြီးမှ—

"ကျုပ်ရဲ့ဘဝတစ်သက်တာလုံးမှာ ဘယ်သူ့ကိုမှ ကျေးဇူးတင်စကား မပြောခဲ့ဖူးပါဘူး"

လျှူချန်ရဲ့က…

"ကျုပ် ယုံကြည်တယ်"



လုံဂူက….

"အခုတော့ ကျုပ်ကျေးဇူးတင်စကား မပြောဘဲနေလို့ကို မရတော့ပါဘူး"

လျှူချန်ရဲ့က…

"ကျုပ်လည်း လက်ခံလို့မရတော့ပါဘူး"

လုံဂူက…

"အခုထိ ငါနားမလည်နိုင်သေးပါဘူး"

လျှူချန်ရဲ့က သူ့၏စကားကို ဖြတ်လိုက်၏။

"ခင်ဗျား နားလည်သင့်ပါတယ်၊ ချူပိုင်မိုက ကျုပ်ဟာ ခင်ဗျားအတွက် အလုပ်လုပ်ပေးနေတာကို သိသွားတယ်၊ ဒါကြောင့် သူက အကွက်ဆင်ပြီး ဆေးဘူးထဲကို အဆိပ်ခတ်ပြီး ကျုပ်ကို အလွယ်တကူ ရနိုင်အောင် ဖန်တီးပေးလိုက်တာ ဖြစ်ရမယ်"

လုံဂူ၏မျက်နှာ ကွက်ခနဲ ပျက်သွား၏။

"သူ..သူက ဘာဖြစ်လို့ ငါ့ကို ဒီလောက်တောင် သတ်ချင်ရတာလဲ"

လျှူချန်ရဲ့က သက်ပြင်းတစ်ချက် ချလိုက်လေ၏။

"မိန်းမရဲ့ စိတ်သဘောကို ဘယ်သူက ခန့်မှန်းလို့ရနိုင်မှာလဲဗျာ"

လုံဂူက မျက်လုံးမှိတ်ထားလိုက်လေ၏။

သူသည် အလွန်မောပဟိုက်သွားပုံ ရလေ၏။

ဝမ်းနည်းခြင်းသည် လူတစ်ယောက်အား မောပန်းစေလေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ လျှူချွန်ရဲ့က...

"ခင်ဗျားက ကျုပ်ကိုမေးရမယ့် မေးခွန်းတစ်ခု မေ့နေပြန်ပါပြီ"

လုံဂူက မချိုပြုံးပြုံးလိုက်လေ၏။

"ငါ အတော်စိတ်ရှုပ်နေပြီ၊ မင်းပဲ ပြောပါတော့"

လျှူချွန်ရဲ့က...

"ကျုပ်က ခင်ဗျားအတွက် ဒီအလုပ်လုပ်ပေးတဲ့ကိစ္စမှာ ဒီအခန်းထဲမှာရှိနေတဲ့ လူလေးယောက်တည်းသာ သိကြတယ် မဟုတ်လား"

လုံဂူက...

"ဟုတ်တယ်"

လျှူချွန်ရဲ့က...

"ဒါဖြင့် ကျူစွေဒေဝီက ဘာကြောင့် သိသွားနိုင်တာလဲ"

လုံဂူက ရုတ်တရက် မျက်လုံးဖွင့်လိုက်လေ၏။

သူ၏မျက်ဝန်းအစုံသည် ဓားသွားကဲ့သို့ ထက်မြက်လာပြန်လေသည်။

သူက မင်တန်အား စိုက်ကြည့်လိုက်၏။

မင်တန်က ထိတ်လန့်တုန်လှုပ်သွားကာ မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော် ဖြစ်သွားလေ၏။

လျှူချွန်ရဲ့က...

"ခင်ဗျားက ကျုပ်ကို မရိုမသေနဲ့ ရိုက်လွှတ်လိုက်တဲ့အခါ



အားလုံးက ကျုပ်ခင်ဗျားကို မုန်းနေပြီလို့ ထင်ကြတာ၊ ဒီအတွင်းရေးကို သိတဲ့လူက မင်တန်တစ်ယောက်တည်းပဲ ရှိပါတယ်"

"မင်တန် မဖြစ်နိုင်ဘူး"

"ဘာဖြစ်လို့လဲ"

"လုံဂူရှိနေမှသာ မင်တန်ဘဝ ရပ်တည်နိုင်မှာ၊ သူက ခုလို လောကပေါ်မှာ တင့်တောင့်တင့်တယ် နေထိုင်နိုင်မယ်၊ ငါသေသွားရင် သူ့အတွက် အကျိုးယုတ်ရုံပဲရှိမယ်"

လျှူချွန်ရဲ့က အတန်ကြာ စဉ်းစားလိုက်၏။

"ဟုတ်တယ်၊ လောကပေါ်မှာ သူဟာ ဒုတိယလုံဂူ မဖြစ်နိုင်ဘူးဆိုတာ သူသိသင့်ပါလိမ့်မယ်"

မင်တန်က ဒူးထောက်လိုက်လေ၏။

သူ၏မျက်နှာတစ်ခုလုံးမှာ မျက်ရည်များ စိုရွှဲနေ၏။

သူသည် လုံဂူက သူ့အပေါ် ယုံကြည်စိတ်ချသည်ကို ကျေးဇူးတင်သော ကျေမျက်ရည်ဖြစ်၏။

လျှူချွန်ရဲ့က စကားဆက်လိုက်၏။

"မင်တန်မဟုတ်ရင် ဘယ်သူဖြစ်နိုင်မလဲ"

လုံဂူ၏မျက်လုံးအစုံသည် အစိမ်းရောင်အင်္ကျီဝတ်ဆင်ထားသောလူထံသို့ ရောက်ရှိသွားလေသည်။

လျှူချွန်ရဲ့၏မျက်လုံးများမှာလည်း ထိုလူ၏မျက်နှာပေါ်သို့ ရောက်ရှိသွား၏။

◀ ◀ ◀

www.burmeseclassic.com

www.burmeseclassic.com



(၇)

မီးဖိုမှမီးများ အားနည်းလာပြီ ဖြစ်သည်။

အရက်များ နွေးလာပြီ ဖြစ်လေ၏။

ထိုအစိမ်းရောင် အင်္ကျီဝတ်ဆင်ထားသော လူသည် နွေးထားသော အရက်အား အရက်ကရားထဲသို့ သွန်လောင်းနေသည်။

သူ၏လက်က အလွန်တည်ငြိမ်သည်။

အရက်တစ်စက်မှ ဖိတ်စင်ခြင်းမရှိပါ။

သူ၏မျက်နှာပေါ်တွင် ဟန်မူရာ လုံးဝကင်းမဲ့နေ၏။

လျူချန်ရဲ့၏ ဘဝတစ်သက်တာတွင် ယခုကဲ့သို့တည်ငြိမ်ပြီး ဦးခေါင်းအေးသောလူမျိုး တစ်ယောက်မျှ မတွေ့မြင်ခဲ့ဖူးပေ။

သူသည် ထိုလူအားကြိတ်၍ ချီးကျူးမိလေသည်။

လုံဂူသည် ထိုလူအားကြည့်ရင်း သူ၏မျက်နှာပေါ်တွင် ဝမ်းနည်းကြေကွဲသည့် အရိပ်အယောင်များ ပေါ်လွင်လာသည်။



သူသည် ထိုလူအတွက် စိတ်မကောင်းဖြစ်နေမိ၏။

လျူချန်ရဲ့က သူ့အားကြည့်ရင်း သက်ပြင်းတစ်ချက်ချလိုက်၏။

"ခင်ဗျားကို ကျုပ်က သံသယမဖြစ်ချင်ပါဘူးဗျာ၊ ဒါပေမယ့် အခြေအနေက ခင်ဗျားကလွဲလို့ တခြားလူမရှိတော့လို့ပါ"

ထို အစိမ်းရောင်အင်္ကျီ ဝတ်ဆင်ထားသောလူသည် အရက်ကရားအား စားပွဲပေါ်သို့ ချထားလိုက်၏။

သူသည် လျူချန်ရဲ့အား ကြည့်ပင်မကြည့်ပါ။

လျူချန်ရဲ့က...

"ဒီလျှို့ဝှက်ချက်ကို သိထားတဲ့လူဟာ လုံဂူ၊ မင်တန်နဲ့ငါက လွဲလို့ ခင်ဗျား တစ်ယောက်တည်းပဲ ရှိတော့တယ်"

အစိမ်းရောင်အင်္ကျီ ဝတ်ဆင်ထားသောလူသည် သူ၏ ...တားအား မကြားလိုက်သည့်အလား အရက်၏အပူရှိန်ကို စမ်းပြီး အရက်ခွက်ထဲသို့ လောင်းထည့်လိုက်လေ၏။

သို့သော်..

အရက် တစ်စက်မျှ ဖိတ်စင်ခြင်းမရှိ။

လျူချန်ရဲ့က...

"မြင်းလှည်းမောင်းသမားဟာ ကျုပ်က လုံဂူကို အလုပ်လုပ် ...ဆးတယ်ဆိုတာ သိတယ်၊ သူက ခင်ဗျားရဲ့လူယုံတော်ဖြစ်မယ်၊ ...ကြောင့် ဒီလျှို့ဝှက်ချက်ကို ခင်ဗျားက သူ့ကိုကျူရွှေဒေဝီဆီ ပို့ပေး...ိုင်းလိုက်တာ ဖြစ်မယ်၊ ခင်ဗျား ဒီက ထွက်သွားလို့မှမရခဲ့"

www.burmeseclassic.com

www.burmeseclassic.com



ထိုလူက အရက်နှစ်ခွက် ငှဲ့ထားပြီးဖြစ်၏။

ထိုအစိမ်းရောင်အင်္ကျီ ဝတ်ဆင်ထားသောလူသည် အရ ကရားအား စားပွဲပေါ်သို့ ပြန်လည်ချထားလိုက်၏။

သူ၏မျက်နှာပေါ်၌ ဟန်မူရာကင်းမဲ့လျက်...

လျူချုန်ရဲ့က...

"အဲဒီနေ့တုန်းက ခင်ဗျားက လယ်သမားအိမ်အနီးရော လာတယ်၊ ခင်ဗျားက သူ့ကိုနှုတ်ပိတ်ဖို့ကြံစည်နေတာ ဖြစ်မ သူက ငွေကိုမြင်တွေ့လိုက်တာနဲ့ လောဘတက်လာလို့ ခင်ဗျား သူ့ကိုသတ်ဖို့ အကြောင်းရှိလာတာပေါ့ မဟုတ်လား"

ထိုအစိမ်းရောင်အင်္ကျီ ဝတ်ဆင်ထားသောလူသည် စကား တစ်ခွန်းမျှ မပြောပါ။

သူသည် ငြင်းခုန်ပြောဆိုခြင်း လုံးဝမပြုပါ။

လျူချုန်ရဲ့က...

"ဒါကြောင့် အချက်အလက် စုဆောင်းလိုက်ရင် ဒီလျှို့ဝှ ချက် ဖော်ထုတ်တဲ့လူဟာ ခင်ဗျားကလွဲလို့ ဘယ်သူမှမရှိတော့ဘူး"

သူက သက်ပြင်းတစ်ချက်ချလိုက်၏။

"ခင်ဗျားလို လူမျိုးတစ်ယောက်က မိတ်ဆွေအပေါ် သစ္စာ ဖောက်လိမ့်မယ်လို့ ယုံကိုမယုံနိုင်ဘူး"

လုံဂူက..

"သူ့မှာ မိတ်ဆွေမရှိဘူး"

လျူချုန်ရဲ့က...



"ခင်ဗျားလည်း သူ့ရဲ့မိတ်ဆွေ မဟုတ်လား"

လုံဂူက...

"မဟုတ်ဘူး"

လျူချုန်ရဲ့က...

"သူ့ရဲ့ကျေးဇူးရှင်လား"

လုံဂူက ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ဘူး"

လျူချုန်ရဲ့က စဉ်းစား၍မရဘဲ ဖြစ်လာလေသည်။

"မဟုတ်ရင် သူက ဘာဖြစ်လို့ ခင်ဗျားဆီမှာ ကျေးကျွန် တစ်ယောက်လို အလုပ်လုပ်နေရတာလဲ"

လုံဂူက...

"သူ ဘယ်သူလဲဆိုတာ မင်းသိသလား"

လျူချုန်ရဲ့က ခေါင်းခါယမ်းလိုက်၏။

"မသိဘူး"

လုံဂူက...

"ခင်ဗျား စိတ်ထဲမှာ ထင်ထားတဲ့လူရှိရင် ပြောကြည့်ပေါ့"

လျူချုန်ရဲ့က...

"ကျုပ်စိတ်ထဲမှာ ထင်ထားတဲ့လူတော့ရှိတယ်၊ ဒါပေမယ့် မသေချာဘူး"

လုံဂူက...

"ပြောကြည့်ပါလား"

www.burmeseclassic.com

www.burmeseclassic.com



လျှုချန်ရဲ့က...

"တစ်ချိန်တုန်းက လူစွမ်းကောင်းတစ်ယောက် ပေါ်ထွက်ခဲ့တယ်၊ သူဟာ ကိုးနှစ်အရွယ်ကစပြီး လူသတ်ခဲ့တယ်၊ ဆယ့် ခုနှစ်နှစ်အရွယ်မှာ သိုင်းလောကတစ်ခုလုံး လှုပ်လှုပ်တောက် ကျော်ကြားခဲ့တယ်၊ အသက်နှစ်ဆယ်ကျော်ကျော် အရွယ်မှာ ထိပ်သီးဂိုဏ်းခုနစ်ဂိုဏ်းထဲမှာ ဂိုဏ်းတစ်ဂိုဏ်း အပါအဝင်ဖြစ်တဲ့ ခုံတုံဂိုဏ်းချုပ်ဖြစ်ခဲ့တယ်၊ ဓားပညာမှာ ပြိုင်သူကင်းတယ်၊ ဒါကြောင့် သူ့ကို သိုင်းလောကမှာ ပထမဓားဘွဲ့ပေးခဲ့ပါတယ်"

လုံဂူက...

"မင်းပြောတာ မှန်တယ်၊ သူဟာ ကျင်းဟုဝါပါပဲ"

လျှုချန်ရဲ့က သက်ပြင်းချလိုက်သည်။

"အခု သူ့ကို ကြည့်ရတာ ပြောင်းလဲသွားလိုက်တာ"

လုံဂူက....

"သူဟာ တစ်ချိန်တုန်းက လှုပ်လှုပ်တောက် ကျော်ကြားခဲ့ပြီး အခုကျမှ ဘာကြောင့် ငါ့ဆီကိုလာပြီး ပြုစုရတယ်ဆိုတာ စဉ်းစားလို့မရဘူး ဟုတ်လား"

လျှုချန်ရဲ့က...

"ကျုပ်မှ မစဉ်းစားတတ်ရင် လောကပေါ်မှာ စဉ်းစားနိုင်တဲ့လူ မရှိတော့ပါဘူး"

လုံဂူက...

"လောကပေါ်မှာလူတစ်မျိုးတည်းသာလျှင် သူ့ကို အခုလို



ပြောင်းလဲနိုင်ခဲ့တယ်ဗျ"

လျှုချန်ရဲ့က...

"ဘယ်လိုလူမျိုးလဲ"

လုံဂူက..

"ရန်သူ...သူရဲ့ရန်သူ"

လျှုချန်ရဲ့က မျက်မှောင်ကုတ်သွားသည်။

"ရန်သူက ဘယ်သူလဲ"

လျှုချန်ရဲ့က အံ့အားသင့်သွားလေသည်။

"ခင်ဗျားက သူ့ရဲ့ရန်သူ ဟုတ်လား"

လုံဂူ ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

လျှုချန်ရဲ့က ဦးနှောက်လည်သွားလေသည်။

သူက လုံးဝသဘောမပေါက်ဘဲ ဖြစ်နေသည်။

"သူ့ရဲ့တစ်သက်တာမှာ သုံးကြိမ်သာ ရှုံးနိမ့်ခဲ့ဖူးတယ်"

လျှုချန်ရဲ့က...

"သုံးကြိမ်စလုံး ခင်ဗျားကို ရှုံးခဲ့တယ် ဟုတ်လား"

လုံဂူက...

"ဟုတ်တယ်၊ ဒါကြောင့် သူက ငါ့ကိုသတ်မယ်လို့ ကြိမ်ဆိုခဲ့တယ်၊ ဒါပေမယ့် ဒီတစ်သက်တာမှာ ငါ့ကိုသတ်ဖို့ မလွယ်မှန်း သူသိတယ်"

လျှုချန်ရဲ့က...

www.burmeseclassic.com

www.burmeseclassic.com



လျှူချုန်ရဲ့က...

"တစ်ချိန်တုန်းက လူစွမ်းငှေးရှိနေသေးတယ်၊ သူကတော့ ခဲ့တယ်၊ သူဟာ ကိုးနှစ်အရွယ်က…နေလို့ နောက်ထပ်တိုးတက်စရာ နှစ်အရွယ်မှာ သိုင်းလော…"

လိုဂူ… ခေါင်းညိတ်လိုက်သည်။

"ဒါလည်း ဟုတ်တယ်၊ နောက်အကြောင်းတစ်ခုက ကျုပ်က သူ့ကိုသုံးကြိမ်တိတိ နိုင်ခဲ့တာလည်း တစ်ကြိမ်နဲ့တစ်ကြိမ် အသုံးပြုတဲ့ သိုင်ပညာချင်းမတူလို့ သူကငါ့ရဲ့သိုင်းပညာ လမ်းကြောင်းကို မမှန်းဆနိုင်ခဲ့တာလည်း ပါတာပေါ့"

လျှူချုန်ရဲ့က...

"ခင်ဗျားရဲ့သိုင်းပညာ အတိမ်အနက်ကို သိဖို့ ခင်ဗျားဆီမှာ နေ့ရော ညပါ နေမှသာသိရမယ်လို့ သူကယူဆမိလို့ အခုလို လာနေတာဟုတ်လား"

လုံဂူက...

"ဟုတ်တယ်"

လျှူချုန်ရဲ့က...

"ခင်ဗျား သူ့ကိုလက်ခံလိုက်တယ် ဟုတ်လား"

လုံဂူက ရယ်မောလိုက်သည်။

"လောကမှာ ပထမတန်းဖြစ်တဲ့ ကျင်းဟုဝါကို ကျုပ်ရဲ့ကျေးကျွန်အဖြစ်ခိုင်းရတာ ငါ့အဖို့ ဘယ်လောက်စိတ်ဝင်စားစရာကောင်းတယ်ဆိုတာ မင်းစဉ်းစားကြည့်ပေါ့"

လျှူချုန်ရဲ့က...



"ဒါလည်း စိတ်ပျော်ရွှင်ဖို့ တိုက်နိုက်ချင်ပြန်ပြီလား"

…ား"

လုံဂူကရယ်မောလိုက်သည်။ …ကခဲ့တာ လေးနှစ်ရှိသွားပြီ၊ ခင်

"သူက ငါ့ကိုနိုင်လိမ့်မယ်လို့၊ မနိုင်သေးရင် ပဲ…ကို …သူက "အစွမ်းကုန်ကာကွယ်ပေးမှာပဲ"

လျှူချုန်ရဲ့က ခေါင်းညိတ်လိုက်သည်။

"ခင်ဗျားကို သူများကသတ်သွားမှာကို သူက လိုလားမှာ …ဟုတ်ဘူး"

လုံဂူက...

"ဟုတ်တယ်လေ"

လျှူချုန်ရဲ့က...

"ဒါပေမယ့် ဘာပဲဖြစ်ဖြစ် ဒီလျှို့ဝှက်ချက်ကို သူ့ကိုမသိစေ…သင့်ဘူး"

လုံဂူက...

"ငါက သူ့ကို ဘာကမှဖုံးကွယ်ထားတာ မဟုတ်ဘူး၊ ဘာ…ဖြစ်လို့လဲဆိုရင် သူဟာ သူများရဲ့လျှို့ဝှက်ချက်ကို နှိုက်နှိုက်ချွတ်…ချွတ်ဖော်မယ့် လူယုတ်မာမျိုး မဟုတ်ဘူးဆိုတာ ငါယုံကြည်လို့ပဲ"

မိတ်ဆွေအပေါ် ယုံကြည်စိတ်ချသောလူမှာ အလွန်ရှားပါး၏။ ရန်သူအပေါ် ယုံကြည်မည့်လူဟူ၍ လောကပေါ်မှာ မရှိခဲ့…ပါ။

လျှူချုန်ရဲ့က သက်ပြင်းချလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com

လျှူချန်ရဲ့က...

"တစ်ချိန်တုန်းက လူစွမ်း ပေမယ့် ဒီတစ်ခါတော့ ခင်ဗျား

ခဲ့တယ်၊ သူဟာ ကိုးနှစ်အရွယ်က ကဲပြင်းချလိုက်သည်။

နှစ်အရွယ်မှာ သိုင်းလော

ှုင်းလူတိုင်းဟာ အမှားတော့လုပ်မိမှာ မဆန်းပါဘူး

ဒါက သူ့ကိုအထင်ကြီးလွန်းတယ်၊ မင်းကို လျော့တွက်မိတယ်"

လျှူချန်ရဲ့က...

"ကြည့်ရတာ သူလည်း ကျုပ်ကိုလျော့တွက်မိမှာ သေချာတယ်"

လုံဝူက...

"ကျုပ်တစ်ယောက်ကလွဲလို့ သူက ဘယ်သူ့ကိုမှ အထင်မကြီးပါဘူး"

ကျင်းဟုဝါက ခေါင်းကို ဆတ်ခနဲ မော့လိုက်သည်။

သူ၏မျက်ဝန်းအစုံတွင် ဓားသွားထက် ထက်မြက်သော အရောင်အဆင်းများ ပေါ်လွင်လာလေသည်။

သူသည် စကားကို တစ်လုံးချင်း ပြောချလိုက်၏။

"ခင်ဗျားက ဒီလူရဲ့စကားကို ယုံသလား"

လုံဝူက...

"ကျုပ် မယုံလို့မှ မရတော့တာဘဲ"

ကျင်းဟုဝါက...

"ကောင်းတယ်...ကောင်းတယ်"

လုံဝူက...



"ခင်ဗျားက ကျုပ်ကို တိုက်ခိုက်ချင်ပြန်ပြီလား"

ကျင်းဟုဝါက...

"ကျုပ်က ခင်ဗျားဆီရောက်ခဲ့တာ လေးနှစ်ရှိသွားပြီ၊ ခင်ဗျားရဲ့လှုပ်ရှားမှုမှန်သမျှ ကျုပ်အားလုံး အကဲခတ်ထားပြီးပြီ"

လုံဝူက...

"ကျုပ်သိတယ်"

ကျင်းဟုဝါက...

"ခင်ဗျားကို အကဲခတ်မိဖို့ဆိုတာ မလွယ်ပါဘူး၊ သူများ အကဲခတ်နိုင်အောင်လည်း ခင်ဗျားက အခွင့်အရေးမပေးဘူး"

လုံဝူက....

"မလှုပ်ချင် လုံးဝမလှုပ်ဘူး၊ လှုပ်မိရင်လည်း အရှိန်အဟုန်နဲ့ လှုပ်ရှားရမယ်ဆိုတာ ရှေးပညာရှိ စကားတစ်ရပ်ပါပဲ"

ကျင်းဟုဝါသည် တောင်တစ်လုံးပမာ တည်ငြိမ်စွာ ရပ်နေသည်။

"အခုအချိန် ကျုပ်က ခင်ဗျားကို အနိုင်မယူနိုင်ရင် နောက်ဆို အခွင့်အရေးမရှိတော့ဘူး"

လုံဝူက...

"ဒါကြောင့် ခင်ဗျားက တိုက်ခိုက်တော့မယ် ဆိုပါတော့"

ကျင်းဟုဝါက...

"ဟုတ်တယ်"

လုံဝူက...

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ်...သိပ်ကောင်းတယ်"

ကျင်းဟုဝါက...

"ဒီတစ်ကြိမ်နဲ့ဆိုရင် ခင်ဗျားနဲ့ကျုပ်နဲ့ စတုတ္ထအကြိမ်မြောက် ယှဉ်ပြိုင်ပွဲဖြစ်တယ်၊ နိုင်သည်ဖြစ်စေ၊ ရှုံးသည်ဖြစ်စေ လုံ့ဂူနဲ့ လေးကြိမ်တိတိ ယှဉ်ပြိုင်နိုင်ခဲ့တဲ့အတွက် ကျုပ်သေပျော်ပါပြီ"

လုံ့ဂူက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ကျုပ်က ခင်ဗျားကို မသတ်ချင်ဘူး၊ ဒါပေမယ့် ဒီတစ်ကြိမ်တော့..."

ကျင်းဟုဝါက...

"ဒီတစ်ကြိမ် ကျုပ်ကရှုံးသွားရင် လောကပေါ်မှာ မနေချင်တော့ပါဘူး"

လုံ့ဂူက...

"ကောင်းပြီ၊ ခင်ဗျားရဲ့ဓားကို သွားယူပါ"

ကျင်းဟုဝါက...

"မလိုပါဘူး"

လုံ့ဂူက....

"ခင်ဗျားက ဓားကိုမသုံးတော့ဘူးလား"

ကျင်းဟုဝါက...

"ကျုပ်ရဲ့ဓားကွက်ကို ခင်ဗျား ကောင်းကောင်းသိထားပါပြီ၊ ဓားကိုသုံးရင် ခင်ဗျားကို မနိုင်ပါဘူး"

လုံ့ဂူက...



"ဒါဖြင့် ဘာလက်နက်ကို သုံးမှာလဲ"

ကျင်းဟုဝါက...

"ပတ်ဝန်းကျင်မှာ ရှိသမျှ ပစ္စည်းအားလုံးဟာ ကျုပ်က လူသတ်လက်နက်အဖြစ် အသုံးပြုနိုင်ပါတယ်"

လုံ့ဂူက ရယ်မောလိုက်၏။

"ခင်ဗျားနဲ့ လေးကြိမ်တိတိ ယှဉ်ပြိုင်နိုင်တာဟာ ငါ့ရဲ့ဘဝတစ်သက်တာမှာ ဂုဏ်ယူစရာပါပဲ"

သူက ပြောရင်း ရယ်မောရာမှ ရုတ်တရက် ရပ်တန့်သွားသည်။

ထို့နောက်...

အခန်းတစ်ခုလုံး ရုတ်တရက် တိတ်ဆိတ်သွား၏။

အသက်ရှူသံပင် မကြားရတော့။

ပြတင်းပေါက်မှ တိုက်ခတ်လာသောလေသည် ရုတ်တရက် အေးစိမ့်သွားသည်ဟု ခံစားမိလေသည်။

ကျင်းဟုဝါသည် လုံ့ဂူအား စိုက်ကြည့်နေ၏။

သူ၏မျက်အိမ်မှာ ကျုံ့သွားသည်။

နဖူးပေါ်မှ သွေးကြောများ ဖောင်းတက်လာ၏။

သူသည် တစ်ချက်တည်း မီးကုန်ယမ်းကုန် တိုက်ခိုက်ရန် အင်အားကို စုစည်းထားသည်မှာ သေချာနေ၏။

သူ၏တိုက်ခိုက်မှုသည် မုန်တိုင်းပမာ ပြင်းထန်နေသည်ဟု မည်သူမဆို အကဲခတ်နိုင်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်...

သူသည် လက်ချောင်းကလေး နှစ်ချောင်းကိုသာ အသုံးပြုလိုက်သည်။

သူ၏လက်ချောင်းကလေးနှစ်ချောင်းသည် စားပွဲပေါ်မှ တူနှစ်ချောင်းအား ညှပ်ယူလိုက်၏။

ထို့နောက်...

လုံ့ဂူထံသို့ ဖြည်းလေးစွာ ထိုးသွင်းလိုက်သည်။

သူသည် ကျားတစ်ကောင်ပင် နပန်းလုံးနိုင်သော အားမာန်နှင့် တူကလေးနှစ်ချောင်းကို အသာကောက်ကိုင်လိုက်ရာ လျှုချန်ရဲ့ပင် အံ့ဩမိရသည်။

သို့သော်...

လုံ့ဂူ၏မျက်နှာတစ်ခုလုံး တည်ကြည်လေးနက်နေသည်။

သူသည် တိုးဝင်လာသော တူနှစ်ချောင်းအား နဂါးနှစ်ကောင်နှင့် ရင်ဆိုင်နေရသော အာရုံစူးစိုက်မှုမျိုးဖြင့် ရင်ဆိုင်နေရ၏။

သူသည် စားပွဲပေါ်မှ တူနှစ်ချောင်းအား ကောက်ကိုင်လိုက်ပြီး ကျင်းဟုဝါ ထိုးသွင်းလာသော တူနှစ်ချောင်းထံသို့ ခပ်စွေစွေအနေအထားဖြင့် ထိုးထုတ်လိုက်၏။

သူတို့သည် စားပွဲတစ်ခုခြား၍ တူနှစ်ချောင်းချင်းဖြင့် အပြန်အလှန် လှုပ်ရှားနေ၏။

သူတို့အား ခပ်ပေါ့ပေါ့ဖြင့် ကြည့်လိုက်လျှင် ကလေးသူငယ်နှစ်ယောက်က တူများဖြင့် ဆော့ကစားနေကြသည်ဟု ထင်မှတ်ပြ



မည်ဖြစ်သည်။

သို့သော်...

လျှုချန်ရဲ့သည် သူတို့၏လှုပ်ရှားမှုမှာ ပေါ့ပေါ့တန်တန် မဟုတ်မှန်း အကဲခတ်မိ၏။

သူတို့၏တူများ လှုပ်ရှားရာတွင် အလွန်ကြောက်မက်ဖွယ်ရာ တိုက်ပွဲတစ်ခုထက်ပင် အန္တရာယ်ကြီးမားလှသည်ကို တွေ့မြင်သိရှိလိုက်သည်။

သူက ကြည့်ရင်းကြည့်ရင်း သည်းထိတ်ရင်ဖို ဖြစ်လာ၏။

ကျင်းဟုဝါ၏ သိုင်းပညာသည် သိုင်းလောကမှ ပထမအားဟု ခေါ်တွင်ခြင်းခံရသည်မှာ ခေါ်တွင်ထိုက်၍ဖြစ်သည်ဟု သူက မှတ်ချက်ချမိလေသည်။

လုံ့ဂူမှာလည်း သိုင်းလောကတွင် နှစ်ပေါင်းတစ်ရာအတွင်း ထွန်းထွန်းပေါက်ပေါက် သိုင်းပညာရှင်တစ်ယောက်ဖြစ်သည်ကို ဝန်ခံရမည်ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



(၈)

ရုတ်တရက် တူနှစ်ချောင်းသည် အချင်းချင်းပူးကပ်လိုက်လေသည်။

သူတို့နှစ်ယောက်၏မျက်နှာပေါ်တွင် ပို၍လေးနက် တည်ကြည်လာ၏။

ရေနွေးတစ်အိုးကျက်ခန့် အချိန်ကြာလာသောအခါ သူတို့၏နဖူးများပေါ်တွင် ချွေးသီးချွေးပေါက်များ သီးနေသည်ကို တွေ့ရလေသည်။

လျှူချန်ရဲ့သည် လုံဂူထိုင်နေသော ကွပ်ပျစ်မှာ အောက်သို့ ကျွံကျနေသည်ကို သတိပြုမိလိုက်၏။

ကျင်းဟုဝါ၏ ခြေထောက်နှစ်ဘက်မှာလည်း ကြမ်းပေါ်သို့ တစ်လက်မခန့် မြုပ်ဝင်သွားသည်ကို တွေ့ရလေသည်။

သူတို့နှစ်ယောက်သည် ရှိသမျှ ခွန်အားကို အသုံးပြုနေသည်မှာ ထင်ရှားသည်။



သူတို့၏တိုက်ခိုက်မှုမှာလည်း မည်မျှကြောက်မက်ဖွယ်ရာကောင်းသည်ကို ခန့်မှန်းနိုင်၏။

သို့သော် သူတို့၏လက်ထဲ၌ တူများက ကျိုးသွားခြင်းမရှိပေ။

ဆင်စွယ်ဖြင့် ပြုလုပ်ထားသော တူများသည် အလွန်ဆတ်ပြီး ကျိုးလွယ်သော အရာဖြစ်၏။

သို့သော် ယခုမှာမူ ထိုဆင်စွယ်တူများသည် ပျော့ပျောင်းသောအရာတစ်ခုကဲ့သို့ ဖြစ်နေ၏။

ကျင်းဟုဝါ၏လက်ထဲမှတူသည် ရုတ်တရက် ကွေးသွားလေတော့၏။

နဖူးပေါ်မှ ချွေးများသည် မိုးသီးမိုးပေါက်ပမာ စီးဆင်းကျလာ၏။

သူသည် ရုတ်တရက် တူကိုလွှတ်လိုက်ရာ သူ၏တစ်ကိုယ်လုံးသည် နောက်သို့ အရှိန်ပြင်းစွာဖြင့် လွင့်စဉ်သွားလေ၏။

"ဝုန်း"

အခန်း၏နံရံသည် သူ၏ခန္ဓာကိုယ်ဖြင့် ဝင်ဆောင့်မိသဖြင့် အပေါက်ကြီးတစ်ပေါက် ဖြစ်သွား၏။

ထို့နောက် သူသည် ကြမ်းပြင်ပေါ်သို့ လဲကျသွားလေတော့၏။ သူ၏နှုတ်ခမ်းထဲမှ သွေးများလည်း စီးဆင်းကျလာသည်။

ထို့အပြင် အသက်ရှူဖြင်းပင် ရပ်တန့်သွားသည်ဟု ထင်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



လုံဂူမှာလည်း ကွပ်မျစ်အပေါ်သို့ ပုံလျက်သား လဲကျသွားလေတော့၏။

သူက မျက်လုံးကို မှိတ်ထားလိုက်၏။

သူ၏မျက်နှာပေါ်တွင် သွေးရောင်မရှိဘဲ ဖြူဖပ်ဖြူရော်ဖြစ်နေသည်။

ထိုဒုဒင်္ခအချိန်တွင် လျှူချုန်ရဲ့က လှုပ်တပြက် လှုပ်ရှားလိုက်လေသည်။

သူ၏လက်ချောင်းသည် လှုပ်တပြက်လုံဂူ၏ လက်ကောက်ဝတ်အား ဖမ်းဆုပ်လိုက်သည်။

လုံဂူ၏မျက်နှာ ကွက်ခနဲ ပျက်သွား၏။

သို့သော် မျက်လုံးပိတ်ထားသည်။

မင်တန် ထိတ်လန့်သွား၏။

သူသည် နံရံပေါ်တွင် ဖြစ်ပေါ်လာသော အပေါက်မှထွက်သွားရန် ဟန်ပြင်လိုက်၏။

ရုတ်တရက် အပြင်ဘက်မှ လူတစ်ယောက်လှမ်းဝင်လာလေသည်။

သူ၏လက်သီးက မင်တန်၏မျက်နှာပေါ်သို့ ထိုးသွင်းလိုက်လေ၏။

"ဝုန်း"

မင်တန်ကြမ်းပြင်ပေါ်သို့ ပက်လက်လန် လဲကျသွားလေသည်။



ပစ်သွင်းလာသော လက်သီးမှာ လျှင်မြန်ရုံမက အားမာန်ထန်လှပေသည်။

လက်သီးတစ်လုံးထဲဖြင့် မင်တန်အား အလဲထိုးနိုင်သော ...မှာ သိုင်းလောကတွင် အလွန်ပင်ရှားလှပေသည်။

ခြသေ့်လန်ထင်းမင်ဖြစ်၏။

မင်တန်အား လက်သီးတစ်ချက်ဖြင့် အလဲထိုးလိုက်သောလူ ... ခြသေ့်လန်ထင်းမင်ဖြစ်၏။

⮜ ⮜ ⮜

(၉)

လုံဂူ၏သွေးမရှိသော မျက်နှာပေါ်၌ ပို၍ဖြူဖပ်ဖြူရော်ဖြစ်...သွားလေ၏။

လုံဂူက မျက်လုံးမဖွင့်ပါ။

သူက သက်ပြင်းတစ်ချက်ချလိုက်၏။

"ငါ မင်းကိုလျှော့တွက်မိသလို မင်းကိုလည်း အကဲခတ်မှား...သွားတယ်"

လျှူချုန်ရဲ့က...

"လူတိုင်းလူတိုင်းဟာ မှားတတ်ကြပါတယ်၊ ခင်ဗျားလည်း ...တစ်ယောက်ဖြစ်တယ် မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က ကျင်းဟုဝါကို အထင်မှားခဲ့ပြီ မဟုတ်ဘူးလား"

လျူချန်ရဲ့က...

"ဒါဟာ ခင်ဗျားရဲ့ မဟာအမှားတစ်ခုပဲ ဖြစ်တယ်ဗျ"

လုံ့ဝူက...

"သူ ဘယ်သူလဲဆိုတာ မင်းသိထားတယ်၊ နောက်ပြီး ငါ့ကိုကာကွယ်ပေးလိမ့်မယ်ဆိုတာ သိလို့ သူနဲ့နှစ်ယောက်ကြား အထင်လွဲမှားလာအောင် မင်းက ဖန်တီးလိုက်တာပဲပေါ့ ဟုတ် လား"

လျူချန်ရဲ့က ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ သူ့ကိုတော့ ကျုပ် နည်းနည်းကြောက်သ ပဲ၊ ဒါကြောင့် ခင်ဗျားကို အသုံးပြုပြီး သူ့ကိုယှဉ်ပြိုင်တိုက်ခိုက် အောင် ဆောင်ရွက်လိုက်တာပါပဲ"

လုံ့ဝူက...

"ကျုပ်တို့နှစ်ယောက် အချင်းချင်း တိုက်ခိုက်လိုက်ရင် အ အင်ကုန်ခမ်းသွားကြမှာပဲ"

"ဟုတ်တယ်၊ ခင်ဗျားတို့နှစ်ယောက် ရေကုန်ရေခန်းတို ခိုက်လိုက်ရင် ကျုပ်က အေးအေးဆေးဆေး ကြားဝင်လို့ရတာ"

"ဆေးရည်ထဲမှာ ခတ်ထားတဲ့အဆိပ်ဟာ မင်းရဲ့လက်ချ လား"

လျူချန်ရဲ့ ခေါင်းခါယမ်းလိုက်၏။

"ဒါတော့ မဟုတ်ဘူး"



လုံ့ဝူက...

"မင်းက ငါ့ကိုလုပ်ကြံချင်ရင် ခုနတုန်းက ဘာကြောင့်ငါ့ကို ကယ်လိုက်ရတာလဲ"

လျူချန်ရဲ့က...

"ကျုပ်က သူများအသုံးချတာကို မခံချင်ဘူး၊ ကျုပ်က ကျုပ်ရဲ့လက်နှစ်ဘက်နဲ့ ခင်ဗျားကိုမိအောင် ဖမ်းဖို့ကြိုးစားမလို့"

လုံ့ဝူက...

"မင်းဟာ ချူပိုင်မိုရဲ့လက်အောက်က ဟုတ်လား"

လျူချန်ရဲ့က ခေါင်းခါယမ်းလိုက်၏။

လုံ့ဝူက...

"ငါနဲ့ရန်ငြိုးရှိလို့လား"

"မရှိပါဘူး"

လုံ့ဝူ သက်ပြင်းချလိုက်သည်။

"ဒါဖြင့် ကျုပ်ကို ဘာဖြစ်လို့ အခုလိုဖမ်းချင်နေရတာလဲ" ဟုမေးသည်။

လျူချန်ရဲ့က...

"ကျုပ်ကို ဂူလိပ်က တာဝန်ပေးချက်အရ ခင်ဗျားကို အရှင်လတ်လတ် ဖမ်းဖို့လာတာ"

လုံ့ဝူက...

"ကျုပ်မှာ ဘာအပြစ်ရှိလို့လဲ"

"ခင်ဗျားကိုယ်ခင်ဗျား သိမှာပါ"

www.burmeseclassic.com

www.burmeseclassic.com



လို့ဂူ သက်ပြင်းချလိုက်လေသည်။

ဤတစ်ကြိမ် သူသည် မျက်လုံးမှိတ်ထားရုံမျှမက ပါးစပ်ပါ ပိတ်ထားလိုက်လေသည်။

⮜ ⮜ ⮜

(၁၀)

အခန်းတစ်ခုလုံး ခဏတွင်မျှ တိတ်ဆိတ်သွားပြန်လေသည်။

လျူချန်ရဲ့က သက်ပြင်းတစ်ချက်ချလိုက်၏။

"တောင်ပိုင်းနှင့် မြောက်ပိုင်းမှာရှိတဲ့ ခြောက်ဆယ့်သုံးနယ်က အာဏာသားများက ခင်ဗျားကို ဖမ်းချင်နေတာ ကြာလှပြီ"

လို့ဂူ နားထောင်နေ၏။

"ခင်ဗျားကို အမိဖမ်းဖို့ဆိုတာ လွယ်မှာမဟုတ်မှန်းကို သူတို့တွေ အားလုံးက သိထားကြပါတယ်ဗျာ"

သူက ပြုံးလိုက်၏။

"ကျုပ်က တာဝန်အရ ခင်ဗျားကိုသာ ဖမ်းချင်ပေမယ့် ဖမ်းလို့ရမှာမဟုတ်ဘူးလို့ ယုံကြည်နေပါတယ်၊ ဒါကြောင့် ခင်ဗျားရဲ့ ယုံကြည်မှုကို အပြည့်အဝယူမှသာ အောင်မြင်နိုင်လိမ့်မယ်လို့ ကျုပ်ယူဆမိပါတယ်"

သူက ဆက်၍ရှင်းပြလိုက်လေသည်။



"ဒါကြောင့် ခင်ဗျားကို ကယ်တင်လိုက်တာ ဖြစ်ပါတယ်"

လို့ဂူက အေးတိအေးစက်လေသံဖြင့်...

"ခင်ဗျားပြောတဲ့စကားတွေက အရမ်းများလွန်းနေပြီ"

လျူချန်ရဲ့က သက်ပြင်းချလိုက်၏။

"ခင်ဗျား နားမထောင်ချင်တော့ဘူးလား"

လို့ဂူ မဲ့ပြုံးပြုံးနေ၏။

လျူချန်ရဲ့က...

"ခင်ဗျားကိုကြည့်ရတာ ကျုပ်မျက်နှာကို ကြည့်တောင်မကြည့်ချင်တော့ဘူးနဲ့တူတယ်"

လန်ထင်းမင်က ကြားဖြတ်ပြောလိုက်၏။

"သူမကြည့်ချင်တာက ငါ့ကို၊ မင်းကို မဟုတ်ပါဘူး"

လို့ဂူက...

"ဟုတ်တယ်၊ မင်းလိုသစ္စာမရှိ ယုတ်မာတဲ့ လူယုတ်မာလိုလူမျိုးကို ကျုပ်ကြည့်ရတာ အော်ဂလီဆန်လှပါတယ်"

လန်ထင်းမင်က သက်ပြင်းတစ်ချက်ချလိုက်၏။

"ခင်ဗျား မှားနေပြီ၊ ကျုပ်က ခင်ဗျားကို သစ္စာဖောက်လိုက်တာဟာ လောဘကြောင့် မဟုတ်ဘူး"

လို့ဂူက...

"မင်းက ဂူလိပ်ရဲ့အဖွဲ့က ဟုတ်လား"

လန်ထင်းမင် ခေါင်းညိတ်လိုက်၏။

သူသည် လျူချန်ရဲ့ဘက်သို့ လှည့်ကြည့်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားလည်း မထင်မိဘူး မဟုတ်လား"

လျှူချန်ရဲ့က အမှန်တကယ် မမျှော်လင့်ထားပါ။

လန်ထင်းမင်က...

"ဒါပေမယ့် ခင်ဗျားရဲ့အကြောင်းကို ကျုပ်က ကောင်းကောင်းသိထားပြီးပါပြီ"

လျှူချန်ရဲ့က..

"လုပ်ငန်းစလိုက်တာနဲ့ ခင်ဗျားက သိလိုက်တာ မဟုတ်လား"

လန်ထင်းမင် ခေါင်းညိတ်လိုက်၏။

"ဟုတ်တယ်၊ ခင်ဗျား သည့်ကိုမရောက်မီကစပြီး ဂူလိပ်က ခင်ဗျားကိုစောင့်ရှောက်ဖို့ မှာလိုက်ပါတယ်"

လျှူချန်ရဲ့က မချိုပြုံးပြုံးလိုက်လေ၏။

"ခင်ဗျား အစောင့်အရှောက်ကောင်းလို့ ကျုပ်က သုံးရက်တိတိ မထိုင်နိုင်ဘူးဗျ"

လန်ထင်းမင်က သက်ပြင်းတစ်ချက်ချလိုက်၏။

"အရင်တုန်းက နင့်ကို ငါရိုက်ခဲ့တာ လက်လွန်သွားပါတယ် ဒါပေမယ့် သည်လိုလုပ်ရတာလည်း မလွှဲမရှောင်သာလို့ပါ၊ ကျုပ်ရဲ့ အခက်အခဲကို မင်းနားလည်ဖို့ သင့်ပါတယ်"

လျှူချန်ရဲ့က..

"ကျုပ် နားလည်ပါတယ်ဗျာ"

လန်ထင်းမင်က ပြုံးလိုက်လေ၏။



"မင်းက ငါ့ကိုခွင့်လွှတ်လိမ့်မယ်လို့ ငါသိပြီးသားပါ"

လျှူချန်ရဲ့ ခေါင်းညိတ်လိုက်သည်။

"ခင်ဗျားကို အပြစ်မတင်ပါဘူး"

သူကပြုံး၍ လက်တစ်ဘက်ဆန့်ပေးလိုက်၏။

"ကျုပ်တို့က တစ်ဖွဲ့တည်းကလူတွေပါ၊ နောက်ပြီး တာဝန်အရလုပ်နေကြတာပါ၊ ခင်ဗျားက ကျုပ်ကိုဒါထက် ပြင်းပြင်းထန်ထန်ရိုက်ရင်တောင် ကိစ္စမရှိပါဘူး၊ ကျုပ်တို့က မိတ်ဆွေတွေမဟုတ်လား"

လန်ထင်းမင် ရယ်မောလိုက်၏။

"ကောင်းပြီ၊ မင်းကို ငါ့မိတ်ဆွေတစ်ယောက်အနေနဲ့ အသိအမှတ်ပြုပါတယ်"

သူက ရယ်မောရင်း လက်ဆွဲနှုတ်ဆက်ရန် လက်ဆန့်ပေးလိုက်ရာ လျှူချန်ရဲ့က သူ၏လက်အား ဖမ်းဆုပ်ထားလိုက်သည်။

လန်ထင်းမင်က ရယ်မောနေရာမှ ရပ်တန့်သွားသည်။

သူ၏လက်ချောင်းကလေးရှိ အရိုးများ ကျိုးသွားသည်ကို ခံစားလိုက်မိသည်။

ထို့နောက် လက်သီးတစ်လုံးသည် လန်ထင်းမင်၏မျက်နှာပေါ်သို့ ကျရောက်သွား၏။

လန်ထင်းမင် ပက်လက်လန်လဲကျသွား၏။

လျှူချန်ရဲ့က ရပ်တန့်ခြင်းမရှိပါ။

သူ၏လက်သီးများသည် မိုးသီးမိုးပေါက်ပမာ လန်ထင်းမင်၏ကိုယ်ပေါ်သို့ ပြင်းထန်စွာ ရောက်ရှိသွား၏။

www.burmeseclassic.com

www.burmeseclassic.com



သူက ရယ်မောနေ၏။

"ခင်ဗျားက ကျုပ်ကိုရိုက်ခဲ့တယ်၊ ကျုပ်က ခင်ဗျား အပြစ်မတင်ပါဘူး၊ ကျုပ်က အခုခင်ဗျားကို ထိုးတာလည်း ခင်ဗျား အပြစ်မတင်ပါနဲ့၊ ကျုပ်က ခင်ဗျားထက်ပိုပြီး ပြင်းပြင်းထန် ထိုးမိတာလည်း ခင်ဗျားက ခွင့်လွှတ်လိမ့်မယ် ထင်ပါတယ်"

လန်ထင်းမင်က ပါးစပ်ဟ၍မရတော့ချေ။

သူသည် အသံမထွက်စေရန်အတွက် အံကိုတင်းတင်း ကြိတ်၍ခံနေသည်။

လုံ့ဂူ၏မျက်လုံးများ ပိတ်ထားသည်ဖြစ်သော်လည်း သူ မျက်နှာပေါ်တွင် ပြုံးယောင်သန်းနေ၏။

သူသည် လန်ထင်းမင်၏ မိတ်ဆွေဖြစ်၏။

လန်ထင်းမင်၏ ကျေးဇူးရှင်လည်းဖြစ်သည်။

ယခုမှာမူ လန်ထင်းမင်က သူ့အား သစ္စာဖောက်လိုက် သည်။

ကျေးဇူးကန်းတတ်သောလူနှင့် လောဘ၊ မောဟရှိသော လူတစ်ယောက်သည် ထိုက်သင့်သော အပြစ်ဒဏ်အား ခံယူရ သာဖြစ်၏။

ယခု လန်ထင်းမင်သည် သူ၏အပြစ်ဒဏ်ကို ခံနေရသည် မဟုတ်ပါလော။

လျူချန်ရဲ့က ရပ်တန့်လိုက်သောအခါ လန်ထင်းမင်သည် ခြင်္သေ့တစ်ကောင်နှင့်မတူတော့ပါ။



အရိုက်ခံရသော ခွေးဝဲစားတစ်ကောင်နှင့် တူလှပေတော့သည်။

"သူများ ကျုပ်အပေါ် အကြွေးရှိတာကို ကျုပ်က ပြန်ယူပြီးပါပြီ"

လျူချန်ရဲ့သည် သူ၏လက်သီးကို ငုံ့ကြည့်လိုက်ပြီး...

"ကျုပ်က သူများကို ကြွေးဆပ်စရာရှိရင်လဲ ပြန်ဆပ်သင့်ပါပြီလေ"

လုံ့ဂူက...

"မင်းက ဘယ်သူ့ဆီက အကြွေးယူထားလို့လဲ"

လျူချန်ရဲ့က...

"သည်လောကပေါ်မှာ အသက်ရှင်ပြီးနေနိုင်တဲ့ မည်သူမဆို တစ်ဦးတည်းနေထိုင်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး၊ သူ့ရဲ့ဘဝတစ်သက်တာမှာ တခြားလူတွေရဲ့ ကျေးဇူးကိုခံယူမှာ သေချာနေပြီ"

လုံ့ဂူက ပြုံးလိုက်၏။

"ဟုတ်လား"

လျူချန်ရဲ့က...

"ခင်ဗျားလည်း သည်အတိုင်းပါပဲ၊ ခင်ဗျား ထမင်းစားတဲ့အခါ တခြားလူက စပါးစိုက်မှ ခင်ဗျားစားနိုင်မှာကိုသတိရသင့်တယ်"

လုံ့ဂူ နားထောင်နေ၏။

လျူချန်ရဲ့က...

"ခင်ဗျား မွေးဖွားလာတဲ့အခါမှာ တခြားလူက မွေးဖွားပေး

www.burmeseclassic.com

www.burmeseclassic.com



သင့်တယ်၊ တခြားလူရဲ့ ကျေးဇူးမှမရှိရင် ကနေ့အထိ ခင်ဗျား အသက်ရှင်နိုင်မှာ မဟုတ်ပါဘူး"

လုံဝူက....

"ဒါကြောင့် လူတိုင်းလူတိုင်းမှာ ဆပ်စရာအကြွေးရှိတယ်လို့ မင်းဆိုချင်တယ်ပေါ့ ဟုတ်လား"

လျူချန်ရဲ့က ခေါင်းညိတ်လိုက်သည်။

လုံဝူက...

"သည်အကြွေးကို မင်းက ဆပ်နိုင်လို့လား"

လျူချန်ရဲ့က...

"သည်အကြွေးတွေကို ဆပ်ဖို့ဆိုတာ မလွယ်တော့ပါဘူး ဒါပေမယ့် ခင်ဗျားအသက်ရှင်တဲ့ကာလပတ်မှာ အများအတွက် အကျိုးပြုတဲ့အလုပ်ကို တတ်နိုင်သလောက် လုပ်ပေးနိုင်တယ်ဆိုရင် ခင်ဗျားတင်ရှိတဲ့ အကြွေးဆပ်နိုင်ပြီလို့ ဆိုရမှာပဲ"

လုံဝူ မဲ့ပြုံးပြုံးလိုက်သည်။

လျူချန်ရဲ့က...

"ဝူလိပ်က ခင်ဗျားကိုတွေ့ချင်နေတာ အတော်ကြာပြီဆိုတာ ခင်ဗျားသိသလား"

လုံဝူက မဲ့ပြုံးပြုံးလိုက်၏။

"ကျုပ်က သူ့ကိုတွေ့ချင်တာလည်း ကြာလှပါပြီ"

လျူချန်ရဲ့က သက်ပြင်းချလိုက်သည်။

"ခင်ဗျားတို့နှစ်ယောက်စလုံး တွေ့ဖို့အလွန်ခက်ခဲတဲ့ လူ



တွေဖြစ်ပါတယ်၊ တစ်ဦးနဲ့တစ်ဦး တွေ့ဖို့ဆိုတာလည်း မလွယ်လှပါဘူး"

လုံဝူက မျက်လုံးမှိတ်ထားလိုက်၏။

"ငါတို့နှစ်ယောက်ဟာ တစ်နေ့တွေ့ကြရလိမ့်မယ်လို့ ကျုပ်ထင်မိပါတယ်၊ ဒါပေမယ့် အခုလို အခြေအနေမျိုးမှာ တွေ့ကြုံရလိမ့်မယ်လို့ ကျုပ်မထင်မိပါဘူး"

လျူချန်ရဲ့က....

"လောကပေါ်မှာ လူတွေမထင်တဲ့ကိစ္စတွေက အများကြီးရှိတတ်ပါတယ်လေ"

ဟုပြောကာ တဆက်တည်းပင် လုံဝူ၏လက်ကိုဆွဲလိုက်လေသည်။

"ခင်ဗျားဟာ လူပေါ်လူဇော်ဖြစ်နေပေမယ့် အမှန်တကယ်တော့ လူတစ်ယောက်ဖြစ်တယ်ဆိုတာ သတိထားဖို့သင့်ပါတယ်"

< < <

www.burmeseclassic.com

www.burmeseclassic.com



## ဓားပြတစ်ယောက်၏နိဂုံး

(၁)

ဝူလိပ်သည် လူတစ်ယောက်ဖြစ်သည်။

သို့သော် သူသည် သာမန်လူတစ်ယောက် မဟုတ်ပါ။

သူ၏ဘဝတလျှောက်လုံးတွင် သာမန်မဟုတ်သော အလု ပေါင်းများစွာ လုပ်ခဲ့ဖူးလေသည်။

သူသည် သိုင်းလောကသို့ စတင်ခြေချမိလိုက်သောအ လူတော်တော်များများက သူ့အား မြေခွေးဟု အမည်ပေးထားလေ သည်။

အမှန်မှာ သူသည် မြေခွေးကဲ့သို့ ကောက်ကျစ်သည့်အပြ ကုလားအုတ်ကဲ့သို့ ဇွဲရှိ၏။

လယ်ထွန်နွားတစ်ကောင်ကဲ့သို့ အပင်ပန်းခံနိုင်ပါသည်။

သိမ်းငှက်တစ်ကောင်ကဲ့သို့ သွက်လက်ဖျတ်လတ်ပေ

ခိုတစ်ကောင်ကဲ့သို့ လျင်မြန်သည်။



ဓားသွားကဲ့သို့ ထက်မြက်လေ၏။

သို့သော် ယခုအခါတွင် သူသည် အိုမင်းလာပြီဖြစ်၏။

သူ၏မျက်လုံး အားကျလာသည်။

ကြွက်သားများ ပျော့တိပျော့ဖတ်ဖြစ်လာလေသည်။

ထို့အပြင် အလွန်ပြင်းထန်သော ဒူလာရောဂါစွဲကပ်လာ၏။

ထို့ကြောင့် နှစ်ပေါင်းများစွာ အိပ်ရာထဲလဲပြီး မတ်တတ် ရပ်နိုင်တော့ပါချေ။

ကံကောင်းနေသည်မှာ သူသည် အသိဉာဏ်ဆုတ်ယုတ် ခြင်း မရှိသည့်အပြင် ယခင်ထက်ပို၍ ရင့်ကျက်လာလေ၏။

လုပ်ငန်းလုပ်ဆောင်ရာ၌ ပို၍စေ့စပ်သေချာလာလေသည်။

ထို့ကြောင့် ယခုအချိန်အထိ အများ၏လေးစားကြည်ညို ခြင်းခံရသည်။

≺ ≺ ≺

www.burmeseclassic.com

www.burmeseclassic.com

(၂)

အိမ်မင်းပြီး ရေးခေတ်ကတည်းက တည်ဆောက်ထားသော ခန်းမကြီးသည် မြင့်မားပြီးကျယ်ဝန်းလှပေသည်။

ထို့အပြင် ခန်းမကြီးတစ်ခုလုံးမှာ အေးစိမ့်ငြိမ်သက်ကာ မှောင်မည်းပြီး ရင်ထိတ်ဖွယ်ရာ ကောင်းလှပေ၏။

ခန်းမထဲတွင် ရှိသောစားပွဲနှင့်ကုလားထိုင်များမှာရှေးခေတ် ကကျန်ရှိသော ပစ္စည်းများဖြစ်၏။

ခြယ်သထားသော ဆေးရောင်များမှာလည်း ကွာကျနေပြီ ဖြစ်လေသည်။

လေများ တိုက်ခတ်လာသောအခါ ခေါင်မိုးမျက်နှာကြက်မှ အမှိုက်များသည် အောက်သို့ တဖြုတ်ဖြုတ်ကျလာတတ်ပေသည်။



(၃)

ယခု....

လေတိုက်ခတ်နေ၏။

လျှူချန်ရဲ့နှင့်လုံဝူတို့၏ကိုယ်ပေါ်တွင် အမှိုက်များ ပြည့်နက်နေလေ၏။

လျှူချန်ရဲ့က လုံဝူကိုယ်ပေါ်မှ အမှိုက်များကို ခါပေးလိုက်လေသည်။

"သည်နေရာကို သန့်သန့်ရှင်းရှင်းလုပ်ဖို့ သင့်ပါပြီ"

လုံဝူက သူ့အားကြည့်လိုက်လေသည်။

"မင်းကိုယ်ပေါ်မှာလည်း အမှိုက်တွေကျနေပါလား"

လျှူချန်ရဲ့က ပြုံးလိုက်လေသည်။

"ဒါတွေကို ကျုပ်က အရေးမထားပါဘူး၊ တချို့လူတွေရဲ့ ထဲကြမ်းမှာက ရွှံ့ထဲ၊ အမှိုက်ထဲမှာ လူးလိမ့်ဖို့ပါလာတတ်ပါတယ်"

လုံဝူက..

"မင်းက သည်လိုလူစားမျိုးလား"

www.burmeseclassic.com

www.burmeseclassic.com



လျှူချုန်ရဲ့က ခေါင်းညိတ်လိုက်လေသည်။

"ခင်ဗျား သည်လိုလူစားမျိုးမဟုတ်ဘူး၊ အဘဂူလိပ်လည်း မဟုတ်ပါဘူး"

လုံဂူ၏အသံ အေးစက်သွား၏။

"မင်းက သူနဲ့ငါ့ကို ယှဉ်ပြီး စကားပြောနေပါလား"

"ဒါကတော့ ခင်ဗျားတို့နှစ်ယောက်က တူညီနေတဲ့ လူစားမျိုးဖြစ်နေလို့ပါ၊ မွေးဖွားလာကတည်းက သူများခေါင်းပေါ်မှာ နေရပါတယ်"

လုံဂူက ပါးစပ်ပိတ်ထားလိုက်လေသည်။

ခန်းမကြီးတွင် ပြန်လည်တိတ်ဆိတ်သွား၏။

လေက ပြတင်းပေါက်အား တိုက်ခတ်နေသဖြင့် အသံတဖျတ်ဖျတ်မြည်နေ၏။

ဆောင်းရာသီ ကျရောက်တော့မည် ဖြစ်၏။

နှင်းဖွဲကျတော့မည်။

"အဘရှိသလား ခင်ဗျာ"

"ရှိပါတယ်"

ခန်းမထဲသို့ ဝင်ရောက်လာသူမှာ အဘိုးအိုတစ်ယောက် ဖြစ်လေသည်။

"မင်းတို့ သည်မှာစောင့်နေ၊ ငါသွားပြီး အကြောင်းကြားပေးပါ့မယ်"

ထိုအဘိုးအိုသည် ဆံပင်များဖြူဖွေးပြီး မျက်နှာတစ်ခုလုံး



မှာ အမာရွတ်များ ပြည့်နှက်နေ၏။

ထိုအဘိုးအိုသည် ငယ်ရွယ်စဉ်ကတည်းက ဂူလိပ်နှင့်အတူ တိုက်ပွဲဝင်ခဲ့သော အဖော်မွန်တစ်ဦးဖြစ်ပေသည်။

ထို့ကြောင့် သူ၏လေသံမှာ ရိုသေမှုမရှိသော်လည်း လျှူချုန်ရဲ့က ခွင့်လွှတ်လိုက်၏။

ဤသို့ဖြင့် သူတို့သည် ခန်းမကြီးထဲ၌ အတန်ကြာ စောင့်နေရလေသည်။

အချိန်သည် တရွေ့ရွေ့ ကုန်ဆုံးသွားလေသည်။

တစ်ဦးတစ်ယောက်မျှ ထွက်လာခြင်းမရှိသေးချေ။

ဂူရွက်အော့...။

လျှူချုန်ရဲ့က ဂူရွက်အော့အား သတိရလာလေသည်။

သို့သော် ယခုတိုင် သူမက ထွက်မလာသေးသည်မှာ အဘယ်ကြောင့်နည်း။

လျှူချုန်ရဲ့က မမေးပါချေ။

မေးရမည့်သူလည်း မရှိပါချေ။

ဤနေရာသို့ သူသည် နှစ်ကြိမ်တည်းသာ ရောက်ဖူး၏။

ထိုနှစ်ကြိမ်ပေါင်းလိုက်လျှင် သူသည် လူသုံးယောက်ကိုသာ တွေ့မြင်ဖူးလေသည်။

ထိုလူများမှာ ဂူလိပ်၊ ဂူရွက်အော့နှင့် တံခါးဖွင့်ပေးသော အဘိုးအိုတို့ဖြစ်သည်။

သို့သော် ဤနေရာကို လွတ်လပ်စွာ ဝင်ထွက်နိုင်သည်ဟု

www.burmeseclassic.com



ထင်မှတ်မိပါလျှင် မှားသွားမည်သာဖြစ်လေ၏။

အသက်ထွက်လောက်အောင် မှားသွားနိုင်၏။

အသက်ထွက်ဟူသော အဓိပ္ပါယ်မှာ အမှန်တကယ် အသက်ထွက်မည်ဖြစ်လေ၏။

ဂူလိပ်သည် သိုင်းလောက၌ ခြေချခဲ့ရသည်မှာ နှစ်ပေါင်း သုံးဆယ်ခန့် ကြာမြင့်ခဲ့ပြီဖြစ်၏။

သိုင်းလောကမှ အမည်းရောင်သိုင်းသမားများ သူ၏လက် ချက်ဖြင့် သေဆုံးခဲ့သည်မှာ မနည်းတော့ပါချေ။

သူ့အား သတ်လိုသော ရန်သူများမှာလည်း မည်မျှများ သည်ကို ခန့်မှန်း၍မရပါ။

ထိုလူများအနက် အချို့က ဤနေရာသို့ လက်စားချေရန် ရောက်လာခဲ့ကြ၏။

သို့သော် ဤနေရာသို့ ရောက်လာကြသူများမှာ တစ် ယောက်တစ်လေမျှပင် အသက်ရှင် ထွက်လာနိုင်ခြင်းမရှိခဲ့ဖူးချေ။

⮜ ⮜ ⮜



(၄)

နေလုံးကြီးသည် အနောက်ဘက်သို့ ဆင်းစပြုနေ၏။

ခန်းမတစ်ခုလုံးမှာ မှောင်စပြုလာဝေသည်။

သို့သော် ဂူလိပ်က ပေါ်မလာသေးပါချေ။

လုံဂူက မဲ့ပြုံးပြုံးလိုက်လေသည်။

"သူ့ကိုကြည့်ရတာ ကိန်းခန်းအလွန်ကြီးပုံရတယ်"

"ကိန်းခန်းကြီးတဲ့လူဟာ ခင်ဗျားမှ မဟုတ်ဘဲ"

သူက ပြုံးလိုက်လေသည်။

"ကျုပ်ကသာ ခင်ဗျားနေရာဖြစ်နေရင် သူ့ကို အရေးတကြီး မတွေ့ချင်ပါဘူး"

"သူလည်း ငါ့ကို မြန်မြန်တွေ့ချင်မှာ မဟုတ်ဘူး"

"သူက စိတ်လောစရာ မလိုပါဘူး"

"အခု အခြေအနေမျိုးမှာ ငါက သူ့လက်ခုပ်ထဲကရေဖြစ် နေပြီလို့ ယူဆထားတယ် မဟုတ်လား"

"သူကတော့ ခင်ဗျားကို နဂါးတစ်ကောင်လို့ ယူဆနေဦးမှာ ပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား"

"သူဟာ အလွန်စေ့စပ်သေချာတဲ့ လူတစ်ယောက်ပါ၊ မသေချာရင် နဂါးတစ်ကောင်ကိုလာပြီးတော့ တွေ့မှာမဟုတ်ဘူး"

လုံဝူက ပါးစပ်ပိတ်ထားလိုက်လေသည်။

လျူချန်ရဲ့က...

"သူက ရှင်းအောင် မေးရဦးမယ်ထင်တယ်"

"သူက ဘာမေးမလို့လဲ"

"ဟောသည်က နဂါးက ငါးဖြစ်သွားပြီလားဆိုတာရယ်၊ ငါးဖြစ်နေရင်တောင်မှ ဆူးရှိသေးသလားဆိုတာကို မေးလိမ့်မယ်"

"ဘယ်သူ့ကိုမေးမှာလဲ"

"ခင်ဗျားရဲ့အကြောင်းကို ဘယ်သူက အသိဆုံးလဲ၊ သည်ကိစ္စကို ဘယ်သူက တိတိကျကျသိထားသလဲ"

လုံဝူက ပြောသည်။

"လန်ထင်းမင်"

လျူချန်ရဲ့က ပြုံးလိုက်သည်။

လုံဝူက ဆက်၍...

"သူက ရောက်လာပြီလား"

လျူချန်ရဲ့က...

"သူလည်း အခုမှရောက်လာတာနဲ့တူတယ်"

လုံဝူက ပါးစပ်ပိတ်ထားလိုက်လေသည်။

ထိုအချိန် အဘိုးအိုတစ်ယောက်က ရယ်မောရင်း ပြော



လိုက်လေသည်။

"မင်းတို့ကို သည်လောက်ကြာကြာ စောင့်နိုင်းထားရတာ အားနာစရာကောင်းလိုက်တာ"

≺ ≺ ≺

(၅)

ရှည်လျားပြီး ကျယ်ဝန်းသောခန်းမထဲ၌ခိုးနေသော တံခါးလေးခုသည် ခန်းမတစ်ခုလုံးအား ငါးပိုင်းပိုင်းထားလိုက်လေသည်။

လျူချန်ရဲတို့လူစုသည် ပထမအခန်းတွင် ရှိနေ၏။

ထွက်ပေါ်လာသောအသံမှာ နောက်ဆုံးအခန်းမှ ထွက်ပေါ်လာခြင်း ဖြစ်လေသည်။

အရိုးပေါ်အရေဖုံးပြီး ခြောက်ကပ်နေသော အဘိုးအိုတစ်ယောက်သည် မြေခွေး၏အမွေးပွ အရေခွံအား ကိုယ်ပေါ်တွင်ခြုံ၍ တွန်းနိုင်သော ကုလားထိုင်တစ်လုံးပေါ်၌ ထိုင်နေ၏။

ကုလားထိုင်၏နောက်တွင် တံခါးဖွင့်ပေးသော အဘိုးအိုက တွန်းလာနေခြင်းဖြစ်သည်။ အဘိုးအို၏နောက်တွင် လန်ထင်းမင် ပါလာသည်။

ထိုအချိန်မှာပင်...

"ချွမ်း"

www.burmeseclassic.com

www.burmeseclassic.com



ဟူသောအသံ မြည်ဟိန်းလာလေသည်။

တံခါးလေးထပ်ပေါ်၌ သံတိုင်တံခါးလေးချပ်တိတိ ကျလာလေသည်။

ထိုသံတိုင်တံခါးမှာ ဂူလိပ်နှင့်လျူချန်ရဲ့တို့လူစုကို ခြားထားလိုက်လေသည်။

သံတိုင်များမှာ ကလေးလက်မောင်းလုံးလောက် ရှိသည်။

ထိုသံတိုင်းတံခါးအား တွန်းဖွင့်ရန်မှာ လုံးဝမဖြစ်နိုင်ပါချေ။

လျူချန်ရဲ့က အံ့သြခြင်းမရှိပါချေ။

သူသည် ပထမဆုံးအကြိမ် ရောက်လာခဲ့စဉ်တုန်းက ကြုံခဲ့ပြီးဖြစ်သည်။

အံ့သြသွားသူမှာ လုံဝူပင်ဖြစ်သည်။

ယခုမှ ဂူလိပ်ဆိုသော အဘိုးအိုမှာ မည်မျှစေ့စပ်သေချာသည်ကို ကောင်းစွာ သဘောပေါက်ကာ နားလည်မိ၏။

လျူချန်ရဲ့က ထရပ်လိုက်သည်။

သူသည် ဦးညွှတ်၍ နှုတ်ဆက်လိုက်သည်။

"အဘ...နေကောင်းတယ်နော်"

ဂူလိပ်၏မျက်လုံးအစုံက ရယ်မောလိုက်သောအခါ ရှေ့သွားလေ၏။

"ကောင်းတယ်၊ မင်းလည်း ကောင်းတယ်၊ အားလုံးလည်း ကောင်းပါတယ်"

လျူချန်ရဲ့က ရယ်မောလိုက်လေသည်။



"တစ်ယောက်အဖို့တော့ မကောင်းပါဘူး"

ဂူလိပ်က ခေါင်းညိတ်လိုက်၏။

"ဟုတ်ပါတယ်၊ ဒုစရိုက်သမားဆိုတာ တစ်နေ့မဟုတ်တစ်နေ့ အဖမ်းခံရမှာပဲ'

သူက ရယ်မောလိုက်၏။

"မင်းကို ငါအားကိုးမိတာ အားကိုးထိုက်ပါတယ်၊ ငါပေးတဲ့ တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ခဲ့ပါတယ်လေ"

လျူချန်ရဲ့က လန်ထင်းမင်အား တစ်ချက်ကြည့်လိုက်၏။

"အဖြစ်အပျက်အားလုံးကို လန်ထင်းမင်က ပြောပြပြီးပြီထင်ပါတယ်"

လန်ထင်းမင်သည် သူ၏ဖူးရောင်နေသော မျက်နှာအား လက်ဖြင့်စမ်း၍ မချိပြုံးပြုံးလိုက်လေသည်။

"မင်းက အချိန်မီမရပ်လိုက်ရင် ငါက အဘကိုပြန်ပြောနိုင်တော့မှာ မဟုတ်ပါဘူး"

ဂူလိပ်က ရယ်မောလိုက်၏။

"မင်းတို့နှစ်ယောက် ကျေအေးသွားကြပါပြီ၊ သည်ကိစ္စကို မှတ်မထားကြဖို့ ကျုပ်ပြောလိုက်မယ်"

သူက လက်တစ်ချက်ဝှေ့ယမ်းလိုက်၏။

"သည်ပစ္စည်းအားလုံး ဖယ်လိုက်တော့"

သည်ပစ္စည်းဆိုသည်မှာ သံတိုင်တံခါးလေးဘပ်ဖြစ်၏။

အဘိုးအိုက အနည်းငယ် ဆုတ်ဆိုင်းဆိုင်းဖြစ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ဂူလိပ် မျက်မှောင်ကုတ်သွားလေသည်။

"မင်းမှတ်ထားဖို့ဟာ လျှုချုန်ရဲ့နဲ့ငါဟာ တစ်ဖွဲ့ထဲဖြစ်နေပြီ ကိုယ့်လူချင်းကြားမှာ ဘာကိုမှ ကာမထားချင်ဘူး"

ထိုအဘိုးအိုသည် ခလုတ်နှိပ်လိုက်ရာ သံတံခါးလေးခုသည် အပေါ်သို့ပြန်တက်သွားလေသည်။

လုံ့ဝူက မဲ့ပြုံးပြုံးလိုက်သည်။

"ကောင်းပါတယ်၊ ကိုယ့်အဖွဲ့သားလို့ ပြောကြတယ် အမှန်တော့ နောက်လိုက်ခွေးတစ်ကောင်ရယ်၊ မြေခွေးတစ်ကောင် ရယ်ပါပဲ"

ဂူလိပ်က ပြုံးမြဲပြုံးနေသည်။

"ခင်ဗျား မှတ်ထားဖို့က ငါတို့အဖွဲ့ရှိနေသမျှ ကာလပတ်လုံး ခင်ဗျားတို့လို လူစားမျိုးတစ်ယောက်ပြီးတစ်ယောက် သေဖို့သာ ဖြစ် ပေတော့"

< < <



(၆)

သံတိုင်တံခါးများကို ဖယ်ရှားလိုက်ပြီဖြစ်သည်။

ဂူလိပ်က အမိန့်ပေးလိုက်လေသည်။

"သည်ပစ္စည်းကို လျှုချုန်ရဲ့ကို ပေးလိုက်ပါ၊ နဂါးကို ငါ့ဆီ ခေါ်ခဲ့ပါ၊ သူ့ကိုကောင်းကောင်းကြည့်ရဦးမယ်"

အဘိုးအိုသည် ဖဲပုဝါဖြင့် ထုပ်ထားသော အထုပ်တစ်ခုကိုယူ ကာ လျှုချုန်ရဲ၏လက်သို့ လှမ်းပေးလိုက်၏။

အထုပ်ထဲ၌ အပြာရောင် အဝတ်အစားတစ်စုံသာ ရှိသည်။

ဤအဝတ်အစားသည် လျှုချုန်ရဲ့နှင့် ဂူရွက်အော့တို့လက် ထပ်ရန်ကြိုတင်ချုပ်လုပ်ထားသော အဝတ်အစားများဖြစ်သည်။

ဂူလိပ်က...

"သူသွားကာနီးမှာ သည်ပစ္စည်း မင်းကိုပေးလိုက်ပါလို့ တဖွဖွမှာခဲ့ပါတယ်"

လျှုချုန်ရဲ့၏ရင်ထဲ၌ အဘယ်ကြောင့်မှန်းမသိ လေးလံသွား သည်။

www.burmeseclassic.com



"သူ...သူ ဘယ်ကိုသွားတာလဲဗျာ"

ဂူလိပ်၏ အိုမင်းရင့်ရော်နေသော မျက်နှာပေါ်တွင် ဝမ်းနည်းကြေကွဲသည့် အရိပ်အယောင်များ ပေါ်လွင်လာလေသည်။

"လူတိုင်းလူတိုင်း သွားရမယ့်နေရာပါပဲ"

ပြန်လမ်းမရှိသော နေရာတစ်ခုဖြစ်သည်။

ဂူလိပ်က စိတ်မကောင်းစွာဖြင့်...

"လူ့ဘဝဆိုတာ တွေ့ဆုံကြုံကွဲတာ မဆန်းပါဘူး၊ မင်းရဲ့အသက် ငယ်သေးတယ်၊ သည်ကိစ္စကို မေ့နမေ့ပျောက်ပျောက် နေသင့်ပါတယ်"

လျှူချန်ရဲ့၏ တစ်ကိုယ်လုံးမှာ တောင့်တင်းသွားတော့၏။

ဂူရှက်အော့သည် အမှန်တကယ်ပင် သေဆုံးသွားပြီလော။

သူမသည် ခွဲခွာသွားကာနီးတိုင်း အသက်ရှင်သွားရမယ်ဟု တဖွဖွမှာကြားခဲ့ပေသည်။

ယခု သူမသည် အဘယ်ကြောင့် သေဆုံးသွားရသနည်း။

လျှူချန်ရဲ့က မယုံကြည်နိုင်လောက်အောင် ဖြစ်သွားရလေသည်။

ဂူလိပ်က ဝမ်းနည်းကြေကွဲသောလေသံဖြင့်....

"သူဟာ ငယ်ငယ်ရွယ်ရွယ်ကတည်းက ကုမရတဲ့ရောဂါ စွဲကပ်ခဲ့ပါတယ်၊ အချိန်မရွေးသေသွားနိုင်တယ်ဆိုတာလည်း သူသိထားပါတယ်၊ ဒါကြောင့် မင်းလက်ထပ်ခွင့်တောင်းတာကို သူဟာ အကြိမ်ကြိမ်ငြင်းခဲ့တာ"



ဟုပြောလေသည်။ လျှူချန်ရဲ့က...

"သူက ဘာဖြစ်လို့ ကျုပ်ကိုဖုံးကွယ်ထားရတာလဲ"

ဂူလိပ်က...

"မင်းစိတ်မကောင်းဖြစ်သွားမှာကို သူက စိုးရိမ်လို့ပါ"

လျှူချန်ရဲ့က စကားမပြောတော့ပါ။

လန်ထင်းမင်ကလည်း သက်ပြင်းချလိုက်လေသည်။

"ကျုပ်က သူများကို အရက်သောက်ပါလို့ တစ်ခါမှမတိုက်တွန်းခဲ့ပါဘူး၊ အခုတော့..."

သူသည် အရက်နှစ်ခွက်ကိုငှဲ၍ တစ်ခွက်ကို လျှူချန်ရဲ့အား ပေးလိုက်၏။

"ကဲ စိတ်တည်ငြိမ်သွားအောင် သောက်လိုက်ပါ"

အရက်မှာ နွေးနွေးထွေးထွေး ရှိနေ၏။

ထိုအရက်မှာ လျှူချန်ရဲ့အတွက် ကြိုတင်အသင့်ပြင်ထားသည်မှာ ထင်ရှားသည်။

အသည်းကွဲနေရသော လူတစ်ယောက်အဖို့ လောကပေါ်၌အရက်ထက်ပို၍ ကုစားနိုင်သည့်အရာများ မရှိတော့ပါ။

လျှူချန်ရဲ့က အရက်ခွက်ကို လှမ်းယူလိုက်၏။

သူက ခြောက်ကပ်ကပ်ပြုံးလိုက်၏။

"အရက်သောက်တာပဲကောင်းတယ်၊ ဒါပေမယ့် ခင်ဗျားက အသက်ကြီးတယ်၊ ခင်ဗျားကို လေးစားတဲ့အနေနဲ့ အရက်ကိုခင်ဗျားကိုအရင်တိုက်ရမယ်"

www.burmeseclassic.com

www.burmeseclassic.com



လန်ထင်းမင်က…

"ကျုပ် အရက်မသောက်ဘူး"

လျူချန်ရဲ့က…

"မသောက်ချင်လည်း သောက်ရမှာပဲ"

လန်ထင်းမင်က ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

ထိုအချိန်မှာပင် လျူချန်ရဲ့က အရက်ခွက်ကို လန်ထင်းမင်၏ပါးစပ်ထဲသို့ ရုတ်တရက် လောင်းချလိုက်လေသည်။

လန်ထင်းမင်၏မျက်နှာ ကွက်ခနဲ ပျက်သွား၏။

အဘိုးအို၏မျက်နှာမှာလည်း အနည်းငယ် ပျက်သွားလေ၏။

ဝူလိပ်မှာမူ ဟန်မပျက်ကင်းမဲ့စွာ ထိုင်မြဲထိုင်နေ၏။

သူသည် ရုတ်တရက် လက်တစ်ချက်ဝှေ့ယမ်းလိုက်ရာ အလင်းရောင်တန်းသုံးခုသည် လုံဂူထံသို့ ပစ်လွှင့်သွားလေသည်။

လုံဂူသည် သွေးကြောပိတ်ထားခြင်းခံရသဖြင့် တံခါးဖွင့်သော အဘိုးအိုက သူ့အားခွေးသေတစ်ကောင်ပမာ ဆွဲသွင်းလာခဲ့ခြင်းဖြစ်သည်။

သို့သော် အလင်းရောင်တန်းသုံးခုသည် သူ့ထံသို့ ပစ်လွှင့်လိုက်သောအခါ သူ၏ခန္ဓာကိုယ်က ရုတ်တရက်လေထဲသို့ ခုန်တက်သွား၏။

ဝူလိပ်၏မျက်နှာ ကွက်ခနဲ ပျက်သွား၏။

"ခွမ်"



သူပစ်လွှင့်လိုက်သော လက်နက်ပုန်းများသည် ကြမ်းပြင်ပေါ်၌ခင်းထားသော ကျောက်ပြားပေါ်တွင် စိုက်ဝင်သွားကာ မီးပွင့်ကလေးများ ပွင့်သွားလေသည်။

လန်ထင်းမင်က လက်သီးဖြင့် ထိုးလိုက်၏။

"ခွမ်"

သူက လျူချန်ရဲ့အား မထိုးမိဘဲ အရက်ကရားကို ထိုးမိသွားသည်။

ကရားထဲမှ အရက်များသည် လွင့်စဉ်ထွက်သွားလေသည်။

သူ၏မျက်နှာ မျက်လုံးများသို့ အများအပြားစဉ်သွားလေသည်။

လန်ထင်းမင်က စူးရှစွာ အော်ဟစ်ပြီး လက်နှစ်ဘက်ဖြင့် မျက်လုံးများကိုအုပ်၍ ပြေးထွက်သွားလေသည်။

အရက်ကရားထဲမှ အရက်များသည် အဆိပ်များရှိနေလေသလော။

လျူချန်ရဲ့သည် ပေးအပ်သောတာဝန်များ ကျေပွန်စွာ သူက ထမ်းဆောင်နိုင်ခဲ့ပြီးပြီ မဟုတ်ပါလား။ အဘယ်ကြောင့် ဝူလိပ်က သူ့အား အဆိပ်ဖြင့်ခပ်သတ်ရန် ကြံစည်ရသနည်း။

လျူချန်ရဲ့က သွေးကြောပိတ်ထားသော လုံဂူသည် လုံးဝမလှုပ်နိုင်ပါ။ ယခုမှာမူ အဘယ်ကြောင့် သွက်လက်ပေါ့ပါးစွာ ထနိုင်ပါသနည်း။

➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com

(၇)

လေမတိုက်ပါ။

ပြတင်းပေါက်အပြင်ဘက်မှ မီးခိုးရောင်တိမ်တိုက်များသည် လုံးဝရွေ့လျားခြင်းမရှိပါ။

ကြည့်ရသည်မှာ ငြိမ်သက်နေသော ရေကန်တစ်ခုနှင့်တူလေသည်။

လန်ထင်းမင်း၏ စူးရှသော အော်ဟစ်သံသည် ရပ်တန့်သွားပြီဖြစ်သည်။

သူသည် အပြင်သို့ရောက်ရှိလာသည်နှင့် လဲကျသွားလေသည်။

သူ လဲကျသွားသည်ကိုကြည့်ပြီးမှ လျူချန်ရဲ့က အနောက်သို့လှည့်ကြည့်လိုက်၏။

လုံဂူက သူ့အနီးတွင် ရောက်လာနေ၏။

ဂူလိပ်သည် ထိုင်မြဲထိုင်နေ၏။



သူ၏မျက်နှာမှာလည်း တည်ငြိမ်စွာရှိ၏။

လျူချန်ရဲ့က သက်ပြင်းချလိုက်၏။

"အတော်ကြောက်စရာကောင်းတဲ့ အဆိပ်ပဲ"

ဟုလည်းရေရွတ်လိုက်၏။

ဂူလိပ် ခေါင်းညိတ်ကာ...

"ဖြစ်ရမယ်လေ၊ ဒါက ကျုပ်ကိုယ်တိုင်ဖော်စပ်ထားတဲ့ အဆိပ်ပဲ"

ဟုပြောသည်။ လျူချန်ရဲ့က...

"ကျုပ်ကို အဆိပ်ခတ်ထားတဲ့ အရက်မှတိုက်ရသလား"

ဂူလိပ်က....

"သည်အရက်ကို မင်းမသောက်လိုက်တာ နောင်တရလိမ့်မယ်"

"ကျုပ်က ဘာဖြစ်လို့ နောင်တရ ရမှာလဲ"

"သည်အရက်ရဲ့ အရသာမဆိုးလို့ပါ"

သူ၏မျက်ဝန်းအစုံတွင် နှမြောသည့်အရိပ်အယောင်များ ပေါ်လွင်လာလေ၏။

"လန်ထင်းမင်ကလည်း အရက်နဲ့သေဖို့ မတန်ပါဘူး"

ဟုပြော၏။ လျူချန်ရဲ့က...

"ဘာဖြစ်လို့လဲ"

ဟုမေးလိုက်သည်။ ဂူလိပ်က....

"သူဟာ လူကောင်းတစ်ယောက်မှ မဟုတ်ဘဲ သူဟာ

www.burmeseclassic.com

www.burmeseclassic.com



ဝေဒနာမခံစားရဘဲ သည်လိုမသေသင့်ပါဘူး”

လျှူချန်ရဲ့က...

“သေတာဟာ သေတာပဲ”

ဝူလိပ်က သူ၏စကားကို ကြားဖြတ်ပြောလိုက်၏။

“သေတာဟာလည်း အမျိုးမျိုးရှိတယ်”

လျှူချန်ရဲ့က...

“သူက ဘယ်လိုအသေမျိုးဖြစ်နေလို့လဲ”

“အလွန်စိတ်ချမ်းသာပျော်ရွှင်တဲ့ အသေမျိုးပါပဲလေ”

“သူက ဝေဒနာကိုမခံစားရဘဲ မြန်မြန်သေသွားလို့ ဟုတ်လား”

ဝူလိပ် ခေါင်းညိတ်လိုက်၏။

“ဟုတ်တယ်၊ အသေမြန်ရင် ဝေဒနာမခံစားရဘူး၊ သည်လို အသေမျိုးကို မင်းနဲ့မှတိုက်တန်တာ”

လျှူချန်ရဲ့က ပြုံးလိုက်သည်။

“သည်အတိုင်းဆိုရင် ကျုပ်က ခင်ဗျားကို ကျေးဇူးတင်ရဦးမယ်”

“ဟုတ်တာပေါ့”

ဟုပြောလိုက်သည်။ လျှူချန်ရဲ့က....

“ဒါပေမယ့် ခင်ဗျားမှာ မေ့နေတာ တစ်ခုရှိတယ်ဗျ”

“ဘာများလဲ”

“ကျုပ်သေချင်သလားလို့ ခင်ဗျားက အရင်မေးသင့်တာ



ပေါ့ဗျ”

ဝူလိပ်က သူ၏စကားကြောင့် ခေါင်းခါယမ်းလိုက်လေ၏။

“ကျုပ်ဟာ လူသတ်တဲ့အခါမှာ သေချင်သလားလို့ မမေးတတ်ဘူးလေ၊ သေသင့်သလားလို့ပဲ မေးတတ်တယ်”

လျှူချန်ရဲ့ သက်ပြင်းချလိုက်၏။

“ခင်ဗျားပြောတာ မှန်တယ်”

ဝူလိပ်က...

“ဒါကြောင့် မင်းအခု သေသင့်တယ်”

ဟုပြောသည်။ လျှူချန်ရဲ့က...

“ကျုပ်မသေသေးဘူး၊ ကျုပ်က လူကောင်းမဟုတ်လို့ သေသေးတာဘဲဖြစ်ရမယ် မှန်သလား”

“သိပ်မှန်တာပေါ့”

“ကျုပ်ဟာ လူကောင်းတစ်ယောက်ဆိုရင် ခင်ဗျားဟာ ကျုပ်ကိုသတ်လိမ့်မယ်လို့ ထင်မှာမဟုတ်ဘူး”

“မင်းက ဘယ်လိုလုပ်ပြီး သည်လိုထင်မိတာလဲလို့မေးမလို့”

“သည်လုပ်ငန်းကို စကတည်းက ကျုပ်စဉ်းစားမိပြီးသား”

“ဘာဖြစ်လို့လဲ”

“သည်လှုပ်ရှားမှု စလိုက်တာနဲ့ ကျုပ်က သံသယဖြစ်မိတယ်”

“ဘယ်လိုသံသယဖြစ်လာတာလဲ”

“အဲသည် ကြီးကျယ်တဲ့ဓားပြဟာ လုံးဝမဟုတ်ဘဲ ခင်ဗျား

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရမယ်လို့ သံသယဖြစ်လာတယ်"

ဝူလိပ်က ပြုံးလိုက်သည်။

"မင်းက ဘာဖြစ်လို့ သည်လိုသံသယဖြစ်လာရတာလဲ"

"ပထမအချက်ကတော့ ဖြစ်ပွားခဲ့တဲ့ အမှုအားလုံးဟာ ခင်ဗျားအနားယူပြီးတဲ့ နောက်ပိုင်းမှာဖြစ်လာတဲ့ အမှုတွေဖြစ်လို့ တကယ်လို့ လုံဂူက လုပ်မယ်ဆိုရင် ခင်ဗျားအနားယူပြီးမှ လုပ်မှာ မဟုတ်ဘူး၊ သူက ခင်ဗျားကိုကြောက်နေစရာမှမလိုဘဲဗျ"

ဝူလိပ်က...

"သည်အကြောင်းပြချက်က မလုံလောက်သေးဘူးလို့ ထင်တယ်"

လျူချွန်ရဲ့က...

"အဲသည် ဖြစ်မှုလုပ်ခဲ့တဲ့ အမှုကိုင်းမှာ လုပ်ရပ်အားလုံး ဝိဝိရိရိနဲ့ သဲလွန်စတောင်ရှာလို့မရအောင် လုပ်နိုင်တာကိုတွေ့ရတယ် ဒါကြောင့် အမှုများဟာ သည်လုပ်ငန်းကျွမ်းကျင်တဲ့လူမှ လုပ်နိုင်တယ်"

"နို့...လုံဂူက မကျွမ်းကျင်လို့လား"

လျူချွန်ရဲ့က...

"သူက ဒါလောက်မကျွမ်းကျင်ပါဘူး"

ဝူလိပ် သက်ပြင်းချလိုက်၏။

"မင်းက ဘာကြောင့် သည်လိုမှိုးပြောနိုင်ရတာလဲ"

"ကျုပ်က သည်လုပ်ငန်းကို ကျွမ်းကျင်လို့ ကောင်းကောင်း



နားလည်ပါတယ်"

"မင်းက အတတ်ပြောနိုင်လို့လား"

လျူချွန်ရဲ့က ခေါင်းခါယမ်းလိုက်၏။

"ကျုပ်က မသေချာလို့ အထောက်အထားရှာရတာပေါ့"

ဟုပြောလေသည်။

ဝူလိပ်က မဲ့ပြုံးပြုံးလိုက်သည်။

"ဒါကြောင့် မင်းက လုံဂူဆီကိုသွားတာကိုး"

လျူချွန်ရဲ့က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်၊ နောက်အကြောင်းတစ်ခုက ခင်ဗျားရဲ့ယုံကြည်မှုကို ရအောင်လို့၊ ဒါမှလည်း ခင်ဗျားကိုကပ်လို့ရမှာပေါ့၊ မဟုတ်ဘူးလား"

သူကပြုံး၍ ဆက်ရှင်းပြလိုက်၏။

"ကျုပ်က လုံဂူကို ဖမ်းမိလာရင် ခင်ဗျားက သည်သံတိုင်ခါးကို ဖယ်ရှားပေးပါ့မလား"

ဝူလိပ်က သက်ပြင်းချလိုက်သည်။

"ငါက မင်းကို အတွက်မှားသွားပြီ၊ မင်းဟာ လူကောင်းတစ်ဦး မဟုတ်ပါလား"

"ကျုပ်ကတော့ ခင်ဗျားကိုထင်မိတာ မမှားတော့ဘူး၊ ခင်ဗျားဟာ ဘယ်လိုလူစားမျိုးလဲဆိုတာ သိလိုက်ရပြီ"

ဝူလိပ် ပြုံးလိုက်သည်။

သို့သော် သူ၏မျက်ဝန်းအစုံတွင် ပြုံးယောင်မတွေ့ရပေ။

www.burmeseclassic.com

www.burmeseclassic.com



သူက ပြုံးလျှက်...

"ငါက ဘယ်လိုလူစားမျိုးလဲ"

ဟုမေးလိုက်သည်။

တဆက်တည်းပင်...

"မင်းက တကယ်ပဲ ငါ့ကိုနားလည်နေပြီလား"

လျှူချန်ရဲ့က...

"ခင်ဗျားရဲ့ဉာဏ်ပညာနဲ့ အရည်အချင်းဟာ အခုလို ခင်ဗျားကိုမိဖို့ မလွယ်ဘူး၊ ဒါပေမယ့် ခင်ဗျားက လောဘကြီးသွားတယ်"

ဂူလိပ်က နားထောင်နေ၏။

လျှူချန်ရဲ့က...

"အပြစ်တစ်ခု စပြီး ကျူးလွန်မိလိုက်တာနဲ့ ရပ်လို့မရတော့ဘူး၊ ဆက်လုပ်ချင်နေတော့တာပဲ၊ သည်လိုလုပ်နေရင် အန္တရာယ်များတယ်၊ တစ်နေ့မဟုတ် တစ်နေ့ ပေါ်လာလိမ့်မယ်လို့ ခင်ဗျားလည်း သိပါတယ်"

သူက စိတ်မကောင်းစွာဖြင့်...

"လူတစ်ယောက်ဟာ မင်းမှုထမ်းခဲ့ရင် သည်အလုပ်ကနေ ထွက်လို့မရတော့ဘဲ ဆက်ပြီးလုပ်နေတဲ့သဘောပဲ"

"ကျုပ်ဆီကို အပြစ်ရောက်မလာအောင် သည်အပြစ်ကိုခံယူဖို့ ငါကလူတစ်ယောက် ရှာရလိမ့်မယ် ဟုတ်လား"

လျှူချန်ရဲ့က...

"သည်အမှုပြီးပြတ်သွားမှ ခင်ဗျား စိတ်အေးလက်အေး



နေနိုင်မယ်လို့ ခင်ဗျားက သိထားတာကိုး"

ဂူလိပ် ပြုံးလိုက်၏။

"ခင်ဗျားက ဒီဘက်မှာ အတော်ကျွမ်းကျင်တယ်ဆိုတာ ကျုပ်ယုံကြည်ပါပြီ"

လျှူချန်ရဲ့က...

"ကျုပ် စဉ်းစားလို့မရတာက ဒီကိစ္စကို ဘာကြောင့် လုံဂူပေါ် ပုံချချင်ရတာလဲ"

ဂူလိပ်က...

"နင် စဉ်းစားလို့မရဘူး ဟုတ်လား"

လျှူချန်ရဲ့က...

"ဘယ်သူ့ခေါင်းပေါ်မှာပဲပုံပုံ၊ လုံဂူအတွက် လွယ်မယ်မဟုတ်လားဗျာ"

လျှူချန်ရဲ့က ဂူလိပ်အား ကြည့်လိုက်၏။

လုံဂူမှာမူ ကုလားထိုင်တစ်လုံးပေါ်သို့ အေးဆေးစွာ ထိုင်ချလိုက်၏။

သူသည် ယခု သူတို့ပြောဆိုနေသည့်ကိစ္စသည် သူနှင့်လုံးဝမသက်ဆိုင်သည့်အလား မျက်လုံးများပင် ဝိတ်ထားသည်။

သူက သက်ပြင်းချလိုက်သည်။

"ငါက သူ့ကိုမရွေးချယ်သင့်ဘူး၊ သူ့ကို လွယ်လွယ်နဲ့ပုံချလို့မရဘူးဆိုတာ ငါနားလည်ပါပြီ"

"ဒါပေမယ့် ဒီလိုမရွေးလို့မှ မဖြစ်ဘဲ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ဂူလိပ်က...

"ဘာဖြစ်လို့"

လျှူချုန်ရဲ့က...

"ဒီကိစ္စကို ခင်ဗျားတစ်ယောက်တည်း ဆုံးဖြတ်နိုင်တာ မဟုတ်ဘဲ"

"ကျုပ် တစ်ယောက်တည်း လုပ်ပိုင်ခွင့်မရှိလို့ပါ"

"လုပ်ပိုင်ခွင့်ရှိပါတယ်၊ ဒါပေမယ့် ခင်ဗျားက တိုင်ပင်ဦးမယ် မဟုတ်လား"

ဂူလိပ်က...

"ဘာဖြစ်လို့"

လျှူချုန်ရဲ့က...

"ခင်ဗျားမှာ လုပ်ဖော်တစ်ယောက် ရှိသေးတယ် မဟုတ်လား"

သူက ပြုံး၍ စကားဆက်လိုက်သည်။

"ခင်ဗျားရဲ့အဖော်က လုံဂူကို အသေသတ်ချင်နေတာ ပြီး၊ ဒါကြောင့် ဒီလိုအခွင့်အရေးရလိုက်တာနဲ့ လုံဂူကို ဓားစာခံအဖြစ် ရွေးလိုက်တာ"

ဂူလိပ်က...

"ဒီအကြောင်းတွေကို ဘယ်တုန်းက စဉ်းစားလာမိတာလဲ"

လျှူချုန်ရဲ့က...

"ကျူရွှေဒေဝီဆီ ရောက်ပြီးတဲ့နောက်ပိုင်းကြမှ နားလည်လိုက်တာ"

ဂူလိပ်က...

"ငါ့ရဲ့လုပ်ဖော်ကိုင်ဘက်က ချူပိုင်မို ဖြစ်နေလို့လား"

လျှူချုန်ရဲ့က ခေါင်းညိတ်လိုက်၏။

"ကျုပ် သူ့ဆီကိုသွားမယ်ဆိုတာ သူမသိသင့်ပါဘူး၊ ဒါပေမယ့် သူ့ကကြိုသိတယ်၊ ကျုပ်အတွက် အားလုံးအသင့်ဖြစ်ထားတယ်"

ဂူလိပ်က...

"ငါအကြောင်းကြားလိုက်တယ်လို့ မင်းက သံသယဖြစ်နေသလား"

လျှူချုန်ရဲ့က...

"ဒီကိစ္စကို သိထားတဲ့လူမှာ ကျုပ်ကလွဲလို့ လုံဂူရယ်၊ ကျင်းဟုဝါနဲ့ ဂူရွက်အော့ပဲရှိတယ်"

"မင်းကိုယ်တိုင်တော့ သတင်းပေါက်ကြားမှာ မဟုတ်ဘူး"

လျှူချုန်ရဲ့က...

"ကျင်းဟုဝါနဲ့လုံဂူတို့လည်း ပေါက်ကြားမှာ မဟုတ်ဘူး"

ဂူလိပ်က ဝန်ခံသည်။

သူက ပြုံး၍စကားဆက်လိုက်သည်။

"ကျုပ်လည်း ဂဏန်းတွက် မညံ့ပါဘူး၊ လူခြောက်ယောက်ဟာ ခုနစ်ယောက်ကြောင့် မဟုတ်ဘူးဆိုတာ နားလည်ပါ"

ဂူလိပ် မျက်မှောင်ကုတ်သွားသည်။

www.burmeseclassic.com



လျှူချန်ရဲ့ ဆိုလိုသည့် အဓိပ္ပါယ်ကို သူကဘာမှနားမလ

ပါချေ။

လျှူချန်ရဲ့က...

“လျှို့ဝှက်ဂူမှာ အစောင့်ခုနစ်ယောက်ရှိတယ်ဆိုတာ ထားတယ်၊ ဒါပေမယ့် ဂူရှက်အော့က ခြောက်ယောက်ရဲ့နာမည ပြောပြတယ်၊ ကျုပ်စားတော်ဆက်ရောက်သွားတဲ့ အခါမှာလ လူခြောက်ယောက်တွေ့တယ်”

ဝူလိပ်က...

“မင်းတွေ့ခဲ့တဲ့ လူခြောက်ယောက်ဟာ ရှောင်ဝူထုံ ရဲ့၊ တန်းအိဝေ၊ သံမဏိသူတော်၊ မိန်းမတွေနဲ့ ခွေးရှူးလီတာကျိ မဟုတ်လား”

လျှူချန်ရဲ့က ခေါင်းညိတ်လိုက်၏။

“ဒါကြောင့် ကျန်တဲ့လူတစ်ယောက် ဘယ်ရောက်နေ ဆိုတာ အံ့ဩနေမိတယ်”

ဝူလိပ်က...

“အခုတော့ မင်းသဘောပေါက်လာပြီ မဟုတ်လား”

ဝူလိပ်က...

“ဘာအဖြေလဲ”

လျှူချန်ရဲ့က...

“ဂူရှက်အော့က ကျန်တဲ့လူတစ်ယောက်ကို ဖြော ချန်ထားတာက အဲဒီလူကို ကျုပ်ကသိတဲ့လူတစ်ယောက် ဖြစ်



ဝူလိပ်က...

“အဲဒီလူဟာ ဘယ်သူလဲလို့ မင်းထင်သလဲ”

လျှူချန်ရဲ့က...

“ဒီလူဟာ ဝမ်နန်မဟုတ်ရင် ဂူရှက်အော့ ကိုယ်တိုင်ဖြစ်ရမယ်၊ ဝမ်နန်ဆိုတာ ဂူရှက်အော့ရဲ့ယောက်ျား လယ်သမားဟန်ဆောင်တဲ့လူပါ”

သူက စကားဆက်လိုက်၏။

“သူဟာ တကယ့်လယ်သမား မဟုတ်ဘူးဆိုတာ ကျုပ်သိတယ်၊ အာဏာသားတစ်ယောက် မဟုတ်ဘူးဆိုတာလည်း ကျုပ်သိတယ်”

ဝူလိပ်က...

“သူ့အကြောင်း မင်းကသိထားလို့လား”

လျှူချန်ရဲ့က...

“မသိလို့လဲ သူ့ကို သံသယဖြစ်မိတာပေါ့”

ဝူလိပ်က သက်ပြင်းချလိုက်၏။

“မင်းစဉ်းစားပုံက ငါ့ထက်တောင် စေ့စပ်သေချာနေပါလား”

လျှူချန်ရဲ့က...

“ခင်ဗျားမှာလည်း သဘောမပေါက်တဲ့အချက်တွေ ရှိနေမှာပေါ့”

ဝူလိပ်က...

www.burmeseclassic.com

www.burmeseclassic.com



"အများကြီးပါပဲ"

လျူချန်ရဲ့က…

"မေးပါ"

ဝူလိပ်က…

"မင်းက လုံဝူရဲ့သွေးကြောကို တကယ်ပိတ်ထားတာမှ မဟုတ်ဘဲ"

"ခင်ဗျားလည်း ပြောပါတယ်၊ လုံဝူကိုနိုင်ဖို့ မလွယ်ပါဘူး"

ဝူလိပ်က…

"သူက ကျင်းဟုဝါကိုလည်း တကယ်မသတ်လိုက်ပါဘူး"

လျူချန်ရဲ့က…

"ကျင်းဟုဝါက သူ့ရဲ့သစ္စာရှိတဲ့ မိတ်ဆွေတစ်ယောက်ပါ။ ဘယ်သူကမှ ဒီလိုမိတ်ဆွေမျိုးကို မသတ်ချင်ကြပါဘူး"

"ဒါကတော့ မင်းက လန်ထင်းမင်ကို ပြသဖို့ ဓာတ်တိုက် ထားတာဖြစ်ရမယ်"

"လုံဝူရဲ့အနီးမှာ ခင်ဗျားရဲ့သူလျှိုရှိလိမ့်မယ်လို့ ကျုပ်က အစောကြီးကတည်းက သိလိုက်ပါပြီ"

ဝူလိပ်က…

"ဒါကြောင့် ကျုပ်ကို သတင်းကြိုတင်ပို့ပေးနိုင်ဖို့ သူတို့က တမင်သက်သက် အလျင်ဆုံးလွှတ်လိုက်တယ် မဟုတ်လား"

လျူချန်ရဲ့က…

"ကျုပ်က သူတို့ကို လွှတ်လိုက်တာ၊ သူ့ကိုလက်စားချေတာ



လည်းပါတယ်၊ ခင်ဗျားက ကျုပ်ကို ယုံကြည်လာအောင် လုပ်တာ လည်းပါတယ်"

ဝူလိပ်က…

"ခင်ဗျားနဲ့လုံဝူတို့နဲ့ ဒီဓာတ်လမ်းတိုက်ဖို့ ဘယ်လိုလုပ် ဓာတ်တိုက်ထားသလဲဆိုတာ စဉ်းစားလို့မရဘူး၊ မင်းတို့ ဘယ်တုန်း က တိုင်ပင်ထားလို့လဲ"

လျူချန်ရဲ့က ရယ်မောလိုက်၏။

"ကျုပ်က ဘာဖြစ်လို့ နန်လန်ကျင်းကို ဒေါသထွက်ပြီး ထွက် သွားအောင် စိတ်ဆွပေးသလဲဆိုတာ သိလား"

ဝူလိပ် ခေါင်းခါယမ်းလိုက်၏။

လျူချန်ရဲ့က…

"ကျုပ်က သေတ္တာအလွတ်ကို လုံဝူလက်ထဲရောက်အောင် ပို့ခိုင်းချင်လို့"

ဝူလိပ်က…

"သေတ္တာထဲမှာ ဘာတွေပါနေလို့လဲ"

လျူချန်ရဲ့က…

"ဓာတ်တိုက်ဖို့ အစီအစဉ်ပါသွားလို့"

သူက ပြုံးရွှံစကားဆက်လိုက်၏။

"သူက ဒါလောက် အံ့ဝင်ခွင်ကျ သရုပ်ဆောင်နိုင်ပါ့မလား လို့ ကျုပ်တောင် စိုးရိမ်ခဲ့သေးတယ်"

လုံဝူက…

www.burmeseclassic.com

www.burmeseclassic.com



"မင်းလည်း သရုပ်ဆောင်ကောင်းပါတယ်"

လျှူချန်ရဲ့က...

"ကျင်းဟုဝါလည်း မညံ့ပါဘူး"

လုံဂူက...

"သူလည်း အံဝင်ခွင်ကျနိုင်လိမ့်မယ်လို့ ကျုပ်က အကဲခတ်မိပါတယ်"

လျှူချန်ရဲ့က...

"ဒါနဲ့ အဘဂူလိပ်ကို ခင်ဗျား ဘယ်လိုမြင်သလဲ"

လုံဂူက....

"ကျုပ်ရဲ့ မဟာအမှားကတော့ လောဘကြီးလို့ မဟုတ်ဘူးလို့ မြင်တယ်"

လျှူချန်ရဲ့က....

"ဒါဖြင့် ဘာလဲ"

လုံဂူက....

"ယုတ်မာလွန်းလို့"

လျှူချန်ရဲ့က...

"ခင်ဗျားက ကျုပ်ထက်မြင်တတ်တယ်ဗျ"

သူက သက်ပြင်းတစ်ချက်ချလိုက်ပြီး ဂူလိပ်အား လှည့်ကြည့်လိုက်သည်။

"ခင်ဗျားက ကျုပ်ကို ချက်ချင်းနှုတ်ပိတ်ဖို့ မကြံစည်ခဲ့ရင် ခင်ဗျားကို ကျုပ်အရှုံးပေးလို့ ဘယ်ရနိုင်ဦးမှာလဲ"



ဂူလိပ်က...

"အခုတော့ မင်းကသေချာသွားပြီပေါ့"

လျှူချန်ရဲ့က....

"သေချာပါပြီ"

ဂူလိပ်က...

"မင်းက တစ်ခုမေ့နေပြီထင်တယ်"

လျှူချန်ရဲ့က..

"ဘာကိုလဲ"

ဂူလိပ်က...

"အမှုကျူးလွန်တဲ့လူဟာ ခြေလက်သွက်လက်ရမယ်၊ ပေါ့ပါးရမယ်၊ အုတ်နံရံကို ခုန်ပျံကျော်လွှားနိုင်ရမယ်၊ အိမ်ခေါင်မိုးပေါ်ကိုလည်း ကြောင်တစ်ကောင်လို ပေါ့ပေါ့ပါးပါး တက်နိုင်ရမယ်၊ လိုအပ်ရင် အိမ်ခေါင်မိုးတစ်ခုနဲ့တစ်ခု ခုန်ကျော်နိုင်ရမယ်၊ ခြေမြန်တော် အာဏာသားများကိုလည်း လွတ်အောင်ပြေးနိုင်ရမယ် မဟုတ်လား"

လျှူချန်ရဲ့က ခေါင်းညိတ်လိုက်သည်။

"ဒါက ရှိရမယ့် အခြေခံအရည်အချင်းပါပဲ"

ဂူလိပ်က...

"ကျုပ်က အသက်အရွယ်လည်းကြီးလှပါပြီ၊ ကိုယ်ခန္ဓာ အောက်ပိုင်းလည်း မသန်စွမ်းတော့ပါဘူး၊ ရှင်းရှင်းပြောရရင် ကျုပ်က ဒုက္ခိတတစ်ယောက်ဖြစ်လို့ ရာထူးကထွက်ပြီး အနားယူမှာဗျ"

www.burmeseclassic.com



လျှူချန်ရဲ့က ရယ်မောလိုက်လေသည်။

"ဟား...ဟား...ဟား"

ဝူလိပ်က...

"မင်းမယုံလို့လား"

လျှူချန်ရဲ့က သူ့အားကြည့်လိုက်သည်။

"ခင်ဗျားက ကျုပ်နေရာမှာနေရင် ယုံနိုင်ပါ့မလား"

ဝူလိပ်က သူ့အားကြည့်ပြီး လုံဂူအား တစ်ချက်ကြည့်လိုက်သည်။

သူသည် ရုတ်တရက် ရယ်မောလိုက်လေ၏။

"ကျုပ်က မင်းနေရာနေရင် ယုံမှာ မဟုတ်ဘူး"

ယခုတစ်ကြိမ် သူ၏ရယ်မောခြင်းမှာ မြေခွေးတစ်ကောင်၏ကောက်ကျစ်စဉ်းလဲသော ရယ်မောပုံမျိုးဖြစ်သည်။

သူသည် ကုလားထိုင်တွန်းပေးနေသော အဘိုးအိုအား လှည့်၍မေးလိုက်သည်။

"မင်းကော ယုံသလား"

အဘိုးအိုက...

"ယုံပါတယ်"

ဝူလိပ်က...

"ငါ့ရဲ့ခြေထောက်တစ်ဘက်က လုံးဝခံစားမှုမရှိတော့ဘဲ သုံးကျဉ်နေပြီဆိုတာ ဟုတ်ရဲ့လား"

အဘိုးအိုက...



"ဟုတ်တယ်"

"မင်းရဲ့ဓားကော"

"ဓားရှိပါတယ်"

အဘိုးအို၏မျက်နှာတစ်ခုလုံးမှာ ဟန်မူရာ လုံးဝကင်းမဲ့နေသည်။

သူသည် ဓားနှစ်လက်အား ဆွဲထုတ်လိုက်လေသည်။

ဓားနှစ်လက်သည် ရှည်လျားခြင်းမရှိသော်လည်း အလွန်ထက်မြက်ပေသည်။

ဝူလိပ်က ပြုံးလိုက်သည်။

"မင်းရဲ့ဓားက ထက်သလား"

"အလွန်ထက်ပါတယ်"

"ဒီဓားနဲ့ မင်းရဲ့ခြေထောက်ကိုထိုးစိုက်ရင် မင်းနာပါ့မလား"

"သိပ်ကိုနာမှာပေါ့"

"ငါ့ရဲ့ခြေထောက်ကို ထိုးစိုက်လိုက်ရင်ကော"

"မနာပါဘူး"

"ဘာဖြစ်လို့ပါလိမ့်"

"ခင်ဗျားရဲ့ခြေထောက်က မသန်မစွမ်းဖြစ်ပြီး ထုံကျဉ်နေလို့"

"တကယ်ကော ဟုတ်ရဲ့လား"

အဘိုးအိုက ဓားနှစ်လက်အား မြှောက်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် စမ်းကြည့်ရအောင်"

သူ၏မျက်နှာပေါ်တွင် ဟန်မူရာကင်းမဲ့လျက်။

ဓားရောင်တစ်ချက် ဝင်းလက်သွားသည်။

သူ့လက်ထဲမှ ဓားနှစ်လက်သည် ဂူလိပ်၏ပေါင်ပေါ်သို့ ထိုးစိုက်လိုက်လေသည်။

သွေးများသည် စီးဆင်းထွက်လာလေ၏။

ဂူလိပ်၏မျက်နှာမှာမူ ပြုံးနေသေး၏။

ထိုဓားနှစ်လက်သည် သူ၏ပေါင်ပေါ်သို့ ထိုးစိုက်နေသည်ကို သူနှင့် မသက်ဆိုင်သည့်အလား။

"ဟုတ်သားပဲ၊ ငါ့ရဲ့ပေါင်တစ်ခုလုံးလည်း ဘာမှမနာမိပါလား"

အဘိုးအိုက ခေါင်းငုံ့ထားသည်။

သူက အံကိုတင်းတင်းကြိတ်လိုက်သည်။

"ကျုပ် ယုံကြည်ပြီးသားပါ"

ဂူလိပ်ကပြုံး၍ ခေါင်းမော့ပြီး လုံဂူနှင့်လျူချန်ရဲ့အား ကြည့်လိုက်လေသည်။

"ခင်ဗျားတို့ကော ယုံကြပြီလား"

မည်သူကမျှ အဖြေမပေးနိုင်ပါ။

အဖြေလည်း မပေးကြပါ။

ခြေထောက်နှစ်ဘက်စလုံး ဓားစိုက်ဝင်နေသော လူတစ်ယောက်သည် နာကျင်မှုလုံးဝ မခံစားရဘဲ ပြုံးနေနိုင်သည်မှာ အ



ဓိပ္ပါယ်က ရှင်းလှ၏။

ဖြစ်ပွားခဲ့သော အမှုများသည် ခြေနှစ်ဘက်မသန်စွမ်းသော လူတစ်ယောက်က မည်သည့်နည်းနှင့်မျှ ကျူးလွန်နိုင်လိမ့်မည် မဟုတ်ပါ။

အမှုတင်ပြလျှင်လည်း မည်သူကမျှ လက်ခံလိမ့်မည် မဟုတ်ပါ။

ခန်းမတစ်ခုလုံး တိတ်ဆိတ်သွားလေသည်။

(၈)

လေသည် ပြတင်းပေါက်ထဲသို့ တိုက်ခတ်ဝင်ရောက်လာလေသည်။

လုံဂူက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ကနေ့ည မိုးရွာလိမ့်မယ် ထင်တယ်"

သူသည် ထိုင်ရာမှ ထလိုက်သည်။

ကိုယ်ပေါ်မှ ဖုန်များအား ခါထုတ်လိုက်သည်။

ထို့နောက်...

ခြေလှမ်းဖြည်းဖြည်းဖြင့် လှမ်းထွက်သွားလေ၏။

လျူချန်ရဲ့က သူ့အားကြည့်ပြီး ညည်းညူလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ မိုးရွာလိမ့်မယ်"

သူသည် လှုံ့ဂူနောက်သို့ လိုက်သွားသည်။

တံခါးဝသို့ရောက်ပြီးမှ ပြန်လှည့်လိုက်သည်။

"ကျုပ်က မိုးမိမှာကြောက်လို့ သွားလိုက်ပါဦးမယ်"

ဝူလိပ်က ရယ်မောလိုက်၏။

"မင်း မိုးခိုမှာကိုလည်း ငါကမလိုလားပါဘူး၊ ဘာဖြစ်လို့လဲဆိုရင် မင်းက လူကောင်းတစ်ယောက် မဟုတ်ပေမယ့် သိပ်လည်း မဆိုးပါဘူး"

လျူချုန်ရဲ့က...

"ကျုပ်တစ်ခု မေးချင်ပါသေးတယ်"

"မေးပါ"

"ခင်ဗျားဟာ နာမည်ကြီးတယ်၊ သိက္ခာရှိတယ်၊ ဂုဏ်ရှိတယ်၊ ရာထူးရှိတယ်၊ လူအများရဲ့ကြည်ညိုလေးစားခြင်းကိုခံရတယ်၊ ဒါကြောင့် ဘဝဟာ ဖူလုံနေပြီမဟုတ်လား"

ဝူလိပ်က...

"ဒါကတော့ ငါ့ရဲ့ကြိုးစားအားထုတ်မှုကြောင့် ဖြစ်ပါတယ်"

လျူချုန်ရဲ့က...

"ဒါကို ကျုပ်သိပါတယ်၊ ဒါပေမယ့် ကျုပ်က နားမလည်ဘူးဗျ"

ဝူလိပ်က...

"ဘာတွေကို နားမလည်တာလဲ"



လျူချုန်ရဲ့က...

"ခင်ဗျား အခုလိုနေရာမျိုး ရောက်လာတာဟာ နှစ်ပေါင်းများစွာ ပင်ပန်းဆင်းရဲခံပြီး ကြိုးစားခဲ့တာပါ၊ အခု အားလုံးပိုင်ဆိုင်နေပြီ၊ အဘိုးကြီးတစ်ယောက်လည်း ဖြစ်လာပါပြီ၊ ဘာဖြစ်လို့ ဒီလို အလုပ်မျိုးကို လုပ်ချင်ရတာလဲ"

အတန်ကြာ ဆိတ်ဆိတ်နေပြီးမှ ဝူလိပ်က ခေါင်းမော့လိုက်သည်။

"ငါလည်း နားမလည်ပါဘူးကွာ၊ ဘာဖြစ်လို့ အသက်ကြီးလာမှ ပိုပြီးလောဘကြီးလာရသလဲဆိုတာ၊ နောက်ပြီးရရှိတဲ့ငွေကို ခေါင်းထဲမှာထည့်ပြီး ယူသွားနိုင်တာမှ မဟုတ်ဘဲ"

လျူချုန်ရဲ့က...

"ဒါကို နားလည်ရဲ့သားနဲ့ ဘာကြောင့် ဒီလောက်လောဘကြီးချင်နေရတာလဲ"

ဝူလိပ်က...

"အသက်ကြီးလာတဲ့အခါမှာ လူ့လောကအကြောင်းကိုပိုပြီး နားလည်လာပါတယ်၊ လောကပေါ်မှာ ငွေထက် ဘာမှတန်ဖိုးမရှိဘူးဆိုတာ နားလည်လို့ ငွေကိုပိုပြီး လိုချင်လာတာ ဖြစ်မှာပေါ့"

လျူချုန်ရဲ့က ခေါင်းခါယမ်းလိုက်၏။

"ကျုပ် နားမရှင်းသေးဘူးဗျာ"

ဝူလိပ်က ပြုံးလိုက်၏။

"မင်း ကျုပ်အရွယ် ရောက်လာတဲ့အခါ နားလည်လာပေါ်"

www.burmeseclassic.com

www.burmeseclassic.com



လျှူရှုန်ရဲ့သည် အနည်းငယ် တုံ့ဆိုင်းဆိုင်းနေပြီးမှ အပြင်သို့လျှောက်သွားလေ၏။

သို့သော်...

သူသည် ခြေလှမ်းရပ်၍ သမင်လည်ပြန် ကြည့်လိုက်ပြန်လေသည်။

"ဂူရှက်အော့ကော"

"မင်းက သူ့ကိုတွေ့ချင်လို့လား"

"သူက သေသည်ဖြစ်စေ၊ ရှင်သည်ဖြစ်စေ သူ့ကိုတွေ့တွေ့ချင်ပါသေးတယ်"

ဂူလိပ်က မျက်စိမှိတ်ထားလိုက်၏။

"သူက သေသည်ဖြစ်စေ၊ ရှင်သည်ဖြစ်စေ မင်း သူ့ကိုတွေ့နိုင်တော့ပါဘူး"

❮ ❮ ❮

လေတိုက်ခတ်လာပြန်လေသည်။

ဤတစ်ကြိမ် လေသည် မိုးဖွဲလေးများပါ သယ်ဆောင်လာသည်။

ဂူလိပ်က မျက်လုံးဖွင့်လိုက်၏။

မိမိပေါင်ပေါ်တွင် စိုက်နေသော ဓားကိုကြည့်ကာ နာကျင်သောဝေဒနာများ ပြင်းထန်စွာ ခံစားလိုက်ရသဖြင့် မျက်နှာပေါ်မှ



ကြွက်သားများ တွန့်လိန်သွားလေ၏။

မိုးဖွဲကလေးများက အေးမြနေ၏။

အလွန့်အလွန် အေးစိမ့်လာလေ၏။

မိုးရာသီ ကုန်ဆုံးတော့မည်ဖြစ်၏။

ဆောင်းရာသီက ချဉ်းနင်းလာရန် ခြေလှမ်းပြင်နေ၏။

ဂူလိပ်က သက်ပြင်းတစ်ချက် ချလိုက်လေ၏။

"ဆောင်းရာသီ ရောက်လာတော့မယ်၊ နောက်ရက်များဆိုရင် ပိုပြီးအေးလာတော့မှာပဲ"

သူသည် တိုးတိုးငြည်းကလေးပြောကာ ရုတ်တရက် ဓားကို ဆွဲနုတ်လိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

# နိဂုံး

(၁)

မိုးဖွဲကလေးများက အေးစိမ့်နေ၏။

ရှည်လျားသော မိုးဖွဲကလေးများသည် ခြံဝင်းထဲရှိ ကုံကော်ပင်ပေါ်သို့ တဖြောက်ဖြောက်ကျနေ၏။

အခွေးခံရှိသော လူများသည် မိုးဖွဲကလေးအား ကြည့်ကာ လွမ်းဆွတ်တမ်းတနေမည်သာ ဖြစ်၏။

လုံဂူသည် တံစက်မြိတ်အောက်၌ ရပ်နေ၏။

သူက ထွက်ခွာမသွားသေးပါ။

မိုးစိုမည်ကိုလည်း သူက မလိုလားပါ။

သူ့နောက်၌ လျှူချွန်ရဲ့ ရောက်နေသည်ကို သူကသိလိုက်



သည်။

သို့သော်...

စကားမပြောပါ။

လျှူချွန်ရဲ့ကလည်း ပါးစပ်မဟပါချေ။

သူတို့နှစ်ယောက်သည် ငြိမ်သက်စွာဖြင့် တံစက်မြိတ်အောက်၌ရပ်ကာ တဖြောက်ဖြောက်ကျနေသော မိုးဖွဲကလေးများအား ကြည့်နေကြ၏။

မည်မျှအချိန်ကြာသွားမှန်း မသိ။

လုံဂူက ရုတ်တရက် သက်ပြင်းချလိုက်၏။

"ဝူလိပ်ဟာ အလွန်ရက်စက်တဲ့ လူတစ်ယောက်"

လျှူချွန်ရဲ့က ပါးစပ်ပိတ်ထားမြဲ ပိတ်ထား၏။

လုံဂူကပင် စကားဆက်လိုက်၏။

"သူက တခြားလူအပေါ် ရက်စက်ရုံမက သူ့ကိုယ်သူလည်း ရက်စက်နိုင်တယ်"

လျှူချွန်ရဲ့က...

"သူ့မှာ ထွက်ပေါက်မရှိမှန်း သိတာလည်းဖြစ်မယ်"

လုံဂူက...

"သူက ထွက်ပေါက်မရှိမှန်းသိလို့ မင်းက သူ့ကိုလွှတ်လိုက်တာလား"

လျှူချွန်ရဲ့က...

"ကျုပ်လည်းပဲ ရက်စက်တဲ့ လူတစ်ယောက်ပါ"

www.burmeseclassic.com

www.burmeseclassic.com



လုံဂူက...

"မင်း မဟုတ်ဘူး"

လျှုချန်ရဲ့က ပြုံးလိုက်လေ၏။

စိတ်ပျော်ရွှင်၍ ပြုံးလိုက်သော အပြုံးမျိုးကား မဟုတ်ပါချေ။

လုံဂူက သူ့အားလှည့်ကြည့်လိုက်၏။

"အနည်းဆုံး မင်းက သူ့ရဲ့ဂုဏ်သိက္ခာကိုတော့ ထိန်းသိမ်းထားလိုက်ပါတယ်"

လျှုချန်ရဲ့က...

"သူရှိတဲ့ ဂုဏ်သိက္ခာကိုတွေဟာ ခိုးလာတာ မဟုတ်လို့ပါ"

လုံဂူက...

"ဒါကို ငါနားလည်တယ်"

လျှုချန်ရဲ့က....

"နောက်ပြီး သူနဲ့ကျုပ် ဘာရန်ငြိုးမှမရှိပါဘူး၊ ဒါကြောင့် သူ့ကိုပျက်စီးရေးပျက်စီးကြောင်း မလုပ်သင့်ဘူးလို့ ထင်လို့ပါ"

"ဒါနဲ့ မင်းကသူ့ကိုခိုးယူရရှိတဲ့ပစ္စည်းတွေအားလုံး ထုတ်ပေးဖို့ အတင်းအကြပ် မတောင်းဆိုလိုက်ပါလား"

"တောင်းစရာ မလိုပါဘူး"

"ဘာဖြစ်လို့လဲ"

"သူဟာ ဉာဏ်ရှိတဲ့ လူတစ်ယောက်ပါ၊ ကျုပ်က သူ့ကိုအတင်းအကြပ်လုပ်စရာ မလိုပါဘူးလေ၊ သူက အဖြေပေးမှာပါ"



"ဒါကြောင့် သူ့ကိစ္စပြီးပြတ်အောင်လုပ်ဖို့ မင်းက ဒီမှာ စောင့်နေတာကိုး"

လျှုချန်ရဲ့က ဝန်ခံလိုက်လေ၏။

လုံဂူက....

"ဒါဖြင့် ဒီအမှုက ဆုံးခန်းတိုင် မရောက်သေးဘူးပေါ့"

"မရောက်သေးဘူး"

"သူကသာ ခိုးယူရတဲ့ပစ္စည်းအားလုံး ပြန်ပေးလိုက်ရင် ဒီအမှုကို အဆုံးသတ်လို့ရမလား"

"မရနိုင်သေးဘူး"

"ဘာဖြစ်လို့လဲ"

"ခင်ဗျားသိပါတယ်"

လုံဂူသည် အဝေးသို့လှမ်းမျှော်ကြည့်လိုက်၏။

အတန်ကြာတော့မှ...

"မင်းက ချူပိုင်မိုကို ခွင့်မလွှတ်နိုင်ဘူးပေါ့ ဟုတ်လား"

"ခွင့်မလွှတ်နိုင်ပါဘူး"

သူ၏မျက်နှာတစ်ခုလုံး လေးနက်တည်ကြည်လာလေ၏။

"တရားဥပဒေကို ဘယ်သူကမှ ဖျက်ဆီးလို့မရပါဘူး ဘယ်သူမဆို အမှန်တကယ် အပြစ်ကျူးလွန်ခဲ့ရင် ပြစ်ဒဏ်ခံရမှာပဲ"

လုံဂူက ဆတ်ခနဲ လှည့်ကြည့်လိုက်၏။

"မင်းက ဘယ်သူလဲ၊ ဒီကိစ္စကို ဘာကြောင့် အရေးယူချင်နေရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



လျှူချွန်ရဲ့က အတန်ကြာ ဆိတ်ဆိတ်နေပြီးမှ...

"ကျုပ်သဘောနဲ့ကျုပ် ဘာမှ လုပ်လို့မရပါဘူး"

"မင်းက ဘယ်သူ့အတွက် လုပ်နေတာလဲ"

လုံဂူက ထပ်မံမေးလိုက်လေ၏။

"ပြောစမ်းပါ၊ မင်းက ဘယ်သူလဲ"

လျှူချွန်ရဲ့က ပါးစပ်ပိတ်ထားလိုက်၏။

လုံဂူက...

"ကျုပ်နဲ့ဂူလိပ်ဟာ မင်းရဲ့ကိုယ်ရေးရာဇဝင်များကို စုံစမ်းခဲ့တယ်၊ ဒါပေမယ့် မင်းပြောနေတာတွေဟာ လိမ်နေတာဆိုတာကို ငါတို့ မသိလိုက်ဘူး"

"ဒါကြောင့် ခင်ဗျား စဉ်းစားလို့မရဘူးဆိုပါတော့"

"ဟုတ်တယ်"

လျှူချွန်ရဲ့က ပြုံးလိုက်လေ၏။

"ကျုပ်က ပြဿနာတစ်ခုကို စဉ်းစားလို့မရရင် နည်းတစ်နည်းကိုပဲ အသုံးပြုလိုက်တယ်"

"ဘယ်လိုနည်းမျိုးလဲ"

"စဉ်းစားလို့မရတဲ့ ကိစ္စတစ်ခုကို ခဏလေး မေ့ထားလိုက်ရမယ်"

လုံဂူက...

"နောက်ကော"

"ဘယ်လိုသျှို့ဝှက်တဲ့ကိစ္စတစ်ခုပဲဖြစ်ဖြစ် တစ်နေ့တော့



ပေါ်လာမှာပဲ၊ ခင်ဗျားက စိတ်ရှည်ရှည် စောင့်နေမယ်ဆိုရင် အနေးနဲ့အမြန်သိရမှာပဲ"

လုံဂူက ပါးစပ်ပိတ်ထားလိုက်လေတော့၏။

≺ ≺ ≺

(၂)

မိုးဖွဲကလေးသည် ရွာတုန်းရွာဆဲပင် ရှိနေသေး၏။

ပတ်ဝန်းကျင်တစ်ခုလုံးမှာ မှိုင်းပြာလာလေ၏။

ခန်းမထဲမှ လေးလံသော ခြေသံတစ်ခု ထွက်ပေါ်လာလေသည်။

လူတစ်ယောက်သည် မီးပုံးအိမ်ကိုင်လျက် သူတို့ထံတစ်လှမ်းချင်းလျှောက်လာနေလေ၏။

မီးပုံးအိမ်၏မီးရောင်သည် သူ၏ဖြူဖွေးသောဆံပင်များပေါ်သို့ ထိုးကျနေ၏။

သူ၏မျက်နှာပေါ်တွင်လည်း ထိုးကျနေပေ၏။

ထိုလူမှာ...

ဂူလိပ်၏အားထားရသော အဘိုးအိုပင်ဖြစ်လေ၏။

သူ၏မျက်နှာပေါ်တွင် ဟန်မူရာ လိုးဝကင်းမဲ့နေ၏။

သူသည် ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်းစသည့် ခံစားချက်များ

www.burmeseclassic.com

www.burmeseclassic.com



ကိုရင်ထဲ၌ မှိုသိပ်ထားနိုင်လေ၏။

"ခင်ဗျားတို့ မသွားကြသေးဘူးလား"

"ဟုတ်ကဲ့ မသွားကြသေးပါဘူး"

အဘိုးအိုက ခေါင်းညိတ်လိုက်လေ၏။

"ခင်ဗျားတို့နှစ်ယောက်ကတော့ ဘယ်သွားချင်ဦးမှာလဲ၊ သူကတော့သွားပြီ"

"သူသွားပြီ ဟုတ်လား"

အဘိုးအိုက မိုးဖွဲကလေးအား စိုက်ကြည့်ရင်းမှ...

"မိုးပေါ်မှာ ဖြစ်ပေါ်နေတဲ့ ရာသီဥတုများကို ခန့်မှန်းမရသလို သူ့ရဲ့ကံကြမ္မာကိုလည်း ခန့်မှန်းလို့မရကောင်းပါဘူး၊ သူ အခုလို ရုတ်တရက် ကွယ်လွန်လိမ့်မယ်လို့ ကျုပ်မထင်မိပါဘူး"

"သူ ကွယ်လွန်သွားပြီ ဟုတ်လား"

အဘိုးအိုက ခေါင်းညိတ်လိုက်၏။

"သူ့ရဲ့ရောဂါဟာ ကျွမ်းနေပါပြီ၊ ကနေ့အထိ အသက်ရှင်နေနိုင်တာဟာ ကံကောင်းတယ်လို့ ဆိုရမှာပါပဲ"

လျှူချန်ရဲ့က သူ့အားကြည့်ကာ ခေါင်းညိတ်လိုက်လေသည်။

"ဟုတ်ပါတယ်ဗျာ၊ သူ ရောဂါနဲ့ဆုံးသွားတယ်ဆိုတာ ကျုပ်ယုံကြည်ပါတယ်၊ သူ့ရောဂါကျွမ်းနေပြီဆိုတာလည်း အကဲခတ်မိပါတယ်လေ"

အဘိုးအို၏မျက်နှာပေါ်တွင် အလွန်ကျေးဇူးတင်သည့်



အရိပ်အယောင်များ ပေါ်လွင်လာလေသည်။

"ကျေးဇူးတင်ပါတယ်ကွယ်၊ မင်းဟာ သူတော်ကောင်းတစ်ယောက်ပါ"

သူက သက်ပြင်းချ၍ ဆက်လက်လျှောက်သွားလေသည်။

လျှူချန်ရဲ့က...

"ခင်ဗျား ဘယ်သွားမလို့လဲ"

"သူ ကွယ်လွန်သွားတဲ့အကြောင်းကို သွားပြီး သတင်းပို့မလို့ပါ"

"ဘယ်ကိုသွားမှာလဲ"

"ကျူစွေဒေဝီဆီကို"

အဘိုးအို၏လေသံမှာ အခဲမကျေသောလေသံမျိုး ဖြစ်လာလေသည်။

"သူ့ကြောင့် မဟုတ်ရင် သခင်ကြီးက အခုလို ရောဂါမကျွမ်းနိုင်ပါဘူး၊ ဒါကြောင့် သူ့ကိုအကြောင်းကြားရလိမ့်မယ်"

လျှူချန်ရဲ့၏ မျက်ဝန်းအစုံ၌ အရောင်တောက်ပလာလေသည်။

"သူက လာပါ့မလား"

"သူက လာကိုလာရမယ်"

➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com



(၃)

မိုးဖွဲများသည် ပို၍သည်းလာနေ၏။

အတိုးအိုသည် နေးကွေးစွာ လှမ်းထွက်သွားလေသည်။

သူ့လက်ထဲရှိ မီးပုံးအိမ်သည် မိုးရေကြောင့် ငြိမ်းသွား၏။

သို့သော် သူက မသိလိုက်သည့်အလား မီးငြိမ်းနေသော မီးပုံးအိမ်ကို ကိုင်လျက် အမှောင်ထုထဲသို့ တစ်လှမ်းချင်း လှမ်းဝင်သွားလေတော့သည်။

လိုဝှက အသံထွက်လာလေသည်။

"ချူပိုင်မိုက ဘာကြောင့်မလာလို့ မဖြစ်တာလဲ"

လျူချုန်ရဲ့က..

"ကျုပ်လည်း မစဉ်းစားတတ်ဘူး"

"ဒါကြောင့် မင်းကမစဉ်းစားဘဲ နေလိုက်တယ် ဟုတ်လား"

လျူချုန်ရဲ့က ပြုံးလိုက်လေသည်။

"ဘယ်အရာမျိုးမဆို တစ်နေ့ပေါ်လာမယ်လို့ ကျုပ်ယုံကြည်ပါတယ်"

ᗕ ᗕ ᗕ



(၄)

ညနေ..။

နေ့စဉ် နေ့တိုင်း ညနေတစ်ခုတော့ ရှိကြစမြဲပါ။

သို့သော် ညနေတိုင်းမှာ လုံးဝတူညီသည်ဟု မရှိတတ်ပေ။

ဥပမာ...

လူတိုင်းလူတိုင်းသည် သေရမည်သာဖြစ်လေသည်။

သို့သော် သေခြင်းသည် အမျိုးမျိုး ရှိနေလေသည်။

အချို့လူသည် သေရသည်မှာ အလွန်ဂုဏ်သိက္ခာ ရှိခဲ့လေသည်။

အချို့မှာမူ တိတ်တိတ်ဆိတ်ဆိတ် သေဆုံးသွားကြခြင်း ဖြစ်သည်။

ဝူလိပ်၏ ဈာပနအခမ်းအနားတွင် လာရောက် လည်သူ ပန်းခွေချသူမှာ အလွန်များပြားလှပေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူများမှာ သူ၏မိတ်ဆွေများ ရှိသည်။

ဆွေမျိုးများ ရှိသည်။

ရန်သူများလည်း ရှိနေလေသည်။

သို့သော် ရောက်သင့်ရောက်ထိုက်သော လူတစ်ယောက်က ရောက်မလာပေ။

ချူပိုင်မို ရောက်မလာပါ။

စျာပနအခမ်းအနား ပြီးဆုံးသွားသည်နှင့် လျူချန်ရဲ့သည် လုံ့ဂူအား မြို့ပြင်အထိ လိုက်လံပို့ဆောင်ပေးလေ၏။

ထို့နောက် စကားတစ်ခွန်းအား တိုတောင်းစွာ ပြောလိုက်လေသည်။

"ခင်ဗျားဆီကို ကျုပ်ရောက်အောင် လာခဲ့မယ်"

"ဘယ်တော့လဲ"

"ခင်ဗျား အရက်သောက်တဲ့ အချိန်မှာပေါ့"

လုံ့ဂူက ရယ်မောလိုက်လေသည်။

"ကျုပ်က ထင်းရှမ်း စားတော်ဆက်မှာ အမြဲတမ်းရှိတတ်ပါတယ်"

ဤသို့ဖြင့်...

သူတို့နှစ်ယောက်သည် လမ်းခွဲသွားကြလေတော့သည်။

< < <



(၅)

စျာပနအခမ်းအနား ပြီးဆုံးသွားသော်လည်း ဂူလိပ်၏အလောင်းအား မြေမမြှုပ်ပါချေ။

သူ၏ကြီးမားသောခေါင်းမှာ ခန်းမထဲ၌ ထားရှိလေသည်။

ယခု...

လျူချန်ရဲ့က မည်သည့်နေရာသို့ ရောက်ရှိသွားမှန်းမသိ။

ထိုနေရာတွင် ဆံပင်ဖြူဖွေးနေသော အဘိုးအိုနှင့် စက္ကူဖြင့်ကပ်ထားသော အရုပ်နှစ်ရုပ်သာ ဂူလိပ်၏ခေါင်းကိုစောင့်ကြပ်နေ၏။

ယခုအချိန်သည် ညဥ့်နက်နေပြီ ဖြစ်နေလေသည်။

မှေးမှိန်သော မီးပုံးအိမ်မှ မီးရောင်သည် အဘိုးအို၏မျက်နှာပေါ်သို့ ထိုးကျနေ၏။

ထိုအချိန်...

လေတစ်ချက် တိုက်ခတ်လိုက်သောကြောင့် မီးပုံးအိမ်က မီးငြိမ်းသွားလေ၏။

လူရိပ်တစ်ခုသည် လေနှင့်အတူ လွင့်မျောရောက်ရှိလာ၏။

www.burmeseclassic.com

www.burmeseclassic.com



သူ၏ကိုယ်ပေါ်တွင် ဂုန်လျော်အင်္ကျီဝတ်ဆင်ထားကာ အဝတ်ဖြူဖြင့် ခေါင်းပေါ်အုပ်ထားသော ညလူတစ်ယောက်ဖြစ်၏။

အဘိုးအိုက သူ့အား တစ်ချက်မျှကြည့်လိုက်လေသည်။

ထိုလူက လက်အုပ်ချီ၍ ကန်တော့လျှင် သူကလည်း လက်အုပ်ချီ၍ ကန်တော့လိုက်လေသည်။

ထိုလူက ဒူးထောက်လိုက်လျှင် သူကလည်း ဒူးထောက်လိုက်လေသည်။

ထိုလူက ရှိခိုးကန်တော့ပြီးနောက်...

"အဘ ကွယ်လွန်သွားပြီဆိုတာ တကယ်ပဲလား"

အဘိုးအိုက ခေါင်းညိတ်လိုက်လေသည်။

"ဟိုတစ်ရက်နှစ်ရက်တုန်းက သူက ကျန်းကျန်းမာမာ ရှိနေသားပဲ၊ ဘယ်နှယ် ရုတ်တရက် ကွယ်လွန်သွားရတာလဲ"

အဘိုးအိုက...

"ကောင်းကင်ပေါ်မှာဖြစ်ပေါ်နေတဲ့ ရာသီဥတုကို ခန့်မှန်းလို့မရသလို လူတွေလည်း နေ့မြင်ညပျောက် ဖြစ်တတ်ပါကယ်"

"သူက ဘာကြောင့် ရုတ်တရက် ကွယ်လွန်သွားရတာလဲ"

"ရောဂါနဲ့ သေသွားရတာ"

ထိုလူက သက်ပြင်းရှည်တစ်ချက် ချလိုက်လေသည်။

"ကျွန်မ သူ့ကိုမတွေ့တာ ကြာလှပါပြီ၊ နောက်ဆုံးအနေနဲ့ ကြည့်ပါရစေ"

"မဖြစ်ဘူး"



"ဘာဖြစ်လို့လဲ"

"တခြားလူကို ကြည့်ခွင့်ပေးနိုင်တယ်၊ နင့်ကိုတော့ ကြည့်ခွင့်မပြုနိုင်ပါဘူး"

"ကျွန်မကို ဘာဖြစ်လို့ ကြည့်ခွင့်မပေးတာလဲ"

"သူက နင့်ကို သိမှမသိဘဲ"

ထိုလူက အံ့အားသင့်သွားသည်။

"သူငါ့ကို မသိဘူးဆိုတာ ရှင်က ဘာကြောင့်ပြောနိုင်တာလဲ"

"နင့်ကို ငါမှမသိဘဲ"

"သူသိတဲ့လူ မှန်သမျှကို ရှင်က သိတယ်ဟုတ်လား"

အဘိုးအိုက ခေါင်းညိတ်လိုက်၏။

"ကျုပ်က အတော်ကို အံ့သြသွားပါတယ်"

ထိုလူက..

"ဘာကို အံ့သြတာလဲ"

"ကျုပ်စေ့ဒေဝီက သူသေသွားတာကို မယုံကြည်ဘူးဆိုရင် ဘာကြောင့် ကိုယ်တိုင်မလာဘဲ နင့်ကို ဘာကြောင့်ခိုင်းလိုက်တာလဲ"

ထိုလူ၏မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

"ရှင် သေချင်လို့လား"

သူမသည် ဓားယော်တစ်လက်ကို ဆွဲထုတ်လိုက်၏။

ထိုအချိန် လူတစ်ယောက်၏အသံ ထွက်ပေါ်လာ၏။

"ညည်းပါးစပ် ပိတ်ထားပြီး အမြန်ဆုံး ထွက်သွားစမ်း"

www.burmeseclassic.com

www.burmeseclassic.com



ထိုအသံသည် အလွန်ရှိုလွင်ပြီး သာယာလှပေသည်။

အဘိုးအိုက အနည်းငယ်မျှ တုန်လှုပ်ခြင်းမရှိပါ။

"နင်ရောက်လာပြီကိုး၊ နင် လာလိမ့်မယ်လို့ ငါယုံကြည်ပြီး သား"

➤ ➤ ➤

(၆)

ထိုလှူသည် နောက်သို့ တဖြည်းဖြည်း ဆုတ်သွား၏။

ခန်းမတစ်ခုလုံးမှာ အဘိုးအိုတစ်ယောက်တည်းသာ ကျန်တော့သည်။

ထိုအချိန်၌ လူတစ်ယောက်၏အသံ ထွက်ပေါ်လာလေ၏။

"ယုရီ"

ထိုအသံသည် အဘိုးအို၏အမည်ကို ခေါ်လိုက်ခြင်း ဖြစ်လေသည်။

"သူ့ကို ငါလွှတ်လိုက်မှန်း ရှင်သိရဲ့သားနဲ့ ဘာကြောင့်ငြင်းလိုက်တာလဲ"

ယုရီက…

"သူ ကြည့်ပိုင်ခွင့်မရှိပါဘူး"

"ကျွန်မကော ကြည့်ပိုင်ခွင့်ရှိသလား"

"သခင်ကြီးက သူသေသွားတာကို ခင်ဗျားယုံမှာမဟုတ်ဘူး



လို့ သိထားပါတယ်"

"ဟုတ်လား"

"ဒါကြောင့် သူက ခေါင်းကိုသံမရိုက်ပါနဲ့ ခင်ဗျားလာကြည့်ပြီးမှ အသေရိုက်ပါလို့ မှာကြားလိုက်ပါတယ်"

"သူက ငါ့ကို ကြည့်ချင်သေးတာနဲ့ တူပါတယ်"

ရယ်မောသောအသံသည် ရုတ်တရက် ထွက်ပေါ်လာရာ ခန်းမတစ်ခုလုံး ဟိန်းထွက်သွား၏။

ခေါင်း၏ရှေ့တွင် ဒယ်အိုးကြီးတစ်လုံး ရှိလေ၏။

ဒယ်အိုးထဲ၌ မီးရှို့ရန် ရွှေငွေစက္ကူများ စုပုံထား၏။

ရယ်မောသံများ ထွက်ပေါ်လာသောအခါ စုပုံထားသော ရွှေငွေစက္ကူများက ပလူပျံသွားလေ၏။

ရယ်မောသံ ရပ်တန့်သွားသောအခါ မြေပေါ်သို့ကျလာသော ရွှေစက္ကူ ငွေစက္ကူများနှင့်အတူ အမျိုးသမီးတစ်ယောက်သည် အဖြူရောင်လိပ်ပြာတစ်ကောင်ပမာ အလောင်းရှေ့၌ ရပ်တန့်လိုက်လေ၏။

ခန္ဓာကိုယ် အလွန်အချိုးအဆစ် ပြေပြစ်သော အမျိုးသမီးတစ်ယောက်ဖြစ်ပေသည်။

သူမ၏ ကိုယ်ပေါ်၌ အဖြူရောင်အင်္ကျီဝတ်ဆင်ထားသည်။ မျက်နှာပေါ်တွင်လည်း အဖြူရောင် ဇာပုဝါဖြင့် ဖုံးအုပ်ထားလေသည်။

ယုရီ၏မျက်နှာပေါ်တွင် ဟန်မူရာကင်းမဲ့မှုက…

www.burmeseclassic.com

www.burmeseclassic.com



"ကျူးစွေဒေဝီ လာမယ်ဆိုတာ ကျုပ်သိပါတယ်"

ကျူးစွေဒေဝီက...

"အခု ကျွန်မက သူ့ရဲ့မျက်နှာကို ကြည့်လို့ရမလား"

"ရတာပေါ့၊ သခင်ကြီးကလည်း ဒေဝီကို ကြည့်ချင်မှာပါပဲ"

⮜ ⮜ ⮜

ခေါင်းအဖုံး၌ သံရိုက်ထားခြင်း မရှိသေးပါချေ။

ဂူလီဗ်သည် ခေါင်းထဲ၌ ငြိမ်သက်စွာ လဲလျောင်းနေ၏။

သူ၏မျက်နှာသည် အသက်ရှင်နေစဉ်တုန်းကထက် အေးချမ်းပုံရလေ၏။

လောကပေါ်၌ သူ့အား မည်သူတစ်ဦးတစ်ယောက်ကမျှ ဒုက္ခမပေးနိုင်တော့ပါ။

ကျူးစွေဒေဝီက သက်ပြင်းတစ်ချက် ချလိုက်၏။

"ကြည့်ရတာ သူက အရင်သွားနှင့်ပြီကိုး"

ယုရိက အေးတိအေးစက်အသံဖြင့်...

"ခင်ဗျားကကော သူ့ကို စောင့်ခိုင်းနေလို့လား"

ကျူးစွေဒေဝီက ခေါင်းခါယမ်းလိုက်လေ၏။

"သေတဲ့လူဟာ ဘာပစ္စည်းမှ သယ်မသွားနိုင်ဘူးဆိုတာ ကျွန်မသိပါတယ်"

"သူက ဘာကိုမှ သယ်ဆောင်မသွားပါဘူး"



"သူက သယ်မသွားနိုင်ရင် ကျွန်မအတွက်တော့ ထားခဲ့မှာပေါ့"

"ခင်ဗျားကို ပေးသင့်တာတွေ ပေးမှာပေါ့"

"ဘယ်မှာလဲ"

"ဒီမှာပါပဲ"

"ကျွန်မက ဘာဖြစ်လို့ မတွေ့လိုက်ရတာလဲ"

"ဒါတော့ ခင်ဗျား သူ့ကိုပေးမယ်လို့ ကတိပေးထားတဲ့ ပစ္စည်း ပါမလာသေးလို့ပါ"

"ကျွန်မ ပါလာရင်လည်း သူက မမြင်နိုင်တော့ပါဘူး"

"ကျုပ်က မြင်နိုင်ပါတယ်"

"ရှင့်ကို ကျွန်မ ကတိပေးထားတာ မဟုတ်ဘူး၊ ဂူလီဗ်အော့လည်း ရှင့်သမီးမဟုတ်ဘူး"

ယုရိက ပါးစပ်ပိတ်ထားလိုက်၏။

ကျူးစွေဒေဝီ...

"ပစ္စည်းကော"

"ဒီမှာရှိပါတယ်"

"အခုထိ ကျွန်မ မတွေ့ရသေးပါလား"

"ဒါကတော့ ကျုပ်က ဂူလီဗ်အော့ကို မတွေ့ရသေးလို့ပါ"

ကျူးစွေဒေဝီက မဲ့ပြုံးပြုံးလိုက်လေ၏။

"ရှင် သူ့ကို ဘယ်တော့မှ တွေ့နိုင်မှာ မဟုတ်တော့ပါဘူး"

ယုရိကလည်း မဲ့ပြုံးပြုံးလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆိုလည်း ခင်ဗျားက ဟိုပစ္စည်းကို ဘယ်တော့မှ တွေ့နိုင်မှာ မဟုတ်တော့ဘူး"

"အနည်းဆုံး ကျုပ်က တစ်ခုကို တွေ့နိုင်ပါသေးတယ်"

"ဘာကိုလဲ"

"ရှင့်ရဲ့ခေါင်း ပြုတ်သွားမှာကို တွေ့နိုင်ပါသေးတယ်လေ"

"ကျုပ်ရဲ့ခေါင်းဟာ တန်ဖိုးမှမရှိဘဲ"

"တန်ဖိုးမရှိတဲ့ပစ္စည်းကို တစ်ခါတစ်လေ ကျုပ်က လိုချင်တတ်ပါတယ်"

"ဒါဖြင့် အချိန်မရွေး ယူသွားနိုင်ပါတယ်"

ကျူရွှေဒေဝီက ရယ်မောလိုက်၏။

"ရှင့်ကို ကျွန်မက သတ်မှာမဟုတ်ဘူးဆိုတာ ရှင်သိထားလို့နဲ့ တူပါတယ်"

"ဟုတ်လား"

"ရှင်က အေးအေးဆေးဆေး ပြောမပြရင် ရှင်ပြောလာအောင် ကျွန်မနည်းရှိပါတယ်"

သူမ၏ လက်တစ်ဘက်က ရုတ်တရက် ရောက်ရှိသွားလေသည်။ ယုရိက လုံးဝလှုပ်ရှားခြင်း မရှိပါချေ။

သို့သော် လက်တစ်ဘက်က ရုတ်တရက် ထွက်ပေါ်လာကာ သူ၏လက်အား ဟန့်တားလိုက်လေ၏။

ခေါင်းရှေ့၌ စက္ကူဖြင့်ပြုလုပ်ထားသော အရုပ်၏လက်ဖြစ်သည်။



စက္ကူဖြင့် ပြုလုပ်ထားသောလက်က လှုပ်ရှားလိုက်သောအခါ စက္ကူရုပ်တစ်ခုလုံး ပေါက်ပြဲသွားလေ၏။

လူတစ်ယောက်က စက္ကူရုပ်အသွင်ဖြင့် ရုပ်စောင့်နေခြင်းဖြစ်၏။

"ကျုပ်က ခင်ဗျားကို အစောကြီးကတည်းက စောင့်နေပါတယ်"

ထိုလူမှာ လျှူချွန်ရဲ့ဖြစ်သည်။

သို့သော် သူ၏မျက်နှာမှာ အလွန်ဝမ်းနည်းကြေကွဲသည့် အရိပ်အယောင်များ ပေါ်လွင်နေ၏။

သူ၏အသံမှာ တုန်ခါနေ၏။ အကြောင်းမှာ...

သူ၏လက်သည် ကျူရွှေဒေဝီ၏ လက်အား ဟန့်တားလိုက်သောအခါ လက်နှစ်ဘက် လှုပ်ရှား၍ဖြစ်ပေါ်လာသော လေအဟုန်ကြောင့် ကျူရွှေဒေဝီ၏မျက်နှာပေါ်၌ လွှမ်းခြုံထားသော ဇာပုဝါက လွင့်ပျံ၍ သူမ၏မျက်နှာအား ကောင်းစွာ မြင်တွေ့လိုက်ရသောကြောင့် ဖြစ်လေသည်။

ထိုမိန်းကလေးသည် ဂူရွက်အော့ ဖြစ်ရမည်ဟု သူအား အိပ်မက်ပင် မမက်ခဲ့ဖူးပါချေ။

< < <

www.burmeseclassic.com

www.burmeseclassic.com

(၇)

လုံ့ဝှသည် အမွေးပွအကျီအား ဝတ်ထားလျက်…

သူသည် ကွပ်ပျစ်ပေါ်၌ ခပ်စောင်းစောင်းကလေး လဲလျောင်းနေ၏။

သူ၏မျက်လုံးအစုံက ပြတင်းပေါက် အပြင်ဘက်၌ အရိုးပြိုင်းပြိုင်းဖြစ်နေသော သစ်ကိုင်းအား ကြည့်နေ၏။

"ဒီနှစ် အခုထိ နှင်းအားကြောင့် မကျသေးတာလဲ"

သူ၏မေးခွန်းကို မည်သူကမျှ မဖြေပါ။

ကျင်းဟုဝါက စကားနည်းသူတစ်ယောက် ဖြစ်၏။

လူတစ်ယောက်သည် တစ်ယောက်တည်း ရေရွတ်စကားပြောတတ်လာခြင်းမှာ အသက်အိုမင်း ရင့်ရော်လာပြီဟု ဆိုရမည်သာဖြစ်သည်။

လုံ့ဝှက ထိုစကားအား ရုတ်တရက် သတိရလာ၏။

သို့သော် ဤစကားသည် မည်သူပြောခဲ့သည်ကို သူမ မမှတ်မိတော့ပါချေ။



"ငါက တကယ့် အဘိုးအိုကြီး ဖြစ်နေပြီလား"

ကျင်းဟုဝါက သူ့အား အရက်ငှဲ့ပေးနေ၏။

သူသည် အရက်သောက်ခဲ့၏။ သို့သော်…

ယခုရက်များအတွင်း သူက တစ်နေ့လျှင် အရက်နှစ်ခွက်သောက်တတ်လာပေသည်။

"မင်းအဘယ့်တော့ ငါ့ဆီလာမှာလဲ"

"ခင်ဗျား အရက်သောက်တဲ့အချိန်ပေါ့"

အပြင်ဘက်မှ ခြေသံတစ်ခု သဲ့သဲ့ကြားလိုက်ရ၏။

ဆိုင်လုလင်တစ်ယောက်သည် အဖုံးဖုံးထားသော ပန်းကန်တစ်လုံးအား သစ်သားဗန်းဖြင့် ယူလာသည်ကို တွေ့ရလေသည်။

လုံ့ဝှက မော့မကြည့်ပါ။

သူက အားရပါးရ ရယ်မောလိုက်သည်။

"ဒီပန်းကန်ထဲမှာ လက်သုံးဘက်များ ပါလာသေးသလား"

⮜ ⮜ ⮜

(၈)

ဆိုင်လုလင်က သစ်သားဗန်းအား ချထားလိုက်၏။ လုံ့ဝှရှေ့၌ ထိုင်ချလိုက်၏။

လျူချုန်ရဲ့ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ပန်းကန်ဖုံးထားသော အဖုံးအား လှန်ချလိုက်လေသည်။

"လက်သုံးဘက်တော့ မဟုတ်ပါဘူး။ အရက်နဲ့မြည်းဖို့ ဂဏန်းတွေပဲ ပါလာပါတယ်"

လုံဝူက ရယ်မောလိုက်၏။

"မင်းလာမယ်ဆိုတာ ငါသိပါတယ်ကွာ"

ကျောင်းဟုဝါက အရက်ခွက် လာရောက်ချပေး၏။

ထို့နောက် အရက်ငှဲ့ပေးလိုက်လေသည်။

လျှူချန်ရဲ့က အရက်ကို မော့သောက်လိုက်လေသည်။

လုံဝူက သူ့အား စိုက်ကြည့်လိုက်၏။

"မင်း အခုမှရောက်လာတယ်ပေါ့ ဟုတ်လား"

"ဟုတ်တယ်"

"မင်း ဟိုနှစ်ရက်လောက်က ရောက်လာလိမ့်မယ်လို့ ထင်နေတာ"

"ဟုတ်တယ်၊ ကျူပ်နောက်ကျသွားပါတယ်"

လုံဝူက ရယ်မောလိုက်၏။

"ရောက်လာရင် တော်ပါပြီ၊ နောက်ကျတာက အရေးမကြီးပါဘူး"

လျှူချန်ရဲ့က အတန်ကြာ ဆိတ်ဆိတ်နေပြီးမှ...

"တစ်ခါတစ်လေ မလာတာဘဲ ကောင်းမယ်လို့ ထင်မိပါတယ်ဗျာ"



လုံဝူက...

"နင် ဘယ်သူ့ကို ပြောနေတာလဲ"

"ခင်ဗျား သိပါတယ်"

"သူ တကယ်သွားပြီလား"

"ဟုတ်တယ်"

"မင်း သူ့ကို တွေ့လိုက်သလား"

"ဟုတ်ကဲ့"

"သူ့ကို မင်းကသိသလား"

"ဟုတ်ကဲ့"

"သူက မင်းပြောတဲ့ ဝူရွက်အော့ ဟုတ်လား"

လျှူချန်ရဲ့သည် အရက်ငါးခွက်တိတိ သောက်ပြီးနေပြီ ဖြစ်လေသည်။

"သူက ဝူရွက်အော့ အစစ် မဟုတ်ပါဘူး"

"ဝူရွက်အော့အစစ်ကို နင်က မတွေ့ဖူးဘူး ဟုတ်လား"

လျှူချန်ရဲ့က ခေါင်းညိတ်လိုက်၏။ သူသည် ဆဋ္ဌမမြောက် အရက်အား သောက်ချလိုက်လေသည်။ လုံဝူက...

"ကျူပ် ခန့်မှန်းလို့ရပြီ"

လျှူချန်ရဲ့က နားထောင်နေ၏။ လုံဝူက...

"သူကတော့ ဝူရွက်အော့ကို ဖမ်းသွားတယ်၊ နောက်တစ်ခါ ဝူရွက်အော့ကို အကြောင်းပြုပြီး ဝူလိပ်ကို ခိုင်းချင်တာခိုင်းတယ်၊ နောက်ပြီး ဝူရွက်အော့ရဲ့နာမည်ကို အသုံးပြုပြီး မင်းကို လာတွေ့

www.burmeseclassic.com

www.burmeseclassic.com



တယ် ဟုတ်လား"

လျှူချန်ရဲ့က နောက်ထပ်အရက်တစ်ခွက် မော့ချလိုက်လေသည်။

"သူ့ဇာတ်လမ်း ဘယ်လိုအဆုံးသတ်သွားသလဲဆိုတာ ခင်ဗျား မသိချင်ဘူးလား"

"မသိချင်တော့ပါဘူး"

"ဘာဖြစ်လို့လဲ"

"သူက ဘယ်လိုလူစားမျိုး ဖြစ်သလဲဆိုတာကို ငါသိပြီးပါပြီ"

"ဒါပေမယ့် သူက ဘယ်လိုအဆုံးသတ်သွားသလဲဆိုတာ ခင်ဗျား မသိပါဘူး"

"ကျုပ် သိစရာမလိုပါဘူး"

သူက စကားဆက်လိုက်ပြန်၏။

"လူတစ်ယောက်ဟာ သူ့ရဲ့အကျင့်စာရိတ္တ ဘယ်လိုရှိသလဲ၊ အဲဒီအတိုင်း ဇာတ်သိမ်းသွားရမှာ သေချာနေပါတယ်"

လျှူချန်ရဲ့က ပါးစပ်ပိတ်ထားလိုက်လေတော့သည်။ လုံဂူက "ဒါပေမယ့် အဲဒီ ဂူလိပ်ကိုပြုစုတဲ့ အဘိုးကြီးဟာ ဘယ်လိုလူစားမျိုး ဖြစ်သလဲဆိုတာ ငါအကဲခတ်လို့ မရပါဘူး"

လျှူချန်ရဲ့က...

"ယုရိကို ပြောနေတာလား"

"ဟုတ်တယ်၊ သူကသာ ဂူလိပ်အစစ်လို့တောင် ကျုပ်က သံသယဖြစ်နေမိတယ်"



လျှူချန်ရဲ့က သက်ပြင်းတစ်ချက်ချလိုက်လေ၏။

"ဘာပဲဖြစ်ဖြစ် ဒီလျှို့ဝှက်ချက်ကို ကျုပ်တို့ ဘယ်တော့မှ သိမှာ မဟုတ်တော့ပါဘူး"

"ဘာဖြစ်လို့လဲ"

"ယုရိလည်း အသက်ရှင်ပြီး ခန်းမထဲက ထွက်မလာနိုင်တော့ပါဘူး"

သူဆိုလိုသည့် အဓိပ္ပါယ်မှာ ထိုခန်းမအတွင်းမှ ယုရိမှလွဲ၍ တခြားလူကလည်း သေဆုံးခဲ့သည်လော။

ထိုခန်းမထဲမှ အသက်ရှင်၍ ထွက်ခွာလာသောလူမှာ လျှူချန်ရဲ့ တစ်ဦးတည်းသာ ဖြစ်နေသည်လော။

လုံဂူက ထပ်မံမမေးပါ။

စဉ်းစား၍မရသော ကိစ္စတစ်ခုကို မစဉ်းစားဘဲ ထားလိုက်သည်က ကောင်းနေသေး၏။ သို့သော်....

ထိုခန်းမထဲတွင် ကျူးဖွေဒေဝီကလည်း အသက်ရှင်၍ ထွက်မလာနိုင်သည်ကို လုံဂူက နားလည်လိုက်ပြီ မဟုတ်ပါလော။ လုံဂူသည် လျှူချန်ရဲ့အား အတန်ကြာ စိုက်ကြည့်လိုက်သည်။

"ကျုပ် အဖြေမရတဲ့ စကားတစ်ခွန်းကိုတော့ မေးချင်ပါသေးတယ်"

"မေးပါ"

လုံဂူက သူ့အား စေ့စေ့ကြည့်လိုက်၏။

"ခင်ဗျားက ဘယ်သူလဲဗျ"

www.burmeseclassic.com

www.burmeseclassic.com



လျှိုချွန်ရဲ့က...

"ကျုပ်က အာဏာသားတစ်ယောက်ပါ"

"ဟောဗျာ"

လုံဂူ ကြောင်အမ်းအမ်း ဖြစ်သွား၏။

"ခင်ဗျားလို လူစားမျိုးက အာဏာသားတစ်ယောက် ဖြစ်တယ်ဆိုတာ ကျုပ်ယုံတောင် မယုံပါဘူးဗျာ"

လျှိုချွန်ရဲ့က ပြုံးလိုက်သည်။

"လောကပေါ်မှာ သူရဲကောင်းတွေ၊ သူဌေးကြီးတွေ၊ ဝန်ကြီး မှူးမတ်တွေ၊ စစ်သူကြီးတွေ များလွန်းလှပါတယ်၊ ဒါကြောင့် ကျုပ်က သူများမလုပ်ချင်တဲ့ အာဏာသားကို လုပ်ရတာ ပျော်ပါတယ်၊ ဘာဖြစ်လို့လဲဆိုရင် ကျုပ်နေရာကို လုမယ့်သူမရှိလို့ပါ"

လုံဂူက ရယ်မောလိုက်၏။

"ဟား...ဟား...ဟား"

သို့သော် သူသည် ရယ်မောနေရာမှ ရုတ်တရက် ရပ်တန့်သွားလေသည်။

အခန်းထဲသို့ မိန်းကလေးတစ်ယောက်က အထုပ်ကလေး ပိုက်ကာ ဝင်ရောက်လာသည်ကို တွေ့မြင်လိုက်ရသောကြောင့် ဖြစ်လေသည်။

ဝူရွက်အေဘ့....။

ပြီးပါပြီ။

www.burmeseclassic.com